www.burmeseclassic.com

မင်းလူ

# ချစ်များရှင် အစ ချစ်များရှင် အဆုံး

BURMESE CLASSIC .com

(ပထမအကြိမ်)



www.burmeseclassic.com

www.burmeseclassic.com


# ချစ်မြားရှင် အစ ... ချစ်မြားရှင် အဆုံး

မင်းလူ

www.burmeseclassic.com

www.burmeseclassic.com


## ကြိုတင်အစီရင်ခံခြင်း

ကျွန်တော်သည် ၁၉၈၂ က "ချစ်မြားရှင်"အမည်ရှိ ဝတ္ထုလတ်တစ်ပုဒ် ရေးခဲ့ပါသည်။ ၁၉၉၆ တွင် ထိုဝတ္ထုကို "ချစ်စေသတည်း"အမည်ရှိ အခြားဝတ္ထုလတ်တစ်ပုဒ်နှင့်အတူ နှစ်ပုဒ်တွဲစာအုပ်အဖြစ် ထပ်မံထုတ်ဝေခဲ့ဖူးပါသည်။

ကျွန်တော်သည် "ချစ်မြားရှင်"ဝတ္ထုကို ပြန်ဖတ်ဖြစ်သည့်အခါတိုင်း ထိုဝတ္ထုဇာတ်လမ်းသည် မပြီးဆုံးသေး၊ မပြည့်စုံသေး၊ တာဝန်မကျေသေး၊ ထပ်ရေးစရာတွေ ကျန်နေသေးသည်ဟု ခံစားမိတတ်ပါသည်။ အကြောင်းကြောင်းကြောင့် မရေးဖြစ်ခဲ့။

ခုတော့ ထိုဆန္ဒကို အကောင်အထည်ဖော်သောအားဖြင့် နောက်ဆက်တွဲအပိုင်းကို ဆက်လက်ရေးသားပြီး လုံးချင်းဝတ္ထုစာအုပ်အဖြစ် စုစည်းတင်ဆက်လိုက်ရပါသည်။

ဤဝတ္ထု၏ ထူးခြားချက်မှာ ပထမပိုင်းကို ပထမအရွယ်တွင် ရေးသားခဲ့ပြီး ဒုတိယပိုင်းကို ဒုတိယအရွယ်တွင် ရေးသားခဲ့ခြင်းပင်ဖြစ်ပါသည်။

**ရှိသေလေးစားလျက်**

**မင်းလူ**

www.burmeseclassic.com

www.burmeseclassic.com


ဒီအကြောင်းတွေကို ပြန်ပြောပြတဲ့အတွက် ဝေဒနာသစ်တစ်ရပ်ကို ခံစားရလိမ့်မှာလား၊ မခံစားရပါ။ အဆုံးစွန် ပြင်းထန်တဲ့ ဝေဒနာတစ်ခုကို ခံစားရပြီးတဲ့နောက် ထပ်ပြီးခံစားစရာ ကျန်ပါသေးလို့လား။ တရှိန်ရှိန် တောက်လောင်ပြီးဖြစ်တဲ့ ဖယောင်းတိုင်တစ်တိုင်ကို မီးထပ်ညှိလို့ မီးတောက်က ထပ်ပြီး ကြီးမားလာနိုင်ပါဦးမလား။

ချစ်လှစွာသော အိအိချို။

ပြီးခဲ့တဲ့ အဖြစ်အပျက်တွေကို ပြန်ဖြစ်ခိုင်းလို့ မရတော့ပါ။ ကုန်လွန်ခဲ့တဲ့ အတိတ်ကာလကို ပြန်လည် ရောက်ချင်လို့ မဖြစ်နိုင်တော့ပါ။

အချိန်ဆိုတာ လူက သတ်မှတ်တာပါဆို၊ သို့ပေမယ့် လူတွေဟာ ကိုယ်သတ်မှတ်ခဲ့တဲ့ အချိန်ဆိုတဲ့ အရာရဲ့ ကန့်သတ်ခြင်းကို ပြန်ခံနေကြရတယ် မဟုတ်လား။ စက္ကန့်တွေဟာ တစ်လမ်းသား အစီအစဉ်အတိုင်း ရှေ့ကိုသာ ဆက်သွားနေကြပါပြီ။

တကယ်တော့ ဇာတ်သိမ်းခန်းကို ရောက်ခဲ့ပြီးပါပြီ။ နောက်ဆက်တွဲ ဆိုတာဟာလည်း ဇာတ်သိမ်း ခန်းကို ပြန်လည်ရှင်းပြတာပါပဲ မဟုတ်လား။

C B

www.burmeseclassic.com

www.burmeseclassic.com


# ပထမပိုင်း

www.burmeseclassic.com

www.burmeseclassic.com



၁ ။ ။

ဦးစွာပထမ ပြောကြားလိုတာက အရေးကြီးသော ဇာတ်ကောင်တစ်ကောင်အကြောင်းပါ။

ဇာတ်ကောင်ဆိုလို့ ဒီဇာတ်လမ်းမှာ ပါဝင်မယ့် မောင်ချစ်အေးနဲ့ အိအိချိုတို့အကြားမှာ ဝင်ပြီး နှောင့်ယှက်မယ့်လူလား၊ သို့တည်းမဟုတ် အကူအညီပေးမယ့်လူလား၊ မောင်ချစ်အေးနဲ့ ပြိုင်ဘက်ပုဂ္ဂိုလ် တစ်ယောက်လား၊ ဒီလိုထင်ရင် မှားပါလိမ့်မယ်။

တကယ်တော့ …

အဲဒီဇာတ်ကောင်ဟာ လူသက်ရှိတစ်ယောက် မဟုတ်ပါ။ သက်မဲ့အရာတစ်ခု။

အိအိချိုတို့ စီးခဲ့တဲ့ ကျောင်းကြိုယာဉ်ကြီးကို ပြောတာပါ။ ကားအမျိုးအစားက ချက်ဗလက် ခေါင်းတို။

ဟိုး … ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်စစ်တပ်တွေ အသုံးပြုခဲ့တဲ့ လော်ရီကားကြီးတွေကို ပြန်ဆင်ထားတဲ့ ကားကြီးတွေမျိုး။

ဒါပေမယ့် … ခုထိအောင် ခိုင်ခန့်ဆဲ၊ စက်တွေကလည်း ကောင်းဆဲပဲ။

အမှတ်(၁)တို့၊ (၇)တို့၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ စတဲ့လိုင်းတွေမှာ ဆွဲနေကြတဲ့ ဘတ်(စ်)ကားကြီးတွေကို ကြည့်ပါလား။ အဲဒီလို ကားမျိုးတွေပဲပေါ့။

ပြီးတော့ …

ဘတ်(စ်)ကားတွေကို နာမည်ပေးလေ့ရှိကြတယ် မဟုတ်လား။ နန်းသူဇာ၊ ငွေပုံကြီး၊ ဗန္ဓုလ၊ ထိပ်ထိပ်ကြဲ၊ စံပဲဟော့ စသည်ဖြင့်။ အိအိချိုတို့စီးတဲ့ ကျောင်းကြိုကားကြီးမှာလည်း နာမည်ရှိတယ်။

“ချစ်မြားရှင်”တဲ့ …။

အဲဒီစာတန်းထိုးထားတဲ့နေရာရဲ့ အပေါ်တည့်တည့်လောက်မှာရှိတဲ့ ပြတင်းပေါက်ဟာ အိအိချို ထိုင်နေကျနေရာပဲ၊ ကားရဲ့ညာဘက်ခြမ်း အရှေ့ဆုံးခုံတန်းပေါ့။

ချစ်မြားရှင် ရပ်နေကျနေရာက ဘွဲ့နှင်းသဘင်ခန်းမနဲ့ ဓားလွယ်ခုတ်လောက်မှာရှိတဲ့ သစ်ပင်တွေ အောက်မှာ။

ကားရပ်တဲ့နေရာရဲ့ဘေးမှာ မြောင်းကြီးရှိတယ်။ မြောင်းကြီးကို ဖြတ်ခင်းထားတဲ့ တံတားအတိုင်း လာလိုက်ရင် ဒီဘက်မှာ ကျောက်အုတ်တွေ ဝိုင်းပြီး ခင်းထားတယ်လေ။ အဲဒါ မောင်ချစ်အေးတို့ရဲ့နေရာ။

ချစ်မြားရှင်ကို မောင်းတဲ့ ယာဉ်မှူး ဦးလေးကြီးက ဦးစိတ်တို။ နာမည်အရင်းကတော့ ဘာလဲမသိဘူး၊ မောင်ချစ်အေးတို့ကတော့ အဲဒီလိုပဲ ခေါ်ကြပါတယ်။

www.burmeseclassic.com

ဘာကြောင့်လဲဆိုတော့ အဲဒီလူကြီးက သိပ်တိကျတယ်။ ကားထွက်ဖို့အချိန် ရောက်ပြီဆိုတာနဲ့ တန်းထွက်တော့တာပဲ။ နည်းနည်းပါးပါး နောက်ကျတဲ့လူတွေရှိရင်လည်း ဘယ်တော့မှ မစောင့်ဘူး။

တက္ကသိုလ်နယ်မြေထဲမှာ အလည်လွန်နေမိတဲ့ ကျောင်းသူလေးတွေဆိုရင် ကားမမီလို့ ဘတ်(စ်)ကားနဲ့ ပြန်ကြရတာ ခဏခဏ။

ဒါကြောင့် ...

သူ့နာမည် ဦးစိတ်တို။

## C B

မောင်ချစ်အေးရယ်၊ စိုးမြင့်ရယ်၊ ကောင်းမြတ်ရယ်၊ ပေါ်ကြီးရယ်၊ သူငယ်ချင်းတွေပါ။ ငယ်ငယ်ကတည်းက တစ်ကျောင်းတည်း အတူနေခဲ့ကြတဲ့သူတွေ။ သူတို့သုံးယောက်က တက္ကသိုလ်ကို ရောက်နေကြပြီ။

မောင်ချစ်အေးကတော့ ဆယ်တန်းမအောင်သေးဘူး။ မောင်ချစ်အေးက ညံ့လို့မအောင်တာတော့ မဟုတ်။ အားလုံး ဉာဏ်ရည်ချင်း မတိမ်းမယိမ်း။ ဒါဖြင့် မောင်ချစ်အေး မကြိုးစားလို့လားဆိုတော့လည်း မဟုတ်။ သူငယ်ချင်းတစ်စုလုံး စာကြိုးစားကြတာချည်းပဲ။

တစ်ခုတော့ ကွာခြားတယ်။

BURMESE CLASSIC .com

အဲဒါကတော့ ...

သူတို့ဟာ မောင်ချစ်အေးထက် အခွင့်အရေးတစ်ခု ပိုရခဲ့တာပါပဲ။

ဘာလဲဆိုတော့ သူတို့ဟာ ကျောင်းသားဘဝမှာ ကျောင်းသားလို နေခွင့်ရကြတယ်။ ကျောင်းသားဆိုတာ ကစားချိန်မှာ ကစားမယ်၊ စားချိန်မှာ စားမယ်၊ အိပ်ချိန်မှာ အိပ်မယ်၊ စာကျက်ချိန်မှာ စာကျက်မယ်၊ ဒီလို မဟုတ်လား။

မောင်ချစ်အေးက ဒီလိုမဟုတ်။

ကျောင်းသားဘဝတစ်ခုတည်းမှာ အချိန်ပြည့် ပျော်မွေ့ခွင့်မရဘူး။ တစ်ဘက်က လုပ်ငန်းခွင် ဝင်ရသေးတယ်။ သတ်သတ်မှတ်မှတ် တာဝန်ယူရတဲ့ အလုပ်မျိုးတော့ မဟုတ်ပါ။ အဖေ့အလုပ်ကို ဝင်ကူရတာပါ။

အဖေဟာ ကားစက်ပြင်ဆရာကြီး။ ကိုယ်ပိုင်အလုပ်ရုံ တည်ထောင်ပြီး လုပ်ကိုင်နိုင်တာ မဟုတ်၊ ကားပျက်တဲ့အိမ်တွေကို လိုက်ပြီးပြင်ပေးရတဲ့ အလုပ်မျိုး။ အထူးသဖြင့်တော့ လိုင်းဝင်နေရတဲ့ ဘတ်(စ်)ကားကြီးတွေပျက်ရင် လိုက်ပြင်ပေးရတယ်။ ဘတ်(စ်)ကားဆိုတာကလည်း သိတဲ့အတိုင်းပဲ။ တစ်နေ့လုံး လိုင်းဆွဲပြီး ညကျမှ ကားကိုနား၊ ပြင်စရာရှိတာ ပြင်ရတာကိုး။ မောင်းလို့မရလောက်အောင်ပျက်ပြီဆိုရင်တော့ တစ်မျိုးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ကားပြင်တဲ့အလုပ်က ညဘက်မှာ လုပ်ရတာ များတယ်။

မောင်ချစ်အေးမှာ မောင်နှမ ခုနစ်ယောက်ရှိတယ်။ ယောကျ်ားလေး နှစ်ယောက်၊ မိန်းကလေးက ငါးယောက်။ မောင်ချစ်အေးက အကြီးဆုံးပါ။ ညီလေးက အငယ်ဆုံးဆိုတော့ အသက်က ကိုးနှစ်ပဲ ရှိသေးတယ်။ ဘာမှ အားကိုးလောက်တဲ့အရွယ် မဟုတ်ဘူး။ ဒီတော့ အစ်ကိုအကြီးဆုံးလည်းဖြစ်၊ ယောကျ်ားကလေးလည်း ဖြစ်တဲ့ မောင်ချစ်အေးကပဲ အဖေ့ကို ကူရတော့တယ်။ ညဘက်တွေမှာ ကားလျှောက်ပြင်ရလို့ အိပ်ပျက်တဲ့နေ့တွေ များတယ်။

နောက်ပြီး … လူကိုးယောက်ရှိတဲ့ မိသားစုရဲ့ စားဝတ်နေရေးအတွက် မောင်ချစ်အေးဟာ တစ်စိတ်တစ်ပိုင်း ဝင်ပြီးကူနေရတဲ့အခါ စိတ်လည်း လွတ်လပ်မှု မရှိတော့ဘူး။

အဖေတို့ အမေတို့နဲ့အတူ မပြေလည်တဲ့ကိစ္စတွေအတွက် မောင်ချစ်အေးပါ ဝင်ပြီး ပူပင်တတ်လာတယ်။

အဲဒီတော့ … ပညာရေးဘက် အပြည့်အဝ စိတ်မသွင်းထားနိုင်လို့ စာကျက်ပျက်ရတယ်။ စာမေးပွဲ ကျတယ်။

ဆယ်တန်းမအောင်ဘူး။ နှစ်နှစ်ဆက်တိုက်ကျတယ်။ ညကျောင်းတော့ မတက်ဖြစ်၊ အလုပ်က ညဘက် လုပ်ရတာ များတယ် မဟုတ်လား။

အပြင်က တစ်နှစ်ဖြေသေးတယ်၊ မအောင်ဘူး။

မောင်ချစ်အေးရဲ့စိတ်တွေဟာ ပညာရေးဘက်မှာ အရမ်းလျော့နည်းသွားတယ်။ အလုပ်ကို ပိုလုပ်လာမိတယ်။ အခြေအနေအရလည်း အလုပ်လုပ်မှ ဖြစ်တော့မှာကိုး။

လာမယ့်နှစ်ကို စာမေးပွဲ မဖြေတော့ဘူးလို့တောင် စိတ်ကူးထားတယ်။ ဒီလိုအခြေအနေရှိတဲ့ မောင်ချစ်အေးဟာ …။

C B

www.burmeseclassic.com

၂ ။ ။

တစ်နေ့တော့ ညက ပြင်လက်စကားအတွက် “ဂီယာဝိုင်”လိုနေတာနဲ့ မောင်ချစ်အေး လိုက်ဝယ်ရတယ်။ အဲဒီရက်ပိုင်းကျမှ ဂီယာဝိုင်က ဆိုင်တွေမှာ ပြတ်နေတယ်။

တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် လိုက်ရှာရင်းက ကမာရွတ်လှည်းတန်းလမ်းဆုံက ဆိုင်မှာ ရှိတယ်လို့ သတင်းရတယ်။

အဲဒီဆိုင်ကိုသွားတော့ ကံအားလျော်စွာပဲ ဝယ်လို့ရခဲ့တယ်။

ဂီယာဝိုင်ဝယ်ပြီးတော့ မောင်ချစ်အေး လက်ဖက်ရည်သောက်ချင်လာတယ်။ ကားပိုင်ရှင်က ဂီယာဝိုင်ဖိုး၊ လမ်းစရိတ်အပြင် လက်ဖက်ရည်သောက်ဖို့ပါ ပိုက်ဆံ ပေးလိုက်တာကိုး။

ဘယ်မှာသောက်ရင် ကောင်းမလဲလို့ စဉ်းစားကြည့်တော့ သူငယ်ချင်းတွေ ပြောပြောနေတဲ့ ဦးချစ်ဆိုင် ဆိုတာကို သွားသတိရတယ်။

ခုရောက်နေတဲ့နေရာက တက္ကသိုလ်နယ်မြေနားမှာ မဟုတ်လား။ ဒါပေမယ့် ဦးချစ်ဆိုင်က ဘယ်မှာမှန်း မသိပါ။

တက္ကသိုလ်ထဲကို မောင်ချစ်အေးမှ မရောက်ဖူးတာပဲ။

သူငယ်ချင်းတွေက ကျောင်းထဲကို လာလည်ဖို့ ခဏခဏ ခေါ်ပါတယ်။ သို့ပေမယ့် မသွားခဲ့။

တက္ကသိုလ် ရောက်နေတဲ့ သူတို့တွေကို မကျေနပ်လို့ မဟုတ်ပါ။ ကိုယ့်အခြေအနေနဲ့ကိုယ် ဆယ်တန်း မအောင်သေးဘဲနဲ့ ဒီနယ်မြေထဲဝင်ရမှာ ကိုယ့်ကိုယ်ကို သိမ်ငယ်သလိုပဲ။

ဒီနေ့တော့ ဘာလို့မှန်းမသိ။ ဦးချစ်ဆိုင်မှာမှ လက်ဖက်ရည် သောက်ချင်စိတ် ဖြစ်နေမိပါတယ်။

ဆိုင်နေရာကိုလည်း မသိတော့ ကမာရွတ်ရဲစခန်းရှေ့မှာပဲ ယောင်လည်လည် လျှောက်လာမိရင်းက … “ရာမညဆောင်”ဆိုတဲ့ အဆောင်ကြီးကို လှမ်းမြင်ရတယ်။

ပေါ်ကြီး ပြောဖူးတာ သွားသတိရတယ်။ ရာမညဆောင်ကိုရောက်ရင် ဦးချစ်ဆိုင်ကို ရောက်တာပဲ။ ရာမညဆောင်ရှေ့တည့်တည့်က အပေါက်အတိုင်း ဝင်ပြီး ဘယ်ဘက် မြေနီလမ်းအတိုင်းသွားရင် ငှက်ပျောတော ထဲက ဦးချစ်ဆိုင်ကို တန်းရောက်တာပဲတဲ့။

မောင်ချစ်အေးလည်း သူပြောဖူးတဲ့အတိုင်း ဝင်းတံခါးပေါက်ကနေ မရဲတရဲ ဝင်လိုက်တယ်။

ဘယ်ဘက် မြေနီလမ်းဘက် ချိုးလိုက်တယ်ဆိုရင်ပဲ ဟိုးရှေ့မှာ လက်ဖက်ရည်ဆိုင်တစ်ဆိုင် တွေ့ပါရော။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်အတွင်းမှာရော၊ အပြင်မှာပါ စားပွဲခုံတွေ ခင်းထားတယ်။ မောင်ချစ်အေးလည်း ဝင်ဝင်ချင်း တွေ့တဲ့ စားပွဲမှာပဲ ဝင်ထိုင်လိုက်ပါတယ်။

လက်ဖက်ရည်တစ်ခွက် မှာလိုက်ပြီး ဟိုကြည့်ဒီကြည့် လုပ်နေမိတယ်။ နည်းနည်းတော့ ကြောင်တက်တက် ဖြစ်နေတာ အမှန်ပါ။

တခြားစားပွဲမှာ ကျောင်းသားတွေ ထိုင်နေကြတယ်။ တချို့ နှစ်ယောက်၊ သုံးယောက်တစ်ဖွဲ့၊ တချို့လည်း တစ်ယောက်တည်း။ တချို့ကျတော့ တစ်ဖွဲ့ကြီး၊ ခုနစ်ယောက် ရှစ်ယောက်လောက် ရှိမယ်။

ပြောနေဆိုနေလိုက်ကြတာလည်း ဆူညံနေတာ၊ တစ်ချက်တစ်ချက် ဝါးကနဲ ရယ်သံတွေကော။

မောင်ချစ်အေး သူတို့ကို သဘောကျမိတယ်။ ကြည့်ပါဦးတော့၊ တက္ကသိုလ်ကျောင်းတော်သားတွေ ဆိုပေမယ့် ဟိတ်ကြီးဟန်ကြီး မရှိကြ။

ဝတ်စားထားပုံတွေကလည်း ရိုးရိုးပဲ၊ သူတို့ကို ကြည့်ပြီး ပျော်မိတယ်။

ပြီးတော့လည်း ...

ဆိုင်ရဲ့အတွင်းဘက်က ဟိုးထောင့်ဆုံးစားပွဲမှာ ကျောင်းသားတစ်ယောက်နဲ့ ကျောင်းသူတစ်ယောက် မျက်နှာချင်းဆိုင် ထိုင်နေကြတယ်။

သူတို့ကတော့ စကားသိပ်မပြောကြဘူး၊ တစ်ခွန်းစ နှစ်ခွန်းစသာ ပြောပြီး တစ်ယောက်နဲ့တစ်ယောက် ပြုံးပြုံးလေးတွေ ငေးစိုက်ကြည့်နေကြတာများတယ်။

သူတို့ကို ကြည့်ပြီး ကြည်နူးအားကျမိပါရဲ့။

အဲဒီအချိန်မှာ မောင်ချစ်အေးရဲ့ ခြေထောက်က မြေကြီးပေါ်မှာ ချထားတဲ့ အရာတစ်ခုကို သွားတိုက်မိတယ်။

ခုမှ သတိရပြီး ငုံ့ကြည့်မိတယ်။ ရှက်လည်း နည်းနည်းရှက်သွားတယ်။

သြော် ... သူတို့တွေက စာအုပ်ကလေးတွေ လွယ်အိတ်ကလေးတွေ ကိုယ်စီနဲ့။

မောင်ချစ်အေးမှာတော့ တစ်ဂါလံဝင် ဂီယာဝိုင်ပုံးကြီးနဲ့ပါလား။ သူတို့ကတော့ မောင်ချစ်အေးကို ဝိုင်းကြည့်မနေကြပါ။

C B

www.burmeseclassic.com

www.burmeseclassic.com


ကျောင်းထဲကို ရောက်ခဲ့တဲ့အကြောင်းကို ဟိုကောင်တွေကို ပြန်ပြောပြတော့ သူတို့ အံ့သြသွားတယ်။ မောင်ချစ်အေးမှ ကျောင်းထဲကို သွားလေ့မရှိတာကိုး။ ပြီးတော့ သူတို့ဆီ မလာရကောင်းလားဆိုပြီး မကျေမနပ်နဲ့ ပြောကြတယ်။

"မင်းတို့က ဘယ်နားမှာရှိမှန်းမှ မသိတာ၊ ပြီးတော့ မင်းတို့ပဲ ပြောတာပဲ၊ မင်းတို့က စာသင်ခန်းထဲမှာ ရှိချင်မှရှိတာဆို …"

"အေး … ဟုတ်သားပဲ" ဆိုပြီးတော့ အလုပ်အားတဲ့နေ့ကျရင် သူတို့နဲ့ ကျောင်းထဲကို အတူတူလိုက်ခဲ့ဖို့ ပြောကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ မသိ။ မောင်ချစ်အေးဟာ အရင်လို မဟုတ်တော့ဘူး။ ကျောင်းထဲကို သွားရမှာ သိပ်မရွံ့တော့။ ဒါကြောင့် လိုက်မယ်လို့ ပြောလိုက်တယ်။

ဒီလိုနဲ့ တက္ကသိုလ်ကျောင်းထဲကို ရောက်ဖူးလာခဲ့တယ်။ သူငယ်ချင်းတွေက တက္ကသိုလ်နယ်မြေအနှံ့ လျှောက်ပြကြတယ်။

တက္ကသိုလ်တဲ့။ ခံ့ညားပါပေတယ်။ လှပပါပေတယ်။ တည်ငြိမ်ရင့်ကျက်ခြင်းရော၊ သစ်လွင်လန်းဆန်းခြင်းပါ ပေါင်းစုတဲ့နေရာ၊ သီးခြားကမ္ဘာလေးတစ်ခုလိုပဲ။ ဒါကြောင့်လည်း ဒီနေရာကို ရောက်ရင် ဘဝအသစ်တစ်ခုကို ရောက်ရသလိုပဲလို့ ဆိုကြတာ။

ဟုတ်ပါမှာပါ။ သူတို့မပြောနဲ့၊ ကျောင်းသားမဟုတ်တဲ့ မောင်ချစ်အေးတောင် တက္ကသိုလ်ရဲ့ အငွေ့အသက်ကို ကူးယူခံစားနေမိတယ်။ ဆွတ်ပျံ့ကြည်နူးလွမ်းမောခြင်း။

ညနေပိုင်းကျတော့ ပေါ်ကြီးက သူ့အမျိုးသမီး မိစံကို သွားစောင့်ဦးမယ်လို့ ပြောတယ်။

စိုးမြင့်တို့၊ ကောင်းမြတ်တို့က ပေါ်ကြီးကို လိုက်နှောင့်ယှက်မယ်ဆိုပြီး မောင်ချစ်အေးကိုပါ ခေါ်သွားတယ်။ မောင်ချစ်အေးလည်း ကန့်လန့်ကန့်လန့်နဲ့ ယောင်ကြောင်ပြီး ပါသွားတာပေါ့။

ပေါ်ကြီးကတော့ သိပ်ဂရုမစိုက်ဘူး။

"မင်းတို့ လိုက်လည်း လိုက်ပေါ့၊ ဒီနေ့ မိစံက သုံးနာရီခွဲမှ အတန်းပြီးမှာ၊ ဘယ်မှ သွားထိုင်ဖို့ အချိန်လည်းမရဘူး။ ဘာမှလည်း စားနိုင်မှာမဟုတ်ဘူး။ အတန်းပြီးတာနဲ့ ဖယ်ရီကားရှိတဲ့နေရာ လိုက်ပို့ရမှာ" လို့ ပြောတယ်။

မထူးတော့ပါဘူးဆိုပြီး ပေါ်ကြီးတို့နောက်ကိုပဲ တကောက်ကောက် လိုက်ရတော့တာပဲ။

ပေါ်ကြီးက မိစံ အတန်းပြီးတော့ ကျောင်းကြိုကားရှိတဲ့နေရာကို လိုက်ပို့တယ်။ အဲဒီနေ့က ကားနည်းနည်းနောက်ကျတယ်။ မရောက်သေးဘူး။ ဒါနဲ့ ကားရပ်တဲ့နေရာကို လှမ်းမြင်နိုင်လောက်တဲ့ တရုတ်စကားပင်အောက်က အုတ်ခုံပိုင်းမှာ ထိုင်စောင့်ကြတာ။

www.burmeseclassic.com

www.burmeseclassic.com



မိစံဆိုတာက မောင်ချစ်အေးတို့နဲ့ တစ်ကျောင်းတည်း အတူတူနေခဲ့ဖူးကြတဲ့ သူငယ်ချင်းပဲ။ ဒါကြောင့် ပေါ်ကြီးနဲ့ မိစံကို ဝိုင်းပြီးနောက်ကြရင်း ကျောင်းကြိုကားအလာ စောင့်နေကြတယ်။ မိစံကလည်း ကောင်းမြတ်ကို ပြန်လောင်တယ်။

"ကောင်းမြတ်၊ နင်နဲ့ ဒိန်းတပ်တပ်နဲ့ စိတ်ကောက်နေကြတာ ပြန်ကြည်သွားပြီလား"

မိစံက မေးတယ်။ ဒိန်းတပ်တပ်ဆိုတာ ကောင်းမြတ်ရဲ့ အမျိုးသမီးလေ။ ဘာဖြစ်လို့ ဒီနာမည် တွင်သွားရသလဲဆိုတော့ ကောင်းမြတ်ကြီးက သူ့ကို တွေ့လိုက်တဲ့အချိန်မှာ သူ့ရင်ထဲက တူရိယာသံစုံ မြည်ဟည်းသွားသတဲ့။ ဒါကို သူငယ်ချင်းတွေက "ဘင်ကြီးကို ထုလိုက်သလို ဒိန်းတပ်တပ်နဲ့ မြည်နေမှာပေါ့"လို့ ဝိုင်းနောက်ကြရာက သူ့နာမည် ဒိန်းတပ်တပ် ဖြစ်လာတယ်။

ခု သူတို့နှစ်ယောက် စိတ်ကောက်နေကြတဲ့အကြောင်းကလည်း ဘာမှ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး။ တစ်ယောက်နဲ့တစ်ယောက် စကားနိုင်လုကြရင်းက ဖြစ်ကြတာဆိုပဲ။

"နင်ကကော ဘာကိစ္စနဲ့ လာတာလဲ။ ကျောင်းထဲမှာ တွေ့ထားလို့လား၊ တစ်ယောက်ယောက်ကို …"

မိစံက မောင်ချစ်အေးကို မေးပြန်တယ်။ ရယ်ကျဲကျဲလုပ်ရင်းက …

"မဟုတ်ပါဘူး၊ ခုမှ တွေ့များတွေ့မလားလို့"

ဘယ်လောက်တိုက်ဆိုင်သလဲ၊ အဲဒီလိုပြောနေတုန်းမှာပဲ အမျိုးသမီးတစ်ယောက်ဟာ မိစံရှေ့မှာ လာရပ်တယ်။ ပြီးတော့ "ဖယ်ရီမလာသေးဘူးလား"လို့ မိစံကို မေးတယ်။ ပြီးတော့ မောင်ချစ်အေးတို့ဘက်ကို တစ်ချက်လှမ်းကြည့်တယ်။ စိုးမြင့်တို့၊ ကောင်းမြတ်တို့ကျတော့ မြင်ဖူးနေကြမို့ သာမန်သဘောလောက်ပဲ။ မောင်ချစ်အေးကိုကျတော့ နည်းနည်းပိုပြီး ကြာကြာစိုက်ကြည့်လိုက်သလိုပဲ။

မျက်နှာစိမ်းတစ်ယောက်မို့ ဘယ်သူပါလိမ့်ဆိုတဲ့သဘောနဲ့ ရိုးရိုးကြည့်တာ ဖြစ်ပါလိမ့်မယ်။ သို့ပေမယ့် တက္ကသိုလ်ရဲ့အငွေ့ကို ရှူရှိုက်မိန်းမောနေမိတဲ့ မောင်ချစ်အေးမှာတော့ …

တကယ်လို့များ ကောင်းမြတ်ရဲ့ အမျိုးသမီးသာ အရင်ဦးမထားခဲ့ရင် ဒိန်းတပ်တပ်ဆိုတဲ့နာမည်ကို ရသွားနိုင်လောက်တယ်။

အဲဒီနေ့ကစပြီး စွဲလမ်းခဲ့ပါတယ်။

C B

www.burmeseclassic.com

www.burmeseclassic.com


၃ ။ ။

နာမည်က အိအိချိုတဲ့ ...။

မြန်မာစာ တတိယနှစ် ...

မိစံတို့နဲ့ ကျောင်းကြိုကား အတူတူစီးတယ်။ ရန်ကင်းမှာနေတယ်။ လောလောဆယ် အတွဲမရှိသေးဘူး။

အိအိချိုနဲ့ပတ်သက်လို့ မောင်ချစ်အေး စုံစမ်းထားမှုတွေပါ။ အဲဒါတွေလည်း မိစံက တစ်ဆင့်၊ ပေါကြီးက တစ်ဆင့် သိရတာ။

အဲဒီနောက်ပိုင်း မောင်ချစ်အေးတစ်ယောက်ဟာ တက္ကသိုလ်ကျောင်းထဲကို မကြာခဏ ရောက်ဖြစ်တော့တယ်။ မိစံတို့ ပေါကြီးတို့နဲ့တူတူ တရုတ်စကားပင်အောက်မှာ ထိုင်ရင်း ကျောင်းကြိုကားအလာကို စောင့်တတ်လာတယ်။ ကားထွက်သွားပြီဆိုရင်လည်း ပေါကြီးနဲ့အတူ ကားကိုငေးကြည့်ရင်း ကျန်ရစ်ခဲ့တတ်လာတယ်။ ဟုတ်တယ်လေ၊ ပေါကြီးက မိစံကိုကြည့်၊ မောင်ချစ်အေးက အိအိချိုကို ကြည့်တာပေါ့။

အိအိချိုက ကားရဲ့ညာဘက်ခြမ်း ရှေ့ဆုံးခုံတန်းမှာ ထိုင်တတ်တယ်။ အိအိချိုထိုင်တဲ့နေရာရဲ့ အောက်တည့်တည့် ကားကိုယ်ထည်ပေါ်မှာတော့ "ချစ်မြားရှင်"ဆိုတဲ့ ကားနာမည်ကို ရေးထားတယ် မဟုတ်လား။ ဒါကြောင့်လည်း မောင်ချစ်အေးက အိအိချိုကို နာမည်ပေးမိတယ်။

"ချစ်မြားရှင်"တဲ့။

မောင်ချစ်အေးဟာ ဆယ်တန်းမအောင်သေးတဲ့အတွက် အိအိချိုကို မေတ္တာထားမိနေတာတောင် ကိုယ့်ကိုယ်ကို မဝံ့မရဲပါ။

သို့ပေမယ့် ...

ချစ်မြားရှင်ရယ် ... "တက္ကသိုလ်ဆိုတာ ကဝေမတို့ ဖမ်းစားရာမြေ"တဲ့။

တက္ကသိုလ်မှာ အော်မြည်တမ်းတဲ့ ဥဩငှက်ကလေးရဲ့ အသံကို တစ်ခါကြားမိရင် နောက်တစ်ခါ လာနားမထောင်နိုင်ဘဲ မနေနိုင်ဘူးလို့ ဆိုတယ် မဟုတ်လား။

ဒီလိုနဲ့ နောက်တစ်ခါ နောက်တစ်ခါ။

www.burmeseclassic.com

www.burmeseclassic.com



ရောက်တဲ့အခါတိုင်းပဲ စိတ်ပျော်ရွှင်ချမ်းမြေ့ရပါတယ်။ ဒီနယ်မြေရဲ့ ဝင်းတံခါးက ဝင်လိုက်တာနဲ့ တစ်ပြိုင်နက် ရင်ထဲက ပေါ့ပါးလန်းဆန်းသွားရတယ်။ စိတ်ညစ်ညူးစရာတွေဟာ အထဲကို ဝင်ခွင့်မရရှာလို့ ဝင်းပေါက်ဝမှာပဲ တစ်ရစ်ဝဲဝဲ ကျန်ရစ်ခဲ့ကြရရှာတယ်။

အလုပ်အားတာနဲ့ မောင်ချစ်အေးရောက်လာတတ်တာပဲ။ လာတတ်တဲ့အချိန်ကလည်း ကျောင်းကြိုကား ထွက်ခါနီးမှာပေါ့။ သူငယ်ချင်းတွေနဲ့ မတွေ့ရင်တောင် မောင်ချစ်အေးတစ်ယောက်တည်းပဲ ကျောင်းကြိုကား ထွက်သွားသည်အထိ ငေးကြည့်နေတတ်ပြီ။

စိတ်တန်ခိုးလို့ ဆိုလေမလား။ စိတ်ဆိုတာ အဆင့်အမြင့်ဆုံးလှိုင်းတွေပဲလို့ ဆိုကြတယ် မဟုတ်လား။ တစ်ခါတစ်လေ ဖြစ်ဖူးသလား၊ ကိုယ့်နောက်ကနေ တစ်ယောက်က စိုက်ကြည့်နေတယ်လို့ စိတ်ထင်ပြီး လှည့်ကြည့်တဲ့အခါ တကယ်ပဲ စိုက်ကြည့်နေတာ တွေ့ရတာမျိုး။

ခုလည်း မောင်ချစ်အေးက ငေးစိုက်ကြည့်ဖန်များတော့ အိအိချိုကလည်း နည်းနည်းပါးပါး အသိအမှတ်ပြုမိလာတယ် ထင်ပါရဲ့။ မောင်ချစ်အေးက အခါနှစ်ဆယ်လောက်ကြည့်ရင် တစ်ခါလောက် မသိမသာ ခဏတဖြုတ် ပြန်ကြည့်တတ်လာပြီလေ။

ဒီလို ...

နာရီပေါင်းများစွာ စောင့်စားပြီးမှ တစ်စက္ကန့်လောက်သာ ပြန်လည်ရရှိတတ်တဲ့ "ဖျတ်ကနဲ"လေးဟာ မောင်ချစ်အေးကို ရက်ပေါင်းများစွာ မိန်းမောစေပြန်တယ်။

မော်ရုံတောမှာ မျက်စိလည်ခဲ့ပါပြီ ချစ်မြားရှင်။

## C B

သိပ္ပံစားသောက်ဆိုင်တန်းမှာ လက်ဖက်ရည်တိုက်ပါ့မယ်လို့ ကတိပေးလိုက်တော့မှ မိစံက ဖွင့်ပြောတယ်။

"မနေ့က ဖယ်ရီအလာစောင့်ရင်း အိအိချိုနဲ့ တွေ့တယ်"

အဲဒီလောက် ပြောရုံရှိသေး၊ မောင်ချစ်အေး ရင်တွေခုန်လာတယ်။

"အဲဒါ ဟိုအကြောင်းဒီအကြောင်းပြောရင်း အိအိချိုက မေးတယ်၊ ဟိုတစ်ယောက်က ဘယ်ကလဲတဲ့"

"ငါ့ကို မေးတာလား"လို့ ပေါ်ကြီးက ဝင်မေးတော့ မိစံက မျက်နှာကို ရှုံ့မဲ့လိုက်ပြီး ...

"ဟင်း ... သူ့လား မေးမှာ၊ ဟိုက မေးတာ ချစ်အေးကိုပါ။ အရင်က မတွေ့ဖူးပါဘူးတဲ့"

"နင်က ဘယ်လိုပြန်ပြောလိုက်သလဲ"လို့ စိုးမြင့်က ဝင်မေးတယ်။

www.burmeseclassic.com

"ငါကလား၊ တို့သူငယ်ချင်းတွေထဲကပဲလို့ ပြန်ပြောလိုက်တယ်"

"ဘာဆက်မေးသေးလဲ"

"ဟင့်အင်း၊ ဘာမှ မမေးပါဘူး"

"ဒီလောက်ဆို မဆိုးပါဘူး"လို့ ပေါကြီးက မှတ်ချက်ချတယ်။ မောင်ချစ်အေးက ...

"မင်းတို့အုပ်စုက ငလောင်တွေမို့လို့ သူက သိပြီးသားဖြစ်နေတာ။ ငါ့ကျတော့ မျက်နှာစိမ်းဖြစ်နေလို့ မေးတဲ့သဘောလောက်ပဲ ဖြစ်မှာပါကွာ"

"ဘာသဘောပဲဖြစ်ဖြစ်၊ မင်းကို သတိထားမိတယ်ဆိုတာ သေချာပြီ။ ဒီတော့ ..."

စိုးမြင့်က ဆက်လုပ်တော့ ဆိုတဲ့သဘောနဲ့ မောင်ချစ်အေးကို စေ့စေ့ကြည့်ပြီး မျက်စပစ်ပြတယ်။

"မဖြစ်သေးဘူးထင်တယ်ကွာ၊ သူက မိစံနဲ့ ခင်မင်နေတာ။ ငါက အဲဒီလိုကြီး သွားလုပ်ရင် မိစံအဖို့ ဘယ်ကောင်းမလဲ"

မိစံက ဇီးဖျော်ရည်ကို ပိုက်နဲ့စုပ်ပြီး ငုံလိုက်တဲ့အချိန်မို့လို့ ချက်ချင်း စကားပြန်မပြောနိုင်။ လက်ကိုပဲ ခါပြတယ်။ မြန်မြန်မျိုချလိုက်ပြီးမှ ...

"မဆိုင်ဘူး၊ မဆိုင်ဘူး။ ငါနဲ့ ဖယ်ရီတူတူ စီးနေကြလို့သာ သိနေတာ။ သူငယ်ချင်းတွေလို အရမ်း ခင်နေတာ မဟုတ်ပါဘူး။ ငါ့ကို ထည့်တွက်စရာမလိုဘူး"

"ကဲ ... ဟေ့ကောင်၊ ဆော်သာဆော်ကွာ"လို့ ပေါကြီးတို့က ဝင်ပြောတော့၊ မိစံက ...

"သွားမြှောက်ပေးနေပြန်ပြီ"လို့ ပေါကြီးကို ပြန်ပြောရင်း ရယ်နေတယ်။

"ဟ ... ငါ နင့်ကို လိုက်တုန်းကလည်း ဒီကောင်တွေပဲ မြှောက်ပေးတာပဲ"

"ဟုတ်တယ်ဟ၊ ငါတို့သာ မြှောက်မပေးရင် ပေါကြီးလည်း ခုထက်ထိ မိစံ နင်နေကောင်းရဲ့လား ဆိုတဲ့အဆင့်က တက်မှာမဟုတ်သေးဘူး"

မောင်ချစ်အေး နည်းနည်းတော့ အားတက်သွားတယ်။

သို့ပေမယ့် ... မိစံရှေ့မှာ မောင်ချစ်အေးရဲ့ ဆုံးဖြတ်ချက်ကို ပြောရမှာ ရှက်တာနဲ့ စကားလွှဲပြီး ...

"ဒါနဲ့ ကောင်းမြတ်တစ်ယောက်ကောကွ"

"ဟား ... ဒီအချိန်က ထမင်းစားချိန်လေကွာ။ ဒိန်းတပ်တပ် ထမင်းဘူးကို သွားကပ်တွယ်နေမှာပေါ့"

www.burmeseclassic.com

ကောင်းမြတ်တို့၊ ပေါ်ကြီးတို့ကို အားကျသွားမိတယ်။

အိအိချိုရယ် ... နောင်တစ်ချိန်ကျလို့ တို့များ အဆင်ပြေသွားခဲ့ရင် မောင်ချစ်အေးအတွက် ထမင်းဘူး ချန်ထားမှာလားဟင်။

## C B

၄ ။ ။

ပထမအကြိမ် စွန့်စားခန်းအကြောင်း ပြောချင်ပါတယ်။

အဲဒီလို ဆိုလိုက်ကတည်းက ဒုတိယအကြိမ် စွန့်စားခန်း၊ တတိယအကြိမ် စွန့်စားခန်းဆိုတာတွေ လာတော့မယ်ဆိုတာ သိသာပါပြီ။

တကယ်ဆိုရင် မောင်ချစ်အေးအဖို့ ကျောင်းသားမဟုတ်ပါဘဲနဲ့ တက္ကသိုလ်ကျောင်းတော်ကြီးထဲ လာရတာကိုက စွန့်စားခန်းတစ်ရပ်ပါပဲ မဟုတ်လား။

ထားပါတော့လေ၊ အိအိချိုနဲ့ ပတ်သက်တဲ့ကိစ္စဟာ မဟာ့မဟာစွန့်စားခန်းကြီးလို့ အမွှန်းတင်ရာ ကျနေပါဦးမယ်။

မောင်ချစ်အေးဘက်က ကြည့်ရင် သိပ်အရေးကြီးတဲ့ကိစ္စ ဖြစ်နေပေမယ့် အိအိချိုအတွက်တော့ ဘဝခရီးလမ်းမှာ ခဏတဖြုတ်လာပြီး စိတ်အနှောင့်အယှက်ပေးတဲ့၊ အရေးမပါတဲ့လူတစ်ယောက်လို့ ထင်ချင် ထင်နေမှာ မဟုတ်လား။

အဲဒီနေ့က ဆောင်းရက်တစ်ရက်။

ညက ညဉ့်နက်မှ အိပ်ရတယ်။ ဒါကတော့ မကြာခဏဆိုသလိုပဲမို့ မဆန်းတော့။

နာရီအနည်းငယ်လောက်လာ အိပ်လိုက်ရပေမယ့် မနက်ကျတော့ လန်းလန်းဆန်းဆန်း နိုးလာခဲ့တယ်။

အအိပ်အနေနည်းတာ အကျင့်ပါနေလို့ လန်းဆန်းနေတာတော့ မဟုတ်။ ဒီနေ့မနက် ကျောင်းထဲ သွားမယ်လို့ စိတ်ကူးထားလို့ စိတ်ကြည်လင်နေတာပါ။

ကျောင်းရှေ့မှတ်တိုင်မှာ ဆင်းပြီး ကျောင်းဝင်းထဲ ဝင်လာခဲ့တယ်။

ခုနစ်နာရီခွဲလောက်ပဲ ရှိသေးတာမို့ ကျောင်းဝင်းထဲမှာ သိပ်မစည်ကားလှသေးဘူး။

ပြီးတော့ ...

ဒီနေ့မနက် နှင်းတွေ သိပ်ကျတယ်။ နေရောင်ကောင်းကောင်း မဖြာသေး။

www.burmeseclassic.com

တက္ကသိုလ်ကျောင်းဝင်းထဲက ဆောင်းဟာ တခြားနေရာတွေက ဆောင်းနဲ့မတူဘူး၊ ပိုပြီး အေးမြတယ်။

သြော် ...

နှင်းတွေတောင်မှ ကျောင်းထဲက နှင်းက ပိုပြီးဝေတယ်။ ပိုပြီးလှတယ်လို့ မောင်ချစ်အေး ဆိုလိုတယ်။

နှင်းဥတွေ တွဲခိုနေတဲ့ မြက်ပင်ကလေးတွေကြားက လမ်းအတိုင်း လျှောက်လာခဲ့တယ်။ သူငယ်ချင်းတွေ ပြထားခဲ့တဲ့ ဖြတ်လမ်းအတိုင်းပေါ့။

အမရဆောင်နဲ့ ရာမညဆောင်ကို ဆက်ထားတဲ့ စင်္ကြံလမ်းကို ဖြတ်ကျော်ပြီး တောင်ငူဆောင်ဘေးက ကတ္တရာလမ်းပေါ် ရောက်လာတယ်။

အဲဒီကျတော့မှ ကျောင်းသားကျောင်းသူတချို့ ခပ်သုတ်သုတ် သွားနေကြတာ တွေ့ရတယ်။ နည်းနည်းပါးပါး ခပ်ကျဲကျဲပေါ့။

များသောအားဖြင့်တော့ အနွေးထည်ကလေးတွေ ကိုယ်စီနဲ့။ ဂျာကင်၊ တိုက်ပုံအင်္ကျီ၊ ဆွယ်တာရောင်စုံ။

မောင်ချစ်အေးကတော့ တက်ထရွန် အင်္ကျီအဖြူကလေး တစ်ထပ်တည်း။ အနွေးထည်ရယ်လို့မှ ဖြစ်ဖြစ်မြောက်မြောက် မရှိခဲ့ပဲ။

အရောင်တွေ လွင့်နေတဲ့ ပင်နီတိုက်ပုံလေးတစ်ထည်ရယ်၊ ခုခေတ်မှာ ဘယ်သူမှ မသုံးတော့တဲ့ ကုတ်အင်္ကျီခပ်နွမ်းနွမ်းတစ်ထည်ရယ်၊ ဒါပဲရှိတယ်။

အင်းလေ ...

တကယ်တော့လည်း မောင်ချစ်အေးအတွက် အနွေးထည် သိပ်မလိုလှပါ။ ကျင့်သားရနေလို့လား မသိ၊ ဆောင်းနံနက်ရဲ့ အအေးဒဏ်လောက်တော့ ခံနိုင်ရည်ရှိပါတယ်။

လူ့အသားဟာ ကျောက်တုံးကျောက်ခဲ မဟုတ်တဲ့အတွက် လုံးဝမချမ်းဘူးလို့တော့ မဆိုလိုပါဘူး။ ချမ်းတော့ ချမ်းတာပါပဲ။

သို့ပေမယ့် ...

အဲဒီဒဏ်ကို ခံနိုင်တာကို ပြောတာပါ။

မီးကလေး လုံ့လိုက်၊ လှုပ်လှုပ်ရှားရှား လုပ်လိုက်တယ်ဆိုရင် ချွေးကလေးတောင် စို့လာတတ်ပါတယ်။

ဒီလိုနဲ့ပဲ ဆောင်းရာသီပေါင်း အတော်များများကို ကျော်ဖြတ်ခဲ့ပါပြီကော။

www.burmeseclassic.com

www.burmeseclassic.com



တောင်ငူဆောင်နားရောက်တော့ လက်ဝဲဘက်နဲ့ လက်ယာဘက် နှစ်ဖက်စလုံးမှာ အလွန်လှပတဲ့ မြင်ကွင်းနှစ်ခုကို တွေ့ရတယ်။

လက်ဝဲဘက်မှာ ဦးချစ်လက်ဖက်ရည်ဆိုင်ရှိရာ ငှက်ပျောတောကလေး။ ငှက်ပျောပင်တွေဟာ နှင်းထုအောက်မှာ ပြားပြားဝပ်နေတယ်။

မြူတွေက ငှက်ပျောပင်တန်းကြားမှာ ယှက်သန်းနေတယ်။ မီးခိုးငွေ့တွေ ဝေနေသလိုပဲ။ မီးခိုးလိုတော့ လှုပ်ရှားဝေ့ဝဲမှု မရှိ။ မြေပြင်နဲ့ လေထုကြားမှာ တိမ်တိုက် အသေးစားကလေးတွေလို အကန့်လိုက် အကန့်လိုက် တည်ငြိမ်နေတယ်။ ဘယ်လောက်လှပတဲ့ မြင်ကွင်းလဲ။

လက်ယာဘက်မှာကျတော့ ...

"သြော် ... ဒါကြောင့်လည်း တက္ကသိုလ်နယ်မြေတစ်လွှား ထူးထူးခြားခြား သာယာလှပနေတာပါကလား"လို့ မှတ်ချက်ချလိုက်မိပါတယ်။

တောင်ငူဆောင်ရဲ့ ဆင်ဝင်အောက်မှာ ရပ်နေတာက အိအိချို။ ဆွယ်တာအနီရဲရဲကလေးနဲ့။ ထဘီက ပန်းနုရောင်။

အဲဒီအချိန်မှာပဲ နေရောင်ခြည်ဟာ ရုတ်တရက် ဖြာကျလာတယ်။

မြက်ခင်းပေါ်က နှင်းစက်ကလေးတွေဟာ လက်ကနဲ လက်ကနဲ ပြိုးပြက်သွားကြတယ်။

မောင်ချစ်အေးရဲ့ ဦးနှောက်ထဲမှာလည်း အတွေးတွေက ဖျတ်ကနဲ ဖျတ်ကနဲ။

ခုချိန်မှာ အိအိချို တစ်ယောက်တည်း။

ဒါကြောင့် ...

သွားစကားပြောရမလား။ ခက်တာက အိအိချိုနဲ့ မောင်ချစ်အေးတို့က တစ်ယောက်နဲ့တစ်ယောက် ဘယ်သူဘယ်ဝါဆိုတာ သိတယ်၊ မျက်မှန်းတန်းမိကြတယ်။ ဒီလောက်ပဲ။

ဘယ်သူကမှလည်း မိတ်ဆက်ပေးထားတာ မဟုတ်။ ဒါကြောင့် ခင်မင်သိကျွမ်းနေကြတာလည်း မဟုတ်။ အဲဒီအခြေအနေမျိုးမှာ စကားသွားပြောလို့ ဖြစ်ပါ့မလား။

တစ်ဖက်က ကြည့်ပြန်တော့လည်း လူရှင်းနေတဲ့အချိန်မျိုးမှာ အိအိချိုကို တစ်ယောက်တည်း တွေ့ရဖို့ဆိုတာ မလွယ်။ ခုလို အခွင့်အရေးမျိုး ကြုံဖို့ ဖြစ်တောင့်ဖြစ်ခဲ။

ဘာလုပ်ရမလဲလို့ မဆုံးဖြတ်နိုင်ခင်မှာပဲ ကိုယ်ခန္ဓာက အလိုလို လှည့်ပြီးတော့ ထွက်သွားတယ်။ အိအိချိုဘာသာ အကြောင်းရှိလို့ ထွက်သွားတာလား။ မောင်ချစ်အေးကို မြင်လို့ တမင် ထသွားတာလား။

နှစ်ခုစလုံး ဖြစ်နိုင်တယ်။

www.burmeseclassic.com

မောင်ချစ်အေးဟာ အိအိချိုကို စိတ်ဝင်စားနေကြောင်း အိအိချိုကလည်း ရိပ်မိနေလောက်ပြီ ထင်ပါတယ်။ အိအိချိုကို ငေးမောနေကြည့်တတ်တဲ့ မောင်ချစ်အေးရဲ့ မျက်လုံးတွေက တစ်ဆင့်ပေါ့။

အိအိချိုက တောင်ဂူဆောင်ဝင်ပေါက်ကနေ ယုဒသန် ဘုရားရှိခိုးကျောင်းဘက် လျှောက်သွားတယ်။

မောင်ချစ်အေး ဘာလုပ်ရမလဲ။ နောက်ကနေ လိုက်ဖို့ပဲ ရှိတော့တာပေါ့။

ဒါကြောင့် လိုက်တယ်။ ဟုတ်ကဲ့၊ နောက်ကနေ လိုက်တယ်။ အိအိချိုက မိန်းကလေး။ ခြေလှမ်း နှေးပါတယ်နော်။ ယောက်ျားဖြစ်တဲ့ မောင်ချစ်အေးဟာ အိအိချိုကို ဘာလို့ မီအောင်မလိုက်နိုင်ရတာလဲ။

သြော် ... မလိုက်နိုင်တာ မဟုတ်၊ မလိုက်ရဲတာပါ။

ပေါ်ကြီးတို့၊ ကောင်းမြတ်တို့၊ စိုးမြင့်တို့ကို အထူးပဲ တောင့်တမိတယ်။ ခုချိန်မှာ သူတို့ရှိရင် တစ်အား တက်မိမှာပဲ။ ခုဟာက သူတို့ရှိရာကို အလာမှာ အိအိချိုနဲ့ ရုတ်တရက်ဆိုသလို တွေ့ရတာ မဟုတ်လား။ အစ ချီလိုက်တုန်းကတော့ အခွင့်အရေးရတဲ့အခိုက် လက်လွှတ်မခံဘဲ စကားပြောမလို့ပါပဲ။ တကယ့်တကယ် ကျတော့ စကားပြောဖို့နေနေသာသာ ဘေးချင်းယှဉ်လျှောက်ဖို့တောင် မဝံ့တဲ့အဖြစ်။ ဒါကြောင့်သာ အိအိချိုကို မီအောင်မလိုက်ရဲတာပေါ့။

“ရှိရီးလေး မောင်ပန်းမွှေး၊
မောင်ပန်းမွှေး ယုန်လိုက်တယ်၊
တောကျောင်းဘုန်းကြီး မြင်လိုက်တယ်၊
လိုက်ကြပါလား တပည့်များ၊
လိုက်လို့မမီ ပြေးပြန်ပြီ၊
ရှိရီးလေး မောင်ပန်းမွှေး ...”

ရွှေဘိုဆောင်ဘေးကို ရောက်တော့ အဆောင်ပေါ်က ကျောင်းသားတွေက မောင်ချစ်အေးတို့အဖြစ်ကို ရိပ်မိပုံရတယ်။ ဝိုင်းအော်ပြီး နောက်ပြောင်ကြတယ်။

အိအိချို ရှက်သွားသလား။ ခြေလှမ်း ပိုသွက်လာတယ်။ မောင်ချစ်အေးလည်း လိုက်သွက်။ သို့ပေမယ့် လိုက်လို့မမီပါလား။

ယုဒသန် ဘုရားရှိခိုးကျောင်း မျှော်စင်ရှေ့က ဖြတ်ပြီး သီရိဆောင်ဘက် ချိုးကွေ့သွားတယ်။ ပြီးတော့ ဟော ... သီရိဆောင်ဝင်းထဲ ဝင်သွားပါရောလား။ လမ်းတစ်လျှောက်လုံး မောင်ချစ်အေးကို တစ်ချက် ကလေးတောင် လှည့်ကြည့်မသွားဘူးဆိုတာ သတိပြုလိုက်မိတယ်။

သို့ပေမယ့် စိတ်တော့ မပျက်လှသေးပါ။ အဆောင်ဝင်ပေါက်ကို လှမ်းမြင်နိုင်တဲ့နေရာကနေ စောင့်ကြည့်နေမိတယ်။ ဟုတ်တယ်လေ၊ လိုက်လာမိမှတော့ မထူးတော့ဘူး။ အိအိချိုဟာ အဆောင်ထဲက ပြန်မထွက်ဘဲ မနေနိုင်ပါဘူး။ ကျောင်းချိန်နီးရင် ပြန်ထွက်လာရမှာပဲ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com


အဲ … တစ်ခုတော့ရှိတယ်။ ခုနေခါ အိအိချို ပြန်ထွက်လာခဲ့ရင် စကားလိုက်ပြောမှာလား၊ မပြောဘူးလားဆိုတာတော့ တိတိကျကျ အာမ,မခံရဲ။ ဘာကြောင့်လဲဆိုတော့ စောင့်ရင်းစောင့်ရင်းနဲ့ မောင်ချစ်အေးမှာ သတ္တိတွေ တဖြည်းဖြည်း နည်းပါးလာလို့ပါပဲ။ စောစောတုန်းကတော့ သူ့ကို တွေ့တွေ့ချင်း ဘာလုပ်ရမှန်းမသိဘဲ နောက်ကနေ စွတ်လိုက်လာမိလို့သာ ဒီအထိ ပါလာတာကိုး။

စောင့်ရင်း အချိန်ကြာလာတာနဲ့အမျှ သွေးအေးလာတော့ ကြောက်စိတ်တွေက ဝင်လာပြန်ရော။

သီရိဆောင်ဝင်ပေါက်ကို စောင့်ကြည့်နေခဲ့တာတောင် တော်တော်ကြာသွားပြီ။ အိအိချိုရဲ့ အရိပ်အယောင်တောင် မမြင်ရ။ အဲဒီအချိန်မှာ …

"မြွေ … မြွေ ပေါက်တော့မယ်"လို့ အော်သံကြားလို့ အလန့်တကြား လှမ်းကြည့်မိတယ်။ ဘေးပတ်ဝန်းကျင်မှာ ဘာမှ မရှိ။ အသံကြားတဲ့ဆီကို ကြည့်လိုက်တော့မှ ပြုံးဖြီးဖြီးနဲ့ လျှောက်လာတဲ့ စိုးမြင့်ကို တွေ့လိုက်ရတယ်။

"ဘာတွေ ငေးနေတာတုန်းကွ၊ မင်းကို ခဲနဲ့တောင် လှမ်းပေါက်သေးတယ်"လို့ စိုးမြင့်က ပြောရင်း အနားရောက်လာတယ်။ မောင်ချစ်အေးက ဘာမှမဟုတ်ပါဘူးကွလို့ အရင်ပြောလိုက်သေးတယ်။ ပြီးတော့မှ ဒီနေ့မနက် သူငယ်ချင်းတွေဆီအလာ အိအိချိုကိုတွေ့ပြီး နောက်က လိုက်လာတဲ့အကြောင်း၊ သီရိဆောင်ထဲ ဝင်သွားလို့ စောင့်နေတဲ့အကြောင်း ပြောပြလိုက်တယ်။ အဲဒီတော့ စိုးမြင့်က ဟားတိုက်ပြီး ရယ်တော့တာပဲ။

"ဟား … ဟား … ဟား … တော်ပါပေ့ကွာ။ ငါ့သူငယ်ချင်း လာလိုက်ခဲ့၊ ငါပြမယ်"ဆိုပြီး ခေါ်သွားတယ်။ သီရိဆောင်ဘေးကနေ ပတ်ပြီး ခေါ်သွားတာပဲ။ တစ်နေရာ ရောက်တော့ စိုးမြင့်က ပြတယ်။ သီရိဆောင်နောက်ဘက်က စင်္ကြံ။

"အဲဒါ မာလာ၊ သီရိနဲ့ ဝိဇ္ဇာဆောင်တွေကို ဆက်ထားတဲ့ စင်္ကြံပဲ။ ဟိုဟာက သီရိဆောင် နောက်ဘက်က အပေါက်၊ အိအိချိုက ရှေ့ပေါက်က ဝင်ပြီး နောက်ပေါက်က ပြန်ထွက်သွားတာ ငတုံးရ"

မောင်ချစ်အေး ရှက်သွားတယ်။ ဆယ်တန်းတောင် မအောင်သေးတဲ့ မောင်ချစ်အေး။ နယ်မြေ မကျွမ်းသေးဘဲ တက္ကသိုလ်ထဲကို အရဲစွန့်လာရတဲ့ အကောင်။ တက္ကသိုလ်ကျောင်းတော်သူကြီး အိအိချိုက ပညာပြသွားတာလေလားဗျာ။

တတ်လည်းတတ်နိုင်ပါပေရဲ့။

## C B

စိုးမြင့်က ပြန်ပြောတဲ့အခါ အားလုံး ဟန်မဆောင်နိုင်ဘဲ ရယ်ကြတယ်။

မောင်ချစ်အေး အရမ်းရှက်သွားမှာ စိုးလို့သာ ဝိုင်းမဟားကြတာဖြစ်မှာပါ။

တကယ်ဆို ဟားသင့်တဲ့ကိစ္စပါပဲ။ မောင်ချစ်အေးကလည်း ကြောင်ပေတာကိုး။

www.burmeseclassic.com

www.burmeseclassic.com



စိုးမြင့်နဲ့ မောင်ချစ်အေးတို့ မနက်က တွေ့ကြပြီးတဲ့နောက် စိုးမြင့်က အတန်းသွားတက်တယ်။ သူက စိတ်ပညာသမားဆိုတော့ အမရဆောင်မှာပေါ့။

မောင်ချစ်အေးက တစ်နေရာရာက စောင့်နေမလို့ပါပဲ။ စိုးမြင့်က သူတို့အတန်းထဲ လိုက်ထိုင်ဖို့ ခေါ်တယ်။

"ဟာ ဖြစ်ပါ့မလားကွ၊ ငါက ကျောင်းသားမှ မဟုတ်တာ"လို့ ဆိုတော့ ...

စိုးမြင့်က ...

"ဖြစ်ပါတယ်ကွ၊ ပေါ်ကြီးဆို သူစိတ်ဝင်စားတဲ့အချိန် လာလာထိုင်တတ်တာပဲ၊ ငါကလည်း ပေါ်ကြီးတို့ အတန်း သွားထိုင်ချင်ထိုင်တာပဲ။ မင်းလိုက်လာလို့ ဘာမှ အနှောင့်အယှက်မဖြစ်ပါဘူး။ ဆရာက ပိုတောင် ကျေးဇူးတင်ဦးမယ်"လို့ ပြောတယ်။

"ဘာဖြစ်လို့လဲကွ"လို့ ပြန်မေးတော့ ...

"ငါတို့အတန်းက အားလုံးပေါင်း ရှိတာမှ လူလေးဆယ်လောက်ရှိတာ။ တစ်ဝက်လောက်က ကျောင်းပြေးတတ်ကြလို့ အတန်းထဲမှာ လူနည်းနည်းနေတတ်တယ်ကွ။ မင်းလိုက်လာရင် တစ်ယောက် ပိုများလာလို့ ဆရာက ကျေးဇူးတင်မယ်လို့ ပြောတာပါ"ဆိုတာနဲ့ လိုက်သွားတယ်။

စိုးမြင့်တို့အတန်းက နှစ်ချိန် ရှိတယ်။

ဆရာတွေ စာသင်သွားတာကို မောင်ချစ်အေးကတော့ ဘာမှ နားမလည်လိုက်ပါ။

တစ်ခုပဲ သိလိုက်တယ်။ ဆရာတစ်ယောက် ပြောသွားတဲ့ စကား။

"စိတ်ဆိုတာ ကန့်သတ်ထားလို့ရတဲ့အရာ မဟုတ်ဘူး။ စိတ်ကို ခြံဝင်းခတ်ထားလို့လည်း မရဘူး။ လှောင်အိမ်ထဲ ထည့်ပိတ်ထားလို့လည်း မရဘူး။ နောက်ပြီး နယ်နိမိတ် စည်းမျဉ်းသတ်မှတ်ထားလို့လည်း မရဘူး။ စိတ်ရဲ့ ပျံ့နှံ့နိုင်မှုဟာ အဆုံးအစမရှိ ကျယ်ပြန့်နိုင်တယ်။ ဒါ့အပြင် အချိန်ကာလရဲ့ ပြဋ္ဌာန်းမှုကိုလည်း ကျော်လွန်ဆန့်ကျင် ဖြတ်သန်းနိုင်တယ်။ ဥပမာ ပြောရရင် ခင်ဗျားတို့ စိတ်အဝင်စားဆုံးအရာနဲ့ နှိုင်းယှဉ် ပြရမှာပဲ၊ ဘာလဲဆိုတော့ အချစ်ပေါ့"

သိပ်သဘောကျသွားတယ်။ စိတ်ထဲမှာ စွဲစွဲမြဲမြဲ မှတ်ထားလိုက်တယ်။

အတန်းပြီးသွားတော့ ဝိဇ္ဇာဆောင်ဘက်ကို လာခဲ့ကြတယ်။

တောင်ငူဆောင်ကို အဖြတ်မှာ စိုးမြင့်က လိုက်ရှာဦးမလားလို့ မေးတယ်။ မောင်ချစ်အေးက ခေါင်းခါ လိုက်တယ်။

www.burmeseclassic.com

ဝိဇ္ဇာဆောင်မှာ ပေါ်ကြီး ရှိတယ်။ သူက ဒဿနိကဗေဒကိုး။ သူတို့အတန်းရှေ့ရောက်တော့ သူထိုင်နေကျ နောက်ဆုံးခုံတန်းမှာ မတွေ့ရ။

စိုးမြင့်ကို မျက်မှန်းတန်းမိနေတဲ့ ကျောင်းသားတစ်ယောက်က လက်ခါပြလိုက်တယ်။

သေချာပြီ။ ပေါ်ကြီး အတန်းလစ်ပြီး မိစံဆီ သွားလောက်ပြီ။

စိုးမြင့်က သူ့လွယ်အိတ်ထဲက မှတ်စုစာအုပ် အစုတ်ကလေးတစ်အုပ်ကို ထုတ်လိုက်ပြီး ဟိုလှန်ဒီလှန် လုပ်ကြည့်ပြီးမှ ...

"အေး ... မိစံတို့အတန်းက ဒီနေ့မနက်ပိုင်း ဆယ်နာရီအထိပဲရှိတယ်။ ဒီကောင် မိစံနဲ့ တစ်နေရာရာမှာ သွားထိုင်နေတာဖြစ်ရမယ်။ ကိစ္စမရှိဘူး၊ ဆယ့်နှစ်နာရီ ဆိုရင်တော့ ကိုမောင်စိန့်ဆိုင် ရောက်လာမှာပဲ။ လာကွာ ... ကောင်းမြတ်ဆီသွားမယ်။ ဒီကောင် ပရက်တီကယ်ရှိတယ်၊ လစ်ရဲမှာ မဟုတ်ဘူး"

သိပ္ပံဆောင်တွေဘက် ထွက်ခဲ့ပြန်တယ်။ ဘူမိဗေဒ လက်တွေ့ခန်းထဲမှာ ကောင်းမြတ်ကို တွေ့ရတယ်။ အခန်းအပြင်ကပဲ လက်ဟန်ခြေဟန်နဲ့ လက်ဖက်ရည်ဆိုင်မှာ စောင့်နေမယ်ဆိုတဲ့အကြောင်း ပြောပြီး ထွက်လာခဲ့တယ်။

သိပ္ပံစားသောက်ဆိုင်တန်း (အင်းဝကင်တင်းလို့လည်း ခေါ်တယ်)က ကိုမောင်စိန် လက်ဖက်ရည်ဆိုင်မှာ ထိုင်စောင့်နေကြတယ်။ ကောင်းမြတ်က အတန်းပြီးတော့ ဒိန်းငယ်ကို ဝင်ခေါ်ပြီး ရောက်လာတယ်။

ဒိန်းငယ်ဆိုတာက ဒိန်းတပ်တပ်ကို အတိုကောက် ခေါ်တာပါ။

အဲဒီမှာ စိုးမြင့်က မနက်က အကြောင်း ပြောပြလို့ ရယ်ကြတာပေါ့။ ဆယ့်နှစ်နာရီကျော်မှာ ပေါ်ကြီးနဲ့ မိစံ ရောက်လာကြတယ်။

သူတို့ လျှောက်လာနေတာ မြင်တော့ စိုးမြင့်က ...

"အသာနေ၊ မနက်က ဒီကောင့်အတန်းကို ငါတို့ သွားရှာတာ ပေါ်ကြီး မသိစေနဲ့"လို့ လက်ကုတ်ပြီး ပြောတယ်။

ပေါ်ကြီးတို့ အနားရောက်လာပြီးတော့ ...

"အမယ် ... လူတော်တော်စုံနေပါလားကွ"လို့ စပါးရောဖွဲရောလုပ်ရင်း ဝင်ထိုင်ကြတယ်။

"မင်းတို့ စားသောက်ပြီးကြပြီလား။ ဩော် ... ကိုမောင်စိန် လက်ဖက်ရည်တစ်ခွက်ဖျို့ ...။ မိစံက ဘာလဲ သံဘူးလား၊ ဒါဒါ သံဘူး ဝမ်း"ဆိုပြီး ကိုမောင်စိန်ကိုရော ကုလားအဖိုးကြီးပါ မှာနေတယ်။

စိုးမြင့်က ပေါ်ကြီးနဲ့ မိစံကို ကြည့်ပြီး ခေါင်းတဆတ်ဆတ်လုပ်နေရာက ...

"ပေါ်ကြီး နောက်ကျလှချည်လားကွ"

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကြီးက စားပွဲခုံကို လက်ဝါးနဲ့ တစ်ချက်ရိုက်ပြီး ...

"ဟာ ... ဒီနေ့ကွာ၊ သရီးအိုဖိုက်ကလပ်(စ်)ကကွာ၊ နည်းနည်း အရေးကြီးတာ သင်မယ်ဆိုလို့"

"ဩော် ... အရေးကြီးတာ သင်မယ်ဆိုလို့ လစ်သွားတာပေါ့ ဟုတ်လား။ မင်းအတန်းကို ငါတို့ ရောက်ပြီးပြီ၊ ဘာမှ လာလိမ့်မနေနဲ့"

"အဲ ... မဟုတ်ဘူး။ ငါပြောတာ နားထောင်ဦးလေ၊ အရေးကြီးတာ သင်မယ်ဆိုပေမယ့် ငါက ကိစ္စ တစ်ခု ရှိနေလို့"

"ဒါနဲ့ မိစံတို့အတန်းကို သွားရော ဆိုပါတော့"

"အေးလေ ... သွားတာက ဒီလိုပါ။ မဟုတ်သေးဘူးလေကွာ၊ မိစံက အတန်းရှိနေတာပဲ"

ပေါ်ကြီးက ဟိုလှည့်ပြော ဒီလှည့်ပြောနဲ့ လုပ်နေတယ်။ စိုးမြင့်က စောစောက မှတ်စုစာအုပ်ကလေးကို လွယ်အိတ်ထဲက ထုတ်ပြီး တစ်နေရာကို လှန်ပြလိုက်တယ်။

"ဟေ့ကောင် ပေါ်ကြီး၊ ဒီမှာ တွေ့လား။ မင်းတို့အားလုံးရဲ့ အချိန်စာရင်းတွေ ငါကူးထားတာ။ ဒီနေ့ မိစံတို့အတန်းက ဆယ်နာရီမှာ ပြီးတယ်"

ပေါ်ကြီးက စပ်ဖြဲဖြဲနဲ့ ...

"အချိန်ပိုရှိတယ်ကွ၊ စပယ်ရှယ်ကလပ်(စ်)"

"ဘာ ... စပယ်ရှယ်ကလပ်(စ်) ဟုတ်လား၊ ဟားဟား ... စပယ်ရှယ်ကလပ်(စ်)၊ ဟား ... ဟား ... ဟား ..."

ပေါ်ကြီးကို စိုးမြင့်က ဟားတော့ ကျန်တဲ့လူတွေကလည်း လိုက်ဟားကြတယ်။

အမှန်မှာ ပေါ်ကြီးနဲ့ မိစံ တစ်နေရာရာမှာ သွားထိုင်နေကြတာကို အားလုံး သိတယ်။ ဒါကို ပေါ်ကြီးက အမှန်အတိုင်း မပြောဘဲ လှည့်ပတ်နေလို့ ဒဏ်ခတ်တဲ့အနေနဲ့ ဝိုင်းဟားလိုက်ကြတာ။

မိစံကတော့ ရှက်ပြုံးကလေး ပြုံးနေရာက ...

"ဘူးသီးကြော်ဆိုင်မှာ ထမင်းသွားစားတာပါဟာ"တဲ့။

"အေးပါ၊ နင်တို့ဘာသာ ဘာပဲစားစားပေါ့၊ အရေးမကြီးပါဘူး။ အင်းလျားမှာ သွားထိုင်တယ်လို့ ပြောလိုက်လည်း ပြီးတာပဲ။ ပေါ်ကြီးက လျှောက်ပတ်နေလို့ ပြောရတာ"

ပေါ်ကြီးက ...

www.burmeseclassic.com

www.burmeseclassic.com


"မင်းတို့ကို တမင်ကလိတာကွ၊ ဒါနဲ့ နေပါဦး၊ ရောက်လာပြန်ပြီလား"လို့ မောင်ချစ်အေးဘက် လှည့်ပြီး မေးတယ်။

"အေး ... အဲဒါ ပြောမလို့ပေါ့ကွ"ဆိုပြီး မနက်က အကြောင်းကို စိုးမြင့်က ထပ်ပြောပြပြန်ရော။ စကားလည်းဆုံးရော၊ ပေါ်ကြီးက အပြတ်ဟားတော့တာပဲ။ တော်တော်ကို ကြာတယ်။

မောင်ချစ်အေးလည်း ရှက်ရှက်နဲ့ လိုက်ရယ်ရပြန်ရင်းက မျက်နှာတွေတောင် နီမြန်းလာလိမ့်မယ် ထင်ရဲ့။

မိစံက ပေါ်ကြီးကို တံတောင်နဲ့တွက်ပြီး ခပ်တိုးတိုးပြောနေတယ်။ မောင်ချစ်အေး ရှက်နေပြီ၊ သိပ်မလောင်နဲ့လို့ ပြောတာ ဖြစ်မှာပေါ့။

ဒီတော့မှ ပေါ်ကြီးက မျက်နှာကို တည်လိုက်ပြီး တောင်းပန်စကားဆိုတယ်။

"ဟား ... ဆောရီးကွာ၊ မင်းကို သက်သက်ဟားတာ မဟုတ်ဘူးနော်။ ရိုးရိုးတန်းတန်း ရယ်တာပါ"

"အေးပါကွာ၊ ငါသိပါတယ်"

တကယ်လည်း မောင်ချစ်အေး သိပါတယ်။ မောင်ချစ်အေးဟာ ဆယ်တန်းမအောင်ပေမယ့် သူငယ်ချင်း တွေက ဘယ်တော့မှ နှိမ့်ချပြီး မဆက်ဆံဘူး။ တန်းတူပဲ သဘောထားတယ်။

ဘယ်သူက ဘယ်နှစ်တန်းအောင်တယ်၊ ဘယ်သူက ဆင်းရဲပြီး ဘယ်သူက ချမ်းသာတယ်ဆိုတာ သူငယ်ချင်းတွေကြားထဲမှာ မရှိပါ။

သူတို့ကလည်း မကြာခဏဆိုသလိုပဲ မောင်ချစ်အေး ဆယ်တန်းမအောင်သေးဘူးဆိုတာ မေ့မေ့ နေတတ်ပြီး သူတို့လို တက္ကသိုလ်ကျောင်းသားတစ်ယောက်လိုပဲ သဘောထားပြီး ဆက်ဆံတတ်ကြတာပဲ မဟုတ်လား။

မောင်ချစ်အေးကိုယ်တိုင်ကလည်း ကျောင်းထဲကိုရောက်လို့ သူငယ်ချင်းတွေနဲ့ တွေ့လိုက်ရင် ကိုယ့်ကိုယ်တိုင် မေ့မေ့သွားတတ်တာ အမှန်ပါ။

အထူးသဖြင့် အိအိချိုကို တွေ့နေရတဲ့ အခါမျိုးမှာပေါ့။

အင်းလေ ... အိအိချိုကို မြင်လိုက်ရတာနဲ့တစ်ပြိုင်နက် ကိုယ့်ကိုယ်ကို မဆိုထားနဲ့ လောကကြီး တစ်ခုလုံးကိုတောင် မေ့သွားတတ်ပါတယ်ဗျာ။

## C B

သီရိဆောင်ရှေ့မှာ မောင်ချစ်အေးတစ်ယောက် အလှည့်စားခံလိုက်ရပြီးတဲ့နောက် သူငယ်ချင်းတွေက ဆုံးဖြတ်ချက်တစ်ခု ချလိုက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အိအိချိုနောက်ကို လိုက်တဲ့ကိစ္စမှာ မောင်ချစ်အေးကို တစ်ယောက်တည်း လွှတ်မထားဖို့၊ အနည်းဆုံး တစ်ယောက်လောက်က လိုက်ပြီးစောင့်ရှောက်ဖို့။

"ပြီးတော့ ချစ်အေး လာတဲ့အချိန်မှာ အတန်းရှိနေရင်လည်း အရေးကြီးရင် ကြီးသလို အတန်း ဖျက်ပေးသင့် ဖျက်ပေးရမယ်ကွ။ မင်းတို့တစ်တွေလည်း ဒိန်းငယ်တို့၊ မိစံတို့နဲ့ ချိန်းထားပေမယ့် ဒီကောင် လာရင် ချိန်းထားတာ ဖျက်ပေးပြီး လိုက်ကူညီရမယ်"လို့ စိုးမြင့်က ပြောတယ်။

"မင်းကတော့ ရည်းစားမရှိတဲ့ကောင်ဆိုတော့ ဒီလိုပဲ ပြောမှာပေါ့"

ပေါ်ကြီးက စိုးမြင့်ကို ပြောလိုက်တယ်။

စိုးမြင့် ပြောပုံအရဆိုရင် နောက်နောင် မောင်ချစ်အေး လာတဲ့အခါ ရည်းစားနဲ့ ချိန်းထားရင်တောင် ဖျက်ပြီး လိုက်ကူရမယ်လို့ ဆိုတယ် မဟုတ်လား။

ကောင်းမြတ်က ဝင်ပြောပြန်တယ်။

"ပေါ်ကြီးကလဲကွာ … မင်းနဲ့ မိစံက နေ့တိုင်းတွေ့နိုင်တာပဲဟာ၊ ချစ်အေးလာတဲ့ရက်လောက်တော့ လိုက်ကူညီသင့်ပါတယ်။ ချစ်အေး၊ ငါ့ကိုတော့ အချိန်မရွေး လာခေါ်ကွာ၊ ငါလိုက်ခဲ့မယ်။ ပေါ်ကြီးဆိုတဲ့ ကောင်က မိစံနားပဲ ကပ်ချင်နေတာ၊ အလကားကောင်"

ကောင်းမြတ်က ပေါ်ကြီးကို တွယ်ပြီး ပေါ်ကြီးကလည်း ပြန်ပင့်လိုက်တယ်။

"ငါကတော့ မိစံနားပဲ ကပ်နေချင်တဲ့ကောင်ဆိုတော့ မင်းကတော့ ဒိန်းငယ်နားကို ကပ်နေ ချင်တဲ့ကောင် မဟုတ်ဘူးဆိုတဲ့သဘောပေါ့။ အေးပေါ့ကွာ၊ မင်းက ဒိန်းငယ်နား မကပ်ရလေ ကြိုက်လေပေါ့။ မင်းကလည်း နားပူသက်သာအောင် ခွာထုတ်ချင်နေတာနဲ့ အတော်ပဲဖြစ်သွားတာ မဟုတ်လား"

ပေါ်ကြီးက အဲဒီလို ပင့်ပေးလိုက်တော့ ဒိန်းငယ်က ကောင်းမြတ်ရဲ့ အင်္ကျီစကို လှမ်းဆွဲပြီး …

"ဟုတ်မှာပါ၊ သူ့ကြည့်ရတာ ခုတစ်လော တစ်မျိုးကို ဖြစ်နေတယ်"လို့ မကျေနပ်သံနဲ့ ပြောလိုက်တယ်။

ကောင်းမြတ်လည်း …

"ဟာ … ဟာ … မဟုတ်တာ၊ မဟုတ်တာ"ဆိုပြီး ယောင်ကန်းကန်းဖြစ်နေတယ်။

မောင်ချစ်အေးက …

"ငါ့အတွက်နဲ့တော့ မင်းတို့ ဒုက္ခမရှာပါနဲ့ကွာ၊ ကျောင်းတွေဘာတွေ ဖျက်ရတယ်ဆိုတာ ဘယ်ကောင်းမလဲ"

www.burmeseclassic.com

"ဟာ ဘာဖြစ်လဲ၊ မင်းမလာရင်လည်း တစ်ခါတစ်လေတော့ ကျောင်းလစ်ဖြစ်တာပါပဲ။ ငါတို့ မပါဘဲ နဲ့တော့ မင်းတစ်ယောက်တည်း မဖြစ်ပါဘူး။ တော်ကြာ အိအိချိုနောက်လိုက်ရင်း ပန်းချီခန်းနောက်ဘက်က မြောင်းပေါက်ကြီးထဲ ကျွံကျနေဦးမယ်"

C B

၅ ။ ။

ဒီလိုနဲ့ပဲ ဒုတိယအကြိမ် စွန့်စားခန်း စရပြန်ပါပြီ။

အိအိချိုမှာ ထူးခြားချက်တစ်ခုရှိတယ်။

များစွာသော အချိန်တို့မှာ အိအိချိုဟာ အဖော်မခေါ်ဘဲ တစ်ယောက်တည်း သွားလာတတ်တာ။ ဒါကို ကြည့်ခြင်းအားဖြင့် အိအိချိုဟာ သတ္တိရှိတယ်၊ ရဲရင့်တယ်လို့ ကောက်ချက်ချလို့ရတယ်။

ချီးကျူးပါတယ် အိအိချို။

အဲဒီလို အိအိချိုက တစ်ယောက်ထီးတည်း လှုပ်ရှားနေတဲ့အချိန်မှာ မောင်ချစ်အေးတစ်ယောက်ကတော့ အဖော်အပေါင်းတွေကိုသာ အားကိုးနေရ၊ အရပ်ကူပါ လူဝိုင်းပါ၊ သတ္တိမရှိ ရှက်စရာ။

ဩော် ...

မောင်ချစ်အေးဘက်မှာ အားနည်းချက်တွေကလည်း များလှချေလား။ အိအိချိုနဲ့ ယှဉ်လိုက်ရင် ဘယ်နေရာမှာဖြစ်ဖြစ် မောင်ချစ်အေးဘက်က တစ်ခုခုလျော့နေသလိုပါပဲ။ အိအိချိုအပေါ်မှာထားတဲ့ မေတ္တာက လွဲရင်ပေါ့။

အင်းလေ၊ မေတ္တာဆိုတာကလဲ အိအိချိုနဲ့ မောင်ချစ်အေးကြားမှာ နှိုင်းယှဉ်လို့ ဖြစ်ချင်မှ ဖြစ်နိုင်မှာပါ။

အိအိချိုက မောင်ချစ်အေးအပေါ်မှာ မေတ္တာထားမယ်၊ မထားဘူးဆိုတာ သေချာတာမှ မဟုတ်ဘဲ။ နှစ်ဘက်စလုံးက အပြန်အလှန် မေတ္တာထားမှသာ မေတ္တာချင်း ယှဉ်လို့ရမှာ မဟုတ်လား။

ထားပါတော့လေ၊ ခု အဲဒီမေတ္တာကိုရဖို့ ကြိုးစားနေတာပါ။ စဉ်းစားကြည့်ရင် မထူးဆန်းဘူးလားဟင်။

အရင်က လုံးဝ မသိမကျွမ်းဖူးတဲ့ အိအိချိုကို မောင်ချစ်အေးက စိတ်ဝင်စားမိတယ်။

ခုန စကားနဲ့ ပြောရရင် အိအိချိုအပေါ် မေတ္တာထားမိပြီ။

www.burmeseclassic.com

www.burmeseclassic.com


အဲဒီလို ဆိုလိုက်ကတည်းက မောင်ချစ်အေးဘက်က မေတ္တာနဲ့ ရင်းလိုက်ရပြီ။

အိအိချိုဆီက ပြန်ရနိုင်တာ အလွန်ဆုံး မောင်ချစ်အေးရဲ့ မေတ္တာနဲ့ ညီမျှတဲ့ မေတ္တာ။

မနိုင်းကောင်း နှိုင်းကောင်း၊ စီးပွားရေးလုပ်ငန်းတစ်ခု သဘောဆိုရင် အမြတ်အစွန်းမရှိတဲ့အလုပ်။

အခုအဖြစ်ဆိုရင် မေတ္တာနဲ့ ရင်းထားရတာတောင် မေတ္တာအရင်း ပြန်ရမယ်လို့ ကျိန်းသေမပြောနိုင်တဲ့ အခြေအနေ။

ဒါဆို ဘာလို့စ,နေသေးလဲ။ ဒုံရင်းအတိုင်း နေလိုက်ပါလားဆိုတော့ ဒီလိုလည်း မနေနိုင်။

သူ့အပေါ် ထားမိတဲ့ မေတ္တာဟာ အကျိုးအမြတ် တစ်စုံတစ်ခု ရကောင်းစေရယ်လို့ သဘောမထားပါ။

မောင်ချစ်အေးရဲ့ မေတ္တာတွေကို အိအိချိုအပေါ် ပုံပေးလိုက်ရတာသာ ပဓာန။

မေတ္တာကို ပစ်ပစ်ခါခါ ငြင်းပယ်လိုက်မှာပဲ စိုးရိမ်တယ်။ လက်ခံတယ်ဆိုရင် သိပ်ဝမ်းသာရမယ်။

ဆယ်ပုံတစ်ပုံလောက် တုံ့ပြန်ရင်တောင် မောင်ချစ်အေးအဖို့ အတိုင်းထက်အလွန်၊ တံခွန်နဲ့ ကုက္ကား၊ တလားနဲ့ ဘုန်းကြီးပျံ၊ အုန်းသီးဆန်နဲ့ ထန်းလျက်ခဲ။

“ကဲ … ကီသွင်းထားပေတော့ကွာ”

စိုးမြင့်က ကရာတေးစကားနဲ့ ပြောလိုက်တယ်။ စိတ်ရောကိုယ်ပါ အဆင်သင့်ပြင်ထား ဆိုတဲ့ သဘောပေါ့။

တောင်ငူဆောင်အောက်ထပ် လှေကားရင်းနားမှာ မောင်ချစ်အေးတို့အုပ်စု စောင့်နေကြတယ်။

လှေကားရင်းနဲ့ အနီးဆုံးနံရံကို မှီပြီးရပ်နေတာ မောင်ချစ်အေးလို့ထင်ရင် မှားပါလိမ့်မယ်။

ပေါ်ကြီးပါ။

ပြီးတော့ …

ကောင်းမြတ်၊ နောက် စိုးမြင့်၊ အဲ … နောက်ဆုံးကတော့ သိပါတယ်နော်။

ကျွန်ုပ် မောင်ချစ်အေး။

အပေါ်ထပ်က အခန်း တီ–၂၃ မှာ အိအိချိုတို့ အတန်းရှိတယ်။

အိအိချို အတန်းထဲမှာ ရှိနေတယ်ဆိုတာ သိပြီးပြီ။ ခုန စိုးမြင့်က မယောင်မလည်နဲ့ တက်ကြည့်ခဲ့တာကိုး။

www.burmeseclassic.com

www.burmeseclassic.com


ခဏအကြာမှာ အပေါ်ထပ်က စကားပြောသံတွေနဲ့ ခြေသံတရုပ်ရုပ်တွေ ကြားရတယ်။

အတန်းပြီးသွားပြီ။

လှေကားအတိုင်း ဆင်းလာကြတဲ့ ကျောင်းသားကျောင်းသူ တစ်ယောက်စ နှစ်ယောက်စ တွေ့နေရပြီ။

တော်တော်ကြာတဲ့အထိ အိအိချို ဆင်းမလာသေး။

"စိုးမြင့်၊ မင်း ခုန သွားကြည့်တော့ မင်းကို အိအိချို မြင်သွားသေးလား"

"ဟင့်အင်း … စာငုံ့ပြီးကူးနေတာပဲ"

ကောင်းမြတ်ရဲ့ အမေးကို စိုးမြင့်က ဖြေတယ်။

"ငါက မင်းကို တွေ့သွားရင် ဟိုဘက်က လှည့်ဆင်းချင် ဆင်းသွားမှာစိုးလို့"

အဲဒီအချိန်မှာ ပေါ်ကြီးက လက်ဟန်ခြေဟန်နဲ့ အိအိချို ဆင်းလာပြီလို့ အသိပေးလိုက်တယ်။

ဖျတ်ကနဲ တစ်ချက်မော့ကြည့်လိုက်တယ်။

အိအိချို လှေကားပေါ်က ဆင်းလာပုံဟာ သိပ်ခန့်ညားနေတယ်။

လှေကားတစ်ထစ် နင်းပြီးဆင်းလိုက်တိုင်း မောင်ချစ်အေးရဲ့ ကိုယ်ခန္ဓာဟာ မြေကြီးထဲ တစ်ခါကျွံကျ နိမ့်ဆင်းသွားသလိုပဲလို့ ထင်မိတယ်။

အရှိန်အဝါ ကြီးမားပါပေ့။

အိအိချိုက မောင်ချစ်အေးတို့ အားလုံးရှေ့ကနေ ခြေလှမ်းတစ်ချက်မမှားဘဲ ခပ်တည်တည် ဖြတ်လျှောက်သွားတယ်။

မောင်ချစ်အေးရဲ့ရှေ့က ဖြတ်သွားတဲ့အချိန်မှာ ကိုယ်ကိုယ့်ပြီး အရှိအသေတောင် ပေးလိုက်မိသလား မသိ။

အိအိချိုရဲ့ ရဲရင့်တဲ့ ခြေလှမ်းတွေကြောင့် အားလုံး မင်သက်မိပြီး ကျန်ခဲ့တယ်။

ခြေလှမ်း ဆယ်လှမ်း ဆယ့်ငါးလှမ်းစာလောက်ရောက်မှ ကောင်းမြတ်က အရင်ဆုံး သတိပြန်ဝင်လာပြီး လိုက်တော့ဆိုတဲ့သဘော မျက်စပစ်ပြီး လက်ဖျောက်တစ်ချက် တီးလိုက်တယ်။

အဲဒီ လက်ဖျောက်တီးသံဟာ မောင်ချစ်အေးရဲ့ နားထဲမှာတော့ အပြေးပြိုင်ပွဲတွေမှာ တာထွက်ဖို့ အချက်ပေးတဲ့ သေနတ်သံလို ဟိန်းကနဲ မြည်သွားတာပဲ။

www.burmeseclassic.com

www.burmeseclassic.com


မောင်ချစ်အေးရဲ့ ကိုယ်ဟာ ဆတ်ကနဲ တုန်သွားပြီး စက်ရုပ်တစ်ရုပ်ကို တောင့်တောင့်ကြီး လျှောက်နေလိုက်မိပါတယ်။

အိအိချိုနောက်ကို။

တောင်ငူဆောင်နောက်ဘက် အပေါက်ကနေ စားသောက်ဆိုင်တန်းဘက်ထွက်၊ နောက် ညာဘက်ချိုး၊ စကြ်ံလမ်းအတိုင်း ဆက်လျှောက်။

မောင်ချစ်အေးကလည်း ပစ်မှတ်နောက် အလိုအလျောက်ရှာဖွေပြီး လိုက်တတ်တဲ့ တိုက်ချင်းပစ်ဒုံးပျံလို နောက်ကနေ တကောက်ကောက်။

ရာမညဆောင်ကို ဖြတ်တယ်။

ဝင်းတံခါးနား ရောက်လာတယ်။

လမ်းဖြတ်ကူးတော့မယ်။

အိအိချို ရပ်လိုက်တယ်။ နောက်ကို ဖျတ်ကနဲ တစ်ချက်လှည့်ကြည့်တယ်။ စူးရဲတဲ့ အကြည့်။

ရုတ်တရက် မီးနီကို မြင်လိုက်တဲ့ မော်တော်ကားတစ်စီးလို တုံ့ကနဲ ရပ်လိုက်မိတယ်။

အိအိချိုက လမ်းကို စတင်ဖြတ်ကူးနေပြီ။

မောင်ချစ်အေး ရပ်နေမိဆဲ။

နောက်ကို လှည့်ကြည့်မိတယ်။ ရာမညဆောင် ဆင်ဝင်ရှေ့မှာ ရပ်နေကြတဲ့ သူငယ်ချင်းတွေ၊ ကောင်းမြတ်က ဆက်လိုက်ဖို့ အချက်ပေးတယ်။

နှစ်လှမ်းလောက် လှမ်းပြီး ပြန်ရပ်တယ်။ လှည့်ကြည့်ပြန်တယ်။

ပေါ်ကြီးက လက်သီးထောင်ပြတယ်။ စိုးမြင့်က အားမလိုအားမရဟန်နဲ့။

မောင်ချစ်အေး လမ်းဖြတ်ကူးလိုက်တယ်။ လမ်းလယ်ရောက်တော့ တုံ့ကနဲ ဖြစ်သွားပြန်ပြီ။

ရက်ပေါင်းများစွာ မွေးမြူခဲ့ရတဲ့ သတ္တိတွေဟာ ရက်တရက် လျှောကျသွားတယ်။

ကြောက်လာပြန်ပြီခင်ဗျာ။

အဲဒီအချိန်မှာ ကားတစ်စီး တအားမောင်းလာလို့ ကြောက်ကြောက်လန့်လန့်နဲ့ ဖြတ်ကူးလိုက်ရတယ်။

ဟိုဘက်ရောက်ပြီး အိအိချိုကို တစ်ချက်လှမ်းရှာကြည့်တယ်။ ကားမှတ်တိုင်မှာ ရပ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ချစ်အေးကို တစ်ချက်စိုက်ကြည့်တယ်။ ပြီးတော့ … ချာကနဲ လှည့်ပြီး …

ဟင် … အိအိချို ကမာရွတ်ရဲစခန်းထဲ ဝင်သွားပြီ။ မောင်ချစ်အေး တစ်ချိုးတည်းလှည့်ပြီး ပြန်ပြေးလာခဲ့တယ်။ ကျောင်းဝင်းဝနား ရောက်နေတဲ့ သူငယ်ချင်းတွေဆီ ရောက်တော့ လမ်းဖြတ်ကူးလာရတဲ့ မတူဘဲ မြစ်ကြီးတစ်ခုကို လက်ပစ်ကူးပြီး ဖြတ်လာရသလို မောကြီးပန်းကြီး ဖြစ်နေရတယ်။

"ဟေ့ကောင် ဘာဖြစ်လာတာလဲ"

"ဟို … ဟို … လာ လာ ပြေးကြစို့၊ ရဲစခန်းထဲ ဝင်သွားပြီကွ၊ သူ့ကို လိုက်နှောင့်ယှက်တယ်ဆိုပြီး ရဲကို သွားတိုင်တာကွ၊ လစ်ကြစို့"

ပေါ်ကြီးက သက်ပြင်းချလိုက်တယ်။

"အဲဒါ ရဲကို သွားတိုင်တာ မဟုတ်ဘူးကွ၊ ရဲစခန်းဝင်းထဲက ဖြတ်ပြီး အင်းစိန်လမ်းဘက်ကို သွားတာ၊ ဖြတ်လမ်းကွ"

သီရိဆောင်ရှေ့က အဖြစ်အပျက်တုန်းကလိုတော့ မရယ်ကြတော့ဘူး။ သူတို့မျက်နှာတွေက ကရုဏာသက်တဲ့ အမူအရာမျှသာ။ သို့ပေမယ့် မောင်ချစ်အေး ရှက်သွားမိတာပါပဲ။

ဒုတိယအကြိမ် အရေးနိမ့်ခြင်း။

## C B

ဓမ္မာရုံဝင်းထဲက ရေတွင်းဆီကို ထွက်လာခဲ့တယ်။ သံပုံးဝိုင်း နှစ်လုံးကိုလည်း လက်က ဆွဲလာခဲ့တယ်။ ရေခပ်ဖို့။

မောင်ချစ်အေးတို့ဘက်မှာ ရေနည်းနည်းရှားတယ်။ သုံးရေ၊ ချိုးရေကတော့ သိပ်ကိစ္စမရှိ။

လမ်းထဲမှာ အုတ်ကန်ရှိတယ်။ သောက်ရေတွက်ကတော့ ဓမ္မာရုံဝင်းထဲက ရေတွင်းကို သွားခပ်ရတယ်။

ဓမ္မာရုံဝင်းက မောင်ချစ်အေးတို့အိမ်နဲ့ အတော်လှမ်းတယ်လို့ ဆိုရမယ်။

အိမ်မှာ အဖေနဲ့ အမေက ရေနွေးကြမ်းပဲ အသောက်များတယ်။ ရေနွေးကြမ်းဆိုတာကလည်း မိုးရေ၊ ဒါမှမဟုတ် တွင်းရေမှ သောက်လို့ကောင်းတာ မဟုတ်ဘလား။ ဒါကြောင့် ဓမ္မာရုံတွင်းရေကို လာခပ်ရတာ။

ခုန တစ်ခေါက်ခပ်ပြီးပြီ။ နောက်နှစ်ခေါက်လောက် ခပ်ရဦးမယ်။ ရေတွင်းမှာ မောင်ချစ်အေးလို လာခပ်ကြတဲ့သူတွေ ရှိနေလို့ ခဏစောင့်နေရတယ်။ ရေခပ်ရင်းနဲ့ ကိုယ့်အလှည့်စောင့်ရင်း စကားစမြည် ပြောတဲ့လူတွေကလည်း ပြောကြပေါ့။

www.burmeseclassic.com

www.burmeseclassic.com


ဒီနေရာမှာ ရပ်ကွက်ထဲက သတင်းစုံလည်း ကြားရတတ်တယ်။ ကမ္ဘာ့အရေးအခင်းက စပြီး မီးဖိုချောင် အရေးအခင်းအထိ ကိုယ်သန်ရာသန်ရာ ပြောကြတာပါပဲ။

ဒီနေ့လည်း မိန်းမကြီးတစ်ယောက်နဲ့ မိန်းမလတ်တစ်ယောက်၊ ဒေါ်စုနဲ့ မအေးကြွယ်ပေါ့။

လာမယ့် တနင်္ဂနွေနေ့မှာ လုပ်မယ့် မကြည်ထွေးရဲ့ မင်္ဂလာဆောင်ကိစ္စ ပြောနေကြတာပါ။

ကာယကံရှင်ကတော့ ဘယ်လိုစီစဉ်ထားတယ် မသိ။ သူတို့နှစ်ယောက်ကတော့ ...

"အုန်းနို့ခေါက်ဆွဲလောက်တော့ ကျွေးသင့်တာပေါ့၊ ဒါမှ ဝဝလင်လင်စားရမယ်"

"ဟင် ... အုန်းနို့ခေါက်ဆွဲ ဈေးထဲ ဝယ်စားလည်း ဖြစ်တာပဲ။ အိုက်စကရင်နဲ့ ကိတ်မုန့်ဆို ပိုကောင်းမယ်။ မစားရတာတောင် အတော်ကြာပြီ"

"အို ... အိုက်စကရင်တော့ မကြိုက်ပေါင်၊ ခုခေတ် အိုက်စကရင်တွေက တစ်လုပ်စာရှိတာ။ နားဖာ ကလော်နဲ့ ခပ်စားရမယ့်ဟာမျိုး၊ ငါတို့တော့ အုန်းနို့ခေါက်ဆွဲပဲ"

"ကဲ ... ဒေါ်စု၊ ခင်ဗျားအလှည့်ရောက်ပြီ၊ ဆွဲတော့လေဗျာ"

မောင်ချစ်အေးက ဝင်ပြီး စကားစဖြတ်ပေးလိုက်ရတယ်။ သို့ပေမယ့် ဒေါ်စုက လေကြောမဖြတ်ချင် သေးလို့ ထင်တယ်။

"ဟေ့အေး ... ချစ်အေး၊ နင်ခပ်ချင်ခပ်လေ၊ ပြီးမှ ငါခပ်တော့မယ်"လို့ ပြောပြီး မအေးကြွယ်ဘက် လှည့်သွားတယ်။

"အဲ ... အုန်းနို့ခေါက်ဆွဲဆိုလို့ ပြောရဦးမယ်။ အုန်းနို့ခေါက်ဆွဲ အချက်ကောင်းတဲ့ နေရာမှာတော့ ဒေါ်စိန်ရွှဲတို့ညီအစ်မက ပထမတန်းပဲ။ အချို့ မင်္ဂလာဆောင်တုန်းကလေ ငါသုံးလေးခါ ပြန်ကျော့တာတောင် ထပ်ဝင်သေးတယ်။ ပြောလက်စနဲ့ ဈေးထဲက ဟိုးဆိုင်က အုန်းနို့ခေါက်ဆွဲကတော့ ..."

မောင်ချစ်အေးလည်း ဒေါ်စုအလှည့်ကို ကျော်ပြီး ဝင်ခပ်လိုက်ရတယ်။

ဟိုဘက်က ဘောလုံးဝါသနာအိုး ကိုခွေးကြီးနဲ့ ကိုစံတီတို့ကတော့ ရပ်ကွက်ပေါင်းစုံ ဘောလုံးပွဲ အကြောင်း ပြောနေကြတယ်။

ကိုခွေးကြီးက ...

"ဟေ့ကောင် ချစ်အေး၊ မင်း ဒီနှစ် ဝင်ကစားမှာ မဟုတ်လား"လို့ လှမ်းမေးတယ်။

"ဒီနှစ်တော့ မကစားတော့ပါဘူး အစ်ကိုရာ၊ ကျွန်တော် ထရိန်နင်ဆင်းဖို့ အချိန်ရမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ … ဟကောင်ရ၊ တို့ရပ်ကွက်မှာ ဘယ်ကောင်ကများ ထရိန်နင်မှန်မှန်ဆင်းလို့လဲ။ ပွဲရှိတဲ့နေ့မှ ဘောင်းဘီလေးကောင်းစွပ်ပြီး ထွက်ကြတာချည်းပါပဲ"

"တော်ပါပြီဗျာ … ကျွန်တော် အလုပ်လည်း အားမှာမဟုတ်ပါဘူး"လို့ ပြောပြီး ရေပြည့်သွားတဲ့ ပုံးနှစ်လုံး ဆွဲထွက်လာခဲ့တယ်။

ဓမ္မာရုံနဲ့ အိမ်က နည်းနည်းလှမ်းတော့ အတော်ကြာကြာသွားရတယ်။ သို့ပေမယ့် ဆွဲနေကျမို့ သိပ်ကြီးတော့ အပန်းမကြီးလှပါဘူး။

အိမ်ရောက်တော့ ရေအိုးစင်နားမှာထားတဲ့ စဉ့်အိုးထဲကို ရေထည့်နေတုန်း အိမ်ရှေ့ခန်းက စကားပြောသံ ကြားရတယ်။

ကွပ်ပျစ်ကလေးပေါ်မှာ ထိုင်ပြီး အဖေနဲ့ အမေ ပြောနေကြတာပါပဲ။

"ကျွန်မသားကြီးလည်း တော်တော်ပင်ပန်းနေပြီ"လို့ အမေက ပြောတယ်။ အဖေက …

"အင်းပေါ့လေကွယ်၊ အကြီးဆုံးလည်းဖြစ်၊ ယောကျ်ားလေးလည်းဖြစ်တော့ အစ်ကိုကြီး အဖအရာ ဆိုသလိုပေါ့"

"သူ့ခမျာ မနက်ဆိုလည်း အိမ်အလုပ် ဝိုင်းကူရ၊ နေ့လည်ကျတော့လည်း ကားပစ္စည်း လျှောက်ဝယ်ရ၊ ညကျတော့လည်း ကားပြင်တဲ့ဆီမှာ ကူရနဲ့၊ ဒါတောင် တစ်ခါတစ်လေ အားလို့ အပြင်ထွက်လည်ရင် ရှင်က ပြောချင်သေးတယ်။ ကားပြင်ရင်လည်း ဒီလိုပဲ၊ အော်လိုက်ငေါက်လိုက်၊ ဆူလိုက်ကြိမ်းလိုက်နဲ့"

အဖေ့ရယ်သံ ကြားရတယ်။ ပြီးတော့ …

"ငါက တတ်စေချင်လွန်းလို့ပါ၊ ဒီပညာမျိုးဆိုတာ တတ်ထားရင် ဘယ်တော့မှ ထမင်း မငတ်နိုင်တော့ဘူး။ ဆူတယ်ကြိမ်းတယ်ဆိုတာကလည်း စိတ်ထဲကပါလို့ မဟုတ်ပါဘူးကွာ"

ဒါက မောင်ချစ်အေးကလည်း နားလည်ပြီးသားပါ။

အဖေဟာ သူစိတ်တိုင်းမကျတိုင်း ဆူလေ့ရှိပေမယ့် အဖေ့အပေါ်မှာ တစ်ခါမှ စိတ်မကွက်ဖူးခဲ့ပါဘူး။

ရေအိုးစင်နားမှာ ရပ်ပြီး နားထောင်နေမိရာက နောက်တစ်ခေါက်ရေခပ်ဖို့ ကျန်သေးတာ သတိရသွားတယ်။

အပြင်ခန်း ပြန်ထွက်မယ်အလုပ်မှာ …

"တစ်ခုလည်း သတိထားဦးနော်၊ သားကြီးရဲ့ ပညာရေးကိစ္စ"

အဖေက ဘာမှ ပြန်မပြော။

www.burmeseclassic.com

www.burmeseclassic.com


"သားကြီးက ညံ့လွန်းလို့ စာမေးပွဲတွေ ကျနေတာ မဟုတ်ဘူး။ သူ့မှာ စာကျက်ဖို့ အချိန်ကို ကောင်းကောင်းမရရှာလို့၊ ဘာပဲဖြစ်ဖြစ် ကျွန်မတော့ သားကြီးကို ပညာလေးတော့ တတ်စေချင်တယ်"

စိတ်ထဲက အမေ့ကို သနားသွားတယ်။

အမေဟာ မောင်ချစ်အေးကို ပညာသိပ်တတ်စေချင်တယ်။ ဘွဲ့ရတစ်ယောက်အထိ ဖြစ်စေချင်တာ အမေ့ဆန္ဒ။ သို့ပေမယ့် …

အမေဟာ ဘွဲ့ရတစ်ယောက် ဖြစ်စေချင်တယ်လို့ ပြောင်ပြောင်တင်းတင်း ဖွင့်မပြောရဲရှာဘူး။

အဖေ့ကို ကြောက်လို့ ဖွင့်မပြောတာ မဟုတ်ဘူးလေ။ အခြေအနေအရ မောင်ချစ်အေး ဆယ်တန်း အောင်ခဲ့ရင်တောင် တက္ကသိုလ်ဆက်တက်ဖို့ဆိုတာ သိပ်လွယ်တဲ့ကိစ္စမဟုတ်။

ဒါကြောင့် …

ဘွဲ့ရစေချင်တယ်ဆိုတဲ့ စကားမျိုးအထိ အမေ ပြောမထွက်ဘူး။ ပညာကလေးတော့ တတ်စေချင်တယ် ဆိုတာလောက်ပဲ မယုတ်မလွန် ပြောရဲရှာတယ်။

ဒီနေရာမှာ မောင်ချစ်အေး သဘောထားကကော။ ပြီးခဲ့တဲ့အချိန်တုန်းကတော့ ဆယ်တန်းစာမေးပွဲကို မဖြေတော့ဘူးလို့ စိတ်ကူးခဲ့တယ်။

အလုပ်များလို့ စာကြည့်ချိန် နည်းလာတာလည်း ပါတယ်။

ဒါ့အပြင် မောင်ချစ်အေးကိုယ်တိုင်က ပညာရေးဘက်မှာ စိတ်ဝင်စားမှု နည်းလာလို့ပဲ။ ဒါကလည်း အလုပ်ဘက်မှာ စိတ်သန်လာလို့ ဖြစ်ချင်ဖြစ်မှာပေါ့။

ထားပါလေ …

ခုကျတော့ကော …။

မောင်ချစ်အေး ဆယ်တန်းစာမေးပွဲ ပြန်ဖြေချင်လာတယ်။ အမေ့ဆန္ဒတစ်ခုတည်းကြောင့် မဟုတ်ဘူး ဆိုတာ ဝန်ခံပါတယ်။

မျက်နှာကလေးတစ်ခုက ဖျတ်ကနဲ ပေါ်လာတယ်။ မျက်စိအာရုံထဲမှာ …

ချစ်မြားရှင် မဟုတ်လား။

အဲဒီအခါကျမှ ကျောင်းထဲမရောက်တာ တစ်ပတ်နီးပါး ရှိတော့မှာပါလားဆိုတာ သတိရမိတယ်။

အလုပ်များနေလို့ မသွားဖြစ်ခဲ့။ ကိုယ်ကသာ မသွားဖြစ်တာပါ၊ စိတ်က အမြဲရောက်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com


"ချစ်အေးရေ ..."

အဖေ့ခေါ်သံကြားလို့ ...

"ခင်ဗျာ"ဆိုပြီး ပြေးထွက်လာခဲ့တယ်။

"သြော် ... ရေချိုးနေလား၊ ပြီးပြီလား"

"တစ်ခေါက်ကျန်သေးတယ် အဖေ"

"အေး ... ချိုးတာပေါ့ကွာ၊ ခဏထိုင်ပါဦး"

ကွပ်ပျစ်ပေါ်မှာ ဝင်ထိုင်လိုက်တယ်။ အဖေက ချက်ချင်း ဘာမှမပြောသေးဘဲ ခဏကြာမှ ...

"မင်း ဒီနှစ် စာမေးပွဲဖြေဦးမလား"

မောင်ချစ်အေးကလည်း ချက်ချင်းပြန်မဖြေ။ အမေ့ကို တစ်ချက်လှမ်းကြည့်လိုက်တယ်။

အမေက ...

"ဖြေလိုက်ပေါ့ကွယ်၊ ဘာပင်ပန်းတာမှတ်လို့"

"ဟုတ်ကဲ့ အဖေ၊ ဖောင်တော့တင်ထားတာပဲ"

ဖြေမယ်လို့ တိုက်ရိုက်မပြောဘဲ စာမေးပွဲဝင်ခွင့်ပုံစံတော့ တင်ထားတယ်လို့ ပြောလိုက်တယ်။

"အင်း ဖြေပေါ့ကွ၊ စာမေးပွဲနီးရင် အဖေ့အလုပ်တွေ မကူနဲ့၊ အေးအေးဆေးဆေး စာကျက်ချင်ကျက်"

"ဟာ ... ရပါတယ် အဖေရ"

"ဘယ်ဟုတ်မလဲကွာ၊ စာကျက်တယ်ဆိုတာ စိတ်လွတ်ကိုယ်လွတ် ကျက်ရမှ ကောင်းတာ"

"ကြည့်လုပ်တာပေါ့ အဖေရာ"လို့ ပြောပြီး တစ်ဆက်တည်း ...

"သြော် ... အဖေ၊ ဂတ်စကက်ရိုက်ဖို့က ဝယ်ရဦးမယ် မဟုတ်လား"

"မဝယ်နဲ့၊ အုံနာဆီက တောင်းထားတယ်။ ညနေ လာပေးလိမ့်မယ်"

"ဒါဆိုရင် ..."

www.burmeseclassic.com

www.burmeseclassic.com


"အေးကွ၊ ဒီနေ့နေ့လည်ပိုင်းတော့ ဘာအလုပ်မှ မရှိဘူး။ မင်း ရုပ်ရှင်လေးဘာလေး သွားကြည့်ချင် ကြည့်ပေါ့၊ ရော့ ..."

အဖေက မောင်ချစ်အေးရဲ့ စကားကို ဖြတ်ပြောလိုက်ပြီး သူ့ဘေးက တိုင်က သံငုတ်မှာ ချိတ်ထားတဲ့ အင်္ကျီအိတ်ထဲက ငွေစက္ကူတချို့ ထုတ်ယူလိုက်တယ်။

ပြီးတော့ မောင်ချစ်အေးရဲ့ ခါးကြားထဲကို ထိုးထည့်ပေးလိုက်တယ်။

မောင်ချစ်အေးသွားချင်တဲ့ ရုပ်ရှင်ကတော့ ...

C B

၆ ။ ။

"ဝမ်း ... တူး ... သရီး ... ဂိုး ... သွား ဟေ့ကောင်"

ပေါ်ကြီးက နောက်ကနေ တွန်းထည့်လိုက်တယ်။

မောင်ချစ်အေးရဲ့ ကိုယ်ဟာ ဆီပိတ်နေတဲ့ ကားကြီးတစ်စင်းလိုပဲ တုံ့ကနဲ တုံ့ကနဲ ရွေ့လျား သွားတော့တယ်။

အင်း ... ဟုတ်တယ်။ မောင်ချစ်အေးက ကားပြင်တဲ့အလုပ်နဲ့ ပတ်သက်နေတော့ ဒီဥပမာက တော်တော်ဆီလျော်ပါတယ်။

မောင်ချစ်အေးတို့ ပြင်နေရတဲ့ ဘတ်(စ်)ကားတွေထဲက တချို့ရှိတယ်။

သူ့ဘာသာ စက်နှိုးလို့ မရဘူး။ ကားတစ်စီးစင်းက နောက်ကနေ ကြိတ်ပြီးတွန်းပေးမှ စက်နိုးတယ်။ တွန်းစတတ်လို့ ခေါ်တာပေါ့။

ခုလည်း အဲဒီလိုပဲပေါ့။ တွန်းစတတ် မောင်ချစ်အေး။

သည်နေ့ ကျောင်းကို ရောက်တဲ့အခါ တိုက်တိုက်ဆိုင်ဆိုင်ပဲ စိုးမြင့်တို့အတန်းမှာ လာထိုင်နေတဲ့ ပေါ်ကြီးပါ တွေ့ရတယ်။

အတန်းပြီးတဲ့အခါကျတော့ သုံးယောက်သား တောင်ဂူဆောင်ဘက် ထွက်လာခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အိအိချိုတို့ အတန်းဘေးက မယောင်မလည် ဖြတ်လျှောက်ရင်း ကြည့်လိုက်တော့ အတန်းထဲမှာ အိအိချို မရှိ။

မောင်ချစ်အေးတို့သုံးယောက် တော်တော်အလုပ်ရှုပ်သွားတယ်။

အိအိချိုကို လိုက်ရှာရတာပေါ့။ ကျောင်းစာသင်ခန်းတွေထဲ ချောင်းကြည့်တယ်။ မတွေ့ဘူး။

အောက်ပြန်ဆင်းပြီး တောင်ငူစားသောက်ဆိုင်တန်းဘက် သွားရှာတယ်။ မရှိဘူး။

စိတ်ဓာတ်ကျမလို ဖြစ်သွားမိတယ်။

မျက်နှာလေးကို မြင်ချင်လွန်းလို့ ကျောင်းထဲကို အပြေးအလွှား လာခဲ့ပြီးမှ အိအိချို ကျောင်းမတက်ဘဲများ နေသလား။

မိစံက ကျောင်းကြိုကားပေါ်မှာ တွေ့တယ်လို့ ပြောသေးလားလို့ ပေါကြီးကို မေးကြည့်တယ်။ အမှတ်တမဲ့ပဲ။ ငါလည်း မမေးမိဘူးလို့ ပေါကြီးက ပြောတယ်။

စိုးမြင့်က တစ်ခုခု သတိရဟန်နဲ့ ...

"လာကြ၊ ငါ တစ်ခါ ဟိုဘက်မှာ တွေ့ဖူးတယ်"ဆိုပြီး ရာမညဆောင်ဘက်သွားတဲ့ စင်္ကြံအတိုင်း ခေါ်သွားတယ်။ တစ်နေရာရောက်တော့ ....

"ဟာ ... ဟာ ... ဟိုမှာ ..."လို့ မောင်ချစ်အေးက အလန့်တကြားအော်မိတယ်။ ပေါကြီးက ...

"ငါတို့လည်း မြင်ပါတယ်ကွ၊ မင်းဟာက ပန်းကန်ပြားပုံ မြင်တာကျနေတာပဲ"လို့ ပြောတယ်။

စင်္ကြံဘေးက ဝက်သားလိပ်၊ ကြက်သားလိပ်ဆိုင်မှာ ထိုင်စားနေတဲ့ အိအိချိုကို လှမ်းမြင်လိုက်ရလို့ ပါပဲ။ အိအိချိုတစ်ယောက်တည်း။ မောင်ချစ်အေးတို့ကို မမြင်။ ပေါကြီးက ရပ်ဖို့ အချက်ပြလိုက်တယ်။

ပြီးတော့ အုတ်တိုင်တွေကို အကာအကွယ်ယူရင်း အသင့်စောင့်နေလိုက်ကြတယ်။

စားလို့ပြီးသွားပြီ။ နွေးနွေးလေးရှိနေတဲ့ ရေနွေးကြမ်းတစ်ခွက် ငုံ့သောက်တယ်။

ချက်ချင်း မထသေး။ ပေါင်ပေါ်မှာ တင်ထားတဲ့ စာအုပ်တစ်အုပ်ကို ဖွင့်ဖတ်တယ်။ အဲ ... ဖတ်တာ မဟုတ်ဘူး။ စာအုပ်ထဲမှာ ညှပ်ထားတဲ့ ပိုက်ဆံကို ထုတ်ယူတာ။ ဆိုင်ရှင်ကောင်မလေးကို လှမ်းပေးတယ်။ အကြွေပြန်အမ်းတယ်။

အိအိချို ထရပ်လိုက်တယ်။ တောင်ငူဆောင်ဘက် ထွက်သွားပြီ။

မောင်ချစ်အေး ငေးကြောင်ကြည့်နေတုန်း ပေါကြီးက နောက်ကနေ တွန်းလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com


သူတွန်းလိုက်တဲ့အရှိန်ကို အားယူပြီး မောင်ချစ်အေး နောက်ကနေ လိုက်လာပြီ။

တောင်ငူဆောင်ရှေ့အရောက်မှာ အဆောင်ထဲ ပြန်ဝင်မယ် ထင်ပေမယ့် မဝင်ဘူး။ ဘယ်ဘက် ချိုးကွေ့သွားတယ်။

ဝင်းပေါက်ကျော်တော့ ညာပြန်ကွေ့။ ဒဂုံဆောင်ရှေ့က ဖြတ်ပြီး အဓိပတိလမ်းကို ဦးတည်သွားတယ်။ အဲဒီအထိ မောင်ချစ်အေးဟာ နောက်က လိုက်နေတုန်းပဲ။

အဓိပတိလမ်းပေါ် ချိုးကွေ့လိုက်ပြီ။ နောက်မှာသာ ရှိနေဆဲ။ 'ကျော်မတက်ရ'ဆိုတဲ့ ဆိုင်းဘုတ်တွေ ထူထားတာလည်း မဟုတ်ပါဘဲနဲ့။

တကယ်ဆိုရင် မောင်ချစ်အေး နောက်ကြောင်းပြန်လှည့်ချင်လာပါပြီ။ ဟိုနှစ်ကောင်ရဲ့ ခြိမ်းခြောက်စကားကြောင့်သာ။

"ဒီနေ့အဖို့ မင်း ခါတိုင်းလို နောက်ကလိုက်ပြီး အငွေ့ရှူပြီး ပြန်လာရုံနဲ့ မရဘူး။ အနည်းဆုံး စကားတစ်ခွန်းလောက်တော့ ပြောခဲ့ရမယ်။ စကားမပြောဖြစ်ဘဲ ပြန်လှည့်လာရင် နောက်နောက် ငါတို့ ဘယ်တော့မှ မကူညီတော့ဘူး"တဲ့။

နောက်ကို လှည့်ကြည့်တယ်။ ဟင် ... ဟိုကောင်တွေ ပါမလာပါလား။ ခြေလှမ်းတံ့ကနဲ ဖြစ်ကာနီး ဆဲဆဲမှာ ဟိုနှစ်ကောင်ကို သွားတွေ့တယ်။

သူတို့က လမ်းရဲ့ ဟိုဘက်ခြမ်း နောက်နားခပ်ကျကျ မလှမ်းမကမ်းကနေ အကဲခတ်ကြည့်ရင်း လိုက်လာတာကိုး။ သူတို့ပြောထားတာ မမေ့နဲ့ ဆိုတဲ့သဘော အံကြိတ်ပြကြတယ်။

အားတင်းပြီး ခြေလှမ်းကို သွက်လိုက်တဲ့အခါ မီလုမီခင် ဖြစ်လာတယ်။ အိအိချိုက မောင်ချစ်အေး လိုက်လာတာ သိမလား။ လှည့်တော့မကြည့်ပါ။

အမှန်ဆို ဘေးချင်းယှဉ်ပြီးမှ စကားပြောသင့်တာ။ သို့ပေမယ့် မောင်ချစ်အေးရဲ့ ထုံးစံက ခြေတစ်လှမ်းစာလောက်တော့ နောက်ကျလိုက်ရမှာ မဟုတ်လား။

"ဒီ ... ဒီမှာ"

စကားကြီးတစ်ခွန်း အောင်မြင်စွာ ထွက်ပေါ်လာပါပြီ။

အိအိချို ဆတ်ကနဲ ဖြစ်သွားတယ်။ လန့်သွားတာ မဟုတ်။ ရုတ်တရက် ခေါ်သံကြောင့်ပါ။

တစ်ချက်စောင်းကြည့်ပြီး ပြန်လှည့်သွားတယ်။ ရှေ့ကိုသာကြည့်ပြီး လျှောက်နေတယ်။

"ကျွန်တော့်နာမည် မောင်ချစ်အေးလို့ ခေါ်ပါတယ်"

www.burmeseclassic.com

သိပ်သတ္တိတွေ ကောင်းလာပြီပေါ့လေ။ မဟုတ်ဘူး။ သိုင်းကွက်တစ်ကွက်ကို အကြိမ်များစွာ လေ့ကျင့်ထားတဲ့ သိုင်းသမားတစ်ယောက်ဟာ အရေးကြုံလာတဲ့အခါ အထူးအားထုတ်စရာမလို။ အလိုအလျောက် တုံ့ပြန်ပြီးသား ဖြစ်နေတဲ့သဘော။ စိတ်ကူးထဲမှာ ခလုတ်မတိုက်မိခင် လျှောကနဲ ထွက်ကျသွားတာပါ။

"ဒီလိုပါ၊ ကျွန်တော် စကားတစ်ခွန်းလောက်"

"ရပ်လိုက်"

အိအိချိုက ပါးစပ်က ပြောတာမဟုတ်။ မျက်လုံးက မောင်ချစ်အေးကို အမိန့်ပေးသလို မျက်လုံးမျိုးနဲ့ တစ်ချက်စိုက်ကြည့်လိုက်တာနဲ့ တစ်ပြိုင်နက် ...

မောင်ချစ်အေးရဲ့ ခြေထောက်တွေက 'ကျွိ'ကနဲ မြည်သွားသလား အောက်မေ့ရတယ်။

C B

"ဒီလောက်ဆိုရင် သိပ်မဆိုးပါဘူးကွ"

ကောင်းမြတ်က ပြောတယ်။ အိအိချိုရဲ့ မျက်လုံးနဲ့ တားမြစ်တဲ့ဒဏ် မခံနိုင်လို့ ရပ်တန့်ကျန်ရစ်ခဲ့ပြီးတဲ့နောက် ကောင်းမြတ်နဲ့ ချိန်းထားတဲ့ သိပ္ပံဆောင် ဆင်ဝင်အောက်မှာ သွားစောင့်နေကြတယ်။

ကောင်းမြတ်က ဒိန်းငယ်ကို ကားမှတ်တိုင် လိုက်ပို့ပြီးတော့ ချိန်းထားတဲ့နေရာကို ရောက်လာတယ်။ ပေါ်ကြီးကလည်း မိစံ အတန်းအပြီး သွားကြိုပြီးတော့ ကျောင်းကြိုကား စောင့်နေကျနေရာကို လာခဲ့မယ်။ ကောင်းမြတ်ရောက်လာတော့ ကျောက်လှေကားထစ်တွေပေါ်မှာ ခဏထိုင်ရင်း အဖြစ်အပျက်ကို ပြန်ပြောပြတယ်။

"အေးပေါ့ကွာ၊ ဟိုအရင်အခါတွေတုန်းကထက်စာရင် အများကြီး တိုးတက်လာတာပဲ"

စိုးမြင့်က ဝင်ပြီးထောက်ခံလိုက်တယ်။

"မင်းဘာဆက်လုပ်မလဲ"

ကောင်းမြတ်က မေးတာကို မောင်ချစ်အေး မဖြေရသေးခင် စိုးမြင့်က ...

"သူ့မမေးနဲ့လေကွာ၊ ဒီကောင်က ဘယ်လိုဖြစ်နေသလဲဆိုတော့ သူများမှတ်စုစာအုပ် ငှားကျက်ပြီး စာမေးပွဲဖြေတဲ့ကောင်လိုပဲ"

"မင်းလိုပေါ့"လို့ ကောင်းမြတ်က တွယ်လိုက်တာကို ဂရုမစိုက်ဘဲ ...

"အဲဒီလိုကွ၊ သူ့အိုင်ဒီယာ ဘာမှမရှိဘူး။ ဒီကောင့်မေးကြည့်၊ မသိဘူးလေ ဘာလုပ်ရင်ကောင်းမလဲ လို့ပဲ ပြောမှာပဲ။ တကယ်လို့ ဒီကောင် အိအိချိုကို ရသွားကြည့်၊ သူတော်လို့ မဟုတ်ဘူး၊ ငါတို့ကြောင့်။

www.burmeseclassic.com

အေး … ဒီကောင် ပြေလည်သွားခဲ့ရင် ငါတို့နဲ့လည်းဆိုင်တယ်။ နိုင်ငံပေါင်းချုပ်အသင်းကြီးအနေနဲ့ အုပ်ချုပ်ရလိမ့်မယ်”

“မအေပေး၊ သူမစွံတိုင်း သူများဟာတွေ လိုက်ပြစ်မှားနေတယ်”

ကောင်းမြတ်နဲ့ စိုးမြင့် အပြန်အလှန် ပြောနေကြတာကို ဘာမှဝင်မပြောမိ။

ဟုတ်သင့်သလောက်လည်း ဟုတ်နေတာကိုး။ မောင်ချစ်အေးကပဲ သတ္တိနည်းလွန်းတာလား။ အိအိချိုကပဲ သတ္တိကောင်းလွန်းတာလား။ နှစ်မျိုးစလုံး တစ်ပြိုင်နက်တည်း ဖြစ်နေရင်တော့ အင်အားချင်းက တစ်ဖက်သတ် ဖြစ်တော့မှာပေါ့။ မောင်ချစ်အေး ကြိုးစားပါ့မယ်။

“ကဲ … သုံးနာရီ ထိုးတော့မယ်။ ပေါ်ကြီးတို့ ရောက်နေလောက်ပြီ၊ သွားရအောင်”

ကျောင်းကြိုကားကိုထိုင်စောင့်နေကျ တရုတ်စကားပင်ဘက် လျှောက်လာခဲ့ကြတယ်။

ချစ်မြားရှင် ရောက်နေတာကို မြက်ခင်းပြင်ဘက် ဖြတ်အဆင်းမှာလည်းက လှမ်းမြင်ရတယ်။

“လူချစ်မြားရှင်”ကို ပြောတာမဟုတ်၊ “ကားချစ်မြားရှင်”ကို ပြောတာ။

တရုတ်စကားပင်အောက်မှာ ပေါ်ကြီးနဲ့ မိစံ ရောက်နေကြပြီ။ ထုံးစံအတိုင်း ပေါ်ကြီးက မဟုတ်က ဟုတ်ကတွေ လျှောက်ပြောလို့ မိစံက ရယ်ရင်း ပေါ်ကြီးကို ဆွဲဆိတ်နေတာ တွေ့ရတယ်။

“ဩော် … သိပ်အားကျစရာကောင်းတဲ့ အတွဲ”

သူတို့မှ မဟုတ်ပါဘူးလေ။ ကောင်းမြတ်နဲ့ ဒိန်းငယ်ဆိုလည်း ဒီလိုပဲ။ သူတို့ တစ်ယောက်နဲ့ တစ်ယောက် မေတ္တာမျှနေကြတာ နှစ်ပေါင်းများစွာရှိပြီ။

ငယ်သူငယ်ချင်းမို့ သိခဲ့ရတဲ့အကြောင်းက ကောင်းမြတ်ဟာ ဒိန်းငယ်ကို ငါးတန်းတုန်းကစပြီး စိတ်ဝင်စားခဲ့တာဆိုပဲ။ ချစ်တယ် ကြိုက်တယ်ဆိုတဲ့အဆင့်တော့ မဟုတ်။

ဒီကောင်ကောင်မလေးဟာ ပါးဖောင်းဖောင်းကလေးတွေနဲ့ တစ်မျိုးပဲလို့ သူ့စိတ်က ထင်မိတယ်တဲ့။

အဲဒီက စတာပေါ့။ တက္ကသိုလ်စရောက်တဲ့နှစ်မှာ သူတို့နှစ်ယောက် တရားဝင် ကြိုက်သွားကြတာပဲ။

သူတို့တစ်တွေဟာ ကြိုက်နေကြတာကြာပြီဖြစ်ပေမယ့် ကြည့်လိုက်ရင် ခုမှ စကြိုက်တဲ့ သမီးရည်းစားတွေလိုပဲ။ တစ်ယောက်နဲ့တစ်ယောက် အမြဲ ကြင်ကြင်နာနာ ယုယုယယနဲ့။ တကယ်တော့လေ၊ တက္ကသိုလ်မှာ ရှိတဲ့ အတွဲတွေဟာ ဒီအတိုင်းလိုလိုချည်းပါပဲ။

မောင်ချစ်အေးတို့ အနားရောက်သွားတဲ့အချိန်မှာ မိစံက မောင်ချစ်အေးကို လှမ်းနှုတ်ဆက်ပြီးတော့ …

“အခြေအနေ အတော်တိုးတက်နေပြီလို့ ကြားတယ်”

www.burmeseclassic.com

www.burmeseclassic.com


"အလကားပါဟာ၊ ဒီလောက်လည်း မဟုတ်ပါဘူး"လို့ ရှက်ကိုးရှက်ကန်းနဲ့ ပြန်ပြောမိတယ်။

"ဟုတ်တာပေါ့၊ အခုဆို ဘာပဲဖြစ်ဖြစ် ဟိုက နင် သူ့ကို စိတ်ဝင်စားနေတာ သိသွားပြီပဲ။ ဆက်ကြိုးစားပေါ့"

"နင်ကလည်း ဖယ်ရီပေါ်မှာတွေ့လို့ စကားကြုံရင် နည်းနည်းပါးပါး ဝင်ပင့်ပေးပေါ့"လို့ ပေါ်ကြီးက ပြောတယ်။

မိစံက စိတ်ချပါလို့ ပြန်ပြောတယ်။

မောင်ချစ်အေးဟာ သူတို့နဲ့ စကားသာပြောနေရပေမယ့် မျက်လုံးတွေက ဂနာမငြိမ်ဘူး။ အိအိချိုများ ရောက်နေမလားလို့ ကားဆီကို မသိမသာ လှမ်းလှမ်းကြည့်မိတယ်။ ထိုင်နေကျနေရာမှာတော့ မရှိသေး။

အိအိချိုဟာ ဒီနေ့ကိစ္စအတွက် ဘယ်လိုသဘောထားမလဲ။ ခုလို မိစံတို့နဲ့ အတူတူ လာထိုင်နေတာ ကကော၊ မျက်နှာပြောင်တိုက်ပြီး လာနေသလိုများ ဖြစ်နေမလား။

"ငါသွားတော့မယ်"

ပြောပြောဆိုဆို ထရပ်လိုက်တယ်။

"ဟ ... ဘယ်လိုဖြစ်သွားတာလဲ"လို့ ဝိုင်းမေးကြတယ်။

"ဘာမှမဖြစ်ပါဘူး။ ငါက မိစံနဲ့ ခုလို စကားပြောနေတာ သူတွေ့သွားရင် မကောင်းဘူး"

"အောင်မာ ... ကြီးကြီးကျယ်ကျယ်၊ မင်းနဲ့ မိစံကို သူက အထင်လွဲသွားမှာစိုးလို့လား"

"ဟာ ... မဟုတ်ပါဘူး။ ငါဆိုလိုတာက ဒီလိုမဟုတ်ပါဘူး"

မောင်ချစ်အေးက လက်ကာပြီး ပျာပျာသလဲ ရှင်းနေတယ်။

"ဒီလိုပါကွာ၊ မိစံက သူနဲ့လည်း ဖယ်ရီကား တူတူစီးတာဆိုတော့ မျက်နှာပူစရာ ဖြစ်နေမှာစိုးလို့ပါ"

"မဆိုင်ပါဘူး"လို့ မိစံက ဝင်ပြောတယ်။

"နင်နဲ့ ငါနဲ့ ပြောကြဆိုကြတဲ့အခါ သူ့အကြောင်းတွေ ထည့်ပြောမှာပဲလို့ သူသိနေမှာပဲ"

"သိ ... သိဟာ"

"နင့်အတွက် မျက်နှာပူစရာ ..."

မိစံက "ဟာ"ဆိုပြီး စိတ်မရှည်တဲ့ အမူအရာနဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ချစ်အေး ... ရှင်းရှင်းပြောရရင် အိအိချိုနဲ့ ငါနဲ့ သိပ်မရင်းနှီးလို့သာ။ ရင်းနှီးရင် ငါ နင့်ကိုယ်စား ပြောပေးတယ် သိလား။ အဲဒီတော့ နင် လုပ်စရာရှိတာသာ ဆက်လုပ်။ ငါက နင့်ကို မြှောက်ပေးတယ်လို့ သူထင်သွားလည်း ငါဂရုမစိုက်ဘူး။ တကယ်လို့ နင့်အကြောင်း သူက စပြီး ပြောလာရင်တောင် နင့်စိတ်ထား ကောင်းကြောင်းတွေ နင်တော်တဲ့အကြောင်းတွေ ပြောပြပါ့မယ်၊ ဒါပဲ"

ဒီအချိန်မှာ ကောင်းမြတ်က လက်ကုတ်တယ်။

ပြီးတော့ ... တစ်နေရာကို မေးငေါ့ပြတယ်။ ကြည့်လိုက်တော့ ဘွဲ့နှင်းသဘင်ရှေ့ အဝိုင်းလေးနား ကားဆီကို လျှောက်သွားနေတဲ့ အိအိချို။

မျက်နှာထားက ဣန္ဒြေရရ တည်တည်ငြိမ်ငြိမ်။

ဒီနေ့တစ်နေ့လုံး စိတ်အနှောင့်အယှက်ဖြစ်စရာဆိုလို့ တစ်ခုတစ်လေမှတောင် မတွေ့ခဲ့တဲ့ ဟန်ပန်မျိုး။

မောင်ချစ်အေးကို လိုက်နှောင့်ယှက်တဲ့ လူတစ်ယောက်အဖြစ်နဲ့တောင် အသိအမှတ် မပြုလေ သလားဗျာ။

C B

၇ ။ ။

တောင်ငူဆောင် ဆင်ဝင်အောက်က စောင့်နေတယ်။

အိအိချို ထွက်လာတယ်။ အင်္ကျီအဖြူ၊ ထဘီအညို။

မောင်ချစ်အေးကို တစ်ချက်ကလေးတောင် လှည့်ကြည့်မသွား

C B

တရုတ်စကားပင်အောက်မှာ ထိုင်နေကြတယ်။

ပေါ်ကြီး၊ မိစံ၊ ကောင်းမြတ်၊ ဒိန်းငယ်၊ စိုးမြင့်နဲ့ မောင်ချစ်အေး။ ကျောင်းကြိုကား မလာသေး။

အိအိချိုတို့က ငုစပ်ပင်အောက်မှာ။

C B

အိအိချိုက နည်းပြတန်း ဖြေနေတယ်။ မောင်ချစ်အေးတို့အုပ်စု အခန်းအပြင်က ကြည့်နေကြတယ်။

www.burmeseclassic.com

စိုးမြင့်က ပေါ်ကြီးကို လှမ်းနောက်လိုက်တယ်။ ပေါ်ကြီး ရယ်လိုက်တာ အသံကျယ်သွားလို့ အခန်းထဲက ကျောင်းသားကျောင်းသူတွေက လှည့်ကြည့်ကြတယ်။

နည်းပြဆရာမက မကျေနပ်တဲ့ မျက်နှာထားနဲ့ လှမ်းကြည့်လိုက်လို့ တစ်ယောက်နဲ့တစ်ယောက် လက်ကုတ်ပြီး လစ်ထွက်ခဲ့ရတယ်။

C B

ပေါ်ကြီးက စီးပွားရေးတက္ကသိုလ်က ကောင်မလေးတစ်ယောက်ကို သွားသွားငမ်းနေတယ်လို့ စိုးမြင့်က ထောင်ထားလို့ မိစံက စိတ်ကောက်နေတယ်။

ပေါ်ကြီးက အမျိုးမျိုးချော့ပေမယ့် မရ။

မောင်ချစ်အေးတို့ အနားရောက်သွားတော့ ပေါ်ကြီးကို မိစံက "ဘာမဟုတ်ရမှာလဲ"ဆိုပြီး ဗိုက်ခေါက်ကို ကြိတ်ပြီးလိမ်ဆွဲနေတာ တွေ့ရတယ်။

"အား ... လွှတ်ပါစ၊ ညိုဝင်းမောင်ဆီ သွားတာပါ။ နံရံကပ်စာစောင်ကိစ္စပါ"လို့ ပေါ်ကြီးက ဖြေရှင်းပေမယ့် မရဘူး။

စိုးမြင့်က အဲဒီအချိန်မှာ ရောက်လာလို့ ပေါ်ကြီးက ထပြီး စိုးမြင့်ရဲ့ အင်္ကျီရင်ဘတ်ကိုဆွဲ ...

"ခွေးမသား၊ မင်းထောင်တာ မင်းရှင်းပေး၊ မရှင်းရင် သေပေတော့"

စိုးမြင့်က ...

"တစ်ခါတည်းပါ မိစံရာ၊ ခွင့်လွှတ်လိုက်ပါ"လို့ ပြောတာနဲ့ ပေါ်ကြီးက စိုးမြင့်ရဲ့ဆံပင်ကို ဆောင့်ဆွဲတော့မှ စိုးမြင့်က သူနောက်တာဖြစ်ကြောင်း မိစံကို ရှင်းပြနေတယ်။

အိအိချိုက ကျောင်းကားပေါ် ရောက်နေပြီ။

C B

အိအိချိုကို အပန်းဖြေရိပ်သာရှေ့မှာ တွေ့လိုက်တယ်။

စိုးမြင့်နဲ့ မောင်ချစ်အေး နောက်ကလိုက်ကြည့်ကြတယ်။

အပန်းဖြေရိပ်သာထဲ ဝင်သွားတယ်။

အားကစားကွင်းဘေးက ဖြတ်ပြီး စားပွဲတင် တင်းနစ်ခုံတွေကိုကျော့၊ ပြီးတော့ အိမ်သာထဲ ဝင်သွားတာပါလား။

www.burmeseclassic.com

တင်းနစ်ရိုက်တာ ကြည့်သလိုလိုလုပ်ရင်း မယောင်မလည် စောင့်နေရတယ်။

အိအိချို ပြန်ထွက်လာပြီး အဓိပတိလမ်းကိုဖြတ်၊ စာကြည့်တိုက်ထဲ ဝင်သွားတယ်။

စာကြည့်တိုက်ရှေ့ လှေကားရင်းမှာ ထိုင်စောင့်တယ်။ တော်တော်ကြာတဲ့အထိ ပြန်ထွက်မလာလို့ အထဲမှာ ထိုင်ပြီး စာဖတ်နေတာလားလို့ ထင်မိတယ်။

အထဲလိုက်ဝင်ကြည့်မယ်အလုပ်မှာ အိအိချို ပြန်ပြီးထွက်လာတာတွေ့ရတယ်။

တစ်ယောက်တည်းမဟုတ်၊ သူငယ်ချင်းနှစ်ယောက်ပါ ပါလာသေးတယ်။

မောင်ချစ်အေးကို တစ်ချက်ကလေးတောင်မှ မျက်လုံးဝင့်လို့ ကြည့်မသွား။

## C B

ချစ်မြားရှင်က ချစ်မြားရှင်ကို မမီဘူး။

ရှုပ်သွားသလား။

ဆိုလိုတာက အိအိချို ကျောင်းကြိုကားကို မမီလိုက်ဘူးလို့ ပြောတာပါ။

အိအိချိုတစ်ယောက် ကျောင်းစာ၊ မင်စာတွေနဲ့ အလုပ်ရှုပ်နေလို့ ကျောင်းဆင်းနောက်ကျသွားရတယ်။

ကျောင်းကြိုကားရှိရာကို အိအိချို ခပ်သုတ်သုတ် သွားနေတယ်လေ။

နဂိုကတည်းက မောင်ချစ်အေးဟာ အိအိချိုရဲ့ ခြေလှမ်းတွေကို မမီနိုင်တာ။ ခုလို အသွက် လှမ်းနေတော့ ပိုမမီတော့ဘူးပေါ့။

ကျောင်းကြိုကား ရပ်နေကျနေရာကို လှမ်းမြင်လိုက်ရတဲ့အချိန်မှာပဲ ကားကြီးက တရွေ့ရွေ့ ထွက်ခွာ သွားတယ်။

အိအိချို ကားမမီတော့။ ဘတ်(စ်)ကားနဲ့ ပြန်ရတော့မယ်။

တစ်ယောက်တည်း။

အချိန်သိပ်တိကျတဲ့ ယာဉ်မောင်းကြီး ဦးစိတ်တို။

ကျေးဇူးပါပဲ။

“ဒါအကွက်ကောင်းပဲ သူငယ်ချင်း၊ ဘတ်(စ်)ကားနဲ့ မင်းပါလိုက်သွား”

www.burmeseclassic.com

"ဟာ ... ဘာလို့လိုက်ရမှာလဲ"

"သူနေတဲ့အိမ် သိရတာပေါ့။ ခုဟာက မိစံ ပြောပုံအရဆိုရင် ဖယ်ရီစီးနေတဲ့အခါ ရန်ကင်းဈေးကျရင် ဆင်းပြီး တိုက်တန်းကလေးတွေကြားထဲ ဝင်ဝင်သွားတတ်တယ်တဲ့။ ဒီလောက်ပဲ သိရတာ။ တိုက်တန်းမှာ နေတာလည်း ဖြစ်နိုင်တယ်။ တိုက်တန်းကနေ ဖြတ်ပြီး ကျောက်ကုန်းဘက်သွားတာလည်း ဖြစ်နိုင်တယ်။ အဲဒီတော့ မင်းလိုက်သွားရင် သူ့အိမ် သိရမှာပေါ့"

"ဟာ ... အိမ်သိတော့ ဘာလုပ်ရမှာလဲ"

"ဖွတ်တဲ့မှပဲ၊ ကိုယ်ကြိုက်နေတဲ့ ကောင်မလေးရဲ့အိမ်ကို သိအောင်ကြိုးစားရမှာပေါ့ဟ၊ ဒါလောက်မှ နားမလည်ဘူးလား"

"ဒါဆို မင်းပါလိုက်ခဲ့ကွာ"

စိုးမြင့်က တစ်ခွန်း ဆဲလိုက်တယ်။

"ဟိုကောင်တွေလို ရည်းစားရှိရင် ငါ ခုလောက် ဝင်ရှုံခံရမှာ မဟုတ်ဘူး"လို့လည်း ဆက်ပြောတယ်။

ဟုတ်တယ်လေ၊ ဒီနေ့ညနေပိုင်းမှာ ပေါ်ကြီးကလည်း မိစံနဲ့ အရေးကြီးတဲ့ကိစ္စ တိုင်ပင်စရာရှိလို့ဆိုပြီး လစ်သွား။ ကောင်းမြတ်ကလည်း ဒိန်းငယ်ကို ကုလားဒိန်တစ်ကောင် လိုက်နှောင့်ယှက်နေလို့ တာမွေလောက် အထိတော့ လိုက်ပို့ရမယ်လို့ အကြောင်းပြသွားတော့ မောင်ချစ်အေးနဲ့လိုက်ဖို့ စိုးမြင့်တစ်ယောက်ပဲ ကျန်တော့ တာပေါ့။

အိအိချိုက ရှေ့ကသွား၊ မောင်ချစ်အေးတို့က ခပ်လှမ်းလှမ်းကနေ နောက်က လျှောက်လိုက်လာရင်း တိုင်ပင်နေကြတာ။ မန္တလေးဆောင်ရှေ့နားကိုရောက်တော့ စိုးမြင့်က ...

"ဟေ့ကောင် ချစ်အေး၊ ငါလည်း ဒီတစ်သက် စွံမှာမဟုတ်ဘူး။ မင်းလည်း ဒီအချိုးမျိုးနဲ့ဆို အိအိချိုကို ရမှာမဟုတ်ဘူး။ ဒီတော့ မထူးပါဘူးကွာ၊ မင်းနဲ့ ငါနဲ့ပဲ ယူလိုက်ကြရအောင် ... ဟား ဟား ဟား ဟား ..."

"အေပေး၊ တော်တော် ပေါက်ကရ ပြောတဲ့ကောင်၊ မိန်းမစိတ်ပေါက်လာလို့ ထင်တယ်"ဆိုပြီး မောင်ချစ်အေးလည်း ရယ်နေလိုက်တယ်။

ရန်ကင်းဘက်သွားတဲ့ ဆယ့်ခြောက်ကားမှတ်တိုင်မှာ လူအုပ်က မနည်းဘူး။ လုံးဝ လူမပါတဲ့ ဘတ်(စ်)ကားအလွတ်နဲ့ တင်ရင်တောင်မှ ကျပ်ကျပ်သပ်သပ် ဖြစ်နေလိမ့်မယ်ထင်တယ်။ လာလိုက်တဲ့ ကားတွေ ကလည်း မှတ်တိုက်မရောက်ခင်ကတည်းက တိုးလိုးတွဲလောင်း ပါလာနှင့်တာချည်းပဲ။

အိအိချိုကလည်း ကားတစ်စီး ရပ်တိုင်းရပ်တိုင်း တက်ဖို့ ရပ်ဖို့ ကြိုးစားရှာတယ်။ မရ။ မောင်ချစ်အေးတို့အနေနဲ့ကတော့ ကုပ်ကပ်တွယ်ပြီး လိုက်သွားရင် ဖြစ်နိုင်တယ်။ သို့ပေမယ့် အိအိချို တက်လို့ မရတာနဲ့ မောင်ချစ်အေးတို့လည်း နောက်ပြန်ဆုတ်နေကြရပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com


အဲဒီအချိန်မှာ စိတ်ပျက်စရာ အဖြစ်တစ်ခု ဖြစ်သွားရသေးတယ်။ အိအိချိုပေါ့၊ လှည်းတန်းဘက်က လာနေတဲ့ တက္ကစီကား အလွတ်တစ်စီးကို လက်တားလိုက်တယ်။

"ဟိုက် ... သွားပြီထင်တယ် ဟေ့ကောင်၊ ဒီတစ်ခါလည်း မျက်ခြေပြတ်ပြန်ပြီ"

အိအိချိုနဲ့ ကားသမား ဈေးစကားပြောနေတယ်။ အိအိချိုသာ တက္ကစီနဲ့ ထွက်သွားရင် ဘယ်နည်းနဲ့မှ လိုက်လို့မိမှာ မဟုတ်တော့။

တော်သေးတယ်၊ ကားဆရာက ခေါင်းခါလိုက်တာ တွေ့ရတယ်။ ပြီးတော့ မောင်းထွက်သွားတယ်။ အိအိချို မလိုက်ဖြစ်တော့။ ဘတ်(စ်)ကား ပြန်စောင့်တယ်။

ဆယ့်ခြောက်ကားတစ်စီး ဆိုက်လာတယ်။ အခြေအနေ သိပ်မဆိုးဘူး။ အိအိချိုက လူအုပ်ကြားထဲကနေ တိုးဝှေ့တက်သွားလို့ အပေါ်ရောက်သွားပြီ။

မောင်ချစ်အေးတို့ကတော့ တခြားမိန်းကလေးတွေ တက်သာအောင် ရှောင်ပေးနေရတာနဲ့ပဲ မတက်ဖြစ်သေး။

အဲဒီအချိန်မှာ ကားဂီယာထိုးသံ ကြားလိုက်ရတယ်။ ကားထွက်တော့မယ်။

"ဟေ့ကောင် တက်တက် ... ရအောင်တက်"

စိုးမြင့်က မောင်ချစ်အေးကို အတင်းတွန်းတင်လိုက်တယ်။ တံခါးဘောင်ကို လက်တစ်ဖက်အမိမှာ ကားက ဆောင့်ထွက်လိုက်တယ်။

မောင်ချစ်အေးလည်း ယိုင်သွားပြီးမှ ခြေနင်းခုံပေါ် ခြေထောက်ထောက်မိတော့တယ်။

စိုးမြင့်ကတော့ မတက်သာတော့။ ကျန်ခဲ့ပြီ ...။

ကားက ကျောင်းလမ်းမှာ ရပ်တယ်။ ဘီအိုစီမှာ မရပ်ပါဘူး။ အင်းလျားမြိုင်မှာ ရပ်တယ်။

ရပ်လိုက်တိုင်း တက်လာတဲ့လူတွေက မနည်း။

အင်းလျားမြိုင်က အထွက်မှာ ကားက အရှိန်မြှင့်လိုက်တယ်။ မောင်ချစ်အေးဟာ ခြေထောက်တစ်ဖက်တည်း ထောက်မိထားတယ်။

ဒါတောင် ပြည့်ပြည့်ဝဝမဟုတ်။ ခြေဖျားထောက်မိတယ်ဆိုရုံကလေး။ လက်နှစ်ဖက်က ကိုင်ထားတယ်ဆိုပေမယ့် ဟီးနိုးကား တံခါးဘောင်တွေက သံပိုက်လုံး လက်ကိုင်ကို ကိုင်ရတော့ မမြဲဘူး။

ကွေ့တစ်ကွေ့ကို ရောက်လို့ ကားစောင်းပြီဆိုရင် လက်နှစ်ဖက်က ပတ္တာလို လည်လည်ပြီး ကိုယ်က ကားဘော်ဒီနဲ့ သွားသွားဆောင့်မိတယ်။ ဘေးကလူရဲ့ ကိုယ်လုံးကြီးကလည်း မောင်ချစ်အေးဘက် ပိပိလာတယ်။

www.burmeseclassic.com

www.burmeseclassic.com


အင်းလျားမြိုင်ကွေ့က အဆိုးဆုံး။ အဲဒီကွေ့က ရှည်တယ်။ မောင်းရတာ အကြာဆုံး။ ဒီတော့ ကားက တစ်ချိန်လုံး စောင်းနေလိုက်တာ လက်အံတွေတောင် သေလာတယ်။

စိတ်ကို တင်းပြီး ကိုယ်ကို တောင့်ခံထားလို့သာ။ နို့မို့ရင် ပြုတ်ကျသွားနိုင်တယ်။

အိအိချိုရယ် … မောင်ချစ်အေးဟာ ဒီလောက်ထိ စွန့်စွန့်စားစား လိုက်လာခဲ့ရတာကို ထောက်ထား ညှာတာစေချင်တယ်။ ခုနေခါများ မောင်ချစ်အေးတစ်ယောက် ကားပေါ်က ပြုတ်ကျပြီး သေသွားခဲ့ရင် အချစ်အတွက် အသက်စွန့်သွားရရှာတာပါလားလို့ သိစေချင်တယ်။

အိအိချိုကများ မောင်ချစ်အေးကို စိုးရိမ်တကြီးနဲ့ လှမ်းကြည့်နေမလားလို့ ကားထဲကို ရှာကြည့်မိတယ်။

ဘာမှမဆိုင်ဘူး။ အိအိချို ဘယ်ချောင်ကြား တိုးဝင်နေမှန်းတောင် မသိ။ မြင်ကို မမြင်ရပါ။

"ဩော် … ငါ့နှယ်၊ ဒီလောက် သေရေးရှင်ရေးထဲမှာတောင် စိတ်ကူးက ယဉ်ချင်သေးတဲ့ကောင်ပဲ"လို့ ကိုယ့်ကိုယ်ကို ပြုံးမိသေးတယ်။

ဒီလိုနဲ့ ရန်ကင်းဈေး မှတ်တိုင်ရှေ့ ရောက်လာတယ်။ ကားပေါ်က ဆင်းပြီး မယောင်မလည် စောင့်ကြည့်နေလိုက်တယ်။

လူတွေကြားထဲက အိအိချို ဆင်းလာတယ်။ လမ်းဖြတ်ကူးသွားတယ်။

စိုးမြင့် ပါမလာလို့ မောင်ချစ်အေး အားလျော့နေမိတယ်။ အိအိချိုနောက်ကို လိုက်ဖို့ စိတ်က မရဲပြန်။ အို … ဒီလောက် သက်စွန့်ဆံဖျား လိုက်ခဲ့ရပြီး မသေကောင်း မပျောက်ကောင်း အဖြစ်မျိုး ကြုံခဲ့ရတာ၊ တစ်ခုခုတော့ အရာထင်အောင်လုပ်ရမယ်။

အိအိချိုနောက်ကို လိုက်လာခဲ့တယ်။

မိစံ ပြောထားတဲ့အတိုင်း ဈေးကလေးကြားက ဝင်ပြီးတော့ ကုန်းမြင့်ပေါ် တက်သွားတယ်။ ကျောက်ကုန်းဘက် ဆင်းဖို့ ဖြစ်ရမယ်။

မြေနီလမ်းကလေးတစ်ခုကို ကွေ့လိုက်တယ်။

အဲဒီနားမှာက ဘုန်းကြီးကျောင်းရယ်၊ ခြံဝင်းကျယ်တွေရယ်ပဲ ရှိတယ်။

ဟုတ်တယ်၊ လူသိပ်ရှင်းတယ်။

သတ္တိကို ခဲယဉ်းစွာ မွေးယူပြီး အိအိချိုကို မီအောင်လိုက်ရတယ်။

အကွေ့ကလေးတစ်ခုမှာ မီတယ်။

ဘေးချင်းယှဉ်မိအောင် ကြိုးစားရတာဟာ ခုနက ကားခိုစီးရတာထက်တောင် ပင်ပန်းသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com


"ဒီ … ဒီမှာ"

လှည့်မကြည့်။

"ကျွန်တော် မောင်ချစ်အေးပါ"

ဘာမှ မထူးခြား …။

"ကျွန်တော် တစ်ခု ပြောပါရစေ"

ဂရုတောင်မစိုက်။ ခွေးကလေးတစ်ကောင် အမြီးကလေး နှံ့ပြီး ဘေးက လိုက်လာရင်တောင် လှည့်ကြည့်ဖော်ရဦးမယ်ထင်ရဲ့။

မချင့်မရဲ ဖြစ်လာရတယ်။

"ဒီမှာ အိအိချိုရယ် … ကျွန်တော် မအိအိချိုကို စကားပြောခွင့်ရဖို့ ကြိုးစားခဲ့တာ ကြာပါပြီ။ မအိအိချိုလည်း သိမှာပါလေ။ ကျွန်တော် မအိအိချိုကို …"

"ဒီမှာ …"

အိအိချို စကားတစ်ခွန်း ထွက်လာတယ်။ အသံက ခပ်ပြတ်ပြတ်။ ငယ်ကြောက်ဖြစ်တဲ့ မောင်ချစ်အေးဟာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လာတယ်။

"ကျွန်မ လုံးဝ စိတ်မဝင်စားဘူး"

**သူ့အသံကို အရောင်ဆိုးထားတယ်။ အစိမ်းရောင် …။**

C B

www.burmeseclassic.com

၈ ။ ။

စိတ်ခတ်က အနိမ့်ဆုံးကို ရောက်နေတယ်။

"စိတ်မဝင်စားဘူး"တဲ့ ...။

ဘာကို ဆိုလိုတာလဲ။ အချစ်အကြောင်းကို စိတ်မဝင်စားဘူးလို့ ဆိုလိုတာလား၊ မောင်ချစ်အေးကို စိတ်မဝင်စားဘူးလို့ ဆိုလိုတာလား ...။

ဘာပဲဖြစ်ဖြစ် သာယာနာပျော်ဖွယ် စကားမျိုးမဟုတ်တာတော့ သေချာတယ်။

မောင်ချစ်အေး ကျောင်းထဲကို မသွားချင်တော့။

ဒီလိုပြောလိုက်လို့ အိအိချိုအပေါ် လုံးဝစိတ်ကုန်သွားလို့လားဆိုတော့လည်း မဟုတ်ပြန်ပါ။

စိတ်ခတ်ကျတာရော၊ အားငယ်တာရောပေါ့။ အိအိချိုဆီက နောက်တစ်ခါ ခုလို ပစ်ပစ်ခါခါ စကားမျိုးကို ကြားရဖို့ မောင်ချစ်အေးရဲ့နားက မဝံ့မရဲဘူး။

အိအိချိုနဲ့ ပတ်သက်လာရင် မဖြစ်ခင်ကတောင် ကြိုတင်ပြီး စိတ်ဆင်းရဲရပါတကား ...။

www.burmeseclassic.com

www.burmeseclassic.com



စိတ်မဝင်စားဘူးလို့ ပြောလိုက်တဲ့နေ့က စိတ်ညစ်ညစ်နဲ့ အိမ်ကို ပြန်လာခဲ့တယ်။ အိမ်ရောက်တော့ အဖေမရှိဘူး။

အမေက ပြောတယ်။ အဖေက ညဘယ်မှ မသွားနဲ့။ ကားပြင်စရာရှိတယ်လို့ မှာသွားတယ်တဲ့။

အဲဒီအချိန်က ထမင်းစားချိန် ညနေစောင်း ရောက်နှင့်နေပြီ။ သိပ်မစားချင်ပေမယ့် အမေက ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား မေးနေမှာစိုးလို့ ဝင်စားလိုက်ရတယ်။

ဟင်းကောင်းကျွေးကောင်း မစားနိုင်ပေမယ့် ရှိသမျှလေးကို ဖွယ်ဖွယ်ရာရာဖြစ်အောင် လုပ်ပေးတတ်တယ်။

အင်းလေ ... အမေချက်ပြီဆိုရင် ဘာဟင်းနဲ့ဖြစ်ဖြစ် မောင်ချစ်အေး ထမင်းစားလို့ မြိန်ပါတယ်။ အရင်တုန်းက ပြောတာ။

ခုတော့ ထမင်းတစ်ပန်းကန်ကို ဆေးစားသလို ကျိတ်မှိတ်ပြီး မျိုချလိုက်ရတယ်။

ထမင်းစားပြီးတော့ အိမ်မှာ မနေချင်တာနဲ့ လမ်းထပ်က အုတ်ခုံကလေးမှာ ထွက်ထိုင်နေလိုက်တယ်။

ခဏကြာတော့ ပေါ်ကြီးရယ်၊ စိုးမြင့်ရယ်၊ ကောင်းမြတ်ရယ် လာကြတယ်။

နေ့လယ်က အဖြစ်အပျက်ကို မေးကြတယ်။

ဝမ်းသာစရာမဟုတ်တဲ့ အကြောင်းအရာတစ်ခုကို လုံးစေ့ပတ်စေ့ ပြန်ပြောရတာ ဘယ်လောက် ပင်ပန်းလိုက်သလဲ။

"အင်း ... ဒါကတော့ ဒီလိုပြောမှာပဲ။ ဘာပဲပြောပြော ဆက်ပြီးသာလိုက်"

"တော်ပါပြီကွာ"

"ဟ ... မင်းက ဘယ်လိုလဲကွ၊ ပျော့ညံ့လှချည်လား"

ကောင်းမြတ်က ဝေဖန်တယ်။

"သူက ငါ့ကို လုံးဝ အဖက်မတန်သလို ဆက်ဆံခဲ့တာပဲကွ။ အရမ်းစိမ်းကားတာပဲ"

"ဟ ... အစကတော့ ဒီလိုပဲပေါ့ကွ၊ ကိုယ့်ကို လိုက်စကားပြောတဲ့လူကို လှည့်ကြည့်ပြီး သွားဖြီးပြနေရဦးမှာလား"

စိုးမြင့်က ဝင်ပြောပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com


"ဒီလို ဆိုလိုတာ မဟုတ်ပါဘူး။ သူနဲ့ ငါ ဖြစ်နိုင်မယ် မထင်ပါဘူးကွာ။ ငါ နောက်ဆုတ်လိုက်တာ ကောင်းပါတယ်"

"တော်တော်ခက်ပါလား၊ မင်းဟာက ဘာမှတောင် သေသေချာချာ မဟုတ်သေးဘဲနဲ့ အရှုံးပေးဖို့ အရင်စဉ်းစားနေတာပဲ"

"ငါ့ဘက်က အစစအရာရာ အရှုံးချည်းပါပဲလေ၊ ငါက ဆယ်တန်းတောင် မအောင်သေးတဲ့လူ၊ သူက တက္ကသိုလ်ကျောင်းသူကြီး"

"ဟေ့ကောင်၊ ဒါတွေ ထည့်တွက်နေလို့ ဘယ်ရမလဲ။ ဒါမျိုးတွေ ဖြစ်သွားကြတာ ပုံလို့၊ မင်းကလည်း ခုဆယ်တန်းမအောင်သေးပေမယ့် ဒီနှစ်အောင်အောင် ကြိုးစားပေါ့ကွာ"

"မဖြစ်ပါဘူးကွာ၊ နေပါစေတော့"

ပေါ်ကြီးက မောင်ချစ်အေးပုခုံးကို လှမ်းပုတ်ပြီး …

"မင်းက တော်တော် အသည်းငယ်တဲ့ကောင်ကွ။ မိန်းကလေးဆိုတာ အစကတော့ ဒီလိုပဲကွ။ ကောင်းမြတ်တုန်းကဆိုရင် မင်းထက်တောင် ဆိုးသေးတယ်။ စလိုက်ခါစ ဒိန်းငယ်က ပါးကျိုးသွားချင် သလားလို့တောင် ပြောတာခံရသေးတာပဲ။ နောက်တော့လည်း ဖြစ်သွားတာပဲ မဟုတ်လား"

"အောင်မာ၊ ငါ့ကျတော့ ပြောတယ်။ မင်းတုန်းကရော … မိစံကို လိုက်စကားပြောတာလေ၊ မိစံက မင်းကို ရုပ်ကိုက စပ်ဖြဲဖြဲနဲ့ ရှူးကြောင်ကြောင် လာလုပ်လို့မရဘူးလို့ ပြောလိုက်သေးတယ် မဟုတ်လား"လို့ ကောင်းမြတ်က ပြန်ပြောတယ်။

"အေးလေ၊ ထားပါတော့။ ဘာပဲဖြစ်ဖြစ် နောက်ဆုံးတော့ မိစံက ငါ့ကို ပြန်ကြိုက်တာပဲ မဟုတ်လား။ ဒီကောင်ကသာ ဟိုက ဒီလောက်လေး ပြောရုံနဲ့များ၊ ချစ်အေး ဆက်သာလုပ် သူငယ်ချင်း၊ ငါတို့ …"

မောင်ချစ်အေး ခေါင်းကို တွင်တွင်ခါလိုက်တယ်။

"ငါ့ကို ထပ်ပြီး မတိုက်တွန်းကြပါနဲ့တော့ကွာ။ ငါ သိပ်စိတ်ညစ်နေတယ်။ လောလောဆယ် ဘာမှ မစဉ်းစားချင်ဘူး"

သူတို့ အားပေးစကားတွေ ပြောနေသေးတယ်။

မောင်ချစ်အေးက ခေါင်းကိုပဲ ယမ်းပြပြီး နေလိုက်တယ်။

ညဘက်ကျတော့ အဖေနဲ့အတူ ကားပြင်တဲ့နေရာမှာ ဝင်ပြီးကူညီတယ်။

ကားပြင်တဲ့နေရာမှာတော့ စိတ်က ညစ်ချင်တိုင်းညစ်လို့ မဖြစ်တော့ ကားပြင်တဲ့ဆီမှာ အာရုံဝင်စား နိုင်အောင် ကြိုးစားစိတ်သွင်းထားမိတယ်။

www.burmeseclassic.com

www.burmeseclassic.com


ပြင်ရတာက အီဆူဖူး ကာဘာရက်တာတစ်လုံး၊ ဂျပန်လုပ် ကာဘာရက်တာကို အမေရိကန်ဖြစ် ချက်ဗလက်ကားမှာ တင်လို့ရအောင် ပြုပြင်ထားတာ။

အထိုင်တွေကိုပြောင်း၊ ဆီပိုက်တွေပြင်နဲ့ မူရင်းပုံစံကနေ နည်းနည်းပြောင်းနေပြီ။

ကာဘာရက်တာရဲ့ ချို့ယွင်းချက်ကို သိတယ်။ ဆီကောင်းကောင်းမလိုက်ဘူး။ အဲဒီ ချို့ယွင်းချက်က ဘယ်နေရာက ဖြစ်နေတယ်ဆိုတာသာ မသိတာ၊ အဲဒါ ရှာရမယ်။

ဖလုပ်ဘောက အပြစ်လား၊ စလိုးဂျက်က အပြစ်လား၊ ဆီပိုက်တွေ ဆက်တဲ့နေရာမှာ လေဟာ နေသလား၊ ဝါရှာတွေက လုံရဲ့လား။

အစိတ်အပိုင်းတွေကို တစ်စစီ ဖြုတ်ကြည့်၊ အပြစ်ရှာ၊ ဖြစ်နိုင်မယ်ထင်တာတွေ ပြုပြင်၊ ပြီးတော့ အကုန်ပြန်ဆင်၊ စမ်းသပ်ကြည့်၊ မကောင်းသေးဘူး။ အဲဒီလို လေးငါးခါ ဖြုတ်လိုက်၊ တပ်လိုက်၊ ပြင်လိုက် လုပ်ပေမယ့် မရသေး။ ဘယ်အစိတ်အပိုင်းရဲ့ ချို့ယွင်းချက်ဆိုတာလည်း တိတိကျကျ မသိဘူး။

အဖေ့မျက်နှာ နီစပြုလာတယ်။ ချွေးလည်း ပြန်လာတယ်။ နောက်တစ်ကြိမ် ထပ်ဖြုတ်ရပြန်တယ်။ ညဥ့်နက်စတောင်ပြုလာပြီ။ မီးကိုင်းကို ကိုင်ပြီး ပြပေးရတဲ့ မောင်ချစ်အေးလည်း လက်အံ့သေစ ပြုလာပြီ။

အဲဒီအချိန် ...

C B

၉ ။ ။

ဆရာမ စာသင်တာကို ငေးကြည့်နေတဲ့ မျက်နှာကလေးရယ်။

ကျောင်းကားရှိတဲ့နေရာကို ဣန္ဒြေရရ လှမ်းလျှောက်သွားနေတဲ့ အိအိချို။

သနပ်ခါးကလွဲပြီး အနီတွေ အနက်တွေ အပြာတွေ လုံးဝတင်မထားတဲ့ မျက်နှာ။

ပုံစံရိုးရိုး အင်္ကျီလက်တိုအဖြူနဲ့၊ ခပ်ရင့်ရင့် ခပ်မှိုင်းမှိုင်း အရောင်သာများတဲ့ တက်ထရွန် ထဘီဖြောင် ကိုသာ ဝတ်တတ်တဲ့ သွယ်လျလျ ကိုယ်လုံးကလေး။

ဒါတွေနဲ့ တစ်ဆက်တည်းမှာ ...

မောင်ချစ်အေးကို စူးစူးရဲရဲကြည့်လိုက်တဲ့ မျက်လုံးတွေနဲ့ တိကျပြတ်သားတဲ့ စကားတွေ ပြောလိုက်တဲ့ နှုတ်ခမ်း ...။

www.burmeseclassic.com

www.burmeseclassic.com


# C B

"ဟေ့ကောင် ... မင်းမီးပြရမယ့်နေရာက ဒီမှာကွ၊ တစ်လွဲတွေ လျှောက်မထိုးနဲ့ ..."

အဖေ့ငေါက်သံကြားမှ မောင်ချစ်အေး လန့်ဖျပ်ပြီး သတိဝင်လာတယ်။ အဖေ့မျက်နှာကို လှမ်းကြည့်လိုက်တော့ သိပ်စိတ်တိုနေပုံရတယ်လေ။ အဖေက ...

"မင်း ဘာဖြစ်နေသလဲ၊ အလုပ်ထဲမှာ စိတ်မဝင်စားဘူးလား၊ ဒါဆို သွားတော့ ..."လို့ ခပ်ဆတ်ဆတ်ပြောတယ်။

"မဟုတ်ပါဘူး အဖေ၊ စာမေးပွဲဖြေဖို့ကိစ္စ စဉ်းစားနေမိလို့ပါ"

မောင်ချစ်အေးက ပါးစပ်ထဲတွေ့ရာ ပြောလိုက်တာပါ။

အဖေကတော့ ချက်ချင်း မျက်နှာထားပြောင်းသွားတယ်။ လေသံကလည်း ရုတ်တရက် ပျော့ပျောင်းသွားတယ်။

"အေးကွာ ... တော်တော်လည်း ညဥ့်နက်နေပြီ။ တော်ကြစို့၊ မနက်ကျမှ ဆက်လုပ်တာပေါ့ ..."

"ရပါတယ် အဖေရာ ..."

"မင်းရပေမယ့် အဖေ အိပ်ချင်ပြီကွ"ဆိုပြီး မောင်ချစ်အေးပုခုံးကို တစ်ချက်လှမ်းပုတ်တယ်။ ပြီးတော့ လှည့်ထွက်သွားတယ်။

မောင်ချစ်အေး သိပါတယ်။ အဖေ အိပ်ချင်မှာ မဟုတ်သေးပါဘူး။

မောင်ချစ်အေး အနားရအောင် သက်သက်ထွက်သွားတာ ဖြစ်မှာပါ။

ဒီလိုအချိန်မှာ မောင်ချစ်အေးကရော ဘယ်မှာလာ အိပ်ချင်ပါ့မလဲ။

ဒါနဲ့ ကာဘရက်တာကို မောင်ချစ်အေးတစ်ယောက်တည်းပဲ ဆက်ပြီး ပြင်ကြည့်နေလိုက်တယ်။

အဲဒီလိုနဲ့ ဘယ်လောက်ကြာသွားသလဲ မသိ၊ ဘယ်လောက်ပင်ပန်းသွားသလဲ မသိ။

ကားပြင်တဲ့နေရာဘေးမှာရှိတဲ့ ကွပ်ပျစ်ပေါ်က ဖျာစုတ်ကလေးပေါ်မှာ မောင်ချစ်အေးတစ်ယောက် ခွေခွေကလေး အိပ်ပျော်သွားမိတယ်။

ဘယ်လောက်ပဲ တွေးစရာ များနေများနေ၊ တကယ်ပင်ပန်းလာတဲ့အခါတော့လည်း ကိုယ်ခန္ဓာက မနေနိုင်တော့ဘူးပေါ့။

သို့ပေမယ့် ...

www.burmeseclassic.com

www.burmeseclassic.com


အိပ်ရာက နိုးနိုးချင်း သတိရမိတာက ကာဘရိုက်တာအကြောင်း မဟုတ်၊ သူငယ်ချင်းတွေ တိုက်တွန်းအားပေးသလို အိအိချိုကို ဆက်ပြီး ကြိုးစားရင် ကောင်းမလားဆိုတဲ့အတွေးပါ။

ချစ်မြားရှင်ရယ် ...

ဒါတောင်မှ ခင်ဗျားက မောင်ချစ်အေးကို လုံးဝအဖက်လုပ်သေးတာ မဟုတ်ဘူးနော်။ တကယ်လို့များ အိအိချိုက မောင်ချစ်အေးကို တစ်ချက်လောက်များ ပြုံးပြမယ်ဆိုရင် အရူးကြီးများတောင် ဖြစ်ရချည်ရဲ့။

C B

၁၀ ။ ။

ကျောင်းဘက်ကိုမရောက်တာ လေးငါးရက်လောက်ရှိပြီ။ ကြာရင် မေ့မေ့ပျောက်ပျောက် ဖြစ်သွားမှာပါဆိုပြီး နေပေမယ့် မရဘူး။

မောင်ချစ်အေးတို့အိမ်ရှေ့မှာ တရုတ်စကားပင် တစ်ပင်ရှိတယ်။ အိမ်ထဲကို ဝင်တိုင်း၊ အိမ်ထဲက ထွက်တိုင်း မြင်နေရတယ်။ မြင်တိုင်းလည်း ကျောင်းထဲက တရုတ်စကားပင်ကို သတိရတယ်။ အဲဒီအခါ အတွေးတွေက ဆက်ပြီး ပျံ့လွင့်သွားရော။

ဘတ်(စ်)ကားကြီးတွေကို မြင်တိုင်း အိအိချိုတို့စီးတဲ့ ကျောင်းကြိုကား ချစ်မြားရှင်ကြီးကို သတိရတယ်။ အဲဒီအခါ စိတ်တွေက လှုပ်ရှားလာမိပြန်ရော။

အတွေးစတိုင်း အတွေးစတိုင်းရဲ့ အဆုံးသတ်ကတော့ သက်ပြင်းချသံတွေပဲပေါ့။

www.burmeseclassic.com

သည်နေ့လည်း အိပ်ရာက အစောကြီး နိုးနေတယ်။ နေရောင်တောင် ကောင်းကောင်းမပြူသေးဘူး။ ဆောင်းနှောင်းနေပြီ။

သို့ပေမယ့် ...

နှင်းတွေက သိပ်သိပ်သည်းသည်း ကျနေတယ်။

အိအိချိုနောက်ကို ပထမဆုံးအကြိမ် လိုက်ခဲ့တဲ့နေ့ကို သွားသတိရတယ်။

ကျောင်းထဲကို ပြန်သွားချင်တဲ့စိတ်နဲ့ မသွားတော့ဘူးလို့ တင်းခံထားခဲ့တဲ့စိတ်နဲ့ အပြန်အလှန် လွန်ဆွဲနေကြပြန်တယ်။

မျက်နှာသစ်၊ ထမင်းကြော် တစ်ပန်းကန်စား၊ ရေနွေးကြမ်းသောက်ပြီးတဲ့အခါမှာ လက်က တိုင်မှာ ချိတ်ထားတဲ့ အင်္ကျီဆီ အလိုလိုရောက်သွားမိတယ်။

အင်္ကျီဝတ်ပြီး ထွက်လာခဲ့တယ်။

ကားမှတ်တိုင်မှာ ရပ်နေတဲ့အထိ ဘယ်ကိုသွားမယ်လို့ တိတိကျကျ ဆုံးဖြတ်ချက် မချရသေး။ ဘတ်(စ်)ကားတစ်စီးလာလို့ တက်စီးလိုက်တယ်။

ကားပေါ်ရောက်တဲ့အထိ စိတ်က ချီတုံချတုံပဲ။

နောက်ကနေ ပုခုံးကို လာတို့လို့ လှည့်ကြည့်လိုက်တော့ မြင့်ရှိန်ကို တွေ့လိုက်တယ်။

သူက အရင် မောင်ချစ်အေးတို့နဲ့ တစ်တန်းတည်းနေခဲ့တဲ့ သူငယ်ချင်း၊ ခုတော့ စက်မှုတက္ကသိုလ်ကို ရောက်နေပြီ။

"ဘယ်သွားမလို့လဲကွ"

သူက မေးတယ်။

"ဘယ်မှမဟုတ်ပါဘူးကွာ၊ ပျင်းလို့ထွက်လာတာပါ"

မြင့်ရှိန်က သူတို့ စက်မှုတက္ကသိုလ် လိုက်လည်ဖို့ ခေါ်တယ်။ မောင်ချစ်အေး စဉ်းစားတယ်။

စက်မှုတက္ကသိုလ်ကို တစ်ခါမှ မရောက်ဖူးသေးဘူး။ ပြီးတော့ ခုချိန်မှာ မောင်ချစ်အေးအဖို့ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်ထဲကို သွားချင်တဲ့စိတ် ရှိနေသလို မသွားလည်း မသွားချင်ဘူး။ မြင့်ရှိန်ကလည်း သူတို့ဆီ အတင်း ခေါ်နေတယ်။

"လိုက်မယ်ကွာ"လို့ ပြောလိုက်တယ်။

www.burmeseclassic.com

မြေနီကုန်းကနေ နံ့ပတ်ရှစ်ကားကို ပြောင်းစီးတယ်။

ဘီပီအိုင်မှတ်တိုင်ကျတော့ ဆင်းပြီး စက်မှုတက္ကသိုလ်ကျောင်းဝင်းထဲ ဝင်ခဲ့တယ်။

ခမ်းနားလိုက်တာ။

ဝိဇ္ဇာသိပ္ပံတက္ကသိုလ်က အဆောက်အအုံတွေက ရှေးဆန်ပြီး ခန့်ညားတယ်။

ကျယ်ဝန်းတဲ့ ဝင်းကြီးထဲမှာ နေရာကို ဖြန့်ယူထားပြီး ကြားထဲမှာ သစ်ပင်ကြီးတွေ၊ ပန်းမန်တွေ၊ မြက်ခင်းတွေနဲ့ ဝေဝေဆာဆာ ရှိနေတယ်။ ဒီနည်းနဲ့ အရှိန်အဝါကို ကျယ်ပြန့်စွာ ယူထားတယ်။

စက်မှုတက္ကသိုလ် အဆောက်အအုံတွေကတော့ လှတယ်။ နေရာကို ကျစ်ကျစ်လစ်လစ်ယူထားပြီး သစ်လွင်တောက်ပတဲ့ အရှိန်အဝါနဲ့ ထိန်းထားတယ်။

သြော် ... အားကျစရာ။

"ဟေ့ကောင် ... မင်း ကျောင်းကိစ္စ ဆက်မလုပ်တော့ဘူးလား"

မြင့်ရှိန်က မေးတယ်။ ကျောင်းကိစ္စဆိုတာ စာမေးပွဲ မဖြေတော့ဘူးလားဆိုတဲ့သဘောပါ။ စကားလုံး လှအောင် သူရွေးပြီး ပြောလိုက်တာပေါ့။

မောင်ချစ်အေး အားငယ်နေမှာစိုးလို့ ထိန်းထိန်းသိမ်းသိမ်း ပြောတာဖြစ်မယ်။

"အေးကွာ၊ ဒီနှစ်တော့ ဖြေမယ် စိတ်ကူးတယ်"

"လုပ်စမ်းပါကွာ၊ ငါ ဆယ်တန်းတုန်းကဆို အတန်းထဲမှာ မင်းက စာတော်တာပဲကွ။ မင်း စာမေးပွဲ မအောင်ဘူးဆိုတော့ ငါ အံ့သြသွားရတယ်"

"အေးပါကွာ၊ ဒီနှစ်တော့ အောင်မယ် ထင်တာပဲ"လို့ ပြောပြီး လွယ်ထားတဲ့ လွယ်အိတ်ကြိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်မိတယ်။ မောင်ချစ်အေးဟာ ကျောင်းသားတစ်ယောက် မဟုတ်တော့ပေမယ့် ကျောင်းသားစိတ် မကုန်သေးလို့လားတော့ မသိ၊ အမြဲတန်း လွယ်အိတ်လွယ်လေ့ရှိတယ်။

မြင့်ရှိန်က မောင်ချစ်အေးကို စက်မှုတက္ကသိုလ်ကျောင်းဝင်းထဲ လိုက်ပြတယ်။

ပင်မ စာသင်ဆောင်၊ လက်တွေ့ခန်း၊ ဓာတ်ခွဲခန်း၊ အလုပ်ရုံတွေ၊ စက်မှုတက္ကသိုလ်က ကျောင်းသား ကျောင်းသူတွေနေတဲ့ အဆောင်တွေ။ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှာလို ရွှေဘို၊ စစ်ကိုင်း၊ အင်းဝ စတဲ့ နာမည်မျိုးတွေ မဟုတ်ဘူး၊ ရိုးရိုးပဲ။ အေ၊ ဘီ၊ စီ၊ ဒီ၊ အီး၊ အက်(ဖ်)၊ ဂျီလို့ မှည့်ထားတယ်။ မိန်းကလေးတွေ နေတဲ့အဆောင်ကတော့ ဂျီဟော(လ်)ပေါ့။

"ကဲ ... ဟိုဘက် ဆင်းရအောင်။ ကင်တင်းမှာ တစ်ခုခု သွားစားမယ်ကွာ။ ပြီးရင် ဂျီဟော(လ်)ဘက် လှည့်လို့ရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com


စားသောက်ဆိုင်ရောက်တော့ မြင့်ရှိန်က ဘာစားမလဲ မေးတယ်။ မနက်က ထမင်းကြော် စားလာခဲ့သေးလို့ မဆာကြောင်း၊ လက်ဖက်ရည်လောက်ပဲ သောက်မယ်လို့ ပြောပြီး လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်ကြတယ်။

လက်ဖက်ရည်သောက်ရင်း အထက်တန်းကျောင်းတုန်းက သူငယ်ချင်းတွေအကြောင်း ပြောဖြစ်တယ်။

ကောင်းမြတ်တို့ ပေါ်ကြီးတို့အကြောင်းလည်းပါတယ်။ ဒိန်းငယ်တို့ မိစံတို့နဲ့ အဆင်ပြေတုန်းက အကြောင်း။

"အေးကွာ၊ သူငယ်ချင်းအချင်းချင်း ပြန်ဖြစ်ကုန်ကြတာ ကောင်းတာပေါ့။ ဒါနဲ့ စိုးမြင့်ကော"

"ဒီကောင်ကတော့ မစွံသေးဘူးကွ၊ ငါ့လိုပဲ"လို့ မောင်ချစ်အေးက ပြောတော့၊ မြင့်ရှိန်က …

"အေးလေ … ငါကလည်း ငါ့လိုပဲလို့ ပြောရမှာပဲ"ဆိုပြီး ရယ်မိကြသေးတယ်။

မြင့်ရှိန်က မောင်ချစ်အေးနဲ့ စကားပြောနေရာက ဆိုင်အပေါက်ဝဘက်ကို ကြည့်ပြီး ပြုံးပြလိုက်တယ်။

အဲဒီဘက်က မောင်ချစ်အေး ကျောပေးထားတဲ့ဘက်ဆိုတော့ မမြင်ရဘူး။ မောင်ချစ်အေး လှည့်ကြည့်မိတယ်။

"ဟင် … အိအိချို"

မောင်ချစ်အေး အရမ်းအံ့သြသွားတယ်။ အိအိချိုကလည်း မောင်ချစ်အေးကို မြင်လိုက်ရလို့ အံ့သြသွားသလား မသိ။ အိအိချိုနဲ့အတူ ပါလာတဲ့ အမျိုးသမီးတစ်ယောက်က မြင့်ရှိန်ကို ပြန်ပြီးပြုံးပြတယ်။

"ဘယ်လိုများ ရောက်လာတာလဲဗျ"

မြင့်ရှိန်က မေးတယ်။ အိအိချိုနဲ့ ပါလာတဲ့ အမျိုးသမီးက တစ်ဖက်က စားပွဲမှာ ဝင်ထိုင်ရင်း …

"သူငယ်ချင်းတစ်ယောက်ဆီ လာတာလေ။ လွင်လွင်တဲ့၊ ကိုမြင့်ရှိန်များ သိမလား မသိဘူး။ ကမ်မစ်ကယ် သာ့ဒ်ရီးယားက"

"အမှတ်တမဲ့ပဲ၊ မြင်ရင်တော့ သိမလား မသိဘူး"

မြင့်ရှိန်ရဲ့အသိ အမျိုးသမီးက မောင်ချစ်အေးဘက်ကို မျက်လုံးတစ်ချက်ဝေ့ကြည့်တယ်။

အိအိချိုကလည်း မောင်ချစ်အေးကို တစ်ခါနှစ်ခါ လှမ်းကြည့်တယ် ထင်တယ်။

"ဒါ ကျွန်မသူငယ်ချင်းလေ၊ ရာဇူးကပဲ။ ဘားမိစ် သာ့ဒ်ရီးယားက အိအိချိုတဲ့"

မြင့်ရှိန်သူငယ်ချင်း အမျိုးသမီးက မိတ်ဆက်ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com


မြင့်ရှိန်ကလည်း မောင်ချစ်အေးနဲ့ ပြန်ပြီး မိတ်ဆက်ပေးလိုက်တယ်။

"ချစ်အေး၊ ဒါ ငါ့သူငယ်ချင်း အမ်စီက ဆွေဆွေတဲ့"

ပြီးတော့ မောင်ချစ်အေးရဲ့ ပုခုံးကို လှမ်းပုတ်ပြီး ...

"မဆွေ ... ဒါကတော့ ကျွန်တော့်သူငယ်ချင်း ချစ်အေးတဲ့။ ကျွန်တော်တို့နဲ့ အတန်းအတူတူ နေခဲ့ကြတာပေါ့"

မြင့်ရှိန်ကတော့ မောင်ချစ်အေးကို အားနာလို့ စကားရောချလိုက်တာပဲ။

သူဆိုလိုတာက ဆယ်တန်းတုန်းက အတူတူပဲလို့ ဆိုလိုတာ။

သို့ပေမယ့် ...

သူပြောလိုက်ပုံက စက်မှုတက္ကသိုလ်မှာ အတန်းတူတူပဲဆိုတဲ့သဘောမျိုး ဖြစ်သွားတယ်။

ဒါကြောင့် ...

မောင်ချစ်အေး မျက်နှာအထားရခက်သွားတယ်။

ဘာပဲဖြစ်ဖြစ် ခုချိန်မှာ မောင်ချစ်အေး တစ်ခုပဲ သတိထားလိုက်မိတယ်။

အိအိချိုက မောင်ချစ်အေးကို အသိအမှတ်ပြုတဲ့အနေနဲ့ ပြုံးပြတယ်။

ဟုတ်တယ်။

သူပြုံးပြတယ်။

မောင်ချစ်အေး ရင်ထဲမှာ ဗလောင်ဆူသွားတယ်။

ဒီကောင်ကတော့ ရူးရတော့မယ် ထင်ပါရဲ့။

C B

ရူးလည်း ရူးခဲ့ရတာပါပဲ။

အိအိချိုဆီက အပြုံးကလေးတစ်ခုကို ရတနာထုပ်လို ရင်မှာပိုက်ပြီး ပြန်လာခဲ့ပါတယ်။

ညနေကျတော့ သူငယ်ချင်းတွေကို တစ်အိမ်တက် တစ်အိမ်ဆင်း လျှောက်ခေါ်ပြီး ပြောပြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ဝမ်းသာကြတာပါပဲ။

စိုးမြင့်ကတော့ တစ်ခု သတိပေးတယ်။

"အိအိချိုအနေနဲ့ မိတ်ဆက်ပေးတာကို ခပ်တည်တည်ကြီးလုပ်နေရင် ရိုင်းရာကျမှာစိုးလို့သာ ပြုံးပြရတာကော မဖြစ်နိုင်ဘူးလား"

စိတ်ထဲက ထင့်သွားမိပြန်တယ်။

တစ်ခုတော့ရှိတယ်။

အိအိချိုဟာ စိတ်ထဲက မပါဘဲ အလုပ်တစ်ခုခုကို ဟန်ဆောင်လုပ်တတ်တဲ့ မိန်းကလေးမျိုး မဟုတ်ဘူး။

"ဒီလိုရှိတယ်ကွ။ အိအိချိုရဲ့ ဝတ်စားဆင်ယင်ပုံနဲ့ ဟန်အမူအရာကို ကြည့်ခြင်းအားဖြင့် သူ့စိတ်ထားဟာ တိကျပြတ်သားပုံရတယ်။ စည်းကမ်းကြီးပုံလည်းရှိတယ်။ ဒါကြောင့် ချစ်အေးက သူ့ကို အတင်းလိုက်စကားပြောတာကို မကြိုက်ဘူး။ လူကြီးလူကောင်းဆန်တဲ့နည်းလည်း မဟုတ်ဘူး။ သက်သက် လိုက်နှောင့်ယှက်တဲ့ သဘောလို့ သူထင်လိမ့်မယ်။ ခုလို တစ်ယောက်ယောက်က မိတ်ဆက်ပေးလို့ သိကျွမ်း ရတာကျတော့ ယဉ်ကျေးတဲ့အပြုအမူမို့ သူလက်ခံတယ်ဆိုတဲ့သဘော ဖြစ်နိုင်တယ်"

ကောင်းမြတ်က ထောက်ပြပြန်တယ်။

ဘာပဲဖြစ်ဖြစ်လေ ...။

နောက်တစ်နေ့ ကျောင်းထဲကို သွားတဲ့အခါကျတော့ သိရတာပါပဲ။

မောင်ချစ်အေးတစ်ယောက် ဝိဇ္ဇာသိပ္ပံနယ်မြေထဲ ပြန်လည်ခြေချခဲ့မိပြန်တယ်။

စိတ်ထဲမှာတော့ အိမ်ကို စိတ်ကောက်ပြီး အိမ်က ဆင်းမယ်လို့ ထွက်သွားပြီးမှ ညနေကျတော့ မနေနိုင်လို့ ပြန်လာတဲ့လူလို မဝံ့မရဲနဲ့ ရှက်တက်တက်ကလေး ဖြစ်နေတယ်။

သူငယ်ချင်းတွေ တစ်ယောက်မှ မခေါ်ဘဲ တစ်ယောက်တည်း လာခဲ့တယ်။

သူငယ်ချင်းတွေ တရုန်းရုန်းနဲ့ဆို အိအိချိုက မျက်စိနောက်မယ်။ မိန်းကလေးတစ်ယောက်ကို လိုက်နောက်ပြောင်တဲ့ပုံစံမျိုး ဖြစ်နေလို့ သူကြိုက်ချင်မှ ကြိုက်မယ်လို့ သူငယ်ချင်းတွေက အကြံညာဏ် ပေးကြတယ်။

အသင့်တော်ဆုံးအချိန်ကို ရွေးထားတယ်။

အိအိချိုတို့ နောက်ဆုံးအတန်းချိန် ပြီးမယ့်အချိန်။ စောင့်မယ့်နေရာက အိအိချို ကျောင်းကြိုကားဆီ လာမယ့်လမ်း တစ်နေရာရာက ...။

www.burmeseclassic.com

www.burmeseclassic.com


အသေချာဆုံးဖြစ်တဲ့ တောင်ငူဆောင် ဝင်ပေါက်ဝနားက အုတ်ခုံမှာ ထိုင်စောင့်နေလိုက်တယ်။

ကျောင်းသားကျောင်းသူတချို့ တောင်ငူဆောင်ထဲက ထွက်လာတာ တွေ့ရတယ်။

ခဏအကြာမှာ အင်္ကျီအဖြူနဲ့ ထဘီနက်ပြာရောင်ကို လှမ်းမြင်ရတယ်။

အိအိချို လာပါပြီ။

မောင်ချစ်အေးကို ခပ်လှမ်းလှမ်းက မြင်မိသလားတော့မသိ။ မောင်ချစ်အေးရဲ့ ရင်မှာတော့ ဝတ္ထုတစ်ပုဒ်ရဲ့ ဇာတ်သိမ်းခန်းရောက်ခါနီးမှာ ဘာဖြစ်မလဲ၊ ဘာဖြစ်မလဲလို့ ဖတ်ရင်း စိတ်မောရသလိုပါပဲ။

အိအိချို စကားလှမ်းပြောနိုင်တဲ့ အကွာအဝေးကို ရောက်လာတယ်။

မောင်ချစ်အေးကို သူမြင်သွားတယ်။

မောင်ချစ်အေး ထရပ်ပြီး …

"မအိအိချိုပါလား၊ အတန်းပြီးသွားပြီလား"

"ဟုတ်ကဲ့"လို့ ပြောပြီး သူပြုံးပြပါတယ်။

C B

၁၁ ။ ။

အံ့သြမယ်ဆိုရင် မအံ့သြသင့်ဘူးလား။

အခြေအနေက ရက်ပိုင်းအတွင်းမှာ ပြောင်းတိပြောင်းပြန် ဖြစ်သွားရတယ်။

အိအိချိုဟာ မောင်ချစ်အေးကို တုံ့ပြန်အသိအမှတ်ပြုချင်တဲ့သဘောထား ပြလာခဲ့တာဟာ စိတ်ဓာတ်ကို မိုးပျံပူဖောင်းထဲ ထည့်ပေးလိုက်သလိုပါပဲ။

တက္ကသိုလ်ကျောင်းထဲကို လုံးဝ ခြေမချတော့ဘူးလို့ ဆုံးဖြတ်အံ့ဆဲဆဲ အခြေအနေကနေ အဓိပတိလမ်းမကြီးဟာ ချောင်းမကြီးတစ်ခု ဖြစ်လာတော့မလောက် မောင်ချစ်အေးရဲ့ ခြေရာတွေ ထပ်လာခဲ့ပြန်ပါတယ်။

မောင်ချစ်အေးမှာ နည်းနည်း အပြောင်းအလဲလေးတွေ ဖြစ်လာသေးတယ်။

www.burmeseclassic.com

အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်ချင်လာတယ်။ ရှိရင်းစွဲကလေးတွေကိုပဲ စင်စင်ကြယ်ကြယ် လျှော်ဖွပ်၊ မဲနယ်ကလေး ဆိုးတန်ဆိုး၊ ကြေးမီးပူကြီးနဲ့ တိုက်ပေါ့။

အလုပ်ကိုလည်း ပိုပြီး ကြိုးစားလုပ်တယ်။ အကြောင်းကတော့ မုန့်ဖိုးပဲဖိုးကလေး ပိုရအောင်လို့။

တစ်ခါတစ်လေ အသေးအဖွဲ ပြင်စရာပြုစရာ ရှိတဲ့အခါ အဖေက မလိုက်တော့၊ မောင်ချစ်အေးပဲ သွားရတယ်။

အိမ်ကိုလည်း ပြန်ပေး၊ တချို့တစ်ဝက်ကိုလည်း ကျောင်းသွားဖို့ စရိတ်အဖြစ် သုံးရတာပေါ့။

နောက်တစ်ခုက …

မောင်ချစ်အေး ဆယ်တန်းစာမေးပွဲ ပြန်ဖြေဖို့ ပြင်ဆင်ရတယ်။ စာတွေ ပြန်ကြည့်၊ သင်္ချာပုစ္ဆာ C B ၁တွေ ပြန်တွက်၊ လိုအပ်တဲ့ စာအုပ်တွေ လိုက်ငှား စသည်ဖြင့် …။

အိအိချိုက မောင်ချစ်အေး နှုတ်ဆက်တာကို ပြန်နှုတ်ဆက်ဖော်ရလာပြီးတဲ့ နောက်ရက်တွေမှာ ကျောင်းထဲကို မကြာခဏ ရောက်ဖြစ်တယ်။ အိအိချိုကို နှုတ်ဆက်ခွင့်ရအောင် နည်းအမျိုးမျိုးနဲ့ ကြိုးစားနေတယ်။

အင်းလေ … အမျိုးမျိုး ဖန်တီးယူရတာပေါ့။

တစ်ခါတစ်လေ လမ်းသွားရင်း ဆုံမိသလိုဖြစ်အောင်၊ တစ်ခါတစ်လေလည်း တောင်ငူဆောင်ကို ဖြတ်သွားရင်း အတန်းပြီးလို့ ထွက်လာတဲ့ အိအိချိုနဲ့တွေ့အောင်၊ တစ်ခါတစ်လေကျတော့ ကျောင်းကြိုကားဆီ အသွား လမ်းတစ်နေရာမှာ ထိုင်နေတဲ့ မောင်ချစ်အေးကို မြင်ရအောင် …။

အမှန်တော့ …

အဲဒါတွေ အားလုံး တစ်ခုမှ မတော်တဆ ကြုံကြိုက်တာတွေ မပါဘူး။ တမင်ဖန်တီးယူတာတွေလေ။

အဲဒီလို ဆုံတဲ့အခါတိုင်း ပြုံးပြနှုတ်ဆက်ဖြစ်ကြတယ်။

"အတန်းမရှိဘူးလား"

"ဟော … ဘယ်သွားမလို့လဲ"

"ဖယ်ရီမမီမှာစိုးလို့ သွားဦးမယ်နော်"

"ဟုတ်ကဲ့"စတဲ့ စကားမျိုးတွေ တစ်ခွန်းစ နှစ်ခွန်းစ ပြောဖြစ်လာကြတယ်။

တစ်ရက်ကျတော့ …

www.burmeseclassic.com

www.burmeseclassic.com


အိအိချို ကျောင်းကြိုကား မမီဘူး။ ဘတ်(စ်)ကားနဲ့ ပြန်ဖို့ မှတ်တိုင်ကိုအသွား၊ အကွက်ချောင်းနေတဲ့ မောင်ချစ်အေးဟာ လမ်းခုလတ် တစ်နေရာကနေ ပေါ်လာပြီး မမျှော်လင့်ဘဲ ဆုံတွေ့ဟန်နဲ့ ...

"ဘယ်သွားမလို့လဲ မအိအိချို"

"သြော် ... ကိုချစ်အေး၊ ဖယ်ရီ မမီတာနဲ့ ဘတ်(စ်)ကားနဲ့ပဲ ပြန်ရမယ်လေ"

"အတော်ပဲ၊ ကျွန်တော်လည်း ပြန်မလို့"ဆိုပြီး စကားရောဖွဲ့ရောလုပ်ရင်း သူနဲ့ယှဉ်ပြီး လျှောက်လာခဲ့တယ်။

အိအိချိုဟာ မနှစ်လိုတဲ့ပုံစံ မပြဘူး။

မှတ်တိုင်ရှိရာကို လျှောက်လာကြရင်း စကားနည်းနည်း ပြောဖြစ်ကြသေးတယ်။

အမှန်က မောင်ချစ်အေးအနေနဲ့ နံပတ်ကိုးကားဖြစ်ဖြစ်၊ ကြည့်မြင်တိုင်ဘက်ပတ်တဲ့ ဆယ့်ခြောက်ကား ဖြစ်ဖြစ် စီးရမှာ။

သို့ပေမယ့် ...

အိအိချိုစီးတဲ့ ရန်ကင်းဘက်သွားတဲ့ ဆယ့်ခြောက်ကားကိုပဲ စီးလိုက်တယ်။

အိအိချိုအတွက် ကားခကိုလည်း မောင်ချစ်အေးကပဲ ပေးလိုက်ပါတယ်။

သည်လိုနဲ့ တစ်စတစ်စ ပိုလို့ ရင်းနှီးလာခဲ့ရပါပြီ။

C B

၁၂ ။ ။

မောင်ချစ်အေး အရဲစွန့်လိုက်တယ်။

အိအိချိုတို့ အတန်းနားကနေ မသိမသာ လှမ်းကြည့်လိုက်တော့ မကြာခင်ကမှ အတန်းပြီးသွားမှန်း သိလိုက်တယ်။

အခန်းထဲမှာ ကျောင်းသူလေးငါးယောက် စကားဝိုင်းဖွဲ့ပြောရင်း ထမင်းစားနေကြတယ်လေ။

မောင်ချစ်အေး သိလိုက်တယ်။

သည်အချိန်ဆို အိအိချို တောင်ငူဆောင် စားသောက်ဆိုင်တန်းမှာ ရှိနေမှာပဲ။

အဆောင်နောက်ဘက် အပေါက်က ထွက်ပြီး စားသောက်ဆိုင်တန်းတွေဘက် လာခဲ့တယ်။

www.burmeseclassic.com

အသုပ်စုံဆိုင်မှာ အိအိချိုကို တွေ့ရတယ်။ မောင်ချစ်အေးကို မမြင်ဘူး။ သူ့အနားသွားပြီး နှုတ်ဆက်မယ်လို့ ဆုံးဖြတ်လိုက်တယ်။

ဆေးလိပ်ဆိုင်ကို ကွေ့ပြီး အိအိချိုနဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ ကုလားထိုင်ကို လက်ထောက်ပြီး ရပ်လိုက်တဲ့အခါမှာ အိအိချိုက ထမင်းသုပ်စားနေရာက မော်ကြည့်လိုက်တယ်။

"သြော် … ကိုချစ်အေး၊ စားပါဦးလား"

မကောင်းတတ်လို့ မေးရပုံမျိုး မဟုတ်။ တကယ် စိတ်ပါလက်ပါ မေးတာဖြစ်ရမယ်။

မောင်ချစ်အေးလည်း ခုံကိုဆွဲပြီး ဝင်ထိုင်မိလျက်သား ဖြစ်သွားတယ်။

"ဘာစားမလဲ"လို့ မေးတယ်။

"ဟင့်အင်း … မစားတော့ပါဘူး၊ လက်ဖက်ရည်ပဲ သောက်တော့မယ်။ အိအိချိုကော လက်ဖက်ရည် သောက်မလား"

"ဟင့်အင်း … သံပုရာရည်တစ်ခွက် သောက်မယ်၊ မှာပေးပါ"

ခပ်လှမ်းလှမ်းက ဖြတ်သွားတဲ့ အအေးဆိုင်က စားပွဲထိုးကလေးကို လှမ်းခေါ်ပြီး …

"သံပုရာရည်နှစ်ခွက်လောက်ပေးပါ"

အိအိချိုက မောင်ချစ်အေးကို တစ်ချက်လှမ်းကြည့်ပြီး ပြောတယ်။

"ခုနတော့ လက်ဖက်ရည်သောက်မလို့ဆို"

"တော်ပြီဗျာ၊ သံပုရာရည်ပဲ သောက်တော့မယ်။ နွေဘက်ရောက်တော့မယ်ဆိုတော့ ပူလာပြီဗျ"

အိအိချိုက ထမင်းသုပ်ကို လက်စသတ်လိုက်တယ်။

အိအိချိုဟာ မောင်ချစ်အေးနဲ့ အတူတူထိုင်နေတဲ့အတွက် ရက်ရွံ့ဟန်၊ အနေရခက်ဟန် မရှိ။ အဲဒါတွေက မောင်ချစ်အေးဆီမှာသာ ရှိလို့နေတာ။ ပြီးတော့လည်း အိအိချိုရဲ့ မျက်နှာထားက မောင်ချစ်အေးကို အလိုက်မသိရန်ကောလို့ မကျေနပ်ဟန် မနှစ်မြို့ဟန် မဟုတ်ဘူး။

သံပုရာရည်နှစ်ခွက် လာပို့တယ်။

အိအိချိုဘက် တစ်ခွက်တွန်းပို့လိုက်ပြီး မောင်ချစ်အေးရဲ့ ခွက်ထဲက တစ်ငုံယူငုံလိုက်တယ်။

အဲဒီတော့မှပဲ စိတ်လှုပ်ရှားတာ နည်းနည်းငြိမ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com


ဒါကြောင့် စကားစပြောရတယ်။

"ညနေဘက် အတန်းမရှိတော့ဘူးလား"

"ဆယ့်နှစ်နာရီ လေးဆယ်မှာ ကျူတိုရီယယ် ရှိသေးတယ်"

မောင်ချစ်အေးက ဟိုတစ်နေ့က ကျောင်းကားမမီတာ သွားသတိရလို့ …

"ဒီနေ့ကော ကျောင်းကားမီပါ့မလား"

"မီပါတယ်၊ ဒီနေ့တော့ ကိုချစ်အေး ကားခ မကုန်ရတော့ပါဘူး"လို့ ပြောပြီး ပြုံးလိုက်တယ်။

သူ့အတွက် မောင်ချစ်အေးက ဘတ်(စ်)ကားခ ပေးခဲ့တာကို အမှတ်တရပြောတာ။

ခုလို အနောက်အပြောင် အရွှန်းအပြက်စကားတွေ ပြောဖော်ရလို့ အားတက်လာမိတယ်။

"ဦးစိတ်တိုကြီးက သိပ်တိကျတာပဲနော်"

"ရှင် …"

"ဩော် … မအိအိချိုတို့စီးတဲ့ ကျောင်းကားကို မောင်းတဲ့ အဘိုးကြီးကို ပြောတာလေ"

"ကိုချစ်အေးက ဒီနာမည်တောင် သိနေပြီပဲ"

အိအိချိုနဲ့ ပတ်သက်နေလို့ စုံစမ်းထားတာလို့ ထင်သွားမလား။ တကယ်လည်း ဟုတ်ပါတယ်။

အိအိချိုနဲ့ ပတ်သက်ရင် အသေးအဖွဲက အစ သိထားဖို့ ကြိုးစားနေတာပါ။

ဒါကြောင့် …

"ကားနာမည်လည်း သူနဲ့ တော်တော်လိုက်တယ်နော်။ ဟဲ … ဟဲ … ချစ်မြားရှင်တဲ့"

အိအိချိုက ရယ်တယ်။

တကယ်တော့ ချစ်မြားရှင်ဆိုတဲ့နာမည်က အိအိချိုနဲ့မှ လိုက်တာလို့ စိတ်ထဲက ပြောလိုက်တယ်။

"ဟုတ်တယ်၊ ကိုချစ်အေးရဲ့"

"ခင်ဗျာ"

www.burmeseclassic.com

မောင်ချစ်အေး စိတ်ထဲက ပြောလိုက်တာကို အိအိချိုများ သိသွားလားလို့ ရုတ်တရက် ကြောင်သွားမိတယ်။

“ဦးစိတ်တိုကြီးက တကယ်တိကျတာပဲ။ ကားထွက်ချိန်ရောက်ပြီဆိုရင် တစ်မိနစ်တောင်မှ မစောင့်တော့ဘူး။ ကျွန်မတို့ ကျူတိုရီယယ်ကလပ်(စ်)တွေကလည်း တစ်ခါတစ်လေ နောက်ကျတတ်တော့ တချို့ရက်တွေ မမီမှန်းသိလို့ လမ်းကပဲ စောင့်ပြီး ဖြတ်တားရင် သိပ်ကျေနပ်ချင်တာ မဟုတ်ဘူး။ ပွစိပွစိနဲ့ ဆောင့်ဆောင့်ပြီး ရပ်တာပဲ”

“ကျောင်းကား မမီတော့လည်း ဘာဖြစ်လဲ၊ ဘတ်(စ်)ကားနဲ့ပဲ ပြန်ပေါ့။ ကျွန်တော်လည်း ကားခ ထပ်ကုန်ရတာပေါ့”

ပြောင်သလို နောက်သလိုနဲ့ သွေးတိုးစမ်းလိုက်တဲ့ စကား။ အိအိချိုက ဘာမှပြန်မပြော။ ပြုံးယောင်ယောင်ကလေးပဲ။ ပြီးတော့ လက်ပတ်နာရီကို မသိမသာ ငုံ့ကြည့်လိုက်တယ်။

“ဆယ့်နှစ်နာရီတောင် ထိုးနေပြီ”လို့ ခပ်တိုးတိုးရေရွတ်ပြီး စားပွဲပေါ်မှာ ချထားတဲ့ ပိုက်ဆံအိတ်ကလေးကို ဖွင့်မလို့လုပ်နေတယ်။

“နေပါစေ၊ ကျွန်တော် ပေးလိုက်မယ်”

“အို ... မဟုတ်တာ၊ ကျွန်မ စားတာက ပိုများတာပဲ”

“ဒီတစ်ခါတော့ ကျွန်တော် ပေးပါရစေ။ နောက်တစ်ခါ စားမှ မအိအိချို ပေးပေါ့”

မောင်ချစ်အေးရဲ့ စကားက နောက်တစ်ကြိမ် ခုလို စားသောက်ဆိုင်မှာ ထိုင်ကြဦးစို့ ဆိုတဲ့သဘော။ အိအိချိုက ရယ်တယ်။

C B

၁၃ ။ ။

“ခွေးကောင် ... အဆင်ပြေနေလို့ ငါတို့တောင် သိပ်ဂရုမစိုက်တော့ဘူး မဟုတ်လား”

တွေ့တွေ့ချင်း ပေါ်ကြီးက ဆီးပြီးဟောက်လိုက်တယ်။

“ဟုတ်ပါဘူးကွာ”လို့ ရယ်ကျဲကျဲပြောရင်း အုတ်ခုံပေါ်မှာ ဝင်ထိုင်လိုက်တယ်။

www.burmeseclassic.com

"ဘာမဟုတ်ပါဘူးလဲ၊ ခါတိုင်းဆိုရင် အိအိချိုဆီ တစ်ယောက်တည်း မသွားရဲလို့ ငါတို့ဆီ အရင်ဝင်ပြီး လာလာခေါ်ပြီးတော့ ...။ အဲဒီတုန်းက မျက်နှာက ခုလို မဟုတ်ပါဘူး။ ခုတော့ ဟိုကို အရင်ဝင် ဖူးမြော်ပြီး အချိန်ပိုမှ ငါတို့ဆီ လာဖော်ရတော့တာပေါ့ ဟုတ်လား"

"ဒီကောင်က ငါတို့ကို အိမ်သာလို သဘောထားတာကွ။ ဗိုက်နာတဲ့အချိန်ကျမှ သတိရတာ။ ကိစ္စဝိစ္စတွေလည်း ပြီးရော အမြန်ဆုံး ပြန်ထွက်ချင်သလိုမျိုးပေါ့"

စိုးမြင့်ကပါ ဝင်ထောင်လိုက်ပြန်တယ်။

အဲဒီအချိန်မှာ ကောင်းမြတ် ရောက်လာပြီး ...

"ဟာ ... ချစ်အေးပါလား၊ အိအိချိုဆီ မသွားရဲလို့ ငါတို့ကို လာခေါ်တာ မဟုတ်လား။ နောက်ကနေ လိုက်ပြီး တွန်းစတတ် လုပ်ပေးရမလားကွ"လို့ လာရိနေသေးတယ်။

"မင်းတို့ကလဲကွာ၊ ငါ မင်းတို့ကို လာမခေါ်တာက ဒုက္ခမပေးချင်တော့လို့ပါ။ ပြီးတော့ မင်းတို့ပဲ ငါတစ်ယောက်တည်း သွားရမယ်ဆို၊ သူငယ်ချင်းတွေနဲ့ တရုန်းရုန်း မသွားသင့်တော့ဘူးဆို"

"အေးပါ၊ မင်းကို သက်သက်နောက်တာပါကွ။ အခု ဆိုစမ်း၊ ဘယ်အခြေအနေတွေအထိ ပြောပြီးပြီလဲ"

မောင်ချစ်အေးက အခြေအနေတွေကို ပြောပြလိုက်တယ်။

အိအိချိုနဲ့ မောင်ချစ်အေးတို့ရဲ့ ရင်းနှီးမှု အတိုင်းအတာ။

ဒီနေ့ စားသောက်ဆိုင်တန်းမှာ ဆုံခဲ့တဲ့အကြောင်း။

"ဟ ... ကောင်းလှချည်လား ... မင်းအခြေအနေက၊ အိုကေ ဆက်လုပ်"

"ဘာဆက်လုပ်ရမှာလဲ"

"ဖွင့်ပြောလိုက်တော့လေ"

"ဟာ ... မဖြစ်သေးဘူး။ ခုဖြစ်နေတာက ဒီလိုကွ၊ သူနဲ့ငါနဲ့က ဟိုအရင် ငါသူ့ကို လိုက်စကားပြောဖို့ ကြိုးစားခဲ့တာတွေ၊ သူငါ့ကို ပစ်ပစ်ခါခါ လုပ်ခဲ့တာတွေ ပြန်အစမဖော်မိကြဘူး။ တစ်ယောက်နဲ့တစ်ယောက် ဘာမှမဖြစ်ခဲ့ကြသလို နေခဲ့ကြတာ။ အရင်က လုံးဝ မသိခဲ့ကြဘဲ မြင့်ရှိန် မိတ်ဆက်ပေးမှ စသိကြသလိုချည်း နေနေကြတာ။ ဒါကြောင့် ဖွင့်ပြောရခက်နေတာ"

"ဟ ... ဘာဆိုင်လဲ။ မင်း ခုအတိုင်းကြီး နေသွားတော့ကော ဘာထူးမှာလဲ။ ဘာလဲ၊ မင်းက ပြီးခဲ့တဲ့ ကိစ္စတွေကို သူကပဲ ပြန်အစဖော်ပေးရဦးမှာလား။ ကိုချစ်အေး ရှင် ကျွန်မကို လိုက်စကားပြောတာ မှတ်မိလား၊ ခု ထပ်ပြောချင်ပြောလေလို့ စ,ပြောမှ မင်းက ပြောတော့မှာလား"

"ဒီလိုလည်း မဟုတ်သေးပါဘူးကွာ၊ ငါ မပြောရဲဘူးကွ"

www.burmeseclassic.com

ကောင်းမြတ်က …

“ဒီမှာ ချစ်အေး”ဆိုပြီးတော့ …

“ရှင်းရှင်းလေးကွ၊ အစပိုင်းမှာ အိအိချိုက မင်းကို သက်သက်လိုက်နှောင့်ယှက်တဲ့လူလို့ ထင်တယ်။ နောက်တော့ မင်းကို သူစိတ်မဝင်စားပါဘူးလို့ ကောလိုက်တဲ့အခါ မင်းသိပ်ထိခိုက်သွားတာ သူတွေ့မယ်။ မင်းကို သနားသွားမယ်။ ဒီအချိန်မှာ မြင့်ရှိန်က မိတ်ဆက်ပေးလို့ သိသွားရမယ်။ မင်းနဲ့ တွေ့ဖန်များတော့ မင်းကို စိတ်ဝင်စားလာမယ်။ ဒီမှာ ဟေ့ကောင်၊ သူ့နောက်ကို တကောက်ကောက်လိုက်ခဲ့တဲ့ လူတစ်ယောက်ကို ခုလို သူနဲ့အတူတူ ဆိုင်မှာထိုင်တဲ့ အခွင့်အရေးပေးတာ ဘာသဘောလဲ။ ရှင်းပါတယ်၊ နောက်တစ်ကြိမ် ဖွင့်ပြောရင် လက်ခံတော့မယ့်သဘောပဲ”

မောင်ချစ်အေး ဘာမှ ပြန်မပြော။

ကောင်းမြတ်ပြောတာ ဖြစ်နိုင်တဲ့အလားအလာတွေ ရှိတယ်။

သို့ပေမယ့် …

ဒီအတိုင်း မယုံကြည်ရဲသေးဘူး။ စိတ်ထဲက တစ်စုံတစ်ခုအတွက် ထင့်နေသလိုပဲ။

ပေါ်ကြီး စဉ်းစားသလိုလုပ်နေရာက …

“ငါတစ်ခုပြောမယ်ကွာ၊ ချစ်အေးအပေါ်မှာ သူ့သဘောထား ဘယ်လိုရှိတယ်ဆိုတာ မိစံကို နည်းနည်း တီးခေါက်ကြည့်ခိုင်းလိုက်ရင် မကောင်းဘူးလား”

“ဟာ … မလုပ်လိုက်ပါနဲ့။ မိစံနဲ့ သူက အဲဒါမျိုးတွေ ဖွင့်ပြောရအောင် ရင်းနှီးသေးတာ မဟုတ်ဘူး။ ကျောင်းကားတူတူစီးလို့သာ သိကျွမ်းနေတဲ့အဆင့်လောက်ပဲ ရှိတာ မဟုတ်လား။ အိအိချိုအနေနဲ့ကလည်း ခုလို ငါနဲ့ ရင်းရင်းနှီးနှီး ဆက်ဆံနေတာကို ဘယ်သူ့မှ လျှောက်ပြောတာ မဟုတ်ဘူးဟ”

“အိအိချိုဟာ ဆုံးဖြတ်ချက်တစ်ခုကို ဘယ်သူ့မှ အကြံဉာဏ်မတောင်းဘဲ သူ့သဘောနဲ့သူ ဆုံးဖြတ်တတ်တယ် ထင်တယ်ကွ။ ဒါဆိုရင်တော့ မိစံအနေနဲ့လည်း မသိလိုက် မသိဘာသာ နေလိုက်တာ ကောင်းပါတယ်”

ကောင်းမြတ်က ဝင်ပြောလိုက်တယ်။

“ဒါဆို မင်းက ဘာဆက်လုပ်မှာလဲ”လို့ စိုးမြင့်က မေးတယ်။

“ငါ စဉ်းစားနေတုန်းပဲကွာ”



www.burmeseclassic.com

၁၄ ။ ။

ဘတ်(စ်)ကားကြီးနှစ်စင်းပေါ်မှာ လူတွေအပြည့်။ ပန်းချီအသင်းရဲ့ ပျော်ပွဲစားခရီးပေါ့။

ပျော်ပွဲစားလို့ လွယ်လွယ်ခေါ်လိုက်တာပါ။ တကယ်က ပျော်ပွဲစားသက်သက် မဟုတ်။

ပတ်ဝန်းကျင် ရှုမျှော်ခင်းတွေကို လက်တွေ့ကွင်းဆင်းလေ့လာပြီး ရေးဆွဲလေ့ကျင့်ဖို့လည်း ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



စိုးမြင့်က ပန်းချီအသင်းဝင်။ ပေါ်ကြီးနဲ့ ကောင်းမြတ်က အသင်းဝင် မဟုတ်ပေမယ့် စိုးမြင့်နဲ့ ပတ်သက်ပြီး ပန်းချီအသင်းကိစ္စတွေမှာ ဝင်ပါလေ့ရှိတယ်။

သူတို့ ကွင်းဆင်းကြတော့မယ်ဆိုတော့ ဧည့်သည်အဖြစ် မောင်ချစ်အေး၊ မိစံ၊ ဒိန်းငယ် စသည်ဖြင့် …။

အဲ … စသည်ဖြင့်လို့ ပြောရတာကတော့ ဒီခရီးမှာ အထူးဧည့်သည်တော်တစ်ယောက် ပါလာလို့ပါပဲ။

စိုးမြင့်က အကြံညဏ်ပေးတယ်။

အိအိချိုကိုပါ ခေါ်ခဲ့ဖို့။

လိုက်လိမ့်မယ်လို့ မထင်ဘူး။

"ခေါ်သာခေါ်ကြည့်ပါ။ လိုက်မယ်လို့ သဘောတူရင် မင်းဘက်က တစ်ဝက်သေချာပြီ။ ဟိုကျရင် ဖွင့်ပြောလိုက်တော့။ ကျန်တစ်ဝက်ကို ထပ်ရလိမ့်မယ် …"တဲ့။

အိအိချိုကို ပြောပြတယ်။

လိုက်မယ်လို့ မမျှော်လင့်ဘူး။

အကြောင်းတစ်ခုခုပြပြီး ငြင်းလိမ့်မယ်လို့ ထင်ခဲ့တယ်။

ပြောကြည့်တဲ့အခါကျတော့ …

"စာမေးပွဲတော့ နီးနေပြီ။ ဒါပေမယ့် လိုက်ခဲ့မယ်လေ၊ စိတ်အပန်းဖြေတာပေါ့"တဲ့။

အိအိချိုက ခဏသာ စဉ်းစားပြီး လိုက်ခဲ့ဖို့ သဘောတူလိုက်တယ်။

အိအိချိုတို့ စာမေးပွဲ နီးနေပြီဆိုတာ မှန်တယ်။

ဩော် …

အဲဒီအချိန်မှာ မောင်ချစ်အေး ဖြေရမယ့် ဆယ်တန်းစာမေးပွဲက သိပ်အရေးကြီးနေပြီ။

သိပ်နီးကပ်နေပါပြီ။

ကိစ္စမရှိ …။ ဒီခရီးဟာလည်း သိပ်အရေးပါတဲ့ စာမေးပွဲတစ်ခုဖြေဖို့ မဟုတ်လား။

တက္ကသိုလ်စာမေးပွဲတွေလို သဘောထားပြောရရင် ဒီနေ့ ဖြေရမှာက အမှတ်ငါးဆယ်ဖိုး။ ကျန်တဲ့ ငါးဆယ်က ရခဲ့ပြီးပါပြီ။

www.burmeseclassic.com

www.burmeseclassic.com


တစ်ဝက် သေချာပြီတဲ့လေ။

ကားပေါ်မှာ သုံးယောက်တန်းထိုင်ခုံမှာ အိအိချိုရယ်၊ မိစံရယ်၊ ဒိန်းငယ်ရယ် ထိုင်ကြတယ်။

ဒီဘက်က နှစ်ယောက်တန်းထိုင်ခုံတွေမှာတော့ ပေါ်ကြီးနဲ့ စိုးမြင့်က တစ်ခုံ၊ မောင်ချစ်အေးနဲ့ ကောင်းမြတ်က တစ်ခုံထိုင်ကြတယ်။

သာခုကန်ကို ရောက်တဲ့အခါကျတော့ သစ်ပင်ရိပ်ကောင်းတဲ့နေရာတစ်ခုကို ရွေးလိုက်ကြတယ်။

ခဏတဖြုတ် အမောဖြေ၊ ပြီးတော့ ထမင်းစားကြတယ်။ ကြက်သားနဲ့ အာလူးဟင်း၊ ပဲသီးကြော်နဲ့ ခရမ်းချဉ်သီး ငါးပိချက်။

## C B

ထမင်းစားအပြီးမှာ ခဏနေပြီးတော့ ကစားနည်း သုံးလေးခု ကစားကြတယ်။

ပါဆယ်ဂိမ်းလို့ခေါ်တဲ့ တစ်ယောက်တစ်လှည့်စီထွက်ပြီး စာရွက်ပေါ်မှာ ပါတဲ့အတိုင်း ခိုင်းတာကို လုပ်ပြရတာလည်း ပါတယ်။ သတင်းပို့ကစားနည်းလည်း ပါတယ်။

နောက်တစ်ခုက …

အုပ်စုလေးစု ခွဲလိုက်ပြီး ကိုယ့်အုပ်စုနဲ့ကိုယ် ထိုင်ရတယ်။ အုပ်စုလေးစုကိုလည်း နာမည်တွေ ပေးလိုက်တယ်။

မောင်ချစ်အေးတို့အုပ်စုက ကျီးကန်းအုပ်စု၊ ခေါင်းဆောင်က စိုးမြင့်။

အုပ်စုခေါင်းဆောင်တွေက ကိုယ့်အုပ်စုရဲ့ရှေ့မှာ ထွက်ပြီး ရပ်နေရတယ်။

ဒိုင်လူကြီးလေးယောက်က အုပ်စုခေါင်းဆောင်တွေကို စာရွက်ပေါ်မှာ ရေးထားတဲ့ မြို့တစ်မြို့ရဲ့ နာမည်ကို ပြလိုက်တယ်။ အဲဒီ မြို့နာမည်ကို အုပ်စုခေါင်းဆောင် လုပ်တဲ့လူတွေက အသံလုံးဝမထွက်ဘဲ ဟန်အမူအရာနဲ့ အဓိပ္ပါယ်ပေါ်အောင် သရုပ်ဖော်ရတယ်။

ဒါကို ကျန်တဲ့လူတွေက ကြည့်ပြီး ဘာမြို့ဆိုတာ ပြောပြရတယ်။

အရင်ဆုံးနဲ့ မှန်တဲ့အုပ်စုက အမှတ်ပိုရတာပေါ့။

ဥပမာ လေးမျက်နှာမြို့ဆိုရင် သရုပ်ဖော်တဲ့လူတွေက မျက်နှာကို လက်ညှိုးနဲ့ထိုးပြ၊ လက်လေးချောင်း ထောင်ပြပေါ့။ အဲဒါကို တချို့က ညောင်လေးပင်မြို့လို့ ပြောတဲ့လူက ရှိသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com


တစ်ခါကျတော့ ဘယ်မြို့နာမည်ကို ပြလိုက်သလဲ မသိဘူး။ သရုပ်ဖော်ရမယ့်လူတွေ တော်တော် ပြဿနာတက်ကုန်ကြပုံရတယ်။

ခေါင်းကုတ်တဲ့လူကကုတ်၊ ဒုက္ခပဲလို့ ရေရွတ်တဲ့လူက ရေရွတ် ဖြစ်ကုန်တယ်။ မောင်ချစ်အေးတို့ရဲ့ အုပ်စုခေါင်းဆောင် စိုးမြင့်ကတော့ ခပ်ပြောင်ပြောင်ပဲ။ သူ သရုပ်ဖော်ရမယ့် မြို့နာမည်ကို ပီပီပြင်ပြင် သရုပ်ဖော်ပြတော့တယ်။

လက်နှစ်ဖက်ကိုယှက်၊ ခြေထောက်နှစ်ချောင်းကြားမှာထားပြီး အပေါ်ကို မ,သလို လုပ်ပြတယ်။

ရယ်သံတွေဆိုတာ ဆူညံနေတာပဲ။ မောင်ချစ်အေးတို့အုပ်စုက အဖြေမှန်ကို အရင်ဆုံးရလိုက်တယ်။ မုတ္တမမြို့။

ဒါတောင် တချို့က ဝွမြို့လို့ ပြောတဲ့သူက ရှိသေးတယ်။

## C B

ကစားပွဲတွေပြီးတော့ အမောဖြေကြတယ်။

နောက်တော့ ပန်းချီသမားတွေ ရှုခင်းတွေကို လက်တွေ့လေ့ကျင့်ရေးဆွဲဖို့ ဆရာတွေနဲ့ ထွက်သွားကြတယ်။

စိုးမြင့်လည်း ပါသွားတယ်။ ဧည့်သည်ဖြစ်တဲ့ မောင်ချစ်အေး၊ ပေါ်ကြီး၊ ကောင်းမြတ်၊ ဒိန်းငယ်၊ မိစံ၊ အိအိချိုတို့ကတော့ ဘုရားပေါ် တက်လာခဲ့ကြတယ်။

ဘုရားဖူးပြီးတော့ သာခုကန်ကြီးရဲ့ ကမ်းစပ်ဘက် ဆင်းလာခဲ့ကြတယ်။

ကန်စပ်က ကျောက်တုံးတွေပေါ်မှာ ဝိုင်းထိုင်ပြီး စကားပြောကြတယ်။

ခဏကြာတော့ ပေါ်ကြီးနဲ့ မိစံက တစ်တွဲ၊ ကောင်းမြတ်နဲ့ ဒိန်းငယ်က တစ်တွဲ၊ အလျှိုလျှို ထလစ်ကုန်ကြရော။ မောင်ချစ်အေးနဲ့ အိအိချို နှစ်ယောက်တည်း ကျန်ခဲ့တယ်။

အိအိချိုက ရေကန်ထဲကို ငေးကြည့်နေတယ်။

မောင်ချစ်အေးက ကိုယ်လိုရာစကားကို ပြောဖို့ ဘယ်လိုဆွဲယူရမလဲလို့ စဉ်းစားရင်းက စကားလုံးတွေကို စီစဉ်နေတယ်။

"အိအိချို …"

လှည့်ကြည့်တယ်။

www.burmeseclassic.com

"ပျင်းနေပြီလား"

အိအိချို ပြုံးပြီး …

"မပျင်းပါဘူး"

"ကျွန်တော် မအိအိချိုကို အားနာနေမိတယ်"

"ဟင် … ဘာဖြစ်လို့လဲ"

"ဩော် … ခုလာကြတာ ကျွန်တော်တို့နဲ့သာ သိကျွမ်းတဲ့ အသိုင်းအဝိုင်းမဟုတ်လား၊ မအိအိချိုက စိမ်းနေမှာပေါ့။ အဲဒီကြားထဲမှာ အနေရခက်နေမလားလို့ပါ"

"ကိစ္စမရှိပါဘူး၊ ကျွန်မ နေတတ်ပါတယ်။ ပြီးတော့ ကိုချစ်အေးတို့လည်း ပါသားပဲ။ ကျွန်မ မပျင်းပါဘူး"

"ဟုတ်မှာပေါ့လေ"

"ဘာကိုလဲ ကိုချစ်အေး"

"ဩော် … ဒီလိုပါ၊ မအိအိချိုက အဖော်မရှိလည်း နေတတ်တယ်ဆိုတာ ကျွန်တော် ခန့်မှန်းမိလို့ပါ။ ကျောင်းထဲမှာဆိုရင် မအိအိချိုက အဖော်မပါဘဲ တစ်ယောက်တည်း သွားလာနေကျ မဟုတ်လား"

"အဲဒါ ကျွန်မအကျင့်ပဲ။ ငယ်ငယ်ကတည်းက တစ်ယောက်တည်း နေချင်တတ်တယ်"

"မအိအိချိုက သိပ်သတ္တိကောင်းတယ်နော်"

အိအိချို ချက်ချင်း ပြန်မဖြေဘူး၊ ခဏ စဉ်းစားတယ်။ ပြီးမှ …

"ဒီလောက်လည်း မဟုတ်ပါဘူးလေ။ အိမ်မှာက အစ်ကိုတွေချည်းပဲ၊ ကျွန်မက တစ်ဦးတည်းသော သမီးဆိုတော့ အိမ်မှာ တစ်ယောက်တည်းပဲ။ အဲဒီအကျင့်ပါနေလို့လား မသိဘူး။ ကျောင်းရောက်တော့လည်း သူငယ်ချင်းအပေါင်းအသင်းရယ်လို့ သိပ်မရှာမိဘူး။ ဖယ်ရီပေါ်မှာလည်း ဒီလိုပဲ၊ ဘယ်သူနဲ့မှ သိပ်ကြာကြာ စကားမပြောတတ်တာ မဟုတ်ဘူး။ ကိုချစ်အေးတို့သူငယ်ချင်း မိစံကတောင် ဘယ်လိုထင်မလဲ မသိဘူး။ မာနကြီးတယ် ထင်ချင်ထင်မှာ"

"ဒီလိုတော့ မထင်ပါဘူးလေ၊ စကားနည်းတယ်လို့ပဲ ထင်ကြတာပေါ့"

အိအိချို ပြောနေတဲ့စကားတွေက ဘယ်သူနဲ့မှ အပေါင်းအဖော် မလုပ်တတ်တဲ့အကြောင်းဆိုတော့ မောင်ချစ်အေးတစ်ယောက်ကိုမှ ထူးထူးခြားခြား ခင်မင်မိပါတယ် ဆိုတဲ့ သဘောလား။

www.burmeseclassic.com

www.burmeseclassic.com


"နောက်တစ်ကြောင်းကလည်း ကျွန်မက အပျော်အပါး သိပ်ဝါသနာပါတာ မဟုတ်ဘူး။ သူငယ်ချင်းတွေနဲ့ ရုပ်ရှင်သွားတာတို့၊ ဈေးလျှောက်ဝယ်တာတို့ သိပ်မလုပ်ဖြစ်ဘူး။ အားရင် တစ်ယောက်တည်း စာဖတ်ပြီး နေချင်တယ်"

"မအိအိချိုက ရည်မှန်းချက်ကြီးတယ် ထင်တယ်"

မောင်ချစ်အေးကို တစ်ချက်စိုက်ကြည့်တယ်။

ပြီးတော့ … ခေါင်းညိတ်ပြတယ်။

"ဟုတ်တယ် ကိုချစ်အေး၊ ကျွန်မက သူများတွေလို တက္ကသိုလ်မှာ ကျောင်းလာတက်တာက ဘွဲ့တစ်ခုရရင် ပြီးရောဆိုတဲ့သဘောနဲ့ မဟုတ်ဘူး။ ကျွန်မ အမှတ်ကောင်းကောင်းနဲ့ စာမေးပွဲအောင်ချင်တယ်။ မဟာဝိဇ္ဇာ ဆက်တက်ချင်တယ်။ ကျောင်းမှာ ဆရာမ ပြန်လုပ်ချင်တယ်။ ပြောရင် ကိုချစ်အေး ရယ်မလား မသိဘူး။ ကျွန်မ ရည်မှန်းချက်က ပါမောက္ခကြီး ဖြစ်ချင်တာ"

မောင်ချစ်အေး ကြက်သီးထသွားတယ်။

ဘာကြောင့်မှန်းတော့ ရုတ်တရက် မသိ၊ ဘာကြောင့်လို့ စဉ်းစားဖို့လည်း အချိန်မရ။

အိအိချိုက မေးလိုက်တယ်။

"ကိုချစ်အေးကရော ဘာရည်မှန်းချက် ရှိနေလဲ"

ရုတ်တရက် မဖြေတတ်၊ ရည်မှန်းချက်တွေက အများကြီး။

သို့ပေမယ့် …

နေရာတကျမှု မရှိပါ၊ ထွေပြားလွန်းလှတယ်။

ဒါမှမဟုတ် …

ကျွန်တော့်ရည်မှန်းချက်ကတော့ အိအိချိုရဲ့ အချစ်ကို ရဖို့ပါပဲလို့ စကားအကွက်နင်းပြီး ပြောရမှာလား။ ပြောလို့ မထွက်နိုင်သေး။

"အင်းလေ … ကိုချစ်အေးတို့အဖို့ကတော့ ရည်မှန်းချက်ရယ်လို့ ထားနေစရာတောင် မလိုပါဘူး။ ပန်းတိုင်က အဆင်သင့်ရှိပြီးသား မဟုတ်လား"

မောင်ချစ်အေးက တအံ့တဩ လှမ်းကြည့်မိတယ်။

အဖွင့်အပိတ်စကားကို ဆိုလေသလား။ မတောင်းရသေးတဲ့ အဖြေကို ကြိုတင်ပေးလိုက်တာလား။

www.burmeseclassic.com

www.burmeseclassic.com


အိအိချိုက ဆက်ပြောပြန်တယ်။

"ဒါပေမယ့်နော်၊ ကိုချစ်အေးက ကျွန်မတို့ ရန်ကုန်တက္ကသိုလ်ထဲမှာပဲ မကြာခဏ တွေ့ရတယ်။ သိပ်ကျောင်းမပြေးပါနဲ့နော်၊ ကိုချစ်အေးတို့ဆီမှာက စာတွေ သိပ်ခက်တယ်ဆို"

မောင်ချစ်အေး ထိုင်နေတဲ့ ကျောက်တုံးကြီးက သွက်သွက်ခါအောင် လှုပ်ခါသွားသလိုပဲ။

အိအိချိုဟာ ကန်ရေပြင်ကို လှိုင်းတံပိုးထန်ပြီး ပွက်ပွက်ဆူလာစေမယ့် စကားကို ဆက်ပြီး …

"အင်းလေ … ဘာပဲဖြစ်ဖြစ် ကိုချစ်အေးတို့လို စက်မှုတက္ကသိုလ်ကျောင်းသားတွေဟာ နောက်ဆုံးတော့ အင်ဂျင်နီယာကြီးတွေ ဖြစ်လာကြမှာပဲ မဟုတ်လား"

## C B

သူငယ်ချင်းတွေက အခြေအနေ ဘယ်လိုလဲ မေးတယ်။

တကယ်တော့ မေးသာမေးရတယ်။ သူတို့ သိပြီးဖြစ်လိမ့်မယ်။ မောင်ချစ်အေးရဲ့ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ပြီးတော့ပေါ့။

တစ်ခုတော့ရှိတယ်။ သူတို့ထင်သလို မဟုတ်ဘူး ဆိုတာ။

သူတို့က ဘယ်လိုထင်မလဲ။

မောင်ချစ်အေးက အိအိချိုကို ဖွင့်ပြောမယ်။ အိအိချိုက ငြင်းလိုက်တယ်လို့ ထင်ကြလိမ့်မယ်။

မဟုတ်ပါဘူး၊ လုံးဝ ဖွင့်မပြောရသေးဘူး။

အိအိချိုကလည်း ခုထိ မောင်ချစ်အေးကို ငြင်းပယ်တဲ့စကား မပြောသေးဘူး။

သို့ပေမယ့် …

ငြင်းပယ်လိုက်တာထက် အဆဆယ်ပြန် ဆိုးပါတယ် မဟုတ်လား။

သာမန်အားဖြင့်ဆိုရင် ဘာမှမကြီးကျယ်တဲ့ အဖြစ်အပျက်ကလေးတစ်ခု။ မေ့လျော့သင့်လောက်ပြီ ဖြစ်တဲ့ …

အမှတ်တမဲ့ စကားလေးတစ်ခွန်း …။

စက်မှုတက္ကသိုလ်က စားသောက်ဆိုင်မှာ အိအိချိုနဲ့ ဆုံတုန်းက မြင့်ရှိန် မိတ်ဆက်ပေးခဲ့တဲ့စကား။

"သူက ကျွန်တော့်သူငယ်ချင်း ချစ်အေးတဲ့၊ ကျွန်တော်တို့နဲ့ အတန်းအတူတူ နေခဲ့တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



အမှတ်တမဲ့ပဲ နေခဲ့မိတယ်။

သို့ပေမယ့် ခုချိန်မှာ ဒီစကားလေးကြောင့် အကြီးမားဆုံးပြဿနာနဲ့ ရင်ဆိုင်နေရပါပေါ့လား။

ဩော် ... ဒီတုန်းကသာ မောင်ချစ်အေးက မြင့်ရှိန် ဆိုလိုတာက ဆယ်တန်းတုန်းက အတူတူလို့ ပြောတာပါ၊ စက်မှုတက္ကသိုလ်မှာ အတန်းအတူတူလို့ ဆိုလိုတာ မဟုတ်ပါဘူး။ ကျွန်တော် ဆယ်တန်း မအောင်သေးပါဘူးလို့ ဝင်းရှင်းခဲ့မိရင် ခုလောက် မှားစရာ အကြောင်း မရှိနိုင်ဘူး။

ခုတော့ အားလုံး လွန်ကုန်ခဲ့ပြီ။

"ဒီတော့ မင်းကို စက်မှုတက္ကသိုလ်ကလို့ သူထင်သွားတာပေါ့"

ပေါ်ကြီးက မေးတယ်။

မောင်ချစ်အေး ခေါင်းတောင် ပြန်မညိတ်ပြမိဘူး။

"မင်း ဘာဆက်လုပ်မလဲ"

"ငါမသိဘူးကွ"

"အကောင်းဆုံးကတော့ မင်း အမှန်အတိုင်း ဖွင့်ပြောလိုက်ဖို့ပဲ။ ဆုံးဖြတ်ဖို့က သူ့ကိစ္စ"

စိုးမြင့်က အကြံညာဏ်ပေးပြန်တယ်။

မောင်ချစ်အေး ဘာမှပြန်မပြောမိ။

ကောင်းမြတ်က ...

"ခက်တယ်ကွာ ... သူ့ဘက်က ခုလောက်ထိတောင် ထင်ထားခဲ့ပြီးမှ အမှန်အတိုင်း ဖွင့်ပြောလိုက်ရင် ဘာဖြစ်လာမယ်ဆိုတာ အဖြေက ရှိပြီးသားလို ဖြစ်နေတယ်။ သူ နားလည်ခွင့်လွှတ်နိုင်ရင် သိပ်ကောင်းမှာပဲ"

မောင်ချစ်အေး ခေါင်းခါလိုက်တယ်။

ခွင့်လွှတ်မှာ မဟုတ်ပါဘူးကွာ ဆိုတဲ့သဘောလား၊ မင်းပြောတာ မဟုတ်သေးဘူး ဆိုတဲ့သဘောလား၊ အမှန်အတိုင်း ဖွင့်မပြောနိုင်သေးဘူး ဆိုတဲ့သဘောလား၊ မောင်ချစ်အေးကိုယ်တိုင် မသိ။

"ငါ ဘာမှ မဆုံးဖြတ်ချင်သေးဘူးကွာ၊ သိပ်စိတ်ရှုပ်တယ်"

သူငယ်ချင်းတွေနဲ့ ခွဲပြီး အိမ်ကို ပြန်လာခဲ့တဲ့ လမ်းတစ်လျှောက်မှာ ဘာကိုမှ ပြတ်ပြတ်သားသား မဝေခွဲနိုင်ခဲ့။

www.burmeseclassic.com

www.burmeseclassic.com


အမှန်ကို ဖွင့်ပြောလိုက်လို့ ဖြစ်ပေါ်လာမယ့်ဆိုးကျိုးတွေကို မောင်ချစ်အေး ရင်မဆိုင်ရဲဘူး။ သည်လိုပဲ အမှန်ကို ဖုံးကွယ်ပြီး ဟန်ဆောင်ဘဝနဲ့ ဆက်နေသွားလို့လည်း မောင်ချစ်အေးမှာ ဆန္ဒမရှိဘူး။

C B

ရပ်ကွက်ထဲကိုဝင်တဲ့ မြေနီလမ်းကလေးအတိုင်း ဝင်လာခဲ့တယ်။

မောင်ချစ်အေးတို့အိမ်ရှိတဲ့ လမ်းတိုကလေးရဲ့ထိပ် အုတ်ခုံမှာတော့ မောင်ချစ်အေးရဲ့ ညီအငယ်ဆုံး ချစ်ထွေး ထိုင်နေတာ မြင်ရတယ်။

သည်ကောင့်ကို တစ်အိမ်လုံးက အချစ်ဆုံး၊ အလိုအလိုက်ဆုံး။ ယောကျ်ားကလေးကလည်းဖြစ်၊ အငယ်ဆုံးလည်းဖြစ်လို့ အားလုံးက ဖူးဖူးမှုတ်ထားတာ။ မောင်ချစ်အေးကိုယ်တိုင်ကလည်း သည်ကောင့်ကို အချစ်ဆုံး။

"ဟေ့ကောင် ချစ်ထွေး"

အနားရောက်တော့ မောင်ချစ်အေးက သူ့ခေါင်းကို ခပ်ဖွဖွပုတ်ရင်း ခေါ်လိုက်တယ်။

သူ့မျက်နှာလေးက ငယ်နေရှာတယ်။

အမြဲလို ပျော်ရွှင်နေတတ်တဲ့ မျက်နှာလေး။ အစဉ် ခုန်ပေါက်နေတဲ့ ညီလေး။

"ဟင် ... ညီလေး ဘာဖြစ်လို့လဲဟင်၊ ဘာဖြစ်လို့ မှိုင်နေတာလဲ"

မေးလိုက်တော့မှ ပိုပြီး ဝမ်းနည်းသွားသလို မျက်ရည်တွေ ဝဲလာတယ်။

မောင်ချစ်အေး စိုးရိမ်သွားတယ်။

"ညီလေး ... ဘာဖြစ်လို့လဲ၊ ပြောလေ"

မျက်ရည်တွေ ဝဲကျလာတယ်။

ရှိုက်သံတွေကြားက ...

"မေမေ ... မေမေက ..."

"ဘာဖြစ်လဲဟင် ... မေမေ ... ဘာဖြစ်လဲ"

"မေမေက မလိုက်ရဘူးတဲ့"

သူငိုနေပြန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ငိုနေရင်းက ရှိုက်သံတစ်ချက်၊ စကားတစ်လုံးနှုန်းနဲ့ ပြန်ပြောတယ်။

“ဒီတနင်္ဂနွေနေ့ကျရင် ... ကျရင် ... ကျွန်တော်တို့အတန်း ... အတန်းက တိရစ္ဆာန်ရုံကို လေ့လာရေး သွားမှာတဲ့။ အဲဒါ ... အဲဒါ မလိုက်ရဘူးတဲ့ ... ပိုက်ဆံ ... ပိုက်ဆံ မရှိဘူးတဲ့”

ညီလေးဟာ ရှိုက်ကြီးတငင် ငိုနေတယ်။

မောင်ချစ်အေး စိတ်မကောင်းဖြစ်သွားတယ်။ သူ့ပုခုံးလေးကို ဖက်ထားလိုက်ပြီး ...

“လိုက်ရမှာပေါ့ ညီလေးရာ၊ အစ်ကိုကြီး ပိုက်ဆံပေးမယ် ဟုတ်လား”

ညီလေးရဲ့လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိရင်းက အိမ်ထဲဝင်လာခဲ့တယ်။

အမေနဲ့ ညီမလေးတွေကတော့ ထမင်းဝိုင်းစားနေကြတယ်။

ချစ်ထွေးက အမေ့ကို တစ်ချက်လှမ်းကြည့်ပြီး အိမ်အပြင်ကို ခုန်ပေါက်ထွက်ပြေးသွားတယ်။

အမေတို့ထမင်းဝိုင်းကို လှမ်းကြည့်လိုက်မိတယ်။

ဘာဟင်းမှ မပါ။

ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ မုန်လာဥ စတဲ့ အသီးအရွက်တွေကို ရောပြုတ်ထားတဲ့ တို့စရာတစ်ခွက်နဲ့ ငါးပိရည်ဖျော် ပန်းကန်ကြီးတစ်လုံး။

မောင်ချစ်အေး ယောင်ယမ်းပြီး ကြောင်အိမ်ကို ဆွဲဖွင့်ကြည့်မိတယ်။

ကြောင်အိမ်ထဲမှာတော့ သီးသန့်ဖယ်ထားတဲ့ ပန်းကန်တစ်ချပ်။

ဘဲဥပြုတ်နှစ်လုံး။

သိလိုက်ပြီ။

အဖေတစ်လုံး၊ မောင်ချစ်အေးတစ်လုံး။

ရင်ထဲက နင့်သွားတယ်။

ထမင်းဝိုင်းကို ပြန်ကြည့်မိပြန်တယ်။

သည်မြင်ကွင်းတွေဟာ မောင်ချစ်အေး မြင်နေကျ။ သည်မျက်နှာတွေဟာ မောင်ချစ်အေး တွေ့နေကျ။ သည်ပတ်ဝန်းကျင်တွေဟာ မောင်ချစ်အေး ကျင်လည်နေကျ။

www.burmeseclassic.com

သို့ပေမယ့် ဘဝသစ်တစ်ခုကို ခုမှစပြီး ကြုံတွေ့လိုက်ရသလိုပါပဲလား။

C B

၁၅ ။ ။

နွေဦးရာသီ ...

www.burmeseclassic.com

www.burmeseclassic.com


ရန်ကုန်တက္ကသိုလ်ပရိဝုဏ်တစ်ခုလုံးမှာရှိတဲ့ သစ်ပင်တွေက ရွက်ဟောင်းတွေကို အပြိုင်အဆိုင် ခြွေချနေကြတယ်။

မနက်အစောကြီးကတည်းက ကျောင်းဝင်းထဲ ရောက်နေခဲ့တယ်။ တောင်ငူဆောင်က အတန်းမှာ ရှာကြည့်တယ်။ အိအိချို မရှိ။ သူထိုင်နေကျ စားသောက်ဆိုင်တန်းမှာလည်း မတွေ့ရ။ အိအိချို ကျောင်းမှ တက်ပါရဲ့လား။

တောင်ငူဆောင် ဝင်ပေါက်နားက အုတ်ခုံမှာ ထိုင်စောင့်နေမိပြန်တယ်။

အတန်းပြီးသွားလို့ ကျောင်းသားကျောင်းသူတချို့ ထွက်လာကြတာ လှမ်းမြင်ရတယ်။ အိအိချို မပါဘူး

သူငယ်ချင်းတွေဆီ သွားရင်ကောင်းမလားလို့ စိတ်ကူးကြည့်တယ်။ ခုချိန်မှာ သူငယ်ချင်းတွေကို မတွေ့ချင်သေး။ ဒါကြောင့် ကျောင်းဝင်းထဲအနှံ့ လျှောက်သွားနေမိတယ်။

အိအိချိုနောက်ကို လိုက်ခဲ့တဲ့ ရွှေဘိုဆောင်ဘေးက လမ်းတစ်လျှောက်၊ ဟိုမှာ သီရိဆောင်၊ မောင်ချစ်အေးကို တစ်ခါက လှည့်စားတဲ့နေရာ။

ယုဒသန် ဘုရားရှိခိုးကျောင်း မျှော်စင်ကြီး၊ ဝိဇ္ဇာဆောင်၊ မြက်ခင်း၊ အိအိချိုကို ထိုင်စောင့်ခဲ့ဖူးတဲ့ တရုတ်စကားပင်အောက်က အုတ်ခုံဝိုင်းကလေး၊ ဘွဲ့နှင်းသဘင်ခန်းမ၊ သစ်ပုပ်ပင်ကြီး။

နောက်တစ်ကြိမ် ပြန်ရောက်ခွင့် မကြုံနိုင်တော့တဲ့ အရပ်ဒေသတစ်ခုကို ရောက်နေရသလို အရာရာကို အထပ်ထပ် လေ့လာမှတ်သားနေရသလိုပါပဲလား။

စာကြည့်တိုက်ရှေ့ကို ရောက်လာခဲ့ပြန်တယ်။ လှေကားထစ်ပေါ်မှာထိုင်ရင်း ကံ့ကော်တောဘက် ငေးနေမိပြန်ရော။

ရုတ်တရက် မိုးအုံ့သွားတယ်လို့ ထင်ရတယ်။ မဟုတ်ဘူး၊ နွေဦးရဲ့ နေခြည်ဟာ ကောင်းစွာ ဖြာလျက်ပဲ။ ကံကြမ္မာရဲ့ အရိပ်မည်းက ဖုံးလွှမ်းလိုက်တာ ထင်ပါရဲ့။

အဓိပတိလမ်းတစ်လျှောက် ဣန္ဒြေရစွာ လျှောက်လှမ်းလာနေတာ အိအိချို။ သူငယ်ချင်းတစ်ယောက်က နောက်ကနေ တွန်းလိုက်သလို မောင်ချစ်အေး ဆတ်ကနဲ ထရပ်လိုက်တယ်။

ဩော် … တစ်သက်တာ လွဲရဖို့အတွက် နောက်ဆုံးအကြိမ် တိုက်ဆိုင်မှုလို့ ဆိုရမလား။ အိအိချိုက စာကြည့်တိုက်ကို ချိုးဝင်လာခဲ့ပြီ။

မောင်ချစ်အေးကလည်း အိအိချိုဆီကို လျှောက်သွားနေတယ်။ ရှေ့ကိုသွားနေတာမှ ဟုတ်ပါရဲ့လား။ ဆန့်ကျင်ဘက် အရပ်မျက်နှာဆီကို ကျောခိုင်းလျှောက်သွားနေသလိုပါပဲ။

ကံ့ကော်ပင်အုပ်ကလေးအောက်မှာ ဆုံတယ်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ချစ်အေးကို မြင်တော့ အိအိချိုက ပြုံးပြတယ်။

"ကျွန်တော် မအိအိချိုကို လိုက်ရှာနေတာ"

"ဟုတ်လား၊ ဘာကိစ္စပါလိမ့်"

အိအိချိုရဲ့မျက်နှာကို လှမ်းကြည့်မိတယ်။ အမူအရာ ထူးခြားမှု မရှိ။ နဂိုနေဖြစ်တဲ့ တည်ငြိမ်ခြင်း။

"မအိအိချိုရဲ့ အတန်းကို ရောက်သေးတယ်"

"ဩော် … ဟုတ်လား။ ကျွန်မ ဒီနေ့ ကျောင်းမတက်ဘူးလေ။ ကိစ္စတစ်ခုရှိလို့ စက်မှုတက္ကသိုလ် သွားနေတာ"

မောင်ချစ်အေး ဆတ်ကနဲ တုန်သွားတယ်။

"ကိုချစ်အေးကိုတောင် တွေ့မလားလို့ ရှာကြည့်သေးတယ်"

"မအိအိချို …"

အိအိချိုက လက်ကာပြပြီး ဆက်ပြောတယ်။

"ကျွန်မ ဒီနေ့ စက်မှုတက္ကသိုလ်သွားရတဲ့ အကြောင်းက ကိုမြင့်ရှိန်နဲ့ သွားတွေ့တာပါ။ ဒါဆို ကိုချစ်အေး သဘောပေါက်ပြီနော်"

"ကျွန်တော် …"

အိအိချိုက ရယ်လိုက်တယ်။ ရယ်သံကို မကြားသော်လည်း အသံကိုသာ …

"ကိုချစ်အေးရယ်၊ ရှင့်ရဲ့ ဟန်ဆောင်လိမ်ညာထားတဲ့ ဘဝကြီးကို စွန့်လွှတ်လိုက်ပါတော့။ ရှင် အေးအေးဆေးဆေး ကားပြင်နေတာ ကောင်းလိမ့်မယ်ထင်တယ်။ ဒါလည်း အင်ဂျင်နီယာပေါ့ရှင်၊ မဟုတ်ဘူးလား"

အိအိချိုရဲ့ မျက်နှာပေါ်မှာ တစ်ခါမှ မမြင်ရဖူးတဲ့ အရိပ်။ ပြီးတော့ …

"ဒီမှာ ကိုချစ်အေး၊ ရှင်ဟာ ကိုယ်နဲ့ မတန်တဲ့နေရာမှာ ဘာဖြစ်လို့ လာရှုပ်ချင်ရတာလဲ"

မောင်ချစ်အေးကို ဆုပ်ကိုင်မွှေ့ယမ်းပြီး တက္ကသိုလ်နယ်မြေရဲ့ အပြင်ဘက်ကို ကိုင်ပေါက်လွှင့်ပစ်လိုက်တဲ့ စကား။

အိအိချို လှည့်ထွက်သွားတယ်။ မောင်ချစ်အေး နေရာမှာ အကြာကြီး ရပ်နေမိတယ်။

www.burmeseclassic.com

ဟိုးမှာ သစ်ပုပ်ပင်ကြီး။ ဒီအပင်ကြီးသာ မေ့ပင်ကြီးဖြစ်ခဲ့ရင် ဘယ်လောက်ကောင်းမလဲ။

သို့ပေမယ့်လေ ...

မေ့ပင်ကြီးအောက်မှာပဲ တသသ သတိရနေရမယ့် အဖြစ်သာ ဖြစ်ပေလိမ့်မယ်။

အဝေးတစ်နေရာကို သွားရတော့မယ့် သားငယ်က မိခင်အိုကြီးကို စိတ်မချသလို သစ်ပုပ်ပင်ကြီးရဲ့ မျက်နှာဟာ ကြည့်လို့မဝနိုင်အောင်ပါပဲလား။

BURMESE CLASSIC .com

အရာရာကို ကျောခိုင်းဖို့ လှည့်ထွက်လာခဲ့တယ်။

သို့ပေမယ့် ...

သေဒဏ်ကျခံထားရတဲ့လူဟာ ကြိုးစင်ကို မကြည့်ဘဲ မနေနိုင်ဘူး။

နောက်ဆုံးတစ်ခေါက်ရယ်လို့ လှည့်ကြည့်မိတယ်။

ငုစပ်ပင်အောက်မှာ ရပ်ထားတဲ့ ချစ်မြားရှင် အမည်ရှိ ကျောင်းကြိုကားကြီးဆီကို ဟိုးလွန်ခဲ့တဲ့ အခါတွေတုန်းကလို ခြေလှမ်းမှန်မှန်နဲ့ လျှောက်လှမ်းနေတဲ့ အိအိချို။

C B

www.burmeseclassic.com

www.burmeseclassic.com


# ဒုတိယပိုင်း

၁ ။ ။

ဘဝဆိုတာ ကက်ဆက်တိပ်ခွေလို နောက်ပြန်လှည့်ပြီး အစကနေ ပြန်ဖွင့်လို့ရနိုင်တဲ့အရာမျိုး မဟုတ်ပါ။ ဘဝတစ်လျှောက်မှာ ဖြစ်ပေါ်ခဲ့တဲ့ စက္ကန့်တွေကို အစားထိုးလို့ ရနိုင်တာမှ မဟုတ်ဘဲ။ အချိန်

www.burmeseclassic.com

တွေဟာ သူ့ရဲ့ မူလအမြန်နှုန်းအတိုင်း ရှေ့ဆက်သွားနေတာပါ။ ဘတ်(စ်)ကားတွေလို ခရီးသည်ကို စောင့်ခေါ်တတ်တာမျိုး မဟုတ်ဘူးလေ။

သို့ပေမယ့် အချိန်ကို တိုင်းတာတဲ့ နာရီဆိုတဲ့အရာတွေကတော့ တိကျချင်မှ တိကျတတ်တာပါ။ တချို့နာရီတွေက မြန်နေတတ်တယ်။ တချို့က နှေးနေတတ်တယ်။ မြန်နေတဲ့ နာရီတစ်လုံးနဲ့ နောက်ကျနေတဲ့ နာရီတစ်လုံးတို့ဟာ အချိန်ကြာလာတာနဲ့အမျှ ခြားနားချက်က ပိုပြီး ကြီးမားလာမှာပဲ။

အိအိချိုနဲ့ မောင်ချစ်အေးတို့နှစ်ယောက်ရဲ့ ဘဝတွေကလည်း ဒီအတိုင်းပါပဲ။ အခြေအနေ အဆင့်အတန်းက ကြာလေ ကွာခြားလာလေ ဖြစ်တော့မှာပါ။

ဒီအချက်ကို ပထမဆုံး စသိလိုက်ရတာကတော့ …

အိအိချိုက မောင်ချစ်အေးကို စက်မှုတက္ကသိုလ်ကျောင်းသားတစ်ယောက်လို့ထင်ပြီး လိုက်လိုက်လျောလျော ဆက်ဆံခဲ့တယ်။ ဒါကို အဟုတ်ကြီးမှတ်ပြီး ကိုယ့်ကိုယ်ကို အထင်ကြီးခဲ့မိတယ်။ ပျော်ပွဲစားခရီးမှ အဖြစ်မှန်ကို သိခဲ့ရတယ်။ တုန်လှုပ်ချောက်ချားမှုနဲ့အတူ ဘာဆက်လုပ်ရမှန်းမသိအောင် ဖြစ်ခဲ့ရတယ်။

နောက်တော့ ဘဲဥတစ်လုံးက အဆုံးအဖြတ်ပေးခဲ့ပါတယ်။ မောင်ချစ်အေးတို့အိမ် ထမင်းဝိုင်းက အမေနဲ့ ညီမတွေက ငါးပိရည်၊ တို့စရာနဲ့စားပြီး အဖေနဲ့ မောင်ချစ်အေးအတွက် ဘဲဥပြုတ်တစ်လုံးစီ ချန်ထားတာ တွေ့ရတယ်။

အဲဒီ ဘဲဥပြုတ်တစ်လုံးဟာ မောင်ချစ်အေးကို စိတ်ကူးယဉ်အိပ်မက်ကမ္ဘာထဲကနေ လက်တွေ့ဘဝဆီကို တရွတ်တိုက် ပြန်ဆွဲခေါ်ခဲ့တာပါပဲ။

မောင်ချစ်အေး ဆုံးဖြတ်ချက်တစ်ခု ချလိုက်တယ်။ မောင်ချစ်အေးဟာ တက္ကသိုလ်ကျောင်းသားတစ်ယောက် မဟုတ်တဲ့အကြောင်း၊ ဆယ်တန်းတောင် မအောင်သေးတဲ့သူတစ်ယောက်သာဖြစ်တဲ့အကြောင်း၊ စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေရတဲ့ ဝပ်ရှော့ဆရာကြီးတစ်ယောက်ရဲ့သားဖြစ်တဲ့အကြောင်း ဖွင့်ဟဝန်ခံထားတဲ့ စာတစ်စောင်ရေးတယ်။ အဲဒီစာကို အိတ်ထဲထည့်ပြီး အိအိချိုရှိရာ တက္ကသိုလ်ကျောင်းဝင်းထဲလာခဲ့တယ်။

သို့ပေမယ့် ဒီအကြောင်းတွေကို အိအိချိုက ကြိုတင်သိထားနှင့်ခဲ့ပြီလေ။ ဒါကြောင့်လည်း ရေးထားတဲ့စာကို မပေးဖြစ်ခဲ့ပါ။ တရားခံတစ်ယောက်လုံးကို မိနေမှတော့ သဲလွန်စ ထပ်ရှာနေစရာ မလိုတော့ဘူး မဟုတ်လား။

အိအိချိုက မောင်ချစ်အေးအပေါ် ရုတ်တရက် လိုက်လိုက်လျောလျော ဖြစ်လာခဲ့တဲ့ကိစ္စနဲ့ပတ်သက်ပြီး တကယ်တမ်း သေသေချာချာ စဉ်းစားကြည့်ခဲ့ရင် တစ်စုံတစ်ခု မှားယွင်းလွဲချော်နေပြီဆိုတာ ရိပ်မိသင့်ပါတယ်။ သို့ပေမယ့် မောင်ချစ်အေးရော သူငယ်ချင်းတွေပါ သံသယမဖြစ်ခဲ့မိကြဘူး။ အကောင်းဘက်ကိုပဲ မြင်ကြတယ်။

မိစံကတော့ နည်းနည်း ဘဝင်မကျ ဖြစ်ခဲ့မိဖူးတယ်။ အိအိချိုအနေနဲ့ ရုတ်တရက် အချိုးပြောင်းသွားတာ သဘာဝမကျဘူးလို့ ထင်တယ်။ ပေါ်ကြီးကို ပြောပြတော့တောင် အတွေးခေါင်တယ်ဆိုပြီး ပေါ်ကြီးက ဟားခဲ့သေးတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်း တခြားသူငယ်ချင်းတွေကို ပြောပြတဲ့အခါ စိုးမြင့်က ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ ယူဆတယ်။ သူ့အထင်က အိအိချိုဟာ မောင်ချစ်အေးကို ပညာပေးချင်လို့ အချိုသပ်ပြီး လှည့်စားနေတာ ဖြစ်နေမလားဆိုပြီး စိုးရိမ်မိတာပါ။ ပေါကြီးတို့ ကောင်းမြတ်တို့က စိုးမြင့်ဟာ ထုံးစံအတိုင်း ကြောင်တောင်တောင်တွေ လျှောက်တွေးနေတာဆိုပြီး ဝိုင်းဟောက်ခဲ့ကြသေးတယ်တဲ့။

နောက်ပြီး အိအိချိုက မောင်ချစ်အေးကို စက်မှုတက္ကသိုလ်ကျောင်းသားလို့ အထင်မှားနေတဲ့ အကြောင်းကို မြင့်ရှိန်က ကြိုသိနေခဲ့တယ်။ တစ်ရက်မှာ အိအိချိုဟာ သူငယ်ချင်းရှိရာ စက်မှုတက္ကသိုလ်ကို သွားရင်း စကားစပ်မိပြီးတော့ "ကိုချစ်အေးက စက်မှုတက္ကသိုလ်ကျောင်းသားသာဆိုတယ်၊ ရန်ကုန်တက္ကသိုလ် မှာပဲ တွေ့တွေ့နေရတယ်"လို့ ပြောသွားတယ်။ အဲဒီစကားကို မြင့်ရှိန်က တစ်ဆင့်ကြားရတဲ့အခါ နားလည် မှုတွေ လွဲကုန်ပြီဆိုတာ သိလိုက်တယ်။ ဒီအတိုင်း ဆက်ထားလို့ မဖြစ်ဘူး။ နောင်အဖြစ်မှန်ပေါ်လာရင် မောင်ချစ်အေးအတွက် ထိခိုက်နစ်နာစရာ ဖြစ်လာနိုင်တယ်။ ဒါကြောင့် စောစောစီးစီး သတိပေးသင့်တယ်လို့ ဆုံးဖြတ်ပြီး မောင်ချစ်အေးဆီ လာခဲ့သေးတယ်။

အဲဒီအချိန်မှာ မောင်ချစ်အေးဟာ ဆယ်တန်းစာမေးပွဲ ပြန်ဖြေဖို့ ကျောင်းစာအုပ်တွေ ပြန်ရှာ၊ ပြန်စုပြီး စာတွေ ကြိုးကြိုးစားစား ကျက်မှတ်နေတယ်။ မြင့်ရှိန် ရောက်လာတဲ့အချိန်မှာ အမေကတောင် "မင်းသူငယ်ချင်းတော့ ဒီနှစ် ထူးထူးခြားခြားကို ကြိုးစားနေတာပဲ။ အောင်တော့မယ်နဲ့တူတယ်"လို့ အားရ ကျေနပ်စွာ ပြောလိုက်တာ မှတ်မိနေသေးတယ်။

မြင့်ရှိန်ကလည်း လာရင်းကိစ္စကို ပြောဖို့ခက်သွားတယ်။ ပြောလိုက်လို့ မောင်ချစ်အေး စိတ်အနှောင့် အယှက်ဖြစ်သွားရင် စာကျက်တာကို ထိခိုက်သွားမှာစိုးရတယ်။ ပြီးတော့ မောင်ချစ်အေးရဲ့ ပုံစံကလည်း သိပ်တက်ကြွနေတယ်လေ။ ဒါကြောင့် မြင့်ရှိန်လည်း မပြောရက်ဘဲ ဖြစ်သွားရတာ။

မောင်ချစ်အေးကလည်း အခြေအနေမှန်ကို မသိဘဲ "ဒီနှစ် အောင်မှဖြစ်မယ်၊ ဒါမှ အိအိချိုနဲ့ လိုက်ဖက် ညီမှာ။ အခုဆိုရင် ငါ့အခြေအနေ သိပ်ကောင်းနေပြီကွ၊ ဒီတစ်ခါ အခြေအနေပေးရင် ဖွင့်ပြောလိုက်တော့မယ်လို့ စိတ်ကူးတယ်"ဆိုပြီး ဝင့်ဝင့်ကြွားကြွား ပြောနေမိသေးတယ်။ ပြန်စဉ်းစားရင် ရှက်စရာကောင်း လိုက်တာ။

"ဘာပဲဖြစ်ဖြစ် မင်းကို ငါတောင်းပန်ပါတယ်ကွာ"

မြင့်ရှိန်က ပြောတယ်။

"ဘာကြောင့် တောင်းပန်ရမှာလဲ"

"သူနဲ့ မင်းကို မိတ်ဆက်ပေးတုန်းက ငါက ရည်ပြီး တစ်တန်းတည်းပဲ၊ ဘာညာနဲ့ ပြောမိတော့ နားလည်မှုတွေလွဲပြီး ခုလို ပြဿနာတွေ ဖြစ်ရတာ မဟုတ်လား။ ငါ့ကြောင့် ဖြစ်ရတာလို့ ဆိုနိုင်တော့ …"

"မင်းနဲ့ မဆိုင်ပါဘူး။ မင်းက ငါ့မျက်နှာမငယ်ရအောင် ကာကွယ်ပြီး ပြောခဲ့တာပဲ။ မင်းစေတနာကို ငါနားလည်ပါတယ်။ တကယ်တော့ ငါ့အပြစ်နဲ့ ငါပါကွ၊ ငါဟာ ကိုယ့်အခြေအနေကို အမှန်အတိုင်း မမြင်ဘဲ မတန်မရာ သွားမှန်းခဲ့မိတာပါ"

www.burmeseclassic.com

www.burmeseclassic.com


ပြဿနာဖြစ်ပြီးတဲ့နောက် မောင်ချစ်အေး ဘယ်ကိုမှ မသွားဘဲ အိမ်မှာပဲ အလုပ်တွေ ဖိလုပ်နေလိုက်တယ်။ ဆုံနေကျ သူငယ်ချင်းတွေက စိုးရိမ်ပြီး အိမ်ကို ရောက်လာကြတယ်။ တိုက်တိုက်ဆိုင်ဆိုင် မြင့်ရှိန်ကလည်း သတင်းကြားပြီး ရောက်လာခဲ့တယ်။

"သူက ကိုချစ်အေးအကြောင်း အမှန်အတိုင်း သိချင်တယ်ဆိုပြီးမေးတော့ ငါလည်း ပြောမပြလို့ မဖြစ်ဘူးလေ"

"အေးလေ ... အမှန်အတိုင်းပဲ ပြောရမှာပေါ့"

မောင်ချစ်အေးက မြင့်ရှိန်ရဲ့အပြစ် မဟုတ်ကြောင်း ထောက်ခံချက်ပေးလိုက်တယ်။ မြင့်ရှိန်က ဆက်ပြီး ...

"အကြောင်းစုံ သိသွားတဲ့အခါ သူ့မျက်နှာထားက တော်တော်တင်းမာသွားတာကွ။ ရက်လည်း တော်တော်ရက်သွားပုံရတယ်။ သူ အလိမ်ခံလိုက်ရသလို ဖြစ်သွားတာကိုး"

"ဘာဆိုင်သလဲကွ၊ ဘယ်သူက သူ့ကို လိမ်လို့လဲ။ ချစ်အေးက ကျွန်တော် စက်မှုတက္ကသိုလ် ကျောင်းသားပါလို့ ပြောလို့လား။ သူ့ဘာသာ အဓိပ္ပါယ်ကောက် လွဲခဲ့တာပဲဟာ။ ဒါကို ချစ်အေးအပြစ် လာလုပ်လို့ရမလား"

ပေါ်ကြီးက မကျေမချမ်း ဝင်ပြောတယ်။

"ဘာပဲဖြစ်ဖြစ်လေ၊ ငါကလည်း ကျောင်းထဲမှာ မင်းတို့နဲ့ ရောနှောနေတော့ တက္ကသိုလ်ကျောင်းသား ဟန်ဆောင်သလို ဖြစ်သွားတာတော့ အမှန်ပဲလေ"

မောင်ချစ်အေးက ပြောတော့ ပေါ်ကြီးက ...

"အမယ် ခုချိန်ထိ မင်းက သူ့ကို ကာကွယ်နေတုန်းပဲလား။ သူကတော့ မင်းကို ညှာတာလို့လား"

ကရုဏာဒေါသောနဲ့ ပြောတယ်။ စိုးမြင့်က ဝင်ပြီး ...

"ခုချိန်ကျမှ အဲဒါတွေ ပြန်ပြောမနေပါနဲ့တော့ကွာ။ ဟေ့ကောင် ချစ်အေး၊ ဒီနှစ် ဆယ်တန်းစာမေးပွဲကိုတော့ ဖြေဖြစ်အောင် ဖြေဖို့ ငါတိုက်တွန်းချင်တယ်"

"ဘာလဲ၊ မင်းက ငါ စိတ်လေသွားလိမ့်မယ်လို့ ထင်လို့လား။ ငါ စာတွေ ကြိုးစားကျက်ခဲ့တာ သူ့ကြောင့်ဆိုတာ ငါဝန်ခံပါတယ်။ ဒါပေမယ့် သူနဲ့ပတ်သက်ပြီး မျှော်လင့်ချက် မရှိတော့တာနဲ့ စာမေးပွဲ မဖြေတော့ဘူးဆိုရင် ငါ့လောက် မိုက်မဲတဲ့ကောင် ဘယ်ရှိတော့မလဲ။ ငါ ဖြေဖြစ်အောင် ဖြေမှာပါ။ အောင်တာ မအောင်တာတော့ မပြောနိုင်ဘူး"

စိုးမြင့်က မောင်ချစ်အေးပုခုံးကို ပုတ်ပြီး ...

www.burmeseclassic.com

“အေးကွာ … မင်းစိတ်ဓာတ်ကို ချီးကျူးပါတယ်”

“ချစ်အေး၊ မင်း ဂုဏ်ထူးတွေ အများကြီးရအောင် ကြိုးစားပြီးဖြေကွာ”လို့ ကောင်းမြတ်က အားပေးစကား ပြောတော့၊ ပေါ်ကြီးက …

“ဟုတ်တယ်ကွ၊ အမှတ်ကောင်းကောင်းရအောင်လုပ်ပြီး ဆေးတက္ကသိုလ်တက်ကွာ။ အဲဒါဆို မင်းက သူ့ထက်သာသွားပြီ၊ ဒီအခါကျမှ သူက မင်းကို အောက်ကျို့လာရမယ်”

သူငယ်ချင်းတွေက မောင်ချစ်အေး စိတ်သက်သာရာရအောင် စိတ်ကူးတည့်ရာပြောပြီး အဖတ်ဆည်ဖို့ ကြိုးစားနေကြတာပါ။

မောင်ချစ်အေးက မချိပြုံးပြုံးပြီး ခေါင်းကို ဖြည်းဖြည်းယမ်းခါလိုက်တယ်။ ပြီးတော့ ဝါးရုံပင်ထိပ်ဖျားဆီ လှမ်းငေးကြည့်ရင်း ပြောတယ်။

“မဖြစ်နိုင်ပါဘူးကွာ၊ ဘတ်(စ်)ကား မမီရင် နောက်ကနေ ပြေးလိုက်ပြီး ခိုကပ်တက်လို့ရတယ်။ လေယာဉ်ပျံ မမီရင်တော့ ဘာမှလုပ်လို့မရနိုင်ဘူးလေ။ ငေးကြည့်ရင်း ကျန်ရစ်ခဲ့ရုံပါပဲကွာ”

## C B

မောင်ချစ်အေးမှာ ပညာပါရမီ မပါဘူးလို့ ဆိုရမယ်။ ဖြေရမယ့် ခြောက်ဘာသာမှာ ငါးဘာသာကို ပိုင်ပိုင်နိုင်နိုင်ရတယ်။ အင်္ဂလိပ်စာ တစ်ဘာသာပဲ အားနည်းတာ။ ကံဆိုးချင်တော့ အဲဒီနှစ်မှာပဲ အင်္ဂလိပ်စာ မေးခွန်းက တော်တော်ခက်တယ်။ ဒါနဲ့ပဲ မောင်ချစ်အေး စာမေးပွဲကျပြန်တယ်။

တစ်ခု ပြောစရာရှိတာက အိအိချိုနဲ့ပတ်သက်ပြီး မျှော်လင့်ချက်မရှိတော့တာကလည်း တွန်းအားလျော့စေတဲ့ အချက်တစ်ချက်ဆိုတာ ဝန်ခံပါတယ်။ နောက်တစ်ခုကတော့ မောင်ချစ်အေးသာ ဆယ်တန်းအောင်ခဲ့ရင် အဖေတို့က တက္ကသိုလ်ကို မဖြစ်မနေ တက်ခိုင်းမှာ သေချာပေမယ့် လွယ်တော့မလွယ်လှဘူး။ အိမ်ရဲ့ စီးပွားရေးအခြေအနေက မိသားတစ်စု စားလောက်ရုံပဲရှိတာ။ မောင်ချစ်အေးကို ကျောင်းဆက်ထားရမယ်ဆိုရင် အဖေ အရမ်းပင်ပန်းလိမ့်မယ်။

သားအကြီးဆုံးအနေနဲ့ အိမ်ရဲ့တာဝန်ကို ပုခုံးပြောင်းယူဖို့ အချိန်ရောက်ပြီလို့ ထင်တယ်။ အရင်ကလည်း အဖေ့အလုပ်ကို ကူလုပ်ပေးနေကျပါ။ အခုဟာက အပြည့်အဝ တာဝန်ယူချင်တဲ့သဘော။ အဖေက တစ်သက်လုံး ပင်ပင်ပန်းပန်း ကားပြင်ခဲ့ရလို့လား မသိ။ မျက်စိက သိပ်မကောင်းချင်တော့ဘူး။ မျက်မှန်တပ်ပေမယ့် သေးသေးဖွဲ့ဖွဲ့လေးတွေ ကပ်သီးကပ်သပ်လုပ်ရမယ့်ဟာမျိုးတွေကျရင် အခက်တွေ့လာပြီ။ အဖေ့ကို နားဖို့ပြောတော့ …

“ဘာလဲ၊ မင်းက ငါ့ကို အဖိုးကြီးဖြစ်ပြီး အိုမင်းမစွမ်းဖြစ်နေပြီ ထင်လို့လား။ ဝပ်ရှော့ဆရာဆိုတာ ခွတစ်ချောင်းကိုင်နိုင်သေးရင် အလုပ်ဖြစ်သေးတာပါပဲကွ”လို့ ပြန်ပြောတယ်။

ဟုတ်တော့လည်း ဟုတ်ပါတယ်။ ကိုယ် တစ်သက်လုံး လုပ်လာတဲ့အလုပ်ကို ရုတ်တရက် ရပ်ပစ်လိုက်ဖို့ဆိုတာ ဘယ်လွယ်ပါ့မလဲ။

www.burmeseclassic.com

www.burmeseclassic.com


မောင်ချစ်အေးသူငယ်ချင်းတစ်ယောက်ရဲ့ အဖေလိုပေါ့။ သူက သူပိုင်တဲ့ ဘတ်(စ်)ကားကြီးကို သူကိုယ်တိုင် မောင်းခဲ့တာ။ အသက်ကြီးလာတော့ သားသမီးတွေက သူ့ကို အနားပေးလိုက်တယ်။ သားဖြစ်သူက ကားမောင်းတဲ့တာဝန်ကို ဆက်ယူတယ်။ အဘိုးကြီးလည်း နှစ်ပေါင်းလေးဆယ်လောက် နေ့စဉ် ကားမောင်းခဲ့ရာက ရုတ်တရက် နားလိုက်ရတော့ မနေတတ် မထိုင်တတ် ဖြစ်နေတာပေါ့။

တစ်နေကုန် ဘာအလုပ်မှ မရှိဘဲ ယောင်ချာချာ ဖြစ်နေရော။ အကျင့်က ပါနေတော့ ထိုင်ရင်တောင် ဘတ်(စ်)ကားမောင်းနေတဲ့အခါမှာလို ကုလားထိုင်ကို တစောင်းမှီပြီး ထိုင်တတ်တာ။ တစ်ခါတစ်လေ တုတ်တစ်ချောင်းကို ဂီယာထိုးသလို ဟိုယမ်းဒီယမ်း လုပ်နေတတ်သတဲ့။ နောက်ဆုံးတော့ သားဖြစ်သူက မနက်ပိုင်း တစ်ခေါက်လောက် အာသာပြေ မောင်းခိုင်းလိုက်တော့မှပဲ နေသာထိုင်သာရှိသွားသတဲ့။

အခု အဖေလည်း ဒီအတိုင်းပဲပေါ့။ နားခိုင်းပေမယ့် မနေနိုင်။ မောင်ချစ်အေး ကားပြင်နေတဲ့အခါ အနားမှာ လာထိုင်ပြီး ဟိုကိုင်ဒီကိုင် ဝင်လုပ်တတ်တယ်။ ဒါနဲ့ပဲ ပေါ့ပေါ့ပါးပါးကိစ္စတွေ အဖေ့ကို လုပ်ခိုင်းပြီး ပင်ပန်းမယ့်အလုပ်တွေ မောင်ချစ်အေးက လုပ်ရတယ်။

အဖေ ရှိနေတာကလည်း တစ်ခုတော့ ကောင်းတယ်။ မောင်ချစ်အေးက ကားပြင်တဲ့ကိစ္စကို တော်တော် ကျွမ်းနေပြီဆိုပေမယ့် တစ်ခါတစ်လေ အင်ဂျင်က ပညာပြနေတဲ့အခါ အဖေ့အကူအညီကို ယူရတယ်။ ဒီနေရမှာ သမ္မာက စကားပြောတာပဲ။ အဖေက အင်ဂျင်သံကို နားထောင်လိုက်ရုံနဲ့ ချွတ်ယွင်းချက်က ဘယ်နေရာမှာလဲ ဆိုတာ တတ်အပ်ပြောနိုင်တယ်။ ဆီလိုင်းက ဖြစ်တာလား၊ ပလပ်က ညာနေလို့လား၊ ကွိုင်ကြောင့်လား၊ ဘားတွေမလုံလို့လား စသည်ဖြင့်ပေါ့။ သူမှန်းတဲ့အတိုင်း မှန်သွားတဲ့အခါကျရင်လည်း ကလေးတစ်ယောက်လို ပျော်မြူးနေတတ်တယ်။ အဖေ့ဆီက ပညာတွေ အများကြီးရတယ်။ ဒီပညာမျိုးက ကျောင်းမှာ သင်လို့မရဘူး။ လက်တွေ့လုပ်ရင်း လေ့လာယူရတာမျိုးပဲ။

ဒီလိုနဲ့ မောင်ချစ်အေးဟာ အဖေ စိတ်ချလက်ချ မျက်နှာလွှဲနိုင်တဲ့အဆင့်အထိ ရောက်လာတယ်။ အဖေ့အနေနဲ့လည်း အလုပ်က လုံးဝအနားယူရမယ့် အခြေအနေကို ရောက်လာတယ်။

အမေဆုံးသွားတဲ့အချက်ကြောင့်ပါပဲ။ အဲဒီနောက်မှာတော့ အဖေက စိတ်ရောလူပါ တော်တော် ကျသွားတယ်။ အလုပ်ကိုလည်း သိပ်စိတ်မဝင်စားတော့ဘူး။ မောင်ချစ်အေး ကားပြင်တဲ့အခါ အခြားလုပ်စရာ မရှိလို့သာ လာထိုင်ကြည့်နေပေမယ့် အာရုံဝင်စားပုံ မရဘူး။ ခါတိုင်း ဘေးက ကြည့်ရင်း ...

“နပ်ကို သေသေချာချာ ကျပ်ကွ၊ ဒီနေရာက အရေးကြီးတယ်”

“အင်ဂျင်သံကို သိပ်သဘောမကျသေးဘူးကွ၊ ဆီအလိုက်မမှန်ဘူးထင်တယ်”

“တိုင်မင် နည်းနည်းမြင့်နေတယ်ကွ”

“စလိုးချလိုက်ဦး”

“ဘယ်ရင်သံ ကြားတယ်မဟုတ်လား” စသဖြင့် မောင်ချစ်အေး သိပြီးသား တတ်ပြီးသားတွေကိုပဲ အကျင့်ပါပြီး ဝင်ဝင်ပြောနေကျ။ ခုကျတော့ ဘာမှမပြောတော့ဘဲ တွေတွေကြီးပဲ ငေးကြည့်နေတတ်တယ်။ တစ်ခါတစ်လေ မောင်ချစ်အေးက “ပလပ်တွေ ဖြုတ်ဆေးလိုက်ရင် ကောင်းမယ်နော် အဖေ”ဆိုတာမျိုး

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်တောင် ရုတ်တရက် မကြားသလိုဖြစ်နေပြီးမှ "ဟေ ... ဘာလဲကွ၊ ဘာပြောတာလဲ"ဆိုပြီး ထပ်မေးရတယ်။

တစ်ခါတော့ အဖေက အမှတ်တရ ပြောတယ်။

"ဟိုအရင် ... မင်း ကားပြင်တာကို ဂရုမစိုက်ဘဲ တွေးနေငေးနေလို့ အဆူခံရတာ မှတ်မိသေးလားကွ"

"အဲဒီလို ဆူဆူဆဲဆဲ သင်ခဲ့လို့လည်း ကျွန်တော် အခုလောက်ထိ ကျွမ်းကျင်လာတာပေါ့ အဖေရ"

အဖေက ခဏ တွေးနေပြီးမှ ...

"အဲဒီတုန်းက မင်း ရည်းစားပူမိနေလို့လားကွ"

မောင်ချစ်အေးက ပြုံးလိုက်ပြီး ...

"ဒါတွေက ပြီးသွားပါပြီ အဖေရာ"

"အဖေကတော့ မပြီးသေးဘူးကွ။ အေးလေ ... အခုတော့ မင်းကို အဖေ ကိုယ်ချင်းစာတတ်လာပါပြီ"

မောင်ချစ်အေး အဖေ့ကို သနားသွားတယ်။

နောက်ပိုင်းကျတော့လည်း ဓမ္မာရုံမှာ ရပ်ကွက်ထဲက လူကြီးတွေနဲ့ ညနေတိုင်း တရားဆွေးနွေးတဲ့ အလုပ်ကို လုပ်ဖြစ်သွားတယ်။ ဒီတော့မှပဲ ငေးငေးငိုင်ငိုင် မရှိတော့ဘဲ အဆင်ပြေသွားတော့တယ်။

# C B

မောင်ချစ်အေးမှာ ပညာပါရမီ မပါဘူးလို့ ဆိုခဲ့ဖူးတယ်နော်။ တကယ်ဆိုရင် ကျောင်းပညာပါရမီ မပါဘူးလို့ပဲ ပြောသင့်တယ်။ ဆယ်တန်း မအောင်ပေမယ့် အသက်မွေးဝမ်းကျောင်းပညာမှာတော့ ဂုဏ်ထူးတွေ တစ်သီကြီးနဲ့ အောင်ခဲ့တယ်လို့ ဆိုရမှာပဲ။

ပညာရဲ့သဘောကိုလည်း မောင်ချစ်အေး ပိုပြီးနားလည်လာတယ်။ ပညာဆိုတာ အတတ်တစ်ခုကို ကျွမ်းကျင်ခြင်းကို ခေါ်တာပဲ။ ဘွဲ့ရမှ ပညာတတ်လို့ ခေါ်လို့ရတာ မဟုတ်ဘူး။ အသက်မွေးဝမ်းကျောင်းပညာ တစ်ခုကို ခြေခြေမြစ်မြစ် တတ်ကျွမ်းတဲ့သူကိုလည်း ပညာတတ်လို့ ခေါ်လို့ရတာပဲ။ ကိုယ့်အလုပ်ကို တကယ်ကြိုးစားပြီး အကောင်းဆုံးဖြစ်အောင် လုပ်မယ်ဆိုရင် ဖိနပ်ချုပ်တဲ့လူပဲဖြစ်ဖြစ်၊ ထီးပြင်တဲ့လူပဲဖြစ်ဖြစ် ပညာရှင်လို့ အခေါ်ခံထိုက်တယ် ထင်တာပဲ။

တစ်ခုတော့ ရှိတာပေါ့လေ။ အဲဒီလို ပညာရှင်မျိုးကတော့ ဘွဲ့ရတဲ့လူတွေလို လက်မှတ်ပြလိုက်တာနဲ့ အရည်အချင်းကို အသိအမှတ်ပြုခံရတဲ့ အခွင့်အရေးမျိုး မရနိုင်ဘူး။ အလုပ်နဲ့ သက်သေပြရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ကိုယ်ကျွမ်းကျင်တဲ့ကိစ္စမှာတော့ ကိုယ်ဟာ ဆရာပဲ။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အကောင်းဆုံး နမူနာကတော့ ကိုခင်မောင်ဖွေးပေါ့။ နာမည်ကသာ ခင်မောင်ဖွေး၊ အသားကတော့ မည်းလိုက်တာ အထက်ဆင်ကတောင် အရှုံးပေးရမယ်။ တစ်ခါက သင်္ကြန်တွင်းမှာ မောင်ချစ်အေးဆီ သူ ရောက်လာတယ်။ သူ့မျက်နှာက အရောင်ဖျော့တော့တော့ ဖွေးတေးတေးဖြစ်နေလို့ နေမျှားမကောင်းလို့လားလို့ မေးကြည့်တော့ …

"မဟုတ်ပါဘူးကွာ၊ အရက်မူးလာတဲ့ သူငယ်ချင်းတွေက နောက်ပြောင်ပြီး မျက်နှာကို အိုးမည်း သုတ်လွှတ်လိုက်လို့ပါ"တဲ့။

အဲဒီလောက်ထိ မည်းတဲ့ပုဂ္ဂိုလ်ပဲ။

သူက မော်တော်ကားစက်ပြင်ဆရာပါ။ အတန်းပညာအရည်အချင်းကတော့ ငါးတန်းခြောက်တန်းထက် မပိုဘူး။ မြန်မာစာကို ဖတ်တဲ့သူ နားလည်ရုံလောက်တော့ ရေးတတ်တယ်။ လျှောက်လွှာတွေ ဘာတွေ ဆိုရင်တော့ မောင်ချစ်အေးကို လာရေးခိုင်းတတ်တယ်။ အင်္ဂလိပ်စာကတော့ မတတ်သလောက်ပဲ။ တစ်ခုပဲ ရှိတယ်။ သူ့အလုပ်နဲ့ပတ်သက်တဲ့ မော်တော်ကားနာမည်တွေနဲ့ ကားပစ္စည်းတံဆိပ်၊ အင်ဂျင်ဝိုင်တံဆိပ်တွေ ကိုတော့ အသေမှတ်ထားလို့ ဖတ်တတ်နေတယ်။ ဘာပဲဖြစ်ဖြစ် အတန်းပညာနဲ့ ပတ်သက်ရင်တော့ ရေးတတ် ဖတ်တတ်ဆိုတာလောက်သာရှိတယ် ဆိုရမယ်။

သို့ပေမယ့် ကားစက်ပြင်တဲ့နေရာမှာတော့ တော်တော်ကြီးကို ကျွမ်းကျင်တယ်။ အဖေတို့ ကားကြီး အင်ဂျင်ကို ပိုင်နိုင်သလိုမျိုးပဲ သူကလည်း ကားလေးအင်ဂျင်ပိုင်းမှာတော့ စပယ်ရှယ်လစ်ပါပဲ။ တချို့ ဆရာဝန်တွေ လူနာရဲ့ အသားအရေကို ကြည့်ရုံနဲ့ ဘာရောဂါဖြစ်နေတယ်ဆိုတာ ခန့်မှန်းနိုင်တဲ့သဘောမျိုးပေါ့။ ကိုခင်မောင်ဖွေးကလည်း အင်ဂျင်သံကို နားထောင်ရုံနဲ့ ပြစ်ချက်ကို တန်းပြောနိုင်တယ်။ တစ်ခါက ကားတစ်စီးရဲ့ စက်သံကို နားထောင်ပြီး "ခင်ဗျားကားရဲ့ တိုင်မင်ဘတ်ကြိုးကို တစ်လအတွင်း အသစ်လဲမှ ဖြစ်မယ်"လို့ ပြောလိုက်တယ်။

ကားပိုင်ရှင်ကလည်း အလုပ်များနေတော့ သတိမေ့နေတယ်။ သုံးပတ်လောက်အကြာမှာ တိုင်မင် ဘတ်ကြိုး ပြတ်သွားရော။ ကံကောင်းလို့ အင်ဂျင်နာမသွားတာ။ ဒီလိုကျွမ်းလို့လည်း သူ့ဆီမှာ လာပြင်တဲ့ ကားတွေ များတာပဲ။

သူ့ဆီလာတဲ့လူတွေထဲမှာ ဆရာဝန်တွေလည်းပါတယ်။ အရာရှိတွေလည်းပါတယ်။ တရားသူကြီး၊ ရှေ့နေ၊ လုပ်ငန်းရှင်၊ သင်္ဘောသား စသည်တို့လည်းပါတယ်။ အင်းပေါ့လေ။ ဒီလိုလူတွေမှလည်း ကားကောင်းကောင်း စီးနိုင်ကြတာကိုး။

ဒီလူတွေအားလုံးက ကိုခင်မောင်ဖွေးကို တလေးတစား ဆက်ဆံကြတယ်။ တချို့ကဆိုရင် ဆရာ လို့တောင် ခေါ်ကြသေးတယ်။ တစ်ခါတစ်လေများ သူကတောင် အပေါ်စီးကနေ ပြောဆိုဆက်ဆံလိုက် သေးတယ်။ တစ်ခါတုန်းက အရာရှိကြီးတစ်ယောက်ရဲ့ကားကို အင်ဂျင်ကိုင်ပေးရတယ်။ ပတ်ကားကိုင်ထား တာမို့ အသားမကျခင် ခပ်စီးစီးဖြစ်နေလိမ့်မယ်၊ သတိထားပြီး ချော့မောင်းပါ၊ တစ်ပတ်လောက်ကြာရင် ပြန်လာပြီး ကျူးနင်လုပ်ပါလို့ မှာလိုက်တယ်။ ဖြစ်ချင်တော့ အဲဒီအရာရှိက အရေးတကြီးကိစ္စ ပေါ်လာလို့ဆိုပြီး နယ်မြို့တစ်မြို့ကို ညတွင်းချင်း မောင်းထွက်သွားတယ်။ လမ်းမှာတင် အင်ဂျင်ဂျမ်းဖြစ်ပြီး ထိုးရပ်သွားရော။

ကိုခင်မောင်ဖွေးက သူ့စကား နားမထောင်ရကောင်းလားဆိုပြီး အပြစ်တင်တယ်။ ဟိုပုဂ္ဂိုလ်ကြီးကလည်း မျက်နှာငယ်လေးနဲ့။ ကိုခင်မောင်ဖွေးက ဒီကားကို သူ ထပ်မပြင်ပေးနိုင်ဘူးလုပ်လို့ တောင်းတောင်းပန်ပန်နဲ့ ချော့မော့ရသေးတယ်။

ကဲ ... ငါးတန်းခြောက်တန်းလောက်သာတတ်တဲ့ လူတစ်ယောက်ကို အရာရှိကြီးတစ်ယောက်က တလေးတစား ဆက်ဆံရတယ်ဆိုတာ ဘာကြောင့်လဲ။

သူ့ပညာကြောင့်ပေါ့။ သူ့အလုပ်ကို တန်ဖိုးရှိအောင် ကြိုးကြိုးစားစား ဖိဖိစီးစီးလုပ်လို့ပေါ့။

ဒါကိုကြည့်ပြီး မောင်ချစ်အေးဟာ ကိုယ့်ရဲ့စိတ်ဓာတ်ကို မြှင့်တင်ဖို့ အင်အားတစ်ခုရခဲ့တယ်။

မောင်ချစ်အေး ပိုင်နိုင်ကျွမ်းကျင်တာက ကားကြီးအင်ဂျင်တွေပဲ။ ဘတ်(စ်)ကားတို့၊ လော်ရီကားတို့မှာ တင်တဲ့ ခြောက်လုံးထိုး၊ ရှစ်လုံးထိုး ချက်ဗလက်တို့ ဖို့ဒ်တို့ပေါ့။ တကယ့်ဟဲဗီးကြီးတွေ။ ပြီးတော့ ဓာတ်ဆီအင်ဂျင်တွေ။ ခုနောက်ပိုင်းမှာ ကားကြီးတော်တော်များများက ဒီဇယ်အင်ဂျင် ပြောင်းတင်နေကြပြီ။ ဓာတ်ဆီအင်ဂျင်ကြီးလိုင်းကို ကိုင်တဲ့ မောင်ချစ်အေးတို့ အလုပ်ပါးလာတယ်။

ဒီအချိန်မှာ ကိုခင်မောင်ဖွေးနဲ့ တွဲဖြစ်သွားတာပဲ။ သူက ပညာတော်ပေမယ့် နေရာအတည်တကျမရှိဘူး။ အိမ်တွေ လိုက်ပြင်ရတော့ ကသီလင်တနိုင်တာပေါ့။ အလုပ်လည်း တွင်သင့်သလောက် မတွင်ဘူး။ ဒါနဲ့ပဲ မောင်ချစ်အေးတို့အလုပ်ရုံမှာ ပေါင်းလုပ်ကြဖို့ သဘောတူကြတယ်။ သူကလည်း မောင်ချစ်အေးကို ကားလေးအင်ဂျင်လိုင်း ပြောင်းကိုင်ဖို့ တိုက်တွန်းတယ်။

မောင်ချစ်အေးဟာ ကိုခင်မောင်ဖွေးဆီက ပညာတွေကို အများကြီး လေ့လာခွင့်ရခဲ့တယ်။ မောင်ချစ်အေးတို့ ကိုင်နေကျ ကားကြီးအင်ဂျင်တွေက ရိုးရှင်းတယ်။ နောက်ဝင်တဲ့ ကားလေးအင်ဂျင်တွေက ရှုပ်ထွေးတယ်။ ဘာပဲဖြစ်ဖြစ် အခြေခံကတော့ အတူတူပါပဲ။ လေ့ကျင့်အားရယ်၊ ဓာတ်ဆီငွေ့ရယ်ကို အချိုးညီညီပေါင်းစပ်ပြီး မီးပွင့်ပေါက်ကွဲခြင်းနဲ့ အင်ဂျင်ကို လည်ပတ်စေတာချည်းပါပဲ။ တိုင်မင်ကို ပင်နယံနဲ့ လည်တာ၊ ချိန်းကြိုးကို ဆွဲတာ၊ ဘတ်ကြိုးနဲ့ မွှေတာ၊ မီးပေးတဲ့စနစ်ကို ပွိုင့်အစား မက်ဂနက်သုံးတာ၊ အိုင်စီထည့်တာ စသည်ဖြင့် ပြောင်းလဲလာတာပဲ။ နောက်ပိုင်းလာတဲ့ကားတွေမှာ ခေတ်မီပစ္စည်းတွေ ထပ်ပြီး တပ်ဆင်လာလို့ ရှုပ်ထွေးခက်ခဲတယ်လို့ ထင်ရတာပါ။

မောင်ချစ်အေးက အခြေခံကို ပိုင်နိုင်ပြီးသားဆိုတော့ မကြာခင်မှာပဲ ခေတ်ပေါ်ကားလေးအင်ဂျင်တွေကိုလည်း ကျွမ်းကျင်လာခဲ့ပါတယ်။ အချိန်တိုတိုအတွင်းမှာ တိုးတက်ခဲ့ရတာကလည်း ကိုခင်မောင်ဖွေးရဲ့ အကျင့်စရိုက်တစ်ခုကြောင့်ပါပဲ။

သူက ပညာတော့တော်တယ်။ သို့ပေမယ့် ခြေမငြိမ်ဘူး။ အပြင်ကို လှစ်ကနဲ လှစ်ကနဲ လစ်ထွက်သွားတတ်တယ်။ အပေါင်းအသင်းလည်းများတယ်။ ဘောလုံးပွဲလည်း ဝါသနာပါတယ်။ ညနေကျရင် မောင်ချစ်အေးတို့ မြို့နယ်အစပ်မှာရှိတဲ့ ရေကန်ကြီးမှာ ငါးသွားမျှားတာလည်း ရှိသေးတယ်။

သူက မိန်းမကိစ္စတော့ ကင်းတယ်။ အချစ်ရေးကို စိတ်မဝင်စားလို့တော့ မဟုတ်။ ဟိုတစ်ချိန်တုန်းက မိန်းကလေးတစ်ယောက်ကို အရူးအမူး ချစ်ခဲ့မိဖူးတယ်။ ကောင်မလေးကတော့ အသားမည်းလွန်းတယ့် ကိုခင်မောင်ဖွေးကို လုံးဝ စိတ်မဝင်စား။ ကိုခင်မောင်ဖွေးက မရမက ချဉ်းကပ်တဲ့အခါမှာ ကောင်မလေး

www.burmeseclassic.com

www.burmeseclassic.com


စိတ်ညစ်လာတယ် ထင်ပါရဲ့။ တစ်ရက်မှာတော့ ကိုခင်မောင်ဖွေးကို စာတစ်စောင် ပြန်ပေးတယ်။ ကိုခင်မောင်ဖွေးလည်း ဝမ်းသာအားရနဲ့ ဖွင့်ဖတ်ကြည့်တော့ ကဗျာတိုလေးတစ်ပုဒ်ကိုပဲ တွေ့ရတယ်။

"လမိုက်ညမှာ
ကျွဲစီးလာ
ပြန်ပါလေတော့ မီးသွေးသည်"

အဲဒီအချိန်ကစပြီး ကိုခင်မောင်ဖွေးဟာ မိန်းမတွေကို စိတ်နာသွားခဲ့တာပဲတဲ့။ တိုက်တိုက်ဆိုင်ဆိုင် ကြုံမှကြုံတတ်ပလေတယ်။ အချစ်ကံခေသူနှစ်ယောက် လာတွေ့ကြတာလေ။ တစ်ခုတော့ရှိတယ်။ မောင်ချစ်အေးက သူ့လို မိန်းမတွေကို စိတ်နာနေတာတော့ မဟုတ်ဘူး။

ကိုခင်မောင်ဖွေးဟာ ကားပြင်နေရင်းက အပေါင်းအသင်းတွေ လာခေါ်ရင်လည်း လိုက်သွားတာပဲ။ ပြီးတော့ လက်ဖက်ရည်ဆိုင်မှာ တမေ့တမောထိုင်ပြီး စကားပြောနေတတ်တယ်။ တစ်ခါတစ်လေကျတော့ ...

"ဒီနေ့ ဘဏ္ဍာအခွန်နဲ့ စီးပွားကူးသန်းပွဲ ရှိတယ်။ ပွဲကြီးပွဲကောင်းပဲဗျ၊ လွတ်သွားလို့ မဖြစ်ဘူး"ဆိုပြီး ဘောလုံးပွဲ သွားကြည့်ချင်ကြည့်တာ။ တစ်ခါတစ်လေမှာလည်း ...

"ကန်ထဲမှာ ငါးလင်ပန်းတစ်ကောင် ဝင်မွှေနေတယ်ဗျ။ ဒီကောင့်ကို မိအောင်ဖမ်းမှဖြစ်မယ်။ နို့မို့ဆို ကန်ထဲက ငါးတွေ အကုန်လျှောက်စားပစ်မှာ စိုးရတယ်"လို့ ပြောပြီး ညနေ နည်းနည်းစောင်းတာနဲ့ ငါးမျှားတံ ထမ်းပြီး ရေကန်ကြီးဘက် ထွက်သွားတတ်တယ်။

ဒီလိုအခါမျိုးမှာ မောင်ချစ်အေးကပဲ ပြင်လက်စ ကားကို ဆက်ကိုင်ပေးရတယ်။ ဒါကြောင့်လည်း အလေ့အကျင့်ပိုရပြီး အချိန်တိုအတွင်းမှာ အောင်မြင်တဲ့ မက္ကင်းနစ်တစ်ယောက် ဖြစ်ခဲ့တာပေါ့။

ကားကြီးအင်ဂျင်ကိုင်ရတာနဲ့စာရင် ကားလေးပြင်ရတာက အများကြီးသက်သာတယ်လို့ဆိုရမယ်။ ကားကြီးစက်ပစ္စည်းတွေက ကြီးကြီးမားမား လေးလေးလံလံတွေချည်းပဲ။ အင်ဂျင် အတင်အချလုပ်တဲ့အခါ ချိန်းဘလောက်ကြီးနဲ့ ခက်ခက်ခဲခဲ လုပ်ယူရတာ။

ပြီးတော့ ခေတ်ဟောင်းက အင်ဂျင်တွေဆိုတော့ အပိုပစ္စည်းကလည်း မရှိသလောက် ရှားနေပြီ။ အလားတူ ဆိုတာမျိုးကို ကြက်တန်းလိုနေရာက ဆိုင်တွေမှာ ခြေတိုအောင် မွှေနှောက်ပြီး ရှာယူရတယ်။ ပစ္စည်းအသစ်လည်း မရတတ်ဘူး။ အဟောင်းထဲက လတ်တဲ့ဟာကိုပဲ ပြုပြင်မွမ်းမံပြီး သုံးရတာများတယ်။

အင်ဂျင်ကလည်းဟောင်း၊ အပိုပစ္စည်းကလည်းဟောင်းဆိုတော့ အမျိုးအစားတူတာ ရရင်တောင် အံမကိုက်တတ်ဘူး။ ကြီးနေရင် ကျောက်နဲ့တိုက်၊ တံစဉ်းနဲ့စား၊ တွင်နဲ့သ၊ သေးနေရင် ဝရိန်ဖို့၊ တစ်ခါတစ်လေ ဘယ်လိုမှ ရှာမရတဲ့ပစ္စည်းဆိုရင် ကိုယ့်နည်းကိုယ့်ဟန်နဲ့ တစ်နည်းတစ်လမ်း ကြံဖန်ပြီး ထွင်ထည့်ရတာပဲ။ အတော်လက်ဝင်တယ်။ အင်ဂျင်တစ်လုံး ကိုင်ပြီဆိုရင်လည်း တစ်မေ့တစ်မော ကြာတတ်တယ်။ ဘရိတ်ဆုံတို့၊ ဝါရှာတို့ဆိုရင် ပြည်တွင်းဖြစ်တွေပဲ သုံးခဲ့ရတာ။ ကြာရှည်မခံဘူး။ တစ်ခါတစ်လေ စမ်းသပ်နေတုန်းမှာတောင် ပေါက်သွား ပျက်သွားလေ့ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အင်ဂျင်ဝိုင်ဆိုရင်လည်း ပက်ကင်ပုံးလိုက် ဝယ်လို့မလွယ်ဘူး။ ဓာတ်ဆီဆိုင်တွေမှာ ပီပါထဲက စုပ်ထုတ်ပေးတာကို သုံးရတာ။ ဒါတောင် အပြည့်မရဘူး၊ ခွဲတမ်းနဲ့။ များသောအားဖြင့်တော့ အပြင်ဆိုင်တွေက ပုလင်းနဲ့ထည့်ရောင်းတာတွေကို ဝယ်သုံးရတယ်။ အရည်အသွေးက မကောင်းရတဲ့အထဲ အရောအနှောက ပါလိုက်သေးတယ်။ အဖေဆိုရင် သူတို့ အရင်က သုံးခဲ့တဲ့ ရှဲ(လ်)တံဆိပ် အင်ဂျင်ဝိုင်အကြောင်း တသသ ပြောတတ်တယ်။ အိမ်မှာတောင် ပုံးအဟောင်းတွေ ရှိသေးတယ်။

ခုနောက်ပိုင်း ကားလေးအင်ဂျင်တွေ ကိုင်ရတာကျတော့ သိပ်အဆင်ပြေသွားပြီ။ အပိုပစ္စည်းတွေက ပေါတာကိုး။ ပစ္စည်းအမျိုးနှစ်ဆယ်လောက်ကို ဆိုင်တစ်ဆိုင်ထဲမှာ စုံအောင်ဝယ်လို့ရတယ်။ လိုရင် တစ်မျိုးနှစ်မျိုးပဲ။ ပစ္စည်းတွေက အသစ်ဆိုတော့ အရင်လို စားနေ၊ ဖို့နေ၊ သ,နေစရာ မလိုဘူး။ တပ်လိုက်တာနဲ့ ဂွပ်ကနဲ ဖစ်ဆိုက်ပဲ။ ပြီးတော့ ဘားကရိုင်းတာကအစ လက်ဖဝါးတွေ အသားမာတက်တဲ့အထိ ကိုယ့်ဘာသာ လုပ်ရတာမျိုး မဟုတ်တော့ဘူး။ ဘားကရိုင်းတဲ့ဆီ သွားအပ်လိုက်ရုံပဲ။ ကာဗရိုက်တာ ကိုင်တဲ့လူဆိုလည်း သပ်သပ်ရှိတယ်။

ဒီတော့ မက္ကင်းနစ်အဖို့ အများကြီး ဝန်ပေါ့သွားတယ်။ လုပ်ရကိုင်ရတာ အဆင်လည်းပြေတယ်။ မြန်လည်းမြန်တယ်။ အင်ဂျင်ဝိုင်တို့ ဘရိတ်ဆီတို့ဆိုရင်လည်း ပေါသလား မမေးနဲ့။ တံဆိပ်မျိုးစုံ ကြိုက်ရာ ရွေးဝယ်။ အင်ဂျင်ဝိုင်ဝယ်ရင် ဆပ်ပြာတို့၊ တီရှပ်တို့ လက်ဆောင်ပေးတာမျိုးတောင် ရှိတယ်။

လုပ်ရကိုင်ရတာ သက်သာသလို လက်ခကျတော့လည်း ကားကြီးကိုင်ရတာထက် ပိုရတယ်။ ကားမော်ဒယ်မြင့်လေ ဈေးပိုရလေပဲလို့တောင် ပြောနိုင်တယ်။ မြန်မြန်လည်းပြီး၊ ငွေလည်းပိုရဆိုတော့ တွက်ခြေကိုက်တာပေါ့။

ဒီလိုနဲ့ပဲ မောင်ချစ်အေးရဲ့ စီးပွားရေးအခြေအနေဟာ ကောင်းတဲ့ဘက်ကို ဦးတည်လာခဲ့ပါတယ်။

C B

J ။ ။

“ရှင် ကားပြင်နေတာပဲ ကောင်းလိမ့်မယ်ထင်တယ်”လို့ အိအိချိုက ပြောခဲ့တယ်နော်။

www.burmeseclassic.com

www.burmeseclassic.com


မောင်ချစ်အေးက အိအိချိုရဲ့စကားကို မြေဝယ်မကျ နားထောင်တဲ့သူပါ။ နှုတ်က ဖွင့်ပြောတာ မဆိုထားနဲ့၊ မျက်လုံးနဲ့ အမိန့်ပေးတာကိုတောင် နာခံခဲ့တာ မဟုတ်လား။

ဟိုအရင်အခါဆီက အိအိချိုနောက်ကို မောင်ချစ်အေး လိုက်လာတော့ အိအိချိုက ဖြတ်ကနဲ စူးစူးရဲရဲ တစ်ချက်စိုက်ကြည့်လိုက်တယ်လေ။ အသံထွက်မလာပေမယ့် "ရပ်လိုက်"လို့ အမိန့်ပေးလိုက်သလိုပါပဲ။ ဒီအခါမှာ မောင်ချစ်အေးဟာ မီးနီကို မြင်လိုက်တဲ့ ဒရိုင်ဘာတစ်ယောက်လို ဘရိတ်ကို ဒက်စတော့ နင်းလိုက်မိတော့တာပဲလေ။

အခုလည်းပဲ မောင်ချစ်အေးဟာ အိအိချိုရဲ့ ပြဋ္ဌာန်းချက်အတိုင်း ကားပြင်နေပါတယ်။ အိအိချိုကို သတိရတဲ့အခါတိုင်း ကားပြင်တယ်။ ထူးဆန်းတယ်နော်။ အလွမ်းကို တုံ့ပြန်တဲ့နေရာမှာ တချို့က အရက်သောက်တယ်၊ တချို့က တေပေလေလွင့်တယ်၊ တချို့က တွေဝေငေးငိုင်တယ်၊ တချို့က ဒေါသနဲ့ ရမ်းကားတယ်။

လွမ်းလို့ ကားပြင်တယ်ဆိုတဲ့လူကတော့ မောင်ချစ်အေးတစ်ယောက်ပဲ ရှိမယ်ထင်ပါတယ်။

မောင်ချစ်အေး အမြင်ကတော့ ခုလို ကားပြင်နေတာဟာ အိအိချိုကို ချစ်နေဆဲဖြစ်ကြောင်း သက်သေပြနေတာပဲလို့ ထင်တယ်။ များများလွမ်းလေ၊ များများကားပြင်လေ၊ များများတိုးတက်လာလေပဲပေါ့။ ဒီလို လွမ်းနည်းမျိုးကိုတော့ အိအိချိုလည်း ထောက်ခံချက်ပေးနိုင်မှာပါ။ မောင်ချစ်အေးဟာ အလွမ်းနဲ့ အကျိုးပေးတယ် ထင်ပါရဲ့။

## C B

ကိုခင်မောင်ဖွေးဟာ ခြေများတယ်လို့ ပြောခဲ့တယ်နော်။ တကယ်ပါပဲ။ မောင်ချစ်အေးက ကျွမ်းကျင်လေ သူက အပြင်ထွက်ချင်လေပဲ။

"အင်ဂျင်ကိုင်တဲ့နေရာမှာ စေ့စပ်သေချာတာကတော့ ခင်ဗျားနဲ့ ကျွန်တော် တူတူလောက်ပဲ။ ဒါပေမယ့် စိတ်ရှည်တဲ့နေရာမှာတော့ ခင်ဗျားက သာတယ်"လို့ ကိုခင်မောင်ဖွေးက မောင်ချစ်အေးကို ပြောတယ်။ အဲဒီလို ချီးကျူးပြီးနောက် ...

"ဒီကားတော့ ခင်ဗျားပဲ လက်စသတ်လိုက်ပါတော့ဗျာ။ ခင်ဗျားကို ကျွန်တော် စိတ်ချပါတယ်။ အုံနာတွေကလည်း ခင်ဗျားလက်ရာကို သဘောကျနေကြပြီ"ဆိုပြီး မောင်ချစ်အေးနဲ့ ထားခဲ့၊ သူကတော့ အပေါင်းအသင်းတွေနဲ့ လိုက်သွားရော။ အပေါင်းအသင်းဆိုတာလည်း ကားသမားတွေပဲ များပါတယ်။ သူ့ဆီမှာ ကားလာပြင်တဲ့လူတွေထဲမှာ မော်တော်ကားဝယ်ရောင်းသမားတွေ ပါတယ်။ သူတို့က ကားတစ်စီး ဝယ်ဖို့ သွားကြည့်တဲ့အခါ အင်ဂျင်အနေအထား စစ်ဆေးပေးဖို့အတွက် ကိုခင်မောင်ဖွေးကို ခေါ်သွားတတ်တယ်။ အဆင်ပြေတဲ့အခါ သူ့ကို ပညာကြေးပေးတာပေါ့။

သူကလည်း ဒီလို သွားလာနေရတာကို ပျော်တယ်။ ဒီလိုနဲ့ပဲ သူလည်း ကားပွဲစားလိုင်းဘက် ကူးသွားပြီး ဝပ်ရှော့ကို မောင်ချစ်အေးဆီ လွှဲခဲ့တော့တာပဲ။ သူက မောင်ချစ်အေးကိုလည်း ဆွယ်သေးတယ်။

www.burmeseclassic.com

"ကားပြင်တာ ပင်လည်းပင်ပန်းတယ်။ စက်ဆီလည်း ပေတယ်။ ဝင်ငွေကျတော့ သိပ်မထူးဘူး။ ပွဲစားလုပ်တာကမှ ခွင်တည့်ရင် ပိုပြီးတောင် မြိုးမြိုးမြက်မြက် ရသေးတယ်။ ခင်ဗျားလည်း လိုက်ပြီး လေ့လာပါလား"လို့ ပြောတယ်။

မောင်ချစ်အေး ခေါင်းခါလိုက်တယ်။ ဟုတ်တယ်လေ၊ အိအိချိုက "ရှင် ကားပြင်နေတာပဲ ကောင်းလိမ့်မယ်ထင်တယ်"လို့သာ ပြောခဲ့တာ။ "ပွဲစားလုပ်နေတာ ကောင်းလိမ့်မယ်ထင်တယ်"လို့ ပြောခဲ့တာမှ မဟုတ်ဘဲ။

မလုပ်ဘူးဆိုပေမယ့် ပွဲစားသဘောမျိုး ဖြစ်သွားတာတော့ ရှိတာပေါ့။ မောင်ချစ်အေးက ဝယ်ရောင်းပွဲစားတွေနဲ့ ခင်မင်နေမှန်းသိတဲ့ ကားအုံနာတချို့က သူတို့ကား လာပြင်ရင်း ကားရောင်းချင်တဲ့အကြောင်း သတင်းပေးသွားတတ်တယ်။

မောင်ချစ်အေးက ကိုခင်မောင်ဖွေးတို့ကို ပြောပြ၊ အရောင်းအဝယ်ဖြစ်ရင် သူတို့ရတဲ့ ပွဲခထဲကနေ မောင်ချစ်အေးကို ခွဲပေးတတ်တယ်။ မောင်ချစ်အေးက မယူချင်ဘူး ပြောတော့ ...

"မယူလို့ မရဘူး။ သံချောင်းခေါက်တဲ့လူ၊ လိပ်စာပေးတဲ့လူကို ရှယ်ယာခွဲပေးရတာ ထုံးစံပဲ"ဆိုပြီး အတင်းပေးတယ်။

ဒီလိုနဲ့ တစ်လ တစ်ခါ နှစ်ခါ ဆိုသလို အပိုဝင်ငွေလေး ရလာပြန်တယ်။ ဒါ့အပြင် ကိုခင်မောင်ဖွေးက နောက်ထပ်တစ်ဆင့်တက်ပြီး စည်းရုံးလာပြန်တာက ...

"ခင်ဗျားမှာ ငွေပိုငွေလျှံလေး ရှိလာပြီပဲ။ ကားလေးတစ်စီးလောက်တော့ ဆွဲထားဖို့ကောင်းတယ်"ဆိုပြီး ကားဝယ်ခိုင်းပြန်ရော။ သူတိုက်တွန်းတာနဲ့ ဆေးဘော်ဒီ သန့်ပြီး အင်ဂျင်ကျနေတဲ့ ပတ်ဘလစ်ကာလေး တစ်စီးကို ဈေးချောင်ချောင်နဲ့ ဝယ်ဖြစ်သွားတယ်။ အင်ဂျင်က အရေးမကြီးဘူးလေ။ ကိုယ့်ဘာသာ လုပ်ယူလို့ရတယ်။

ကံကောင်းချင်တော့ မောင်ချစ်အေး ကားဝယ်ပြီး မကြာခင်မှာပဲ ကားဈေးတွေ တရိပ်ရိပ် တက်လာတယ်။ မောင်ချစ်အေးရဲ့ကားလည်း ဈေးကောင်းရလို့ ရောင်းလိုက်တယ်။ တော်တော်လေး စားလိုက်ရတယ် ဆိုပါတော့။

ဒီလိုနဲ့ နောက်တစ်စီး ထပ်ဝယ်၊ မြတ်ရင် ပြန်ရောင်း။ ဆိုးတော့မဆိုးဘူး။ ကားလည်း စီးရတယ်၊ ဝင်ငွေလည်း တစ်ဖက်တစ်လမ်းက ပိုရတယ်။ စက်ပြင်ဆရာရဲ့ ကားဆိုတော့ အင်ဂျင်ပိုင်း စိတ်ချရတယ်ဆိုပြီး ဈေးပိုရတတ်သေးတယ်။

## C B

မောင်ချစ်အေးရဲ့ စီးပွားရေးအခြေအနေဟာ တော်တော်ကောင်းလာပြီ။ အလုပ်ရုံမှာလည်း ပြင်မယ့် ကားတွေက ရက်ချိန်းနဲ့ကို တန်းစီစောင့်နေရတဲ့ အခြေအနေ ရောက်လာပြီ။ လက်ထောက်တပည့်နှစ်ယောက်နဲ့ ပညာသင်ချာတိတ်နှစ်ယောက် ရှိလာပြီ။

www.burmeseclassic.com

www.burmeseclassic.com


မောင်ချစ်အေး ခုလိုအောင်မြင်လာတာဟာ ကိုခင်မောင်ဖွေးရဲ့ အကူအညီလည်းပါတယ်။ အဖေ့ရဲ့ ကျေးဇူးလည်းပါတယ်။ မောင်ချစ်အေးဟာ ကားပြင်တဲ့အခါမှာ အဖေ့ရဲ့မူအတိုင်း လိုက်နာတယ်။ အဖေ သွန်သင်တာကိုလည်း မမေ့ဘူး။

"အင်ဂျင်တစ်လုံးကို ကိုင်တဲ့အခါမှာ ခွဲစိတ်ဆရာဝန်တစ်ယောက်က လူနာတစ်ယောက်အပေါ်ထားတဲ့ စိတ်မျိုးနဲ့ လုပ်ရမယ်ကွ"လို့ အဖေက ဆိုတယ်။ ကိုယ့်ဆီ အလုပ်လာအပ်တဲ့လူတွေအပေါ်မှာလည်း စေတနာ ထားရမယ်။ ကိုယ်ပြင်ပေးလိုက်တဲ့ကားက ကောင်းသွားလို့ ကားပိုင်ရှင်ပျော်သွားတာကို ကြည့်ပြီး ကိုယ်လည်း စိတ်ချမ်းသာရတယ်။

ကားတစ်စီး ပြင်ပြီးလို့ ကားပိုင်ရှင် လာယူပြီဆိုရင် အဖေက ...

"ခင်ဗျားရဲ့ မျက်နှာကို နောက်တစ်ခါ မမြင်ချင်ဘူး"လို့ ပြောလေ့ရှိတယ်။

ရုတ်တရက်တော့ ဟိုလူတွေ လန့်သွားကြတာပေါ့။ အဖေက ဘာများအလိုမကျတာရှိလို့ ခုလို ဘုကျကျ ပြောတာလဲလို့ ထင်ကြတယ်။ နောက်တော့မှ အဖေ ပြင်ပေးလိုက်တဲ့ကားဟာ နောက်တစ်ကြိမ် ပြန်လာစရာ မလိုလောက်အောင် ကောင်းသွားရမယ်လို့ အာမခံတဲ့စကားမှန်း သိပြီး ကျေနပ်သွားကြတယ်။

မောင်ချစ်အေးက အဖေ့လို ပါးစပ်က ထုတ်မပြောပါဘူး။ ကားတစ်စီး ပြင်ပြီးလို့ ပိုင်ရှင်က လာယူတဲ့ အခါ ကားထွက်ခါနီးမှာ ကားဘော်ဒီကို ပုတ်ပြီးနှုတ်ဆက်လိုက်တာလောက်ပါပဲ။

အခုလို ကားတွေကို နောက်တစ်ခါ ပြန်မလာရအောင် ပြင်ပေးလိုက်တဲ့အတွက် တစ်ခါပဲ စားရမှာပေါ့၊ ကိုက်ပါ့မလားလို့ ထင်စရာရှိတယ်။ ဒီလိုမဟုတ်ဘူး၊ မောင်ချစ်အေး စိတ်တိုင်းကျပြင်ပေးလိုက်လို့ လှည့်ကြည့် စရာ မလိုလောက်အောင် ကောင်းသွားတဲ့ ကားပိုင်ရှင်တွေက သူတို့ရဲ့ အသိမိတ်ဆွေတွေကို ကားပျက်ရင် မောင်ချစ်အေးဆီမှာ ပြင်ဖို့ ထောက်ခံလမ်းညွှန်ပေးကြတယ်။ တချို့ဆို ကိုယ်တိုင်လိုက်လာပြီး မိတ်ဆက်ပေး အပ်နှံပေးကြတယ်။ သဘော်သားတစ်ယောက်ဆိုရင် ...

"ကျွန်တော်သာ လေယာဉ်ပျံ ဝယ်စီးရင်လည်း ကိုချစ်အေးဆီမှာပဲ ပြင်မှာပဲ"လို့တောင် ပြောသေးတယ်။

မောင်ချစ်အေးအိမ်က တော်တော် ဟောင်းနွမ်းအိုမင်းနေပြီ။ ဒါကြောင့် နှစ်ထပ်တိုက်ခံအိမ်အဖြစ် ပြင်ဆောက်လိုက်တယ်။ ဘေးကပ်လျက်မှာရှိတဲ့ ပေအစိတ် မြေကွက်ကို ဝယ်ပြီး အလုပ်ရုံဆောက်တယ်။

အဖေနဲ့ အငယ်ဆုံးကောင် ချစ်ထွေးတို့က အပေါ်ထပ်မှာ နေကြတယ်။ အောက်ထပ်မှာတော့ မောင်ချစ်အေးရဲ့အခန်းရှိတယ်။ အလုပ်သမားတွေက အလုပ်ရုံထဲမှာပဲ အိပ်ကြတယ်။ နှမတွေက အိမ်ထောင်တွေ ကျပြီး သီးခြားနေနေကြပြီ။ စားရေးသောက်ရေးနဲ့ အိမ်မှုကိစ္စလုပ်ဖို့ အဒေါ်ကြီးတစ်ယောက်ကို လခ ကောင်းကောင်းပေးပြီး ခေါ်ထားတယ်။

အဒေါ်ကြီးရဲ့ အဓိကတာဝန်ကတော့ ဟင်းကောင်းကောင်းချက်ဖို့ပဲ။ အဖေဟာ အသက်ကြီးလာ တာလည်းတစ်ကြောင်း၊ တစ်သက်လုံး ချိုးခြံချွေတာခဲ့ရတာကလည်း တစ်ကြောင်းကြောင့် ထင်တယ်၊ ခုချိန်မှာ အစားကောင်းကို မက်မောတတ်လာတယ်။ မောင်ချစ်အေးကလည်း ကျွေးနိုင်တဲ့အခြေအနေ ရောက်လာတော့ အဖေ စားချင်တာမှန်သမျှ ကျွေးတယ်။ တစ်ခါတစ်လေကျတော့ အဖေက ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့အမေဟာ ဒီလို ကောင်းကောင်းစားမသွားရရှာဘူး"လို့ တမ်းတမ်းတတ ပြောတတ်သေးတယ်။

အိမ်မှာ ဟင်းကောင်းကောင်းချက်ရတဲ့ နောက်အကြောင်းတစ်ခုကတော့ ချစ်ထွေးကြောင့်ပါပဲ။ ဒီကောင်က ငယ်ငယ်ကတည်းက အစားကောင်း မက်တတ်တဲ့ကောင်။ မောင်ချစ်အေးတို့ မိသားစုထဲမှာ ဒီကောင်ဟာ ကံအကောင်းဆုံးပဲ။ သူအရွယ်လေးရောက်တဲ့အချိန်မှာ စီးပွားရေးက အဆင်ပြေလာတာကိုး။

ခုဆိုရင် ချစ်ထွေးဟာ ငယ်ငယ်ကလို ဘဲဥပြုတ်တစ်ခြမ်းပဲ စားရလို့၊ ပလပ်စတစ်ဘောလုံးကလေး ပူဆာတာ မရလို့ ရှိုက်ကြီးတငင် ငိုရတဲ့ကောင်လေး မဟုတ်တော့ဘူး။

ပြည့်ပြည့်စုံစုံနဲ့ နေထိုင်စားသောက်ဝတ်ဆင်နိုင်တဲ့ လူငယ်လေးတစ်ယောက်ဖြစ်နေပြီ။ ဂျင်းဘောင်းဘီ လိုချင်တယ်ဆို ချက်ချင်း၊ ဝေါ့ကင်းရှူးလိုချင်တာဆို ချက်ချင်း၊ ဝေါ့ခ်မန်းကက်ဆက်လိုချင်တယ်ဆို ချက်ချင်း၊ ကွန်ပျူတာလိုရင်တယ်ဆိုတာတောင် နှစ်ဆယ့်လေးနာရီအတွင်း ဝယ်ပေးခဲ့တာ။ မောင်ချစ်အေးက အသားကုန် လိုက်လျောတာကြောင့် အဖေကတောင် ...

"ဒီကောင့်ကို သိပ်အလိုမလိုက်နဲ့ကွ။ တော်ကြာ ပေါ်ကြော့လေးဖြစ်ပြီး ပျက်စီးသွားဦးမယ်"လို့ ဟန့်တားသေးတယ်။

မောင်ချစ်အေးကတော့ ကိုယ်ငယ်ငယ်က ဘဝနဲ့ နှိုင်းယှဉ်၊ ကိုယ်ချင်းစာကြည့်ခဲ့တာပါ။ မောင်ချစ်အေး သူ့အရွယ်တုန်းက ဒီလို အခွင့်အရေးမျိုး မရခဲ့ဘူး။ လူငယ်တစ်ယောက်အနေနဲ့ ပျော်ပျော်ပါးပါး မနေခဲ့ရဘူး။

ကျောင်းက ပြန်ရောက်တာနဲ့ အဖေ့အလုပ်ကို ကူလုပ်ရတယ်။ ရေခပ်ရတယ်။ မကြာခဏဆိုသလိုပဲ လမ်းမှာ ထိုးရပ်နေတဲ့ကားကို အဖေနဲ့အတူ သွားပြင်ပေးရတယ်။ ညဥ့်နက်သန်းခေါင် ဖြစ်ချင်လည်းဖြစ်မယ်။ ခိုက်ခိုက်တုန်အောင်ချမ်းတဲ့ ဆောင်းမနက် ဝေလီဝေလင်းလည်း ဖြစ်ချင်ဖြစ်မယ်။ အိပ်လို့ကောင်းတုန်း လာနှိုးလို့ အိပ်ရေးမဝတဝနဲ့ မျက်လုံးကို ပွတ်သပ်ပြီး လိုက်ချင်လည်း လိုက်သွားရမယ်။

အဝတ်အစားကောင်းကောင်း မရှိခဲ့ဘူး။ အိအိချိုနဲ့တွေ့ပြီးမှ အသုံးစရိတ်ကို ချွေတာပြီး ရှပ်အင်္ကျီ အဖြူလေးနှစ်ထည် ဝယ်ဖြစ်ခဲ့တာ။ အိအိချိုကတော့ မောင်ချစ်အေးဟာ အင်္ကျီအဖြူတစ်မျိုးတည်းကိုပဲ မြတ်မြတ်နိုးနိုး ဝတ်တတ်တဲ့လူလို့ ထင်ခဲ့လေမလား မသိ။

ရစ်တန်းလောက်တည်းက အဖေ့အလုပ်မှာ ဝင်ကူခဲ့ရတော့ ကစားချိန်ရယ်လို့ သိပ်မရှိခဲ့ဘူး။ မောင်ချစ်အေးက ဘောလုံးကန်တာ ဝါသနာပါတယ်။ အတော်အသင့်လည်း ထူးချွန်ပါတယ်။ သို့ပေမယ့် အမြဲ ကန်နိုင်တာ မဟုတ်ဘူး။ အလုပ်အားတဲ့အချိန်ကလေးကျမှ ပြေးကန်ရတာ။ တစ်ခါတစ်လေ ဘောလုံးကန်ဖို့ သွားခါနီးကျမှ အရေးပေါ်အလုပ်က ပေါ်လာတဲ့အခါ ငိုတောင်ငိုချင်တယ်။

လူငယ်တို့သဘာဝ လမ်းထိပ်အုတ်ခုံမှာ ဂစ်တာတီး၊ သီချင်းဆို၊ ဝိုင်းဖွဲ့စကားပြောတာမျိုး တစ်ခါတစ်လေမှ ဝင်ပါနိုင်တယ်။ လမ်းထိပ်က ပျံ့လွင့်လာတဲ့ ဂစ်တာသံကို နားထောင်ရင်း အဖေ ကားပြင်တဲ့ ဘေးမှာ ငုတ်တုတ်ထိုင်ပြီး မီးပြပေးခဲ့ရတဲ့ညတွေ အများကြီးပေါ့။

www.burmeseclassic.com

လက်ဖက်ရည်ဆိုင်လည်း တစ်ခါတစ်လေမှ ထိုင်ဖြစ်တာပါ။ လက်ဖက်ရည်သောက်ကြတဲ့အခါ သူများ တိုက်တာကိုချည်း အမြဲသောက်နေလို့ မဖြစ်ဘူးလေ။ ကိုယ်ကလည်း တစ်လှည့်ပြန်တိုက်မှ ကောင်းမှာပေါ့။ မောင်ချစ်အေးမှာ အဲဒီလောက် သုံးနိုင်စွဲနိုင်တဲ့အင်အား မရှိဘူး။

ပညာရေးမှာကော။ သူများတွေလို ကျူရှင်ယူဖို့ ဝေးလို့၊ စာကျက်ချိန်ကိုတောင် အလုပ်ချိန်ထဲက ဖဲ့ပေးမှရတာ။ အဖေတို့ အမေတို့က မောင်ချစ်အေးကို မညှာမတာ ခိုင်းချင်ကြတာတော့ မဟုတ်ပါ။ သို့ပေမယ့် သူတို့လည်း ဘယ်တတ်နိုင်မလဲ။ အလုပ်သမားငှားဖို့ အခြေအနေ မပေးတော့ သားအကြီးဆုံးဖြစ်တဲ့ မောင်ချစ်အေးကပဲ အလိုက်သိစွာ ကူညီခဲ့ရတာပါပဲ။

ချစ်ထွေးအလှည့်မှာတော့ အဲဒီလို ချို့ချို့တဲ့တဲ့ မဖြစ်ရအောင် အစွမ်းကုန် ဖြည့်ဆည်းပေးခဲ့တာပါ။ မောင်ချစ်အေးကလည်း တတ်နိုင်တဲ့အခြေအနေမှာ ရှိနေပြီကိုး။ ဒီကောင်ကလည်း အစ်ကိုရဲ့အထာကိုသိတော့ "ဟိုဟာ လိုချင်တယ်၊ ဒီဟာ ဝယ်ပေးပါဦး"ဆိုပြီး မကြာခဏဆိုသလို ပူဆာတတ်တယ်။ မောင်ချစ်အေး ကလည်း လိုက်လျောတာ များပါတယ်။

အဲဒီအတွက် ချစ်ထွေးဘက်က ပြန်လည်တုံ့ပြန်လာတဲ့ကိစ္စကတော့ ထိုက်တန်တယ်လို့ ဆိုရမယ်။ ဒီကောင်က ဉာဏ်ကောင်းတဲ့အချက်ပါပဲ။ ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင် နေတတ်ပေမယ့် စာကိုတော့ ကြိုးစားတယ်။

ဒီကောင် ဆယ်တန်းရောက်တော့ သူတို့သူငယ်ချင်းငါးယောက်စုပြီး စာသင်ဝိုင်းလုပ်ချင်တယ် ပြောတယ်။ နာမည်ကြီး ဆရာ ဆရာမတွေကို ပညာကြေး ကောင်းကောင်းပေးပြီး သင်ခိုင်းလိုက်တယ်။ ပင်ကိုယ်ကလည်း စာတော်တဲ့လူဆိုတော့ ဆယ်တန်းစာမေးပွဲကို ဂုဏ်ထူးသုံးခုနဲ့ အောင်တယ်။ အမှတ်တွေ ကလည်း ကောင်းတော့ ဆေးတက္ကသိုလ်ဝင်ခွင့်ရနိုင်တဲ့ အခြေအနေပဲ။

သို့ပေမယ့် ဒီကောင်က ဆေးကျောင်း မတက်ချင်ဘူး။ သူ ဝါသနာပါတာက ကွန်ပျူတာ။ ဒီမှာတင်ပဲ အဖေနဲ့ သူနဲ့ ငြင်းကြခုန်ကြတော့တာပဲ။ အဖေ အသက်ငါးဆယ်ကျော်မှ ဒီကောင့်ကို မွေးခဲ့တာဆိုတော့ သူတို့ နှစ်ယောက်ဟာ သားအဖနဲ့ မတူဘူး။ မြေးအဘိုးလို ဖြစ်နေတယ်။ ဒီကောင်ကလည်း အဖေ့ကို ကြောက်တာ မဟုတ်ဘူး။ အဖေဆူရင်လည်း ဟီးဟီးဟဲဟဲနဲ့ ရှူးသလိုပေါ်သလို လုပ်ပစ်တတ်တာ။

အခုကိစ္စမှာလည်း ဒီကောင်က ...

"ဒါဆိုလည်း ဒီကိစ္စ ကိုကြီးကိုပဲ ဆုံးဖြတ်ခိုင်းလိုက်ပေါ့"ဆိုပြီး မောင်ချစ်အေးဘက် လွှဲချလိုက်တယ်။ ဒီကောင်က လူလည်ပဲ။ မောင်ချစ်အေးက သူ့ဘက်ပဲ လိုက်မယ်ဆိုတာ သိနေတာကိုး။ မောင်ချစ်အေးကလည်း စာသင်တယ်ဆိုတာ သူ ဝါသနာပါတဲ့ ဘာသာရပ်ကို သင်မှ စိတ်ဝင်စားမှုရှိပြီး ထူးချွန်နိုင်တယ်။ သူ ဝါသနာ မပါတာကို အတင်းသင်ခိုင်းရင် စိတ်လေပြီး စာမေးပွဲကျတာတွေဘာတွေ ဖြစ်နိုင်တယ်လို့ ဝင်ပြောတော့ အဖေလည်း သဘောတူလိုက်ရတာပေါ့။

ဒီလိုနဲ့ ချစ်ထွေးလည်း ကွန်ပျူတာတက္ကသိုလ် တက်ခွင့်ရသွားတယ်။

ဘာပဲဖြစ်ဖြစ် အဖေတို့ အမေတို့ရဲ့ ဆန္ဒတစ်ခုတော့ ပြည့်ဝသွားတာပေါ့။ သူတို့က (အထူးသဖြင့် အမေက) မောင်ချစ်အေးကို ဘွဲ့ရပညာတတ် ဖြစ်စေချင်တယ်။ ကံမပါလို့ မဖြစ်ခဲ့ဘူး။ အခုတော့ ချစ်ထွေးက

www.burmeseclassic.com

www.burmeseclassic.com


ဒီအခွင့်အရေးကို ရခဲ့ပြီ။ မောင်ချစ်အေးကလည်း အဖေတို့ အမေတို့ရဲ့ ဆန္ဒအတိုင်းဖြစ်အောင် ဆောင်ရွက်ပေးနိုင်တဲ့အတွက် ဝမ်းသာဂုဏ်ယူတယ်။ ချစ်ထွေးရဲ့ အောင်မြင်မှုကို အမေ မြင်တွေ့မသွားရရှာတာကိုတော့ စိတ်မကောင်းဘူး။

C B

မောင်ချစ်အေးမှာ အိမ်ရှိတယ်။ ကားရှိတယ်။ ဝင်ငွေကောင်းတဲ့လုပ်ငန်းရှိတယ်။ သာမန်အားဖြင့်ဆိုရင် ပြည့်စုံတဲ့ဘဝတစ်ခုကို ပိုင်ဆိုင်နေပြီလို့ ဆိုနိုင်တယ်။ သို့ပေမယ့် တစ်ခုခု လိုအပ်နေသလို အမြဲတမ်း ခံစားရတယ်။

ခုအချိန်မှာ အိအိချိုဟာ မောင်ချစ်အေးကို သတိတောင်ရမှာ မဟုတ်တော့ပါဘူး။ မောင်ချစ်အေးရဲ့ နာမည်ကိုတောင် မေ့တေ့တေ့ ဖြစ်ကောင်းဖြစ်နေလိမ့်မယ်။ ဒါပေါ့လေ။ အလုပ်ရှင်သူဌေးတစ်ယောက်ဟာ သူ့အလုပ်ဖြုတ်ပစ်ခဲ့ဖူးတဲ့ အလုပ်သမားတစ်ယောက်ကို သတိမရတော့သလိုမျိုးပေါ့။

သို့ပေမယ့် အလုပ်ဖြုတ်ခံခဲ့ရတဲ့ အလုပ်သမားကတော့ သူဌေးကို ဘယ်မေ့နိုင်ပါ့မလဲ။ အမြဲတမ်း နာနာကြည်းကြည်း သတိရနေမှာပဲ။ မောင်ချစ်အေးကတော့ အိအိချိုကို စိတ်နာနေတာ မဟုတ်ပါ။ လွမ်းလွမ်းဆွတ်ဆွတ်၊ တမ်းတမ်းတတ၊ တသသ အောက်မေ့သတိရနေတာပါ။

တကယ်ဆိုရင် အလုပ်ဖြုတ်ပစ်တယ်လို့တောင် ပြောလို့မရပါ။ စကတည်းက အလုပ်ကို ခန့်တောင် မခန့်ခဲ့ဘူးလို့ ဆိုရမှာ မောင်ချစ်အေးမှာ အိအိချို လိုချင်တဲ့ အရည်အချင်းတွေမှ မရှိတာ။ ‘ပညာအရည်အချင်း’ ဆိုတဲ့ အချက်တစ်ချက်ထဲနဲ့ ပယ်လိုက်ဖို့ လုံလောက်နေပါပြီ။ အင်တာဗျူးဖြေခွင့်လေးရလိုက်တာကိုပဲ ကံကောင်းတယ် ဆိုရမယ်။

“လွမ်းစရာကို နာစရာနဲ့ ဖြေရတယ်”လို့ ဆိုကြတယ်။ မောင်ချစ်အေးကတော့ အိအိချိုနဲ့ ပတ်သက်လို့ ဘယ်လိုပဲ (ပစ်ပစ်ခါခါ အပြောခံ၊ အလုပ်ခံရသည်ဖြစ်စေ) စိတ်နာစရာရယ်လို့ မယူဆခဲ့ဘူး။ ဒါကြောင့် ဖြေနေစရာလည်း မလိုဘူး။ ဖြေလည်း မဖြေချင်ဘူး။ မောင်ချစ်အေးမှာ ဒီအလွမ်းကလေးတစ်ခုပဲ အဖတ်တင်ကျန်ရစ်ခဲ့တာပါ။

လွမ်းပါရစေ အိအိချို။

C B



www.burmeseclassic.com

နှစ်အတော်ကြာအောင် ကွဲကွာနေတဲ့လူတစ်ယောက်နဲ့ ဒီနေ့မှာ ရုတ်တရက် ပြန်ဆုံရလိမ့်မယ်လို့ မထင်မိခဲ့ဘူး။ ကားတစ်စီး သွားကြည့်ဖို့ ထွက်လာရင်းနဲ့ တွေ့ခဲ့ရတာပါ။

မောင်ချစ်အေးတို့အလုပ်က ဝပ်ရှော့ဆိုတော့ အကြမ်းခံတဲ့ ပစ်ကပ်ကားတွေပဲ ဝယ်စီးဖြစ်တယ်။ အင်ဂျင်ဝိုင်စက်လက်နဲ့ ပစ္စည်းတွေ၊ အင်ဂျင်ဟက်တွေ ဘလောက်တွေ တင်ရတာမျိုးဆိုတော့ ဆလွန်းကားနဲ့ မကိုက်ဘူးလေ။

သို့ပေမယ့် ချစ်ထွေးက ...

"ကိုကြီးရာ၊ ဒီတစ်ခါ ကားလဲရင် ဆလွန်းကား ဝယ်စမ်းပါ။ စီးဖူးတယ်ရှိတာပေါ့"လို့ ပြောလာတယ်။

"ဆလွန်းကားဆိုရင် ပစ္စည်းတင်လို့ မကောင်းဘူးကွ။ ကားပစ္စည်းဆိုတာ ညစ်ညစ်ပတ်ပတ်တွေ များတာ၊ ဆလွန်းကားက အပေအတေ မခံဘူးကွ"

"ဗင်ကားဆိုရင် ရပါတယ်။ နောက်ခန်းမှာ ပစ္စည်းတင်လို့ရတာပဲ"

ဒီကောင် တစ်ခါတစ်လေ ကျောင်းကို ကားယူသွားတာဆိုတော့ နည်းနည်း သားသားနားနားလေး စီးချင်တယ် ထင်ပါရဲ့။

ဒီနေ့တော့ ကိုခင်မောင်ဖွေးက သတင်းတစ်ခု ဝင်ပေးသွားတယ်။ သမိုင်းလမ်းဆုံနားမှာ ဆူပါရှဖ် တစ်စီးရှိတယ်။ ဆေးဘော်ဒီ သင့်တယ်။ အင်ဂျင်ပြန်လုပ်ရမယ်။ ဟိုင်းလပ်လေးချိတ်နဲ့ အလိုက် နည်းနည်း ပါးပါးရရင် လဲချင်တယ်တဲ့။ မောင်ချစ်အေးမှာ ဟိုင်းလပ်လေးချိတ်ရှိတယ်။ ဒီတော့ အတော်ပဲပေါ့။

ကိုခင်မောင်ဖွေးကတော့ သဘော်သားတစ်ယောက်အတွက် လီမိတက်ကားတစ်စီး ရှာပေးဖို့ ရှိနေလို့ မလိုက်နိုင်ဘူး။ သို့ပေမယ့် ဟိုကားကို သူကြည့်ပြီးပြီ။ လက်ခံနိုင်စရာ အနေအထားရှိတယ်။ သွားကြည့် လိုက်ပါ ဆိုတာနဲ့ မောင်ချစ်အေး တစ်ယောက်တည်းပဲ ထွက်လာခဲ့တယ်။

သမိုင်းလမ်းဆုံဆိုတော့ မောင်ချစ်အေးတို့ဘက်ကနေ သွားရင် တက္ကသိုလ်ရိပ်သာလမ်းကို ဖြတ်သွား ရတယ်လေ။ ရန်ကုန်တက္ကသိုလ်ရှေ့ရောက်တော့ လှည့်မကြည့်ဘဲ မနေနိုင်ဘူး။

ဝင်းထရံ သံတိုင်တွေ တရိပ်ရိပ်ကျန်ခဲ့သလို အတိတ်က အဖြစ်တွေကိုလည်း တရေးရေး မြင်ယောင် မိတယ်။ အင်ဂျင်ဝိုင်ပုံးခွံလေးကိုင်ပြီး ကျောင်းဝင်းထဲကို ယောင်ချာချာ ဝင်လာမိတဲ့အချိန်ကစပြီး ကိုယ်နဲ့ မဆိုင်တဲ့နေရာမှာ လာမရှုပ်ချင်စမ်းပါနဲ့လို့ တားမြစ်နယ်မြေအဖြစ် ကန့်သတ်ခံလိုက်ရတဲ့အထိပေါ့။

သြော် ... ခုတော့ အိအိချိုလည်း တက္ကသိုလ်မှာ ဆရာမကြီးဖြစ်နေပြီပေါ့။ နောက်ဆုံး ကြားခဲ့ရတာက နည်းပြဆရာမ ဖြစ်နေပြီတဲ့။ ခုလောက်ဆိုရင် အနည်းဆုံး လက်ထောက်ကထိကတော့ ဖြစ်နေလောက်ရောပေါ့။ ရန်ကုန်တက္ကသိုလ်မှာပဲလား။ တခြားတက္ကသိုလ်တွေမှာလားတော့ မသိနိုင်ဘူး။ ခုလောလောဆယ်မှာတောင် တက္ကသိုလ်ထဲက စာသင်ခန်းထဲမှာ ကျောင်းပြေးတတ်တဲ့ ကျောင်းသားတွေကို ငေါက်ငမ်းနေလေမလား မသိ။

www.burmeseclassic.com

မောင်ချစ်အေးအဖို့ကတော့ အိအိချိုနဲ့ ပတ်သက်ခဲ့သမျှတွေဟာ အချိန်ကြာလာလေ မှုန်ဝါးလာလေ ဖြစ်ရမယ့်အစား ပိုပြီး ပီပီပြင်ပြင် သတိရလာလေပါပဲ။ အိအိချိုက နှင်ထုတ်လိုက်လို့ တက္ကသိုလ်နယ်မြေထဲကနေ ခေါင်းငိုက်စိုက်ချပြီး ထွက်လာခဲ့တာ မနေ့ညနေတုန်းကလေလေးလားလို့တောင် စိတ်ထဲမှာ ထင်လိုက်မိပါသေးတယ်။

အမရဆောင်နားက တောင်ပိန္နဲပင်ကြီးကို ရိပ်ကနဲ လှမ်းမြင်လိုက်တဲ့အခါမှာတော့ ထူးဆန်းတဲ့အတွေးတစ်မျိုး ဝင်လာခဲ့တယ်။ ဒီနေ့ အိအိချိုကို ပြန်တွေ့ရလိမ့်မယ်လို့ ထင်လိုက်မိတာပါပဲ။ ဖြစ်နိုင်ခြေက တော်တော်နည်းပါတယ်။ သို့ပေမယ့် ဒါမျိုး တစ်ခါတစ်ခါ ထူးထူးခြားခြား ဖြစ်တတ်တယ်လေ။ မတွေ့တာကြာပြီဖြစ်တဲ့ ငယ်သူငယ်ချင်းတစ်ယောက်ကို ရုတ်တရက် သတိရလိုက်မိပြီး မကြာခင်မှာ အဲဒီသူငယ်ချင်းနဲ့ သွားဆုံတတ်တာမျိုးပေါ့။

သမိုင်းလမ်းဆုံနားက ရပ်ကွက်တစ်ခုထဲမှာ ကိုခင်မောင်ဖွေး ညွှန်ပြတဲ့ အိမ်ကို လိုက်ရှာတယ်။ မတွေ့ဘဲ မျက်စိလည်နေတယ်။ ရပ်ကွက်ထဲမှာ ဟိုလမ်းဝင် ဒီလမ်းထွက်၊ ဟိုမေးဒီမေး လှည့်ပတ် မောင်းနေရင်းက တစ်နေရာကို ကားကို ရုတ်တရက် ဘရိတ်နင်းလိုက်မိတယ်။

လူကို တွေ့လို့မဟုတ်။ ကားတစ်စီးကို တွေ့လို့ပါ။ ရှာနေတဲ့ ဆူပါရှဖ်ကားလည်း မဟုတ်။ အိမ်တစ်အိမ်ရှေ့က ကွက်လပ်မှာ ရပ်ထားတဲ့ ဘတ်(စ်)ကားအိုကြီးတစ်စီးကို တွေ့လိုက်ရလို့ပါပဲ။ ဟုတ်တယ်၊ ချစ်မြားရှင်ပဲ။ အိအိချို စီးခဲ့တဲ့ ဖယ်ရီကားကြီးပေါ့။

အိအိချိုကိုယ်တိုင်ကို တွေ့လိုက်ရတဲ့အတိုင်းပဲ။ မောင်ချစ်အေး ဟန်မဆောင်နိုင်ဘူး။ ကားပေါ်က ဆင်းပြီး ဘတ်(စ်)ကားကြီးဆီ လျှောက်သွားမိတယ်။

ကားနံပါတ်ကို မြင်လို့သာ မှတ်မိတာ။ ဒါမှမဟုတ်ရင် သိမှာမဟုတ်ဘူး။ ဘတ်(စ်)ကားကြီးက အတော်ယိုယွင်းနေပြီ။ ဒီနေရာမှာ ထိုးရပ်ထားတာ ဘယ်လောက်ကြာပြီလဲမသိ။ ရှေ့မီးလုံးတစ်လုံးက မရှိတော့။ တစ်လုံးကလည်း အပြင်ကို တွဲလောင်းထွက်ကျနေတယ်။ နောက်ဘီးတစ်လုံးက ပြားချပ်နေပြီး ရှေ့ဘီးတွေက မြေကြီးထဲကို တာယာမြုပ်အောင် ကျွံကျနစ်ဝင်နေတယ်။ ဆေးတွေ ကွာနေတဲ့နေရာကကွာ၊ ကွက်တဲ့နေရာကကွက် ဖြစ်နေတဲ့အပြင် ဖုန်တွေ အလိမ်းလိမ်း တက်နေသေးတယ်။ ရှေ့မှန်က တစ်ခြမ်း မရှိတော့။ ကျန်တဲ့တစ်ခြမ်းကလည်း အက်နေပြီ။ ဘေးပြတင်းပေါက်တွေက သစ်သားအံထိုးတံခါးတွေက တချို့လည်း တင်ထားတယ်။ တချို့လည်း မရှိတော့လို့ ထင်တယ်။ ဟောင်းလောင်းဖြစ်နေတယ်။

ကားရဲ့ ညာဘက်ခြမ်း ရှေ့နားမှာ ရပ်လိုက်တယ်။ ကားကိုယ်ထည်ပေါ်က စွဲစွဲမြဲမြဲ မှတ်မိနေတဲ့ နေရာကို လက်နဲ့ပွတ်သပ်ပြီး ဖုန်တွေကို သုတ်လိုက်တယ်။ ဆေးတွေ ကွာနေတဲ့နေရာကကွာ၊ ကွက်တဲ့နေရာက ကွက်နေပေမယ့် "ချစ်မြားရှင်"ဆိုတဲ့ စာတန်းကလေးကတော့ မှုန်ဝါးဝါး ရှိနေဆဲပါပဲ။

စာတန်းကလေးကို တယုတယ ပွတ်သပ်ကြည့်နေရင်းက ဟိုအရင် အိအိချို ထိုင်နေကျနေရာကို မျက်လုံးက ရောက်သွားတယ်။ မောင်ချစ်အေး ခြေထောက်တွေက ကားရှေ့ပေါက်ကနေ အလိုအလျောက် တက်လှမ်းမိပြီးသား ဖြစ်သွားတယ်။ အိအိချို ထိုင်ခဲ့တဲ့နေရာလေးကို ငေးစိုက်ကြည့်နေမိတယ်။ သစ်သားပြားထိုင်ခုံအခင်းပေါ်မှာ ဖုန်မှုန့်တွေ အထပ်လိုက် တင်နေတယ်။ ပွတ်သပ် ဖယ်ရှားပေးလိုက်ချင်စိတ်က တားမရအောင် ပေါ်ပေါက်လာတယ်။ လက်ကို လှမ်းလိုက်တဲ့အခိုက်မှာပဲ …

www.burmeseclassic.com

www.burmeseclassic.com


"ဟေ့ … ဟေ့ … ဘာလုပ်နေတာလဲ"

နောက်ဘက်က အော်သံကြားလို့ လှမ်းကြည့်လိုက်တော့ …

"ဟင် … ဦးစိတ်တို"

"ဘာကွ"

"ဟာ … ကန်တော့ ကန်တော့ … ကျွန်တော် ယောင်သွားလို့ပါ"လို့ ပြောရင်းက ကားပေါ်က ပြန်ဆင်းလိုက်တယ်။

ဦးစိတ်တိုကြီးက မောင်ချစ်အေးကို စူးစိုက်ကြည့်နေတယ်။ သူတောင် တော်တော်အိုမင်းသွားပါရောလား။ အရင်က ကွက်တိကွက်ကျားလောက်သာ ဖြူခဲ့တဲ့ ဆံပင်တွေက ခုတော့ တစ်ခေါင်းလုံး ဖွေးနေပြီ။ သူမောင်းခဲ့တဲ့ ဖယ်ရီကားကြီးနဲ့အတူ သူ့ကိုယ်ခန္ဓာကလည်း ယိုယွင်းလာခဲ့ပြီ ထင်ပါရဲ့။

"နေစမ်းပါဦးကွ၊ ငါ့ကို ဒီနာမည်ခေါ်တယ်ဆိုတော့ မင်းဟာ အရင်က တက္ကသိုလ်ကျောင်းသား ဖြစ်ခဲ့ရမယ်"

"ကျောင်းသားတော့ မဟုတ်ပါဘူး ဦးလေးရာ၊ သူငယ်ချင်းတွေရှိရာကို လာရင်းက ကျောင်းထဲ ရောက်ရောက်နေတာပါ"

"ဒါနဲ့ ငါ့ကားပေါ် မင်း ဘာတက်လုပ်တာလဲ"

"သတိရလို့ပါ"

မောင်ချစ်အေး လွတ်ကနဲ ပြောလိုက်မိတယ်။

"ဘာကို သတိရတာလဲ၊ ရည်းစားလား"

"တစ်ဖက်သတ်ပါ ဦးလေးရာ"လို့ စိတ်ထဲက ပြန်ပြောလိုက်တယ်။ နှုတ်ကတော့ …

"ဒီကားကြီး ဘာကြောင့် ခုလိုဖြစ်သွားရတာလဲ"

"ကရိုင်းကျိုးသွားလို့ကွ။ ကံဆိုးတယ်ပြောရမှာပေါ့ကွာ၊ အဲဒီအရှိန်ကြောင့် ဂီယာပင်နယံတွေလည်း ပဲ့ကုန်တယ်။ ကရောင်းစပယ်ဖူးလည်း ကြွေသွားတယ်"

"ပြန်မပြင်ဘူးလား"

"ဒီကားတွေရဲ့ စက်ပစ္စည်းတွေက ရှားကုန်ပြီလေ။ လိုက်ရှာလို့ရရင်တောင် မတရားဈေးကြီးမှာ။ ပြန်ဖို့ပြန်သပြီး သုံးရင်လည်း ကြာရှည်ခံမှာ မဟုတ်ဘူး။ ငါကလည်း အသက်က ကြီးလာတော့

www.burmeseclassic.com

သိပ်အားကြိုးမာန်တက် မလုပ်နိုင်တော့ဘူး။ ဒါနဲ့ ဒီအတိုင်း ထိုးရပ်ထားရာကနေ အခု အခြေအနေ ဖြစ်သွားတာပဲ”

ဘယ်သူမှ ဂရုစိုက်ဖော်မရတော့တဲ့ သူ့ကားကြီးအကြောင်းကို စိတ်ဝင်တစား မေးနေလို့လား မသိ။ ဦးစိတ်တိုကြီးက စိတ်ရှည်လက်ရှည် ရှင်းပြနေတယ်။

“ဒါဆိုလည်း ရောင်းလိုက်ပါလား ဦးလေးရဲ့”

“ဟကောင်ရ ... ဒီလောက် ဂျုံးဂျုံးကျနေတဲ့ကားကို ဘယ်သူက ဝယ်မှာလဲကွ”

“အခုအချိန်မှာ ဦးလေးကားကို ရောင်းရင် ဘယ်လောက်ရမယ် ထင်သလဲ”

သူက ခဏ စဉ်းစားပြီး ...

“နှစ်သိန်း သုံးသိန်းရရင် ကံကောင်းပေါ့ကွာ။ ဒါတောင် ...”

မောင်ချစ်အေး ဆုံးဖြတ်ချက်တစ်ခုကို ချက်ချင်းပဲ ချလိုက်တယ်။

“ကျွန်တော် ငါးသိန်းပေးမယ်။ ရောင်းမလား”

သူ ရုတ်တရက် အံ့သြသွားတယ်။ ပြီးမှ ...

“ဟာ ... ဟေ့ကောင်၊ လာနောက်မနေနဲ့”

သက်သက် လာနောက်နေတယ်ထင်ပြီး မျက်နှာထားတင်းသွားတယ်။ ပင်ကိုယ်က စိတ်တိုတတ်တဲ့လူ ဆိုတော့ မောင်ချစ်အေးကို ဟောက်ထုတ်ဖို့ ဟန်ပြင်လိုက်စဉ်မှာ ...

“တကယ်ပြောတာပါ။ ဦးလေး မယုံရင် ... အဲ ... ခဏလေးနော် ...”

မောင်ချစ်အေး သူ့ရဲ့ကားဆီကို ခပ်သုတ်သုတ်သွားတယ်။ ဆူပါရဖ်ကားနဲ့ အဆင်ပြေရင် စရန် ပေးသင့်ပေးရအောင်ဆိုပြီး ယူလာတဲ့ ငွေတစ်သိန်းကို ဒက်ရှ်ဘုတ်အံဖုံးထဲက ထုတ်ယူပြီး ဦးစိတ်တိုကြီးဆီကို ပြန်သွားတယ်။

“ရော့ ဦးလေး။ စရန် တစ်သိန်း ယူထားပါ။ ညနေကျရင် ကျန်တဲ့ငွေကို အပြီးအပြတ် လာပေးပါ့မယ်”

ဦးစိတ်တိုက လက်ထဲရောက်လာတဲ့ ငွေတစ်သိန်းကို ကြောင်တောင်တောင် ကြည့်နေတယ်။ လူလိမ် ဆိုရင်လည်း ငွေတစ်သိန်းပေးပြီးတော့ မလိမ်တန်ရာဘူးလို့ တွေးနေသလား မသိ။ ခဏကြာမှ ...

“နေစမ်းပါဦး။ မင်းက ဒီကားကြီးကို ဘာကြောင့် ခုလို မတန်တဆဈေးပေးပြီး ဝယ်ချင်ရတာလဲ”လို့ အံ့သြဟန်မပြေသေးတဲ့ လေသံနဲ့ မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com


မောင်ချစ်အေးက 'ချစ်မြားရှင်'ဆိုတဲ့ စာတန်းလေးကို လက်နဲ့ ပွတ်သပ်လိုက်ပြီး …

"ဟောဒီ စာတန်းလေးကြောင့်ပေါ့ ဦးလေးရယ် …"

သူက မျက်မှောင်တစ်ချက်ကုတ်လိုက်ပြီးမှ ဦးစိတ်တို ပီသတဲ့ စကားတစ်ခွန်းကို ပြောလိုက်တယ်။

"မင်း … အရူးပဲ"

## C B

ကားကြီးကို ဦးစိတ်တိုဆီကနေ မောင်ချစ်အေးတို့အိမ်အထိ ဆွဲယူဖို့တောင် အတော်ကြိုးစားရတယ်။ အဓိက အရေးကြီးတာက ဘီးတွေကောင်းဖို့၊ ဘရိတ်မိဖို့နဲ့ စတီယာရင် ကောင်းကောင်းအလုပ်လုပ်ဖို့ပဲ။

တာယာတစ်လုံးကို ဟက်တက်ကွဲနေတယ်။ ကျွတ်နှစ်လုံးက ကျေနေပြီ။ အသစ်လဲရတယ်။ ဘရိတ်တွေက ဂျမ်းဖြစ်နေပြီ။ ရှေ့ဘရိတ်တွေက လောလောဆယ်မှာ အရေးမကြီးသေးတဲ့အတွက် ရှူးတွေဖြုတ်၊ ဆီပိုက်တွေ ပိတ်ပစ်လိုက်တယ်။ နောက်ဘရိတ်ကိုတော့ တတ်နိုင်သလောက် မိအောင် ပြန်ပြင်ရတယ်။ နှစ်ချက်တော့ရင် မိတဲ့အဆင့်လောက်ရအောင် လုပ်ရတယ်။ ခိုင်နေတဲ့ စတီယာရင်နဲ့ အောက်ပိုင်းတွေကို အမဲဆီထည့်၊ အင်ဂျင်ဝိုင်ထိုးပြီး ကစားလာအောင်လုပ်ရတယ်။

ဒီလိုနဲ့ ကားကြီးကို တခြားကားတစ်စီးနဲ့ ဆွဲသွားနိုင်တဲ့ အခြေအနေအထိဖြစ်အောင် လုပ်ရတယ်။ ဦးစိတ်တိုကြီးကလည်း ဝင်ကူပါတယ်။ ကားကြီးကို ဆွဲယူသွားတဲ့နေ့ကတော့ နောက်ကနေ ငေးကြည့်ရင်း ကျန်ခဲ့တာ မောင်ချစ်အေးတောင် စိတ်မကောင်းဖြစ်မိသွားသေးတယ်။ အင်းပေါ့လေ၊ တစ်သက်လုံး လက်တွဲလုပ်လာတဲ့ လုပ်ဖော်ကိုင်ဖက်တစ်ယောက်လိုပဲ သူလည်း သံယောဇဉ် ရှိရှာမှာပေါ့။

အဖေကတော့ ကားကြီးကို သိပ်သဘောကျနေတယ်။

"ခေတ်နောက်ကျတယ်ပဲ ပြောပြော … ကားဆိုရင် ဒါမျိုးမှ ငါက သဘောကျတာကွ။ ကြည့်စမ်း၊ ထုနဲ့ထည်နဲ့ ခိုင်ခိုင်ခန့်ခန့် လုပ်ထားတာ။ မင်းတို့ခေတ်က ကားတွေလို ကချော်ကချွတ် မဟုတ်ဘူး"

"အဖေ ကြိုက်မယ်မှန်းသိလို့ ဝယ်လာတာ"လို့ မောင်ချစ်အေးက နောက်သလိုသလို ပြောလိုက်တယ်။ အဖေက ကားကြီးကို ကြည့်နေရင်းက …

"အင်း … ဒီလိုကားကြီးမျိုးတစ်စီး ဝယ်နိုင်အောင် ကြိုးစားမယ်လို့ ကတိပေးပြီး မင်းအမေကို လက်ထပ်ယူခဲ့တာပေါ့။ ဆုံးသာသွားရော မဝယ်နိုင်ခဲ့ပါဘူးကွာ။ ခုချိန် မင်းအမေသာရှိရင် ရှင်မဝယ်နိုင်ပေမယ့် ကျုပ်သားက ဝယ်နိုင်တယ်ဆိုပြီး ဂုဏ်ယူနေမှာပဲကွ"

"ကားမဝယ်နိုင်ပေမယ့် အမေ့ကိုတော့ ရအောင်ယူနိုင်ခဲ့တယ် မဟုတ်လား။ အဖေက ကံကောင်းပါတယ်၊ ကိုယ်ချစ်တဲ့မိန်းမကို လက်ထပ်ခွင့်ရခဲ့တာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com


"အေးကွာ … မင်းအမေလို မိန်းမမျိုးကတော့ ရှားပါတယ်"လို့ အဖေက ကျေနပ်တဲ့လေသံနဲ့ ပြောတယ်။

အဖေက ကျေနပ်နေပေမယ့် ချစ်ထွေး ကျောင်းက ပြန်လာလို့ ကားကြီးကိုလည်း မြင်ရော၊ ပြဿနာ ရှာတော့တာပဲ။

"ဟင် … ဘယ်လိုဖြစ်တာလဲ။ ပြောတော့ဖြင့် ဆူပါရုဖ် ရှာနေတယ် ဘာညာဆိုပြီး၊ ခုတော့ ဘာကြီး ဝယ်လာတာလဲ"

"ဒီကားကြီးက နှယ်နှယ်ရရ မဟုတ်ဘူးကွ။ တကယ်ကောင်းတာ"

"ဘာကောင်းရမှာလဲ၊ ကားစုတ်ကြီးပဲ"

မောင်ချစ်အေး နည်းနည်းတင်သွားတယ်။ ဒါကြောင့် …

"ဟေ့ကောင် … ကားစုတ်ကြီးဆိုတဲ့ စကားလုံးကို မသုံးနဲ့"လို့ ခပ်ထန်ထန် ပြောလိုက်မိတယ်။

ချစ်ထွေးက …

"စုတ်လို့ စုတ်တယ်ပြောတာပဲ"လို့ ဆောင့်ကြီးအောင့်ကြီး ပြောပြီး ထွက်သွားတယ်။

အင်း … ဟုတ်တော့လည်း ဟုတ်ပါတယ်။ သူ့အမြင်အရတော့ ကားစုတ်ကြီးပါပဲ။ မောင်ချစ်အေး အတွက်သာ နတ်ပန်းရထား ဖြစ်နေတာ။

မောင်ချစ်အေး အိမ်ထဲ ဝင်လိုက်သွားတဲ့အခါမှာ အဖေက ချစ်ထွေးကို ဆူနေတာ တွေ့လိုက်ရတယ်။

"အစ်ကိုလုပ်တဲ့သူက ပင်ပင်ပန်းပန်း ရှာဖွေကျွေးနေတာကို ကျေးဇူးတင်ဖော်မရဘူး။ ကားစုတ်ကြီး ဝယ်လာတယ်လေး ဘာလေးနဲ့၊ မင်းက သူဌေးသားလား"

ချစ်ထွေးဆိုတဲ့ကောင်က အဖေ့ကို သိပ်ကြောက်တာ မဟုတ်တော့ …

"သူဌေးသား မဖြစ်ခဲ့ပေမယ့် သူဌေးညီတော့ ဖြစ်နိုင်ပါတယ်"လို့ မထီတရီ ပြောပြီး အပေါ်ထပ် တက်သွားတယ်။ မောင်ချစ်အေးလည်း ဒီကောင့်ကို နည်းနည်းတော့ ချော့လိုက်ဦးမှပဲလို့ စိတ်ကူးပြီး လိုက်တက်သွားတယ်။

ဒီကောင်က သူ့အခန်းထဲမှာ ကွန်ပျူတာကို ကလိနေတယ်။ မောင်ချစ်အေးက သူ့ဘေးနား သွားရပ်ပြီး …

"ဒီလိုရှိတယ်ကွ ညီလေးရ၊ ဒီကားကြီးကို ဝယ်ရတာက သေသေချာချာ ပြန်ပြင်ပြီး ဖယ်ရီဆွဲရင် အပိုဝင်ငွေရနိုင်တယ်။ အဲဒီအခါကျမှ ဆလွန်းကားကောင်းကောင်းတစ်စီး ဝယ်စီးတာပေါ့ကွာ။ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ချစ်ထွေးက လှည့်မကြည့်ဘူး။ "ရပါတယ်"လို့သာ ပြောတယ်။

"ဩော် … ဒါနဲ့ ဟော့ကောင်၊ ကြေးအိုး မသောက်ရတာ ကြာပြီကွ။ သွားသောက်ရအောင်၊ ဘယ့်နှယ်လဲ"လို့ ထပ်ဆွယ်ကြည့်သေးတယ်။

ချစ်ထွေးက …

"ကျွန်တော် ဘယာကြော်သုတ် သွားစားမလို့"လို့ တမင်ရွဲ့ပြောလိုက်တယ်။

# C B

ဒီကားကြီးကို ပြင်ရတာ သိပ်မလွယ်လှဘူး။ ခေတ်ပေါ်ကားလေး ငါးစီးလောက် ပင်ပန်းတယ်။ ကားလေးတွေက ပေါ့ပေါ့ပါးပါးတွေ၊ အပိုပစ္စည်းလည်း ပေါတယ်။ ဖြုတ်၊ တပ် လုပ်ရုံလောက်ပဲ။

ဒီကားကြီးကတော့ အလွန်လက်ဝင်တာ။ အချိန်ကလည်း အရမ်းကုန်တယ်။ လူလည်း အတော်ပင်ပန်းတယ်။ မောင်ချစ်အေးတစ်ယောက် ဒီကားကြီးကို ပြင်ဆင်ဖို့ လုံးပန်းရင်းနဲ့ တစ်နေ့တစ်နေ့ အချိန်တွေ ကုန်နေတာပါပဲ။

သို့ပေမယ့် မင်္ဂလာဆောင်ခါနီး လူတစ်ယောက်လိုပေါ့။ ပြင်ရဆင်ရ၊ ဝယ်ရခြမ်းရ၊ စီစဉ်ရနဲ့ အလုပ်တွေ များပေမယ့် မောတယ်လို့ မထင်ဘူး။ ပျော်တောင် ပျော်နေသေးတယ်။

ဒီကားကြီးတွေက ဒုတိယကမ္ဘာစစ် လက်ကျန်ကားတွေဆိုတော့ ပစ္စည်းတွေက မရှိသလောက် ရှားနေပြီ။ ပျက်စီးသွားတဲ့ အစိတ်အပိုင်းတွေကလည်း အဓိကနေရာတွေပဲ။ ကျိုးသွားတာတွေကို ပြန်ဆက်၊ ပဲ့သွားတာတွေကို ဝရိန်ဖို့၊ ပြန်သပြီးသုံးရင် ဖြစ်ပေမယ့် သိပ်စိတ်မချရတော့ဘူး။ နောက်တစ်ခါ ပြန်ထိဦးမှာပဲ။ ပြီးတော့လည်း မောင်ချစ်အေးက ဒီကားကြီးကို အပြစ်လုံးဝကင်းစင်တဲ့အထိ ကောင်းသွားစေချင်တာ။

တချို့ကတော့ ဒီအင်ဂျင်ကို ဘာလို့ ပြန်သုံးတော့မှာလဲ၊ ဒီဇယ်အင်ဂျင်အသစ် တင်လိုက်ပါလားလို့ အကြံပေးကြတယ်။ ဒါလည်း မဟုတ်သေးဘူး။ မောင်ချစ်အေးက အော်ရီဂျင်နယ်အင်ဂျင်ကိုပဲ ပြန်သုံးချင်တယ်။ အင်ဂျင်အသစ် ပြောင်းလိုက်ရင် နှလုံးအစားထိုး လဲလှယ်လိုက်သလို ဖြစ်သွားမှာပေါ့။

လိုအပ်တဲ့ ပစ္စည်းတွေကို ရန်ကုန်မြို့အနှံ့ လိုက်ရှာရတယ်။ ဟိုအရင် အဖေ့ဆီ ကားလာပြင်ဖူးတဲ့ ဘတ်(စ်)ကားသမားတွေဆီမှာလည်း စုံစမ်းရတယ်။ မလွယ်ပါဘူး။ ရှားရှားပါးပါး ကရိုင်းရှပ်တစ်ချောင်းတော့ ရပါရဲ့၊ ဆိုက်ကုန်နေတာကြီး ဖြစ်နေတယ်။ ဈေးကလည်း မတန်တဆ တောင်းနေသေးတယ်။ မတတ်နိုင်ဘူး၊ တခြားဟာ ရှာလို့မရရင်လည်း ပြန်ဖို့ပြီး သုံးသင့်သုံးရအောင် ဝယ်ထားလိုက်တယ်။

ဒီကိစ္စမှာ ကိုခင်မောင်ဖွေးလည်း မနေရဘူး။ သူ့ကိုလည်း ရှာခိုင်းရတယ်။ သူကတောင် …

"ခင်ဗျားနှယ်ဗျာ၊ ဘာစိတ်ကူးပေါက်ပြီး ဒီကားစုတ်ကြီးကို ဝယ်ရတာလဲ"

www.burmeseclassic.com

လာပြန်ပြီ။ ကားစုတ်ကြီးတဲ့။ သူကတော့ မောင်ချစ်အေးရဲ့ညီလေးမဟုတ်တဲ့အတွက် ဟောက်လို့တော့ မရပါဘူး။ သို့ပေမယ့် …

"တစ်နေ့ကျရင် ရွှေထက်ပိုပြီး တန်ဖိုးရှိမယ့် ကားကြီးဗျ"လို့တော့ ပြန်ပြောလိုက်တယ်။ ကိုခင်မောင်ဖွေးက …

"ခင်ဗျား အတော်ကြောင်တာပဲ"လို့ ပြောပေမယ့် လိုအပ်တဲ့ပစ္စည်းတွေတော့ ကူပြီးရှာပေးပါတယ်။ တစ်ရက်မှာတော့ ကိုခင်မောင်ဖွေး ရောက်လာပြီး …

"ကဲ … ကျွန်တော်နဲ့လိုက်ခဲ့"လို့ ပြောတယ်။

အင်းတကော်အထိ လိုက်သွားရတာ။ ဟိုရောက်တော့ ချစ်မြားရှင်နဲ့ အမျိုးအစားချင်းတူတဲ့ ကားကြီး တစ်စီးကို တွေ့ရတယ်။ သူက ဘတ်(စ်)ကားတော့ မဟုတ်ဘူး။ သစ်လုံးတင်ဖို့ လုပ်ထားပုံရတဲ့ ထရပ် ကားကြီးပဲ။ အလုပ်အကိုင်လည်း မကောင်း၊ ပြန်ပြင်ဖို့လည်း ငွေမလိုက်နိုင်တော့လို့ ကားရောင်းမယ်ဆိုတဲ့ ဆိုင်းဘုတ်ကလေး ချိတ်ထားရဟန်တူပါတယ်။

မောင်ချစ်အေးတို့ လိုအပ်နေတဲ့ ပစ္စည်းတွေပဲ ရွေးယူမယ်၊ ရမလားမေးတော့ ပိုင်ရှင်က ဒီလိုတော့ မရဘူး၊ ကားတစ်စီးလုံး ဝယ်မှ ရောင်းမယ်လုပ်နေတယ်။ မောင်ချစ်အေးက ခဏပဲ စဉ်းစားတယ်။ ပြီးတော့ ကိုခင်မောင်ဖွေး လက်ကုတ်နေတဲ့ကြားကပဲ …

"ဝယ်မယ်ဗျာ …"လို့ ပြောလိုက်တယ်။

ဖြုတ်လို့ ရနိုင်သမျှ ပစ္စည်းတွေ ဖြုတ်ပြီး သယ်ယူလာခဲ့တယ်။ ကျန်တာကိုတော့ ကြိုက်သလိုသာ လုပ်ပေတော့ဆိုပြီး ပိုင်ရှင်ကို ပေးထားခဲ့တယ်။

"ခင်ဗျား ဒီလောက်ကြောင်တတ်မယ်လို့ အရင်က မထင်ခဲ့ဘူး"လို့ ကိုခင်မောင်ဖွေးက ပြောတယ်။

"နောင်ဆို ဒီထက်ပိုပြီး ကြောင်ဦးမယ်"

မောင်ချစ်အေးက နောက်သလို ပြောင်သလို ပြန်ပြောတယ်။

ဘာပဲဖြစ်ဖြစ် လိုချင်တဲ့ပစ္စည်းတွေ ရတဲ့အတွက် ဝမ်းသာနေမိတယ်။ တချို့ပစ္စည်းတွေက အခု လောလောဆယ် မလိုသေးပေမယ့် နောင်တစ်ချိန် လိုအပ်လာရင် ရှာရခက်နေမှာ။ ခုတော့ အရန်အပိုပစ္စည်း အဖြစ် အဆင်သင့် ဆောင်ထားနိုင်ပြီ။

တကယ်တော့လည်း တချို့ပစ္စည်းအစိတ်အပိုင်းတွေက သံသား သိပ်ကောင်းတာ။ တော်ရုံတန်ရုံနဲ့ မပျက်နိုင်ပါဘူး။ ဒုတိယကမ္ဘာစစ်တုန်းကတည်းက သုံးခဲ့ပြီး ခုထိ ခိုင်ခန့်နေတာသာကြည့်။ မောင်ချစ်အေး အတွက်ကတော့ တတိယကမ္ဘာစစ်ဖြစ်ရင်တောင် မပူရတော့ဘူးလေ။

www.burmeseclassic.com

ကားကြီးကို အင်ဂျင်ကိုင်တဲ့အခါကျတော့ အဖေက ဆိုင်းသံကြားရင် ခြေလှုပ်လက်လှုပ် ဖြစ်လာတတ်တဲ့ ဇာတ်မင်းသားဟောင်းကြီးလိုပဲ။ အေးအေးဆေးဆေး မနေနိုင်တော့ဘူး။ ဟုတ်တော့လည်း ဟုတ်ပါတယ်၊ ဒီအင်ဂျင်မျိုးတွေကို အဖေ့အနေနဲ့ မျက်စိမှိတ်ပြီးတော့တောင် ပြင်နိုင်စွမ်းရှိတယ် မဟုတ်လား။ ဒါနဲ့ အဖေ့ကို အင်ဂျင်ကိုင်ရာမှာ ကြီးကြပ်ပေးပါလို့ ဖိတ်ခေါ်လိုက်တယ်။

အဖေ ငယ်မူပြန်နေပုံကို ကြည့်ပြီး မောင်ချစ်အေးပါ တက်ကြွလာတယ်။ အဖေက ကျွမ်းတဲ့အပြင် ခုအချိန်မှာ စက်ကိရိယာ အကူအညီတွေလည်း သုံးနိုင်လာတော့ ပိုပြီးအဆင်ပြေတယ်။

“ဒီကောင်ကြီးကို ငါ့တာဝန်ထား။ မင်း တခြားလုပ်စရာရှိတာလုပ်”လို့ အဖေက ပြောတယ်။

သို့ပေမယ့် မောင်ချစ်အေးကလည်း ကိုယ်တိုင် ဂရုစိုက် လုပ်လိုက်ချင်သေးတာ။ ဒါကြောင့် တခြားလာအပ်ထားတဲ့ ကားတွေကို စိတ်ချရတဲ့ တပည့်တွေနဲ့ လွှဲထားပြီး လိုအပ်မှ ကိုယ်တိုင်ကြီးကြပ်တယ်။ ကားကြီးကိုတော့ အဖေနဲ့အတူ ဖိဖိစီးစီးလုပ်တယ်။

အင်ဂျင် လုံးပြီးတဲ့အခါကျတော့ အဖေက ပန်ကာရွက်အရင်းနားကနေ ကိုင်လျက် ခပ်ဆဆ တစ်ချက်တွန်းလှည့်ကြည့်ပြီး ...

“ဟေ့ကောင် ... သုံးလေးချက် မွှေ့ရင် နိုးရမယ်ကွ၊ လောင်းမလား”

မောင်ချစ်အေးက ရယ်ပြီး ...

“အဖေပဲ နိုင်မှာပဲဟာ၊ ကျွန်တော် အရှုံးပေးပါတယ်”

တကယ်လည်း အဖေပြောတဲ့အတိုင်းပါပဲ။ စတတ်တာ မော်တာကို လေးကြိမ်မြောက် လှည့်လိုက်တဲ့အချိန်မှာပဲ အင်ဂျင်က ဂူးကနဲ နိုးသွားတယ်။ စက်သံမှန်လာတဲ့အခါ အဖေက နားထောင်ပြီး ...

“တော်တော်ကောင်းတဲ့ အင်ဂျင်ပဲကွ၊ တစ်တော့ပဲ”လို့ ကျေနပ်အားရတဲ့လေသံနဲ့ ပြောတယ်။

မောင်ချစ်အေးအဖို့ကတော့ ရပ်နေတဲ့ နှလုံး ပြန်ခုန်လာသလိုပါပဲ။

ကားကြီးရဲ့ ဘော်ဒီက တော်တော်ရွဲနေပြီ။ ဆွေးနေတဲ့အပိုင်းတွေကို ဖာထေးဖြတ်ဆက်လုပ်ရင် ရနိုင်ပေမယ့် မကြိုက်ဘူး။ တစ်စီးလုံးနီးပါးကို သံပြားအသစ် ပြန်ရိုက်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဘော်ဒီရဲ့ သွားထိုးပြန်ရင်လည်း မျက်စိအောက်မှာ မဟုတ်လို့ ကိုယ်တိုင်ကြီးကြပ်နိုင်မှာ မဟုတ်ဘူး။

ဒါကြောင့် ဘော်ဒီဆရာတွေကို ငွေပိုပေးပြီး အိမ်မှာ ခေါ်လုပ်ခိုင်းတယ်။ ပြတင်းပေါက်တံခါးတွေ အသစ်တပ်တယ်။ ထိုင်ခုံတွေကတော့ ကောင်းသေးတယ်။ ဆေးအသစ် ပြန်သုတ်ရုံပဲ။ ထိုင်ခုံလက်ကိုင်တန်းတွေနဲ့ ဒရိုင်ဘာခုံနောက်ဘက် အကာနေရာက ကြေးပိုက်တွေကတော့ တစ်ခုမှ မရှိတော့ဘူး။ ဖြုတ်အခိုးခံရတာ ဖြစ်မယ်။

www.burmeseclassic.com

အဲဒီကြေးပိုက်မျိုးတွေက အတော်ရှားနေပြီ။ သံချောင်းတွေပဲ ပြန်ထည့်ပါလားလို့ ဘော်ဒီဆရာက အကြံပေးပေမယ့် မောင်ချစ်အေးကတော့ မကြိုက်ဘူး။ သူ့နဂိုက အတိုင်းပဲ ဖြစ်စေချင်တာ။ ဒါကြောင့် ကြေးဝါပိုက်တွေ မရရအောင် လိုက်ရှာတယ်။ နောက်ဆုံးတော့ အိမ်ဆောက်ပစ္စည်းရောင်းတဲ့ ဆိုင်တစ်ဆိုင်မှာ သွားတွေ့တယ်။ အိမ်အလှဆင်တဲ့ ပစ္စည်းမို့ ဈေးကြီးပေးဝယ်လိုက်ရတယ်။

"ဘတ်(စ်)ကားပဲ ဆရာရယ်၊ ပေါင်းဆေးပဲ သုတ်ပါ"လို့ ဆေးသမားက ပြောတယ်။

မရဘူး။ အကောင်းစားမှုတ်ဆေးကိုပဲ ကုတ်တင်များများနဲ့ စပယ်ရှယ် မှုတ်ခိုင်းလိုက်တယ်။ ဒီလိုနဲ့ ကားကြီးဟာ လက်စသတ်လုနီးနီး ဖြစ်လာပြီ။ နောက်ဆုံး တစ်ဆင့်ပဲ ကျန်တော့တယ်။

ဘော်ဒီပေါ်မှာ "ချစ်မြားရှင်"ဆိုတဲ့ စာတန်းရေးထိုးဖို့ပဲပေါ့။

ဆေးတွေ ခြစ်မထုတ်ခင်က ရိုက်ထားတဲ့ ဓာတ်ပုံကို ပြလိုက်တော့ ပန်းချီဆရာက ...

"ဒီစာလုံးမျိုးက ဒိတ်အောက်နေပြီ။ ခပ်သွက်သွက်ပုံစံလေး ရေးပါလား"လို့ ပြောသေးတယ်။

မောင်ချစ်အေးက နဂိုစာလုံးပုံစံအတိုင်း၊ အဲဒီအရွယ်အစား၊ အဲဒီအရောင်အတိုင်း တစ်သဝေမတိမ်း တူအောင် ရေးပေးပါ။ ပန်းချီဆွဲခကို ပိုပေးပါ့မယ်လို့ ပြောလိုက်တယ်။

အားလုံးပြီးသွားတော့ ကားကြီးဟာ အခုမှ စက်ရုံက ထုတ်လိုက်တဲ့ အသစ်စက်စက်အလား အောက်မေ့ရတယ်။ ဖိတ်ဖိတ်တောက် လက်နေတာပဲ။ ခန့်ခန့်ညားညား လှလှပပကြီး ရပ်နေတယ်။ ကြည့်လို့ မဝနိုင်အောင်ပါပဲလား။

မောင်ချစ်အေးရဲ့ ဘဝမှာ အထူးခြားဆုံး အောင်မြင်မှု၊ အမက်မောဆုံး ပိုင်ဆိုင်မှုလို့ ထင်မှတ်မိတယ်။ ဘုရင်နောင်မင်းတရားကြီးရုပ်ထုစတိုင်မျိုးနဲ့ လက်ပိုက်ပြီး ကားကြီးကို မိန့်မိန့်ကြီး ကျေနပ်စွာ ကြည့်နေတုန်း တစ်စုံတစ်ယောက် ပုခုံးကို လာပုတ်လို့ လှည့်ကြည့်လိုက်တော့ ...

စိုးမြင့်။

C B

www.burmeseclassic.com

www.burmeseclassic.com



၄ ။ ။

အဖေက သူတို့ခေတ်က ကားဝယ်ရင် လုပ်လေ့ရှိတဲ့အတိုင်း ရွှေညောင်ပင် သွားပြချင်တယ်လို့ ပြောတယ်။ အဖေ့ဆန္ဒကို လိုက်လျောလိုက်တယ်။ ကားကြီးကိုလည်း စမ်းမောင်းကြည့်ချင်သေးတာကိုး။

ဒါနဲ့ အလုပ်သမားတွေပါ တင်ခေါ်ပြီး ထွက်လာခဲ့တယ်။ အိမ်မှာ ချစ်ထွေးတစ်ကောင်ပဲ ကျန်ခဲ့တယ်။ ဒီကောင်ကတော့ ကားကြီး ဝယ်လိုက်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ခုထက်ထိ သိပ်မကြည်လင်လှသေးဘူး။ ကားကြီးကို ဆေးမှုတ်ပြီးကာစ ဒီကောင် ကျောင်းက အပြန်မှာ မောင်ချစ်အေးက လှမ်းခေါ်ပြီး ...

"ဟေ့ကောင်၊ သားနားတယ် မဟုတ်လား ..."လို့ မေးတော့ ...

"အဲယားကွန်း ဝယ်တပ်လိုက်ရင် ကောင်းမယ်ဆိုပြီး ငေါ့တော့တော့ ပြောခဲ့သေးတယ်။

သူ့အမြင်မှာတော့ ဘာမှမဟုတ်တဲ့ ကားစုတ်ကြီးလို့ ထင်နေမှာ အမှန်ပဲ။ ဒါကြောင့် ရွှေညောင်ပင် သွားဖို့ ခေါ်တော့ ကျောင်းစာတွေ လုပ်စရာ ရှိသေးတယ်လို့ အကြောင်းပြပြီး နေခဲ့တယ်။ ရွှေညောင်ပင်က အပြန်ကျတော့ ကားကြီးကို အဖေက မောင်းတယ်။ တော်တော် သဘောကျသွားပုံရတယ်။

"တော်တော်ဆွဲတဲ့ကားပဲကွ၊ စီယာတိုင်ကလည်း ပေါ့ပေါ့လေး။ ကားနဲ့တောင် မလိုက်ဘူး။ ငါတော့ အရမ်းသဘောကျသွားပြီ"လို့ ပြောတယ်။

အဖေ့လေသံက ချွေးမလောင်းကို ချီးကျူးနေသလိုမျိုးပဲလို့ မောင်ချစ်အေး ထင်နေမိတယ်။

ကားကြီး ပြီးသွားတဲ့ အထိမ်းအမှတ်အဖြစ် အားလုံးကို ဒန်ပေါက်ထမင်း ဝယ်ကျွေးတယ်။ အလုပ်သမားတွေကို ပုဆိုး တစ်ယောက်တစ်ထည်စီ ဆုချတယ်။ သူတို့က ဝမ်းသာပြီး ...

"ဒီကားကြီးက လာဘ်ကောင်းတယ်ကွ"လို့ ပြောကြတော့ မောင်ချစ်အေး ကျေနပ်မိတယ်။ ပြီးတော့ ...

"ကဲ ... ဟေ့ကောင်တွေ၊ မင်းတို့ကို မှာထားရဦးမယ်။။ နောက်ကို ကားကြီး ... ကားကြီးလို့ မခေါ်နဲ့၊ သူ့မှာ နာမည်ရှိတယ်။ ချစ်မြားရှင်လို့ပဲ ခေါ်ရမယ် ကြားလား"

ပျော်တတ်တဲ့တစ်ယောက်က ...

"ချစ်မြားရှင်တဲ့ဟေ့"လို့ အော်လိုက်တော့ အားလုံးဝိုင်းပြီး လက်ခုပ်တီးကြတယ်။

C B

ညဘက်ကျတော့ ချစ်မြားရှင်အတွက် အောင်ပွဲခံတဲ့အနေနဲ့ စိုးမြင့်ကို ဘီယာလိုက်တိုက်တယ်။ သူက ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းပုံစံက ဘတ်(ချ်)လာနိုက် လုပ်တာကျနေတာပဲ"လို့ မောင်ချစ်အေး တက်ကြွနေပုံကို ကြည့်ပြီး ပြောတယ်။

"အေးကွာ ... တကယ့် ဘတ်(ချ်)လာနိုက်လို သဘောထားလိုက်ပေါ့"

ပေါကြီးနဲ့ မိစံက တစ်တွဲ၊ ကောင်းမြတ်နဲ့ ဒိန်းငယ်က တစ်တွဲ၊ အိမ်ထောင်တွေ ကျကုန်ကြပြီ။ စိုးမြင့်ကတော့ မောင်ချစ်အေးလို လူပျိုကြီးပါပဲ။ ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်နေတယ်။ အလုပ်များတဲ့ကြားကပဲ တစ်ခါတစ်ခါ ရောက်အောင် ကြိုးစားပြီး လာတတ်တယ်။

တစ်ခါတစ်လေမှ တွေ့ရတာဆိုတော့ ပြောစရာစကားတွေက အများကြီးပဲ။ ကျန်တဲ့သူငယ်ချင်းတွေနဲ့ ပတ်သက်ပြီး ကြားရသမျှ သတင်းတွေ ဖလှယ်ကြတယ်။ ပေါကြီးက ကလေးနှစ်ယောက်၊ ကောင်းမြတ်က နှစ်ယောက်ခွဲတဲ့။

"မင်းကိုတော့ ချီးကျူးတယ်၊ တခြားလူဆို ခုလိုအချိန်မှာ အရက်သမား ဖြစ်နေလောက်ပြီ။ မင်းကတော့ ကိုယ့်ကိုယ်ကို ထိန်းနိုင်တယ်"လို့ စိုးမြင့်က ပြောတယ်။

မောင်ချစ်အေးက အရက်မသောက်တတ်လို့ အချိုရည်ပဲ မှာသောက်တာကို ကြည့်ပြီး ပြောတာ။

"အိအိချိုက အရက်သောက်တာ မကြိုက်ဘူးကွ"လို့ စိတ်ထဲကနေ ပြန်ပြောလိုက်တယ်။

သာမန်အားဖြင့်ဆိုရင်တော့ သူငယ်ချင်းနှစ်ယောက် ဆုံကြတဲ့အခါ အိအိချိုအကြောင်းကို တတ်နိုင်သမျှ မပြောမိအောင် ရှောင်ကြတယ်။ ပြောတော့ရော ဘာထူးမှာလဲ။ သူ့အကြောင်း ပြောမိတဲ့အခါ စကားဝိုင်းက ထိုင်းမှိုင်းသွားတတ်တာကြောင့်လည်း တစ်ကြောင်းပေါ့။ ဘောလုံးသမားတစ်ယောက်တောင်မှ ဟက်တက်ကွဲအောင် ရှုံးခဲ့တဲ့ ဘောလုံးပွဲအကြောင်းကို မြိန်ရည်ရှက်ရည် ပြန်ပြောချင်စိတ်မျိုး ရှိတတ်လို့လား။

ဒီနေ့တော့ ချစ်မြားရှင်နဲ့လည်း ပတ်သက်နေတာတစ်ကြောင်း၊ ဘီယာများသွားတာလည်းတစ်ကြောင်း ကြောင့်ထင်တယ်။ စိုးမြင့်က စကားစလာတယ်။

"မင်းကိုတော့ ငကြောင်လို့ပဲ ပြောရမလား။ အစွဲအလမ်းကြီးနဲ့ စိတ်ရောဂါရနေတယ်လို့ပဲ ဆိုရမလား။ အချစ်ကြီးသူ သစ္စာကြီးသူအဖြစ်ပဲ ချီးကျူးရမလား မသိဘူး။ လူကို မရတာနဲ့ သူစီးခဲ့တဲ့ ဖယ်ရီကားကြီးကို မတန်တဆ ဈေးပေးဝယ်ပြီး အပျံစားပြင်ထားတယ်ဆိုတော့ ..."

"ရူးနေတယ်လို့ပဲ သတ်မှတ်လိုက်ပေါ့ကွာ။ ငါ့မှာလည်း ဒီတစ်ခုပဲ ရူးစရာရှိတာကိုး"

သူက အမြှုပ်တစီစီ ထနေတဲ့ ဘီယာခွက်ကို မြှောက်ကြည့်ပြီး ...

"အင်း ... ပုံပြင်တွေထဲကလို ဥစ္စာစောင့်နဲ့တွေ့ပြီး ရူးသွားတဲ့လူလိုပေါ့ကွာ။ အေးလေ ... အချစ်ရူး ဆိုတော့လည်း ခွင့်လွှတ်သင့်ပါတယ်"လို့ ပြောပြီး ရယ်နေတယ်။ ဘီယာကို ကျိုက်ချလိုက်ပြီးတော့ ...

www.burmeseclassic.com

www.burmeseclassic.com


"မော်တော်ကားလောက်ပဲ ရလိုက်တာတောင် ဒီလောက် ဂရုစိုက်နေရင် လူကိုသာ လက်ထပ်ခွင့် ရလိုက်လို့ကတော့ ဘယ်လိုနေမလဲ မသိဘူး။ ခေါင်းပေါ် ရွက်ထားလိမ့်မယ် ထင်တယ်"

"ဒီလောက်တော့လည်း မဟုတ်ပါဘူးကွာ"

"ဘာလဲ၊ ကုန်းပိုးထားရုံလောက်ပဲပေါ့၊ ဟုတ်လား"

မောင်ချစ်အေး ပြုံးရုံသာ ပြုံးနေလိုက်တယ်။ ကုန်းပိုးဖို့ နေနေသာသာ ဖိနပ်တောင် ကိုင်ခွင့်မရခဲ့ဘူး မဟုတ်လား။

## C B

ညက အတော်ညဥ့်နက်တဲ့အထိ စိုးမြင့်နဲ့ စကားပြောနေလို့ အိပ်ရာထ နောက်ကျတယ်။ မျက်နှာသစ်ပြီး မုန့်ဟင်းခါးဆိုင် သွားဖို့ ထွက်လာတဲ့အခါ ချစ်မြားရှင်ရဲ့ ရှေ့မှန်တွေကို ရေဆေးနေတဲ့ မန်းနီးကို တွေ့လိုက်ရတယ်။

သူက မောင်ချစ်အေး ဝပ်ရှော့မှာ ပညာသင်အဖြစ် ရောက်နေတဲ့ ကောင်လေးပေါ့။ လခစားအဆင့် မဟုတ်သေးဘူး။ ထမင်းကျွေး၊ မုန့်ဖိုးလေးဘာလေး ပေးပေါ့။ ဒီကောင်က ခိုင်းလို့ကောင်းတယ်။ ဖင်ပေါ့တယ်။ အလိုက်သိတတ်တယ်။ မောင်ချစ်အေးကိုလည်း တုန်နေအောင် ကြောက်တယ်။ တစ်ခါတစ်ခါ စိတ်ကူးတည့်ရာ ပေါက်ကရ လျှောက်လုပ်တတ်တာ တစ်ခုပဲ။

အခုလည်း မောင်ချစ်အေးဆီက မျက်နှာကောင်းလိုချင်လို့ထင်တယ်။ မခိုင်းရဘဲ ကားမှန်ကို ရေဆေးနေတယ်။ သူက အထုပ်ထဲက ဆပ်ပြာမှုန့်တွေကို လက်ခုပ်ထဲ ထည့်ပြီး မှန်ကို ပွတ်မယ်အလုပ်မှာ ...

"ဟာ ... ဟေ့ကောင်၊ ဘာလုပ်တာလဲ"

မောင်ချစ်အေးအသံကြားတော့ လန့်ပြီး လှည့်ကြည့်တယ်။

"မှန်မှာ ဖုန်တွေ ကပ်နေလို့ ရေဆေးမလို့ ဆရာ"

"ဆပ်ပြာမှုန့်နဲ့ ဆေးတော့ မှန်ကွက်ကုန်မှာပေါ့ကွ"

"ရပါတယ် ဆရာရဲ့။ ကားအကောင်းစားမှ မဟုတ်တာ"

"ဘာပြောတယ်"

မောင်ချစ်အေးရဲ့ လေသံက မာဆတ်ဆတ် ဖြစ်သွားလို့ ဒီကောင် တုန်ကနဲ ဖြစ်သွားတယ်။ မောင်ချစ်အေးကို မျက်လုံးကလေးပြူးပြီး ကြည့်နေတယ်။

www.burmeseclassic.com

"နေဦး"လို့ ပြောပြီး အိမ်ထဲ ပြန်ဝင်ခဲ့တယ်။ အခန်းထဲက မှန်ဆေးရည်ဗူးကို ပြန်ယူတယ်။ မန်းနီးကို လှမ်းပေးပြီး …

"ဒါနဲ့ဆေး၊ ပြီးရင် တွေ့ကရာ အဝတ်နဲ့ မသုတ်နဲ့။ အဲ … နေဦး"ဆိုပြီး အိမ်ထဲ ပြန်ဝင်၊ မောင်ချစ်အေးရဲ့ မျက်နှာသုတ်ပဝါ ယူပြီး ပြန်ထွက်လာ …

"ရော့ … အဲဒါနဲ့သုတ်"

မန်းနီးက မျက်နှာသုတ်ပဝါကို အူကြောင်ကြောင် ကြည့်နေတယ်။ မောင်ချစ်အေးက ဆက်ပြောတယ်။

"ဒီကားကို မနက်တစ်ခါ၊ ညနေတစ်ခါ ဖုန်သုတ်ရမယ်။ ကြက်မွေးတံမြက်စည်း ငါပြန်လာရင် ဝယ်ခဲ့တယ်။ ပြီးတော့ သုံးရက်တစ်ခါ ရေဆေးရမယ်။ ဒါ မင်းတာဝန်ပဲ ကြားလား"

"ဟုတ် … ဟုတ်ကဲ့ ဆရာ"

မန်းနီးရဲ့ စိတ်ထဲမှာ အတော်ထူးဆန်းနေလိမ့်မယ်။ အိမ်က ဟိုင်းလပ်ကားကိုတောင် ဒီလောက် ဂရုမစိုက်ခဲ့ဘူး မဟုတ်လား။ မောင်ချစ်အေး လှည့်ထွက်မယ်လုပ်ပြီးမှ တစ်ခု သတိရသွားပြီး …

"သြော် … ဟေ့ကောင်၊ ဒီနေ့က စပြီး မင်းကို လခစားအဖြစ် ခန့်လိုက်ပြီ။ တစ်လ ငါးထောင် ပေးမယ်။ ဒီကားကိုသာ ဂရုစိုက်ပြီး အမြဲတမ်း ရှင်းသန့်နေအောင် ထားရမယ်။ ညကျရင်လည်း ဒီကားပေါ်မှာ မင်းစောင့်အိပ်ရမယ်"

မန်းနီးရဲ့ မျက်နှာ ဝင်းပသွားပြီး …

"တကယ်လား ဆရာ"လို့ ဝမ်းသာအားရ မေးတယ်။ မောင်ချစ်အေးက ခေါင်းဆတ်ပြပြီး ထွက်လာ ခဲ့တယ်။

"အင်း … ဒါကြောင့်လည်း ချစ်မြားရှင်ကြီးက လာဘ်ကောင်းတယ်လို့ ပြောကြတာကိုး"

မန်းနီးရဲ့ စကားကို ကြားလို့ မသိမသာ လှည့်ကြည့်လိုက်တော့ ကားခေါင်းကို တယုတယ ပွတ်သပ် နေတာ တွေ့လိုက်ရတယ်။

C B

www.burmeseclassic.com

www.burmeseclassic.com



၅ ။ ။

မောင်ချစ်အေး သဘောအတိုင်းသာဆိုရင်တော့ ချစ်မြားရှင်ကို ဂိုဒေါင်ထဲမှာပဲထားပြီး အရိပ်တကြည့်ကြည့် နေချင်တာပါပဲ။ သို့ပေမယ့် မဖြစ်သေးဘူး။ ဘတ်(စ်)ကားကြီးတစ်စီးကို ငွေကုန်ကြေးကျခံ ပြင်ဆင်ပြီးမှ ဒီအတိုင်းသိမ်းထားတယ်ဆိုရင် သူများတွေက ဘယ်လိုထင်မလဲ။

ခုတောင်မှ ငွေများများရမယ့် အလုပ်တွေပစ်ပြီး ဒီကားကြီးကိုပဲ ဂရုစိုက်နေတဲ့အတွက် နားမလည်နိုင်အောင်ဖြစ်နေကြပြီ။ ဘာစိတ်ရူးပေါက်လို့ ခုလိုလုပ်နေတာလဲလို့ ထင်ကြလိမ့်မယ်။

နောက်တစ်ချက်ကလည်း ကားဆိုတာ လမ်းပေါ်မှာ သွားလာနေမှ အဓိပ္ပါယ်ရှိတယ်။ ကားပီသတယ်။ ဒါမှမဟုတ်ရင်လည်း ဖောင်းထဲမှာပဲ အမြဲထည့်ခံထားရတဲ့ မြင်းတစ်ကောင်လို ဂုဏ်သိက္ခာမဲ့သွားမှာပေါ့။

ဒါကြောင့် ချစ်မြားရှင်အတွက် အလုပ်တစ်ခုကို ရှာရတယ်။ ကားသိပ်မနာတဲ့ ပေါ့ပေါ့ပါးပါး အလုပ်မျိုးဖြစ်ဖို့လိုတယ်။ ကံအားလျော်စွာပဲ မိတ်ဆွေကားသမားတွေ စီစဉ်ပေးလို့ ဖယ်ရီလမ်းကြောင်းတစ်ခု ရလိုက်တယ်။ တက္ကသိုလ်ကျောင်းသူကျောင်းသားတွေအတွက်တော့ မဟုတ်ဘူး။ မူလတန်းကလေးတွေကို ကြိုပို့လုပ်ပေးရမှာ။

အမှန်အတိုင်း ဝန်ခံရရင်တော့ ချစ်မြားရှင်ကို မောင်ချစ်အေးကိုယ်တိုင် မောင်းချင်တာ။ သို့ပေမယ့် မသင့်တော်လို့ ဒရိုင်ဘာတစ်ယောက် ရှာရတယ်။

ဒရိုင်ဘာခန့်တဲ့နေရာမှာလည်း မောင်ချစ်အေးကိုယ်တိုင် စိတ်ကြိုက် အင်တာဗျူးလုပ်ပြီး ရွေးခဲ့တာ။ အသက်ငယ်တဲ့လူကျတော့လည်း စိတ်လိုက်မာန်ပါ ခပ်ကြမ်းကြမ်းမောင်းမှာစိုးရတယ်။ အသက် သိပ်ကြီးပြန်တော့လည်း မျက်စိမွဲတာနဲ့၊ တုန်တုန်ချိချိနဲ့ဆိုရင် မဖြစ်ဘူး။ ဒါကြောင့် လူလတ်ပိုင်းကို စဉ်းစားတယ်။

ကားမောင်းဖို့ လာဆက်သွယ်တဲ့လူတွေကိုလည်း မေးခွန်းတွေ မေးရသေးတယ်။

“ဒီလိုကားမျိုး မောင်းဖူးသလား”

“မမောင်းဖူးဘူး၊ ဒိုင်နာပဲ မောင်းဖူးတယ်”

“ဒါဆို မဖြစ်ဘူး”

www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်ယောက်။

"ဒီလိုကားမျိုး မောင်းဖူးသလား"

"မောင်းဖူးတာပေါ့၊ လိုင်းကားမောင်းခဲ့တာပဲ"

"ဒါဆိုရင်တော့ မဖြစ်ဘူး။ လိုင်းကားသမားတွေက အမောင်းကြမ်းတယ်"

နောက်တစ်ယောက်က ဘတ်(စ်)ကားတော့ မောင်းဖူးတယ်။ သို့ပေမယ့် သူမောင်းဖူးတာက ဟီးနိုး ဘီအမ်ဖြစ်နေတယ်။

နယ်အဝေးပြေးကား မောင်းဖူးတယ်ဆိုတဲ့ လူတစ်ယောက်လည်း လာသေးတယ်။ လူက လေတော့ ခပ်ကြွားကြွားပဲ။ ရန်ကုန်-ပြည် ကားလမ်းကို မျက်စိမှိတ်ပြီးတော့တောင် မောင်းနိုင်တယ်လို့ဆိုတယ်။ သူပြောတာ အမှန်ပါပဲ။ ကားမောင်းရင်း အိပ်ငိုက်ပြီး ကားလမ်းဘေးထိုးကျသွားလို့ ပြုတ်လာတဲ့လူ ဖြစ်နေတာကိုး။

စိတ်တိုင်းကျနိုင်တဲ့လူမျိုးကိုတော့ လက်တွေ့မောင်းခိုင်းပြီး မောင်ချစ်အေးက ဘေးကထိုင် အကဲ ခတ်တယ်။ ကားသမားတချို့က သူတို့ကျွမ်းကျင်ကြောင်း ပြတဲ့အနေနဲ့ အရှိန်နဲ့ ကွေ့ပြတာတို့၊ ကလပ်ကို အားမကိုးဘဲ လီဗာပုတ်ပြီး ဂီယာချိန်းပြတာတို့ လုပ်ပြကြတယ်။ ဒါမျိုးက အန္တရာယ်ရှိတယ်၊ ကားနာတယ်။ ဒါကြောင့် ပယ်တယ်။

ဖြစ်နိုင်လောက်တဲ့လူတစ်ယောက်တော့ တွေ့ပါရဲ့။ သူက အိမ်ထောင်နဲ့ ကွဲနေတာမို့ မောင်ချစ်အေးတို့ ဆီမှာပါ ညအိပ်မယ် ပြောတယ်။ ကာကို အမြဲဂရုစိုက်နိုင်မှာ ဖြစ်လို့ လက်ခံလိုက်တယ်။ သို့ပေမယ့် သူက ညနေတိုင်း ဘီအီးတစ်ပိုင်းလောက် မသောက်ရရင် မနေနိုင်တဲ့လူ ဖြစ်နေပြန်ရော။

မောင်ချစ်အေးရဲ့ အလုပ်သမားတွေ လိုက်နာရမယ့် စည်းကမ်းချက်တွေထဲမှာ အရက်မသောက်ရ၊ ဆေးလိပ်မဖွာရ၊ ကွမ်းမစားရ။ (ဒါတွေဟာ အိအိချို မကြိုက်တဲ့ ကိစ္စတွေဖြစ်ကြောင်းကိုတော့ သူတို့ကို မပြောပြပါ။) တခြားလူတွေကို အရက်သောက်ခွင့်မပေးဘဲ သူ့ကျမှ အထူးခွင့်ပြုချက်ပေးလို့ မဖြစ်ဘူး။ တော်ကြာ တခြားကောင်တွေကပါ မြည်းစမ်းကြည့်လာရင် ခက်တယ်။ ဒါနဲ့ တစ်လခ အဆုံးခံပြီး ရပ်စဲလိုက်ရ ပြန်တယ်။

ကားမောင်းချင်တဲ့လူက ပေါပေမယ့် ကားကြီးကို ကျွမ်းကျွမ်းကျင်ကျင် မောင်းနိုင်တဲ့လူက ရှားတယ်။ ဒီကြားထဲ မောင်ချစ်အေးရဲ့ စည်းမျဉ်းတွေနဲ့ မကိုက်တာတွေက ရှိနေတော့ အဆင်မပြေဘူး။

ဦးစိတ်တိုကြီးကိုပဲ သွားခေါ်ပြီး ပြန်မောင်းခိုင်းရင် ကောင်းမလားတောင် စဉ်းစားမိသေးတယ်။ သို့ပေမယ့် မဖြစ်နိုင်ဘူး။ ဦးစိတ်တိုကြီးက တော်တော်အသက်ကြီးပြီ။ အိမ်ချင်းကလည်း ဝေးတယ်။ မနက် အစောကြီးရောက်အောင် လာနိုင်ဖို့ မလွယ်ဘူး။ သူကလည်း အေးအေးဆေးဆေး နားနေပြီဆိုတော့ ဒုက္ခပေးရာ ကျလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ကံအားလျော်စွာပဲ ဒရိုင်ဘာတစ်ယောက် ရလိုက်တယ်။ သူမောင်းနေတဲ့ ဖယ်ရီကား ရောင်းဖြစ်သွားလို့ အလုပ်မရှိဘဲဖြစ်နေတာ။ အခု ဆွဲရမယ့် ဖယ်ရီလမ်းကြောင်းကိုလည်း သိပြီးကျွမ်းပြီးသား ဆိုတော့ အဆင်ပြေသွားတယ်။ မောင်ချစ်အေး လိုချင်တဲ့ အချက်အလက်တွေနဲ့လည်း ကိုက်ညီတယ်။

ပထမဆုံး ဖယ်ရီထွက်မယ့်နေ့မနက်မှာ ကားမထွက်ခင် ကျောင်းစတက်ရမယ့် သူငယ်တန်းကလေး တစ်ယောက်ကို စိတ်မချသလို တတွတ်တွတ်မှာနေတဲ့အတွက် ဒရိုင်ဘာက ပြုံးစေ့စေ့ကြည့်တာကိုတော့ ခံလိုက် ရသေးတယ်။

## C B

ဒီနေ့ ကျောင်းပိတ်ရက်မို့ ချစ်မြားရှင် အနားရတယ်။ မောင်ချစ်အေးက နေ့စဉ် အနည်းဆုံး တစ်ကြိမ်တော့ ချစ်မြားရှင်ကို သွားကြည့်လေ့ရှိတယ်။ မောင်ချစ်အေးရဲ့ စိတ်ထဲမှာတော့ ချစ်မြားရှင်ကို မော်တော်ကားကြီးတစ်စီးလို့ မထင်ချင်ဘူး။ အိမ်သူအိမ်သားတစ်ယောက်လိုပဲ ယူဆတယ်။

ဒါမျိုး တချို့လူတွေမှာလည်း ဖြစ်တတ်တာပါပဲ။ အဖေ့သူငယ်ချင်း ကားဆရာကြီးတစ်ယောက်ဆိုရင် နှစ်ပေါင်းများစွာ မောင်းခဲ့ရတဲ့ ကားကြီးကို လုပ်ဖော်ကိုင်ဖက် တစ်ယောက်လို သဘောထားသတဲ့။ မနက် ငါးနာရီလောက်ထပြီး စက်နှိုးတဲ့အခါ …

“သူငယ်ချင်းရေ … ထတော့ကွာ၊ လုပ်ငန်းခွင် ဝင်ရအောင်”လို့ ပြောတတ်တယ်။

စက်က နှိုးရခက်နေရင် …

“မင်းက တယ်အပျင်းထူသကိုး။ အိပ်ရေးမဝသေးဘူးလားကွ ဟေ …”ဆိုပြီး ရေရွတ်တတ်သေးတာ။

ဒီလိုပါပဲ။ တစ်ခါက မောင်ချစ်အေး ဆိုက်ကားစီးသွားရင်း ကုန်းတက်ကို ကြိတ်ပြီးနင်းရတဲ့အခါမှာ ဆိုက်ကားဆရာက “ဖေ့သားကြီး ရုန်းလိုက်ကွ”လို့ ကြုံးဝါးတာ ကြားဖူးတယ်။

မောင်ချစ်အေးရဲ့ သူငယ်ချင်းတစ်ယောက်ကတော့ သူရှစ်တန်းလောက်ကတည်းက စီးခဲ့တဲ့ စက်ဘီး ကလေးကို အမွှာညီအစ်ကိုလို သဘောထားတယ်ဆိုပဲ။ တစ်ခါတော့ သူ့ရည်းစားကို စက်ဘီးပေါ်တင်နင်းသွား ရင်းက ကားတစ်စီးနဲ့ တိုက်မိမလိုဖြစ်တော့ လမ်းဘေးဆွဲအချမှာ ပစ်လဲသွားရော။ ဒီအခါမှာ သူက ခြေတွေ လက်တွေ ပွန်းပဲ့သွားတဲ့ သူ့ရည်းစားကို သတိမရဘဲ သူ့စက်ဘီးလေးရဲ့ ခွေတွန့်လိမ်ကောက်ကွေးသွားတာ တွေကို စုပ်တသပ်သပ်ဖြစ်နေတယ်။ ကောင်မလေးက စိတ်ဆိုးပြီး အဆက်ဖြတ်တာ ခံလိုက်ရတယ်လေ။

မောင်ချစ်အေးက သူတို့ထက် ပိုတယ်ဆိုတာကိုတော့ ဝန်ခံပါတယ်။ မနက်အိပ်ရာထနိုးတိုင်း ချစ်မြားရှင်ကို နှုတ်ဆက်နေကျ။ တစ်ခါတစ်လေ ညဘက် အိပ်ခါနီးမှာ တစ်ခေါက်သွားကြည့်လိုက်သေးတာ။

ဒီနေ့လည်း အိပ်ရာကနိုးတော့ ချစ်မြားရှင်ကို သွားနှုတ်ဆက်တယ်။ ကားကို လှည့်ပတ်ကြည့်တယ်။ ကျေနပ်အောင် စစ်ဆေးပြီးမှ ကားပေါ်ကို ရှေ့ပေါက်က တက်လိုက်တယ်။ အိအိချို ထိုင်ခဲ့တဲ့ ရှေ့ဆုံးခုံတန်း ကလေးကို ကြည့်တယ်။ ခုံပေါ်မှာ ကြက်မွေးစကလေးတစ်ခု ကပ်နေလို့ ယူပြီးလွှင့်ပစ်လိုက်ရသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com


ကားပေါ်က ပြန်ဆင်းတယ်။ လက်ဖက်ရည်ဆိုင်သွားဖို့ ထွက်လာခဲ့တယ်။ အဲဒီအချိန်မှာ …

"ကိုကြီး … ကိုကြီး"လို့ နောက်က ချစ်ထွေး ခေါ်သံကြားလို့ လှည့်ကြည့်ပြီး ရပ်စောင့်နေလိုက်တယ်။

"လက်ဖက်ရည်ဆိုင် သွားမလို့ မဟုတ်လား"လို့ ပြောပြီး လိုက်လာတယ်။

ဒီကောင် မောင်ချစ်အေးကို ရှောင်ဖယ်ဖယ် လုပ်နေတာ ကြာပြီ။ ချစ်မြားရှင်ကို ဝယ်ပြီးကတည်းကပဲ။ ခုမှ ထူးထူးဆန်းဆန်း ပြန်ရောနေတာ။ ဇကန္တတော့ ပိုက်ဆံပြတ်နေပြီထင်တယ်။

ဆိုင်ကိုရောက်တော့ ချစ်ထွေးက ပေါက်စီတစ်လုံးကုန်အောင် အရင်စားလိုက်သေးတယ်။ ပြီးမှ …

"ကိုကြီးကို ကျွန်တော် ပြောစရာရှိတယ်"

"ဘာလဲ၊ ပိုက်ဆံတောင်းမလို့လား"

"အဲဒီကိစ္စက ပြီးမှ ပြောမှာပါဗျ"

"ဒါဆို အခုပြောမှာက ဘာကိစ္စလဲ"

"ချစ်မြားရှင်ကို ကားစုတ်ကြီးလို့ ပြောခဲ့တဲ့ကိစ္စကို တောင်းပန်မလို့"

"ကိစ္စမရှိပါဘူးကွာ၊ မင်းမသိလို့ ပြောခဲ့တာပဲ"

မောင်ချစ်အေးက ကိုယ့်အဓိပ္ပါယ်နဲ့ကိုယ် ပြောလိုက်တယ်။ သူက ပြုံးစေ့စေ့ ပြန်ကြည့်နေတယ်။

"မင်းကို ဘယ်သူက ဘာတွေပြောလို့လဲ"

"ကိုကြီးစိုးမြင့် ပြောပြတာ"

"ဟာ … စိုးမြင့်ဆိုတဲ့ကောင်ကွာ …"

"ဒီလိုပါ ကိုကြီးရ။ ကျွန်တော် ချစ်မြားရှင်ကို ဝယ်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ကိုကြီးကို မကျေမနပ်နဲ့ အပြစ်တင်တဲ့စကားပြောတော့ ကိုကြီးအပေါ် တစ်မျိုးမမြင်သင့်ဘူးဆိုပြီး ရှင်းပြတာ …"

"ဒါတွေက ပြီးခဲ့ပါပြီကွာ"လို့ မောင်ချစ်အေးက အရေးမကြီးဟန်ဆောင်ပြီး ဖုံးကွယ်ဖို့ ကြိုးစားပေမယ့် သူက ဆက်ပြီးပြောတယ်။

"ကိုကြီးနဲ့ အဲဒီအစ်မကြီးနဲ့ ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ ပြောပြပါလား။ ကိုကြီးစိုးမြင့်က အဲဒီ အစ်မကြီးကို မရလို့ ဒီကားကြီးကို အလွမ်းပြေဝယ်တာ ဆိုတာလောက်ပဲ ပြောပြတာ။ အသေးစိတ် သိချင်တယ်"

www.burmeseclassic.com

"ဒီလိုကိစ္စမျိုးဆိုတာ ကိုယ်ကြည့်ခဲ့တဲ့ ရုပ်ရှင်တစ်ကားလို ပြန်ဖောက်သည်ချလို့ ကောင်းတာမျိုး မဟုတ်ပါဘူးကွာ။ မသိချင်စမ်းပါနဲ့"

"ဘယ်ဟုတ်မလဲ ကိုကြီးရဲ၊ အကြောင်းစုံ သိထားတော့ ကျွန်တော်လည်း သင်ခန်းစာယူပြီး ဒါမျိုးမဖြစ်အောင် ရှောင်လို့ရတာပေါ့"

ဘာကြောင့်မှန်း မသိဘူး။ ချစ်ထွေးကို ပြောပြချင်စိတ် ပေါ်ပေါက်လာမိတယ်။ တစ်ယောက်တည်း ကြိတ်ပြီး မျိုသိပ်ခဲ့ရတာကြာလို့ အသံထွက်ခံစားချင်လာတာလည်း ဖြစ်ကောင်းဖြစ်မယ်။ ဒါနဲ့ ဖြစ်ခဲ့ပျက်ခဲ့ပုံကို ပြောပြပြီး …

"မင်းကတော့ ဒီလိုအဖြစ်မျိုး ကြုံမှာမဟုတ်ပါဘူးကွာ။ မင်းက တက္ကသိုလ်ကျောင်းသားအစစ်ပဲ"လို့ ဆက်ပြောလိုက်တယ်။

ချစ်ထွေးက ခေါင်းတညိတ်ညိတ်လုပ်နေပြီးမှ …

"သူများတွေကတော့ လူကြောင်ကြီးလို့ ထင်ကြမှာပဲ။ ကျွန်တော်ကတော့ ကိုကြီးကို သိပ်လေးစားသွားပြီ။ ခုခေတ်မှာ ဒီလို သစ္စာတရားကြီးမားတဲ့လူမျိုး ရှားနေပြီ ကိုကြီးရဲ၊ ကိုကြီးရဲ့အချစ်ဟာ ရာဂျဟန်ဘုရင်က တာ့ဂျ်မဟာ ဆောက်ပြီး အလွမ်းဖြေသလို တကယ့်ဂန္ထဝင်ပဲ"

ဒီကောင် လာရိနေတာလို့ ထင်လိုက်မိသေးတယ်။ မဟုတ်ဘူး၊ တကယ်အတည်ပြောနေတာ။

"ဘာပဲဖြစ်ဖြစ်ဗျာ၊ ဘယ်သူတွေ ဘာပဲပြောပြော ချစ်မြားရှင်ကို ဝယ်တဲ့ကိစ္စ ကျွန်တော် အပြည့်အဝ ထောက်ခံလိုက်ပြီ"

မောင်ချစ်အေး ပြုံးရုံသာ ပြုံးနေလိုက်တယ်။ ချစ်ထွေးက ဆက်ပြောတယ်။

"ဒီလိုကိစ္စမျိုးဟာ ရုပ်ရှင်ဇာတ်ကားလို ပြန်ပြောပြလို့ ကောင်းတာမဟုတ်ဘူးလို့ ခုန ကိုကြီး ပြောတယ်နော်။ တစ်ခုရှိတာက ဒါဟာ ရုပ်မြင်သံကြားဇာတ်လမ်းတွဲတစ်ခုလိုပဲ လောလောဆယ် ကြော်ငြာထိုးနေတဲ့အချိန် ဖြစ်ချင်ဖြစ်မှာပေါ့။ ဇာတ်လမ်းက ပြန်ဆက်လာချင်လာဦးမှာ …"

မောင်ချစ်အေးက သက်ပြင်းကို မသိမသာချလိုက်ပြီး …

"ဒီလောက်ရှည်ကြာတဲ့ ကြော်ငြာမျိုးတော့ ရှိမယ် မထင်ပါဘူးကွာ …"

## C B

မြို့ထဲရောက်တဲ့အခါ အဖေကြိုက်တတ်တဲ့ အစားအစာမျိုးတွေ့ရင် ဝယ်လာလေ့ရှိတယ်။ ဒီနေ့တော့ ဒူးရင်းသီးအလုံးလုလုကြီးတွေတွေ့လို့ ဝယ်လာခဲ့တယ်။ ဈေးလည်းကြီးတယ်၊ တကယ်လည်း ကောင်းတယ်။ ရွှေဒင်္ဂါးရောင်တောက်နေတာ မြင်ကတည်းက အရသာရှိမယ်ဆိုတာ သိသာနေပြီ။ အစေ့က သေးသေးလေးတွေ၊ အမွှာက ကြီးပြီး အသားထူတယ်။

www.burmeseclassic.com

အဖေက ဒူးရင်းသီးကို မြိန်ရည်ယှက်ရည် စားနေတာကြည့်ပြီး ဝမ်းသာမိတယ်။ တချို့လူကြီးတွေ ဒီအရွယ်ဆို အစားရှောင်နေရပြီ။ သွေးတိုးရှိလို့၊ နှလုံးရောဂါရှိလို့၊ အဆီအအိမ့် ရှောင်ရတာ၊ အချိုအငန် ရှောင်ရတာမျိုး ဖြစ်နေပြီ။ အဖေကတော့ ခုထိ ရောဂါရယ်လို့ ထူးထူးထွေထွေ မရှိသလောက်ပဲ။ အမေ ဆုံးပြီးခါစတုန်းက နည်းနည်းကျသွားသလိုရှိပေမယ့် ခုတော့ မျက်စိမှုန်တာရယ်၊ တစ်ခါတစ်လေ ဒူးလေး ဘာလေး နာချင်တာကလွဲရင် ဒေါင်ဒေါင်မြည်သေးတယ်လို့ ဆိုရမယ်။ စားကောင်းသောက်ကောင်းတုန်းပဲ။ မောင်ချစ်အေးက ကျွေးနိုင်မွေးနိုင်လာတဲ့အချိန်မှာ အဖေက စားနိုင်သောက်နိုင်သေးတယ်ဆိုတော့ ကုသိုလ် ထူးတဲ့ သားအဖလို့ ပြောရမှာပါပဲ။

အဖေက လက်သုတ်ပဝါကို ယူပြီး သုတ်လိုက်တယ်။ ပန်းကန်ထဲမှာ ဒူးရင်းသီး ခပ်ကြီးကြီး ခပ်လှလှ နှစ်မွှာကျန်နေသေးတယ်။

"ကုန်အောင်စားလိုက်လေ အဖေ"လို့ မောင်ချစ်အေးက ပြောတော့ ...

"ချန်ထားလိုက်ပါကွာ၊ ဟိုဒင်းအတွက် ... အဲ ..."ဆိုပြီးတော့မှ တခစ်ခစ်ရယ်နေတယ်။

"ဘာရယ်တာလဲ အဖေက"

"ငါလည်း အသက်ကြီးလို့ သူငယ်ပြန်နေပြီလား မသိဘူး။ မင်းတို့အမေအတွက် ချန်ထားဦးမှပဲလို့ ယောင်ပြီး စိတ်ကူးလိုက်မိလို့ကွ။ မင်းတို့အမေက ဒူးရင်းသီး သိပ်ကြိုက်တာကိုး"

မောင်ချစ်အေး ကရုဏာပြုံးပြုံးမိတယ်။ ချစ်ထွေးကတော့ ...

"အမေသာရှိရင် ကျန်တဲ့ဟာ ကျွန်တော့်ကျွေးမှာပဲ။ အမေက ကျွန်တော့်ကို အချစ်ဆုံးပဲကိုး"လို့ ပြောပြီး ဒူးရင်းသီးတစ်မွှာကို ဆတ်ကနဲ နှိုက်ယူပြီး စားလိုက်တယ်။

အဖေက ...

"အေးကွာ ... မင်းအမေဆုံးပြီးကတည်းက ငါတို့အိမ်လည်း အိမ်ရှင်မရယ်လို့မရှိတော့ ခြောက်ကပ်ကပ် နိုင်သွားတယ် ထင်ရတယ်"

"ဒါဆိုလည်း အဖေ မိန်းမတစ်ယောက် ယူလိုက်ပေါ့"

ချစ်ထွေးက ဝင်နှောက်တယ်။ အဖေက ပြုံးပြုံးပြာပြာနဲ့ လက်ကာပြပြီး ...

"ဟေ့ကောင် အဲဒီစကားမျိုး ထပ်မပြောနဲ့။ ငါက မင်းအမေကလွဲရင် ဘယ်မိန်းမကိုမှ ရှိတယ်လို့တောင် မထင်ဘူးကွ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို အစွဲအလမ်းကြီးတတ်တဲ့ စိတ်ဓာတ်က မျိုးရိုးလိုက်တတ်သလား မသိဘူးနော် ... ကိုကြီး"လို့ ပြောပြီး မောင်ချစ်အေးကို ပြုံးစိစိကြည့်လိုက်တယ်။

အဖေက ချစ်ထွေးစကားကို ဂရုမစိုက်ဘဲ သူပြောချင်တာကို ဆက်ပြောတယ်။

"တကယ်တမ်း မိန်းမယူရမှာက ငါမဟုတ်ဘူး။ မင်းအစ်ကို ..."

မောင်ချစ်အေးဘက် မေးငေါ့ပြီး ...

"ချစ်အေး၊ မင်းအသက်လည်း သုံးဆယ်ကျော်ပြီ။ မိသားစုအတွက် လုပ်ကျွေးနေတာလည်း တာဝန်ကျေတဲ့အပြင် လွန်တောင်နေပြီ။ ကိုယ့်အတွက်လည်း စဉ်းစားဦး။ မင်းအိမ်ထောင်ပြုသင့်ပြီ"

"ဟာ ... အဖေကလဲ ... ကျွန်တော့်ကို ကြိုက်မယ့်သူမှ မရှိတာ ..."

"ဘာလို့မရှိရမှာလဲ။ မင်းလို လုပ်ရည်ကိုင်ရည်ရှိပြီး ရိုးသားတဲ့လူမျိုးကို သမက်တော်ချင်တဲ့လူတွေ အများကြီးရှိတယ်"

"အဖေ တွေ့ထားလို့လား"

ချစ်ထွေးက ဝင်မေးတော့ ...

"အေး ... အဲဒါပြောမလို့ကွ။ ကားမှတ်တိုင်နားက ဆေးခန်းမှာထိုင်တဲ့ ဆရာဝန်မလေးကို သိလား"

"ကျွန်တော်က ဆေးခန်းမှ မသွားဖူးတာ"

"ငါ ဟိုတစ်လောက သွေးလေးဘာလေး ချိန်ကြည့်ဦးမှပဲဆိုပြီး သွားတာ။ ဟိုရောက်တော့ ဆရာဝန်မလေးက ငါ့ကို သိနေပြီး နှုတ်ဆက်တယ်။ စကားစပ်ကြည့်တော့မှ စာတိုက်နားမှာ နေသွားဖူးတဲ့ ကိုပါကြီးရဲ့ သမီးမှန်း သိရတာပဲ"

"ကျွန်တော်သိတယ် အဖေ။ ကျွန်တော်တို့ငယ်ငယ်တုန်းက သူတို့အိမ်က မာလကာသီးတွေ သွားခိုးစားနေကျပဲ။ အဲဒီအစ်မကြီးကလည်း မဆိုးဘူး၊ လှတယ်"

ချစ်ထွေးက ဝင်ချွန်နေသေးတယ်။ အဖေက အားတက်သွားပြီး ...

"ဟုတ်တယ်ကွ၊ ယဉ်ယဉ်လေးနဲ့ ဣန္ဒြေရှိရှိလှတာ။ ဒါနဲ့ ငါလည်း လိပ်စာမေးပြီး ကိုပါကြီးတို့ဆီ သွားလည်တာပေါ့။ သူ့မိန်းမက မင်းတို့အမေကို အရမ်းခင်တာလေ။ ပြီးတော့ ငါ့သားလူပျိုကြီးအကြောင်း ပြောရင်း စကားတောက်ကြည့်တာပေါ့ကွာ"

"အဖေကလဲ ... ဘာတွေလျှောက်လုပ်နေတာလဲ"

"ဟာ ... ဒါ လူကြီးတွေလုပ်ရမယ့် အလုပ်ပဲကွ။ သူတို့ကလည်း မင်းကို စိတ်ဝင်စားပုံရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com


"အဖေက ဘယ်လိုလုပ်သိလဲ"

"သိတာပေါ့။ ကိုပါကြီးမိန်းမက သူတို့သမီးလေးလည်း ကျောင်းစာတွေနဲ့ နပန်းလုံးခဲ့ရပြီး၊ ခုကျ တော့လည်း အလုပ်ထဲမှာပဲ နစ်နေလို့ ကြာရင် အပျိုကြီးဖြစ်သွားမှာစိုးရတယ်လို့ပြောတယ်။ ဒါဟာ ငါ့စကားနဲ့ အတိုင်အဖောက်ညီနေတဲ့ သဘောပေါ့။ အဲဒါ ကောင်မလေးကို မင်းသွားကြည့်လိုက်ကွာ"

"ဟာ ... အဖေကလဲ ... ဘယ်လိုလုပ် သွားကြည့်ရမှာလဲ"

"နေမကောင်းချင်ယောင်ဆောင်ပြီး ဆေးခန်းကို သွားပေါ့"

"တော်ပါတော့ အဖေရာ။ ကျွန်တော် အဲဒီလောက်ထိ အချိန်မပေးနိုင်ပါဘူး။ အလုပ်က မအားရတဲ့ ကြားထဲ၊ ပြီးတော့ ကျွန်တော် မိန်းမယူချင်စိတ်လည်း မရှိသေးပါဘူး"

"ဒါဖြင့် မင်းက ဒီလိုပဲနေတော့မှာလား"

"နေဖြစ်ဖို့များပါတယ်"

ဒီနေရာမှာ ချစ်ထွေးက ထုံးစံအတိုင်း ဝင်ရှုပ်နေပြန်ရော။

"ကိုကြီးမယူချင်ရင် ကျွန်တော်ယူလိုက်မယ် အဖေ"

"အောင်မာ၊ လူကဖြင့် လက်တောက်လောက် ရှိသေးတယ်"

"ဒီလောက်တော့ မကပါဘူး အဖေရာ"

ချစ်ထွေးက တဟားဟားရယ်လို့ပြီးမှ ဆက်ပြောတယ်။

"အဖေက ကိုကြီးအကြောင်းကို မသိသေးဘဲကိုး။ အဖေ ကြားဖူးတယ် မဟုတ်လား၊ တချို့တွေ နတ်နဲ့ လက်ထပ်ကြတယ်ဆိုတာလေ။ ဒီလိုပဲ ကိုကြီးက မော်တော်ကားနဲ့ လက်ထပ်ထားတာ"

"ဟေ့ကောင်၊ မင်းပါးစပ် ပိတ်ထားကွာ"လို့ မောင်ချစ်အေးက ဟန့်လိုက်ရတယ်။

အဖေကတော့ အဓိပ္ပါယ်ကို သိတာမဟုတ်တော့ ...

"ပေါက်ကရ ပြောတော့မယ်၊ မင်း ..."လို့ပဲ ပြောတယ်။

ကဲ ... လောကကြီးဟာ မထူးဆန်းဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းက ဆယ်တန်းတောင်မအောင်ဘဲနဲ့ တက္ကသိုလ်ထဲမှာ ယောင်ချာချာ စိတ်ကူးယဉ် အိပ်မက်တွေ မက်ခဲ့မိလို့ ခွေးမောင်းသလို အမောင်းခံခဲ့ရတဲ့ကောင်တစ်ယောက်၊ စက်မှုတက္ကသိုလ်ကျောင်းသား အယောင်ဆောင်မှုနဲ့ ရာသက်ပန် နယ်နှင်ဒဏ်ခံခဲ့ရတဲ့ကောင်တစ်ယောက်ကို ခုတော့လည်း ဆရာဝန်မလေးရဲ့ မိဘတွေက စိတ်ဝင်စားပါသတဲ့။

# C B

၆ ။ ။

"ကိုကြီးက မော်တော်ကားနဲ့ လက်ထပ်ထားတာ"လို့ ချစ်ထွေးပြောတာလည်း သိပ်တော့မလွန်လှပါဘူး။ မောင်ချစ်အေးဟာ ချစ်မြားရှင်အပေါ်မှာ အချိန်ကြာလာတာနဲ့အမျှ သံယောဇဉ် ပိုပိုဖြစ်လာတယ်။ လူတစ်ယောက်လို သဘောထားလာတယ်။

မနက်ဖယ်ရီဆွဲဖို့ ထွက်သွားတဲ့အခါမှာ စိတ်မချသလို ဖြစ်လာတယ်။ လမ်းမှာများ တစ်ခုခု ဖြစ်မလားလို့ စိုးရိမ်မိတယ်။ ပြန်ရောက်ချိန်တန်လို့ မရောက်ဘဲ နည်းနည်းပါးပါး နောက်ကျနေရင် စိတ်ပူပြီး နေမထိ ထိုင်မသာ ဖြစ်လာတယ်။

တစ်ခါကဆိုရင် အိမ်က ဟိုင်းလပ်ကားကိုယူပြီး ဖယ်ရီလမ်းကြောင်းအတိုင်း လိုက်ပြီးတော့တောင် ရှာမိသေးတယ်။ အမှန်ကတော့ ဘီးပေါက်လို့ တာယာဝင်လဲပြီး ပေါက်သွားတဲ့ဘီးကို တစ်လက်စတည်း ဝင်ဖာနေလို့ ကြာနေတာပါ။

ကားပျက်ပြီဆိုရင်လည်း ဆေးရုံကို ပို့တော့မလောက် ပျာယာခတ်နေမိတယ်။ ဘယ်လောက်ထိ ဖြစ်လာသလဲဆိုတော့ ငှားထားတဲ့ ဒရိုင်ဘာက ချစ်မြားရှင်ကို မောင်းပြီးထွက်သွားတာကို မြင်တဲ့အခါ မနာလိုစိတ်ဝင်လာမိတဲ့အထိပါပဲ။

မောင်ချစ်အေး ခုလိုအဖြစ်သည်းနေတာကို ချစ်ထွေးဆီကတစ်ဆင့် သိသွားပြီး စိုးမြင့်က …

"မထူးပါဘူးကွာ။ မင်းကားကြီးကို သန်းခေါင်စာရင်းထဲသာ သွင်းထားလိုက်ပါတော့"လို့တောင် ပြောယူရတယ်။

ဒီနေ့လည်း အလုပ်ခဏနားပြီး ထမင်းစားဖို့ အလုပ်ရုံထဲနေ အိမ်ဘက်အကူး နေပူကြဲကြဲကြီးထဲမှာ ရပ်ထားတဲ့ ချစ်မြားရှင်ကို တွေ့လိုက်ရလို့ … "မန်းနီး"လို့ အသံကုန် အော်ခေါ်လိုက်တယ်။

"လာပြီ ဆရာ"ဆိုတဲ့ အသံနဲ့ မရှေးမနှောင်းမှာ မန်းနီး အပြေးအလွှားရောက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ချစ်မြားရှင်ကို ဘာလို့ နေပူကြီးထဲ ရပ်ထားရတာလဲ"

"ကျွန်တော်ရပ်တာ မဟုတ်ဘူး။ ဒရိုင်ဘာ …"

"သူက ရပ်ရင်လည်း မင်းက ပြောပေါ့"

"မဟုတ်ဘူး ဆရာ၊ ဂိုဒေါင်ထဲမှာလည်း ပြင်လက်စ ကားတွေ ရှိနေလို့။ ပြီးတော့ ဟိုသစ်ပင်ရိပ်မှာလည်း ကားလေးက ရပ်ထားတော့ …"

သူပြမှ လှမ်းကြည့်လိုက်တော့ အရိပ်ကောင်းတဲ့ သစ်ပင်အောက်မှ မောင်ချစ်အေးတို့အိမ်က ဟိုင်းလပ်ကားကို ရောင်းပြီး ပြန်ဝယ်ထားတဲ့ ဆူပါရှဖ်ကား ရပ်ထားတာ တွေ့ရတယ်။

မောင်ချစ်အေးလည်း အိမ်ထဲဝင် ကားသော့ယူပြီး ဆူပါရှဖ်ကားကိုရွှေ့၊ ချစ်မြားရှင်ကို နေရိပ်ထဲသွားရပ်ထားလိုက်တယ်။ မန်းနီးကတော့ နားမလည်သလို ခေါင်းလေးကုတ်ပြီး ရပ်ကြည့်နေတယ်။ မောင်ချစ်အေး ကားပေါ်က ဆင်းပြီးတော့ …

"ဟေ့ကောင် မန်းနီး၊ နောက်ဆိုရင် ချစ်မြားရှင်ကို နေပူထဲမှာ မရပ်စေနဲ့၊ ကြားလား"

"ဟုတ်ကဲ့ ဆရာ"

မောင်ချစ်အေး ပြန်လှည့်ထွက်မယ်လုပ်ပြီးတော့မှာ ကားရှေ့မှန်ပေါ်မှာ ဖြူဖြူအနှစ်တွေ ပေနေတာ မြင်လိုက်တော့ …

"မန်းနီး … ဟိုဟာ ဘာတွေလဲ"

"ဟာ … ကျီးကန်းချေးပါချထားတာ"

"တောက် … မင်းကို သေသေချာချာ ကြည့်ခိုင်းထားတယ် မဟုတ်လား"

"မဟုတ်ဘူး ဆရာ၊ စောစောက မရှိပါဘူး"

ပြောပြီး ဘန်ပါပေါ်ကို ခုန်တက်သွားပြီး ကျီးကန်းချေးတွေကို လက်နဲ့သုတ်ရင်း …

"အခုမှ လောလောလတ်လတ် ပါချတာ ဆရာ။ ဒီမှာတွေ့လား၊ ပျော့ပျော့ကြီးရှိသေးတယ်"ဆိုပြီး အပေါ်ကို မော့ကြည့်တယ်။

အဲဒီအချိန်မှာပဲ သစ်ပင်ပေါ်က ကျီးကန်းတစ်ကောင် ပျံပြေးသွားတာ မြင်လိုက်ရတယ်။ မန်းနီးက ကျီးကန်းကို လက်သီးထောင်ပြနေသေးတယ်။

မောင်ချစ်အေးကတော့ ချစ်မြားရှင်အတွက် သီးသန့် ဂိုဒေါင်တစ်လုံးတော့ ဆောက်မှပဲလို့ တွေးလိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



# C B

အဲဒီလို အကဲပိုခဲ့လို့ ဒရိုင်ဘာနဲ့ ပြဿနာဖြစ်ခဲ့တာပေါ့။

သူ့ကိုလည်း အပြစ်မတင်ပါဘူး။ ကားကြီးမောင်းတဲ့ ဒရိုင်ဘာတွေက ဒီအတိုင်းပဲလေ။ ဘတ်(စ်) ကားကြီးတွေဆိုတာကလည်း ဂီယာတုတ်ထောက် ဆီမီးပျောက် ဆိုတာတွေပဲများတယ်။ တသသလုပ်နေစရာ အကြောင်းမှ မရှိတာ။ ဒါကြောင့် ကားအကိုင်ကြမ်းကြတယ်။ ကားကြီးတွေကလည်း ဒူပေနာပေခံတာကိုး။

ဒါမျိုး အကျင့်ပါနေတဲ့သူနဲ့ လိုတာထက်ပိုပြီး အဖြစ်သည်းတဲ့ မောင်ချစ်အေးနဲ့ ပြဿနာဖြစ်တာ ဘာဆန်းသလဲ။

မောင်ချစ်အေးက မနက်တိုင်း အင်ဂျင်ဝိုင် အသစ်လဲချင်တယ်။ အင်ဂျင်ဝိုင်အမျိုးအစားကောင်းကောင်း သုံးချင်တယ်။ သူက ဒီလောက် မလိုအပ်ဘူးလို့ ထင်တယ်။ အင်ဂျင်ခန်းထဲမှာ စက်ဆီတွေ ရွှဲနေရင် မောင်ချစ်အေးက မကြိုက်ဘူး။ သန့်ရှင်းခြောက်သွေ့နေစေချင်တယ်။ သူက ဘတ်(စ်)ကားကြီးပဲ၊ ဒီလောက် သန့်ရှင်းနေဖို့ မလိုဘူး။ အပိုတွေလို့ ယူဆတယ်။

ဘရိတ်ဒေါင်းတဲ့အခါ မောင်ချစ်အေးက တစ်ချက်တည်းနဲ့ ဒက်စတော့မိအောင် လုပ်ချင်တယ်။ သူက နှစ်ချက်သုံးချက်တော့လို့ မိရင်ရပြီ။ အရင်မောင်းခဲ့တဲ့ ကားတုန်းကဆိုရင် ဘရိတ်ဆီ ဈေးကြီးလို့ ဆပ်ပြာ ရည်တောင် သုံးခဲ့ဖူးတယ်တဲ့။ သူ့လို ကားကြီးအိတ်စပတ်တစ်ယောက်အဖို့ ဘရိတ်မပါဘဲ ဂီယာနဲ့တောင် ထိန်းပြီးမောင်းနိုင်တယ်လို့ဆိုတယ်။

သူက ကားရေတိုင်ကီထဲ ရေဖြည့်တဲ့အခါ စည်ပိုင်းထဲကရေကို အလွယ်တကူ ခပ်ထည့်လိုက်တာပဲ။ ကားသမားတိုင်းလိုလို ဒီလိုပဲလုပ်နေကျပါ။ မောင်ချစ်အေး အမြင်မှာတော့ စည်ပိုင်းထဲကရေဆိုတာ အနည်တွေ အမှုန်တွေပါတတ်တယ်။ ကားရေတိုင်ကီရဲ့ ရေလိုင်းတွေက ပါးပါးစိပ်စိပ်ကလေးတွေ။ ကြာရင် အနည်ထိုင်ပြီး ရေလိုင်းတွေ ပိတ်ဆို့ကုန်တတ်တယ်။ အဲဒီအခါ အင်ဂျင်အပူချိန်တက်တတ်တယ်။

ရေကို ရေစစ်နဲ့ သေသေချာချာ စစ်ပြီးမှ ထည့်ပါလို့ မှာထားပေမယ့် လစ်ရင်လစ်သလို လုပ်လိုက် တာပဲ။ အမှန်ကတော့ ဖြစ်နိုင်ရင် ရေသန့်ဖြစ်ဖြစ်၊ ဘက်ထရီထဲ ထည့်တဲ့ မိုးရေဖြစ်ဖြစ်တောင် ထည့်သင့်တာ။ ကားလေးတွေမှာ သုံးလေ့ရှိတဲ့ အင်ဂျင်အေးအောင်လုပ်ပေးတဲ့ဆေးရည်ထည့်လို့ ဒရိုင်ဘာက ပြုံးစေ့စေ့ ကြည့်တာ ခံလိုက်ရသေးတယ်။

သူက ကွမ်းလည်းစားတတ်တယ်။ မောင်ချစ်အေးရဲ့ တပည့်တွေဆိုရင် ကွမ်းစားခွင့်မရှိပေမယ့် သူ့ကျတော့ ပုံစံတစ်မျိုးမို့ တားမြစ်လို့မဖြစ်ဘူး။ ကားမောင်းရင်း ကွမ်းတံတွေးထွေးတော့ ကားဘော်ဒီပေါ်မှာ ကွမ်းသွေးတွေ စင်ပြီး ပေနေတတ်တယ်။ ကျွတ်ကျွတ်အိတ်ကလေး ဆောင်ထားပြီး ထွေးထည့်ပါလို့ ပြောပေမယ့်လည်း ခဏပဲရတယ်။ ဒါနဲ့ မောင်ချစ်အေးလည်း ပလပ်စတစ်ပုံးလေးတစ်ပုံးကို ဒရိုင်ဘာခုံဘေးမှာ တပ်ပေးထားလိုက်ရတယ်။

သီတင်းကျွတ်ကျောင်းပိတ်ရက်မှာ သူက ဘုရားဖူးအဖွဲ့နဲ့ နယ်ကို စင်းလုံးငှားအော်ဒါ လိုက်သွား ချင်တယ်လို့ ပြောတယ်။ မောင်ချစ်အေးက ကားနာမှာစိုးလို့ ခွင့်မပြုဘူး။ ဒါကိုလည်း သူက သိပ်မကျေနပ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com


တစ်ရက်မှာ မနက်ပိုင်းကျောင်းပို့ပြီး ပြန်ရောက်မယ့်အချိန်ထက် အတော်ကြီး လွန်လာတဲ့အထိ ပြန်ရောက်မလာဘူး။ မောင်ချစ်အေး စိတ်ပူပြီး ဖယ်ရီလမ်းကြောင်းအတိုင်း လိုက်သွားတယ်။ မတွေ့ဘူး။

လေထိုးကျွတ်ဖာဆိုင်ကလည်း သူတို့ဆီ မလာပါဘူးလို့ ပြောတယ်။

ရဲစခန်းသွားတိုင်ရင် ကောင်းမလားတောင် စဉ်းစားမိသေးတယ်။

သိပ်တော့ အဓိပ္ပါယ်မရှိဘူး။ ဒီလောက်ကြီးတဲ့ကားကြီး ဘယ်လိုလုပ်ပျောက်မှာလဲ။ ဒီကားမျိုးကို ဘယ်သူက ခိုးယူထွက်ပြေးမှာလဲ။ မတော်တဆ တိုက်မိခိုက်မိတာများ ဖြစ်မလားလို့ ယာဉ်ထိန်းရုံးကို သွားစုံစမ်းသေးတယ်။ သတင်းပို့ချက်မရှိပါဘူးတဲ့။

ညနေဘက် ကျောင်းဆင်းခါနီးကျမှ ကျောင်းရှေ့မှာ ရပ်ထားတဲ့ ချစ်မြားရှင်ကို တွေ့ရတယ်။

“ခင်ဗျား ဘယ်လိုလုပ်တာလဲ”လို့ မေးတော့ ဒရိုင်ဘာက ခပ်အေးအေးပဲ။

“အေးဗျာ၊ ခင်ဗျားကို အကြောင်းကြားဖို့ အချိန်မရတော့ဘူး။ အရေးပေါ် အော်ဒါတစ်ခု လာခေါ်လို့ လိုက်သွားတာ”

“ဘာအော်ဒါမို့လို့လဲ”

“အသုဘပို့ဖို့ပါဗျာ။ ကားမလောက်လို့ဆိုပြီး လာဆွဲတာ”

မောင်ချစ်အေး အတော် စိတ်ဆိုးသွားတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ အိမ်ပြန်ရောက်တော့ မောင်ချစ်အေးနဲ့ သူနဲ့ အချေအတင်ဖြစ်ကြတယ်။

“ကျုပ်ကားက အသုဘပို့လိုက်တဲ့ကား မဟုတ်ဘူးဗျ”

မောင်ချစ်အေးက အတော်မခံမရပ်နိုင်ဖြစ်ပြီး ပြောတယ်။ သူက ...

“ဖယ်ရီဆွဲတဲ့ကားမှန်ရင် ကြားပေါက်အော်ဒါလိုက်တာ ထုံးစံပဲဗျ။ ခင်ဗျားကားကို အလကား ယူသုံးတာလည်း မဟုတ်ဘူး။ ခင်ဗျားလည်း အုံနာခ ရတာပဲ”

“အဲဒီငွေကို ကျွန်တော် မလိုချင်ဘူး”

“ခင်ဗျား မလိုချင်ပေမယ့် ကျွန်တော် လိုချင်တယ်ဗျ။ ဒီလို ကြားပေါက်ဝင်ငွေလေးရမှ အဆင်ပြေမှာပေါ့။ ခင်ဗျားပေးတဲ့ လခလောက်နဲ့ ကျေနပ်ပြီး မနေနိုင်ဘူး”

“ခင်ဗျားကို ကျွန်တော် လခပိုပေးမယ်”

www.burmeseclassic.com

“တော်ပါပြီဗျာ။ ခင်ဗျားပိုပေးတဲ့ လခလည်း မလိုချင်ဘူး။ ခင်ဗျားလို လူကြောင်မျိုးဆီမှာလည်း မလုပ်ချင်တော့ဘူး။ ဘယ့်နှယ်ဗျာ သူ့ကားမောင်းရတာ လေယာဉ်မောင်းရတာထက်တောင် စည်းကမ်းချက်က ပိုများနေသေးတယ်”

ဟုတ်တယ်။ သူပြောတာမှန်တယ်။ မောင်ချစ်အေးရဲ့ ချစ်မြားရှင်ကို မောင်းရင် အာကာသယာဉ် မောင်းတာထက်တောင် ပိုပြီး ဂရုစိုက်မှ ကြိုက်တယ်။

သူအလုပ်ထွက်မယ်ပြောတော့ မောင်ချစ်အေးကလည်း ခေါယယလုပ်ပြီး တောင်းပန်မနေတော့ဘူး။ ချစ်မြားရှင်ကို စော်ကားတဲ့လူ အလိုမရှိ။

ဒရိုင်ဘာ အလုပ်ထွက်သွားပြီးတဲ့နောက် ဖြစ်ပေါ်လာတဲ့ ပြဿနာကတော့ ချစ်မြားရှင်ကို ဘယ်သူ ဆက်မောင်းမလဲဆိုတဲ့ကိစ္စပါပဲ။ ကျောင်းကြိုဖယ်ရီဆွဲတဲ့အလုပ်က ရပ်ချင်တိုင်းရပ်ပစ်လို့ရတာ မဟုတ်ဘူး။

တစ်ရက်ကလေးတောင် ပျက်ကွက်လို့မရဘူး။ မတော်တဆ ကားပျက်နေရင်တောင် တခြားကား တစ်စင်းကို ချက်ချင်းအစားထိုးပေးရတယ်။

စာသင်နှစ်ကုန်တဲ့အထိတော့ ဖယ်ရီဆွဲပေးရဦးမှာပဲ။ ဒရိုင်ဘာတစ်ယောက်ကို ချက်ချင်းရှာဖို့က မလွယ်ဘူး။ ရခဲ့ရင်တောင် စိတ်တိုင်းကျမှာ မဟုတ်ဘူး။ တစ်ခုမဟုတ် တစ်ခု ပြဿနာတက်မှာပဲ။ မောင်ချစ်အေးရဲ့ တပည့်တွေထဲမှာ ကားမောင်းတတ်တဲ့လူတွေ ရှိပါတယ်။ သို့ပေမယ့် လိုင်စင်သက်တမ်း နုသေးတယ်။ ဘတ်(စ်)ကားကြီး မောင်းခွင့်ရှိတဲ့ လိုင်စင်အမျိုးအစား မဟုတ်ဘူး။ နိုင်နိုင်နင်းနင်း မောင်းနိုင်မှာလည်း မဟုတ်ဘူး။

ဒါကြောင့် မောင်ချစ်အေးကိုယ်တိုင်ပဲ မောင်းဖို့ဆုံးဖြတ်လိုက်တယ်။ မောင်ချစ်အေးရဲ့ တပည့်တွေ ထဲမှာ ကားပြင်တာ အတော်ကျွမ်းကျင်နေတဲ့ကောင်တွေ ရှိနေပြီ။ တော်ရုံတန်ရုံကိစ္စဆိုရင် လှည့်ကြည့်စရာ မလိုအောင် စိတ်ချရတယ်။ အင်ဂျင်တစ်လုံးလုံး ပတ်ကားကိုင်ပြီဆိုမှ မောင်ချစ်အေး ဝင်ပါရတယ်။ ပြီးတော့ ဖယ်ရီဆွဲတာက မနက်ပိုင်းတစ်ချိန်နဲ့ ညနေပိုင်းတစ်ချိန်ပဲ ရှိတာ။ ကြားအချိန်နဲ့ ညဘက်မှာ ဝပ်ရှော့အလုပ်ကို လုပ်လို့ရတယ်။

ဖယ်ရီလမ်းကြောင်းကိစ္စတော့ ပူစရာမလိုဘူး။ အရင်ဒရိုင်ဘာလက်ထက်တည်းက မောင်ချစ်အေးရဲ့ တပည့်ကျော် မန်းနီးက ကားနဲ့လိုက်နေကျပဲ။ ဒါကြောင့် လမ်းကြောင်းရော၊ လူအတင်အချလုပ်ရမယ့်နေရာရော ကျွမ်းနေပြီ။

ပထမဆုံး ဖယ်ရီစဆွဲတဲ့နေ့မှာပဲ ရင်ခုန်စရာတစ်ခုဖြစ်လာတယ်။ အိမ်ကထွက်ဖို့ ကားပေါ် တက်လိုက်တဲ့အခါမှာ အိအိချိုထိုင်ခဲ့တဲ့ ခုံနေရာလေးဆီကို လှမ်းကြည့်မိတယ်။ စိတ်ထဲမှာ အတွေးတစ်ခု ဖြတ်ကနဲ ပေါ်လာတယ်။ ဒီခုံနေရာမှာ ခုဘယ်သူထိုင်နေသလဲ။ သိချင်စိတ်ဖြစ်လာမိတယ်။

လမ်းမှာ ကလေးတစ်ယောက် တက်လာတိုင်း ဘယ်ခုံမှာ ထိုင်လေမလဲလို့ စောင့်ကြည့်မိတတ်တယ်။ လှည့်ကြည့်တာတော့ မဟုတ်ပါဘူး။ နောက်ကြည့်မှန်ကတစ်ဆင့် ကြည့်တာပါ။ ဘတ်(စ်)ကားကြီးတွေမှာ ကားရဲ့နောက်ခန်းတစ်လုံးကို မြင်နိုင်တဲ့ မှန်ချပ်ကြီးတပ်ထားတာ။ ဒါကြောင့် ကလေးတစ်ယောက် တက်လာပြီး ဘယ်ခုံမှာ ထိုင်တယ်ဆိုတာ လှည့်မကြည့်ဘဲ ကောင်းကောင်းမြင်နေရတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ခရီးတစ်ဝက်ကျိုးခါနီးအထိ အိအိချိုရဲ့ထိုင်ခုံက လွတ်နေတုန်းပဲ။ နောက်တော့မှ ကျောင်းသူလေး တစ်ယောက် တက်လာပြီး အိအိချိုရဲ့ ခုံနေရာမှာ ဝင်ထိုင်တယ်။ အသက် ရှစ်နှစ်ကိုးနှစ်လောက်ရှိမယ်။ ကလေးမလေးက ချစ်စရာလေး။ ဘာကြောင့်မှန်းမသိ မောင်ချစ်အေးရင်ထဲက လှပ်ကနဲ ဖြစ်သွားမိတယ်။

ဖယ်ရီဆွဲရတဲ့အလုပ်က အပေါ်ယံကြည့်ရင် လွယ်လွယ်လေးလို့ ထင်ရတယ်။ တကယ်တမ်းကျတော့ တော်တော်တာဝန်ကြီးတာပဲ။ ဖယ်ရီစီးတဲ့ ကလေးတွေကို ကျောင်းနဲ့အိမ်၊ အိမ်နဲ့ကျောင်းကြားမှာ ဘေးမသီ ရန်မခအောင် စောင့်ရှောက်ရတဲ့တာဝန်က မသေးလှဘူး။

ကလေးတွေက မူလတန်း ကျောင်းသားကျောင်းသူလေးတွေဆိုတော့ ကားပေါ်မှာ ငြိမ်ငြိမ်ကလေး လိုက်လာကြတာ မဟုတ်ဘူး။ ယောကျ်ားလေးအများစုဟာ အမြဲလိုလို လှုပ်လှုပ်ရွရွ လုပ်နေကြတာ။ တစ်ယောက်နဲ့တစ်ယောက် ထိပ်ပုတ်ခေါင်းပုတ်လုပ်မယ်။ မိန်းကလေးတွေကို လိုက်စမယ်။ သူတို့ချင်း ငြင်းကြခုန်ကြရင်း ရန်ဖြစ်ပြီး ထနပမ်းလုံးချင်လုံးမယ်။ တချို့ကောင်တွေက ထိုင်ခုံရှိပါလျက်နဲ့ မတ်တတ်ရပ် စီးချင်စီးတယ်။ ကားသွားနေတုန်း ရှေ့နောက်ပြေးချင်ပြေးနေကြတာ။ အဲဒီအခါမျိုးမှာ ရုတ်တရက် ကားဘရိတ် အုပ်လိုက်လို့ အလဲလဲ အပြိုပြိုဖြစ်ပြီး ထိပ်ပေါက်ခေါင်းကွဲဖြစ်ရင် ကိုယ့်တာဝန်လည်း မကင်းဘူး။

မန်းနီးကတော့ ဒီအထာတွေ ကျွမ်းနေပြီ။ ချော့သင့်တဲ့ကောင်ကိုချော့၊ ဟောက်သင့်တဲ့ကောင်ကို ဟောက်၊ ပြတင်းပေါက်ကနေ လက်ထုတ်၊ ခေါင်းပြူတဲ့ကောင်တွေ လိုက်ဆွဲနဲ့ တစ်လမ်းလုံး ပါးစပ်ရော လက်ပါ အငြိမ်မနေရဘူး။

ဒီကောင်တွေက မန်းနီးကို ချစ်တော့လည်း ချစ်ကြသားပဲ။ ကျောင်းဆင်းရင် မန်းနီးအတွက်ဆိုပြီး ပြောင်းဖူးတို့ နေကြာစေ့တို့ ဝယ်လာတတ်တယ်။

သူတို့ထဲမှာ အဆိုးဆုံးကတော့ မိုးမြင့်ထွန်းဆိုတဲ့ကောင်လေးပဲ။ သူ့ကို ဘယ်သူကမှ နာမည်ရင်း မခေါ်ကြဘူး။ မျောက်လောင်းလို့ပဲ ခေါ်ကြတယ်။ နာမည်နဲ့ကတော့ တကယ်လိုက်ဖက်ပါတယ်။

ကားပေါ်မှာ ဘယ်တော့မှ ငြိမ်ငြိမ်ထိုင်မနေဘူး။ ဟိုခုံဒီခုံ လျှောက်သွားနေတာပဲ။ ဟိုလူ့လိုက်စ၊ ဒီလူ့လိုက်စ၊ မိန်းကလေးတွေရဲ့ မုန့်ကို လုစား။ မိန်းကလေးတွေက ရန်တွေ့ကြ၊ ကွန်ပါဗူးနဲ့ခေါက်၊ ပေတံနဲ့ လိုက်ရိုက်။ ဆူညံပြီး မျက်စိကို နောက်နေတာပဲ။

မနက်ဆိုရင်လည်း တခြားကလေးတွေလို ဖယ်ရီအလာကို ကြိုစောင့်မနေတတ်ဘူး သူတို့အိမ်က အိမ်ဖော်ကလေးမလေးကပဲ စောင့်ပေးရတယ်။ ကားရောက်ပြီဆိုမှ ကောင်မလေးက "လောင်းလောင်းရေ ရောက်လာပြီဟေ့"လို့ အိမ်ဘက်လှည့်ပြီး အော်ခေါ်ရတယ်။

ဒီတော့မှ ကိုယ်တော်မြတ်က မုန့်ကတစ်ဖက်၊ ကျောပိုးအိတ်တစ်ဖက်ဆွဲပြီး ပြေးထွက်လာတာ။ အင်္ကျီက ကြယ်သီးမတပ်ရသေးဘူး။ ကားပေါ်ရောက်မှ တပ်တာ။ တစ်ခါတစ်လေ ကျောင်းထဲဝင်မှ သေသေ ချာချာ ဝတ်တယ်။

ညနေကျောင်းဆင်းရင်လည်း နောက်ဆုံးမှ ရောက်လာတတ်တယ်။ မုန့်ဝင်ဝယ်နေလို့၊ ကစားစရာ ဝယ်နေလို့၊ သူများတွေကို လိုက်စနေလို့ ဆိုတာမျိုးတွေပေါ့။ တစ်ခါတစ်လေ တော်တော်နဲ့ ရောက်မလာလို့ မန်းနီးက ကျောင်းရှေ့က မုန့်ဆိုင်တန်းမှာ လိုက်ရှာပြီး ဆွဲခေါ်လာရတယ်။ တကယ့်ငရုပ်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူက မောင်ချစ်အေး ကားမောင်းပုံကိုလည်း ဝေဖန်သေးတာ။

“ဦးလေးကြီး၊ မြန်မြန်မောင်းပါဗျ။ ကျောင်းမှာဆော့ဖို့ အချိန်မရဘဲနေဦးမယ်”ဆိုပြီး လောတတ်တယ်။

မောင်ချစ်အေးက အန္တရာယ်ကင်းအောင် ဖြေးဖြေးမှန်မှန်ပဲ မောင်းတာကိုး။ ဒီအခါမှာ …

“ဒီဦးလေးကြီးက အရင်ဦးလေးကြီးလောက် ကားမောင်းမကျွမ်းဘူး ထင်တယ်ကွ”လို့ တမင် အသံကျယ်ကြီးနဲ့ မခံချင်အောင် ပြောသေးတယ်။

ကလေးတွေထဲမှာ အထူးခြားဆုံးကတော့ အိအိချိုထိုင်ခဲ့တဲ့နေရာမှာ ထိုင်တဲ့ ကျောင်းသူလေးပါပဲ။ သူ့ကိုကြည့်လိုက်ရင် အမြဲတမ်း သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းရှိတယ်။ နေပုံထိုင်ပုံ ဣန္ဒြေရတယ်။ ကားပေါ်တက်လာပြီးရင် သူ့နေရာမှာ ငြိမ်ငြိမ်ကလေး ထိုင်နေတာပဲ။ ဘေးလူတွေနဲ့လည်း စကားသိပ်မပြောဘူး။ ပြတင်းပေါက်ကနေ အပြင်ကို ငေးကြည့်ချင်ကြည့်၊ ဒါမှမဟုတ် ကျောင်းစာအုပ်တစ်အုပ်ထုတ်ပြီး ဖတ်နေတတ်တယ်။ အရွယ်နဲ့မလိုက်အောင် တည်ငြိမ်တဲ့ ကလေးမလေးပဲ။

မောင်ချစ်အေးစိတ်ထဲမှာ ဒီကလေးမလေးဟာ အိအိချိုနဲ့တူတယ်လို့ ထင်မိတယ်။ စိတ်က စွဲလမ်းနေလို့လားတော့ မသိဘူး။ အိအိချို ငယ်ငယ်တုန်းကဆိုရင် ဒီပုံမျိုးလေးဖြစ်မှာပဲလို့ တွေးမိတယ်။

အိအိချိုရဲ့ သမီးကလေးများ ဖြစ်နေမလားလို့တောင် ထင်ချင်မိသေးတယ်။ သို့ပေမယ့် မဖြစ်နိုင်မှန်းသိပါတယ်။ လွန်ခဲ့တဲ့ သုံးနှစ်လောက်အထိ အိအိချို အိမ်ထောင်မပြုရသေးဘူးဆိုတာ တစ်ဆင့်စကားနဲ့ သတင်းကြားထားလို့ပါပဲ။

ဘာပဲဖြစ်ဖြစ် မောင်ချစ်အေးကတော့ ဒီကလေးမလေးကို စိတ်ထဲက ကြိတ်ပြီး ချစ်ခင်နေမိတယ်။ ကားမောင်းရင်းနဲ့ နောက်ကြည့်မှန်ကနေတစ်ဆင့် ကြည့်ကြည့်နေမိတယ်။

သူစောင့်နေတဲ့နေရာမှာ ကားရပ်တဲ့အခါ တက်ရမယ့် တံခါးပေါက်နဲ့ တည့်တည့်ကျအောင် ချိန်ကိုက်ပြီး ရပ်ပေးတာတို့၊ သူ ကားပေါ်မှာ အသားကျအောင် ထိုင်ပြီးသည်အထိ စောင့်ကြည့်ပြီးမှ ကားထွက်တာတို့၊ ကားပေါ်က ဆင်းခါနီးမှာ “သမီးလေး … ဖြည်းဖြည်းဆင်းနော်”လို့ လှမ်းပြောမိတာတို့ လုပ်မိတယ်။

သူ့ကို ကွက်ပြီးဂရုစိုက်တာကို တခြားကလေးတွေ ရိပ်မိကောင်းရိပ်မိလာနိုင်တယ်။ မျောက်လောင်းဆိုတဲ့ကောင်ကတော့ သူ့သူငယ်ချင်း ကောင်လေးတစ်ယောက် ကားပေါ်က ဆင်းခါနီးမှာ “သားလေး … ဖြည်းဖြည်းဆင်းနော်”လို့ လှမ်းအော်ရင်း မောင်ချစ်အေးကို လှောင်ပြောင်လိုက်သေးတယ်။

အမှန်တော့ ဖယ်ရီကားဆွဲသူတစ်ယောက်အနေနဲ့ ကလေးတွေအားလုံးကို ညီတူညီမျှ ဂရုစိုက်ဖို့ လိုအပ်တယ်။ ဒါကြောင့် မောင်ချစ်အေးလည်း နောက်ပိုင်းမှာ သတိထားပြီး နေလိုက်တယ်။

သို့ပေမယ့် တစ်ချက်တစ်ချက် သတိလွတ်သွားတတ်သေးတယ်။ တစ်ရက်မှာ ကလေးတွေကျောင်းဆင်းချိန်ကို စောင့်ရင်း ဟိုလျှောက်ဒီလျှောက်လုပ်နေတုန်း ချောကလက်ပြားတစ်ပြားကို ဝယ်လိုက်မိတယ်။ ကလေးမလေး ကားပေါ်တက်လာတဲ့အခါ “ရော့ … သမီးစားဖို့”လို့ ပြောပြီးပေးတော့ ခေါင်းခါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ယူပါ သမီးရဲ့ … ဦးဦးက …"

"မယူချင်ပါဘူး။ သမီးတို့အမေက သူများကျွေးတာ မစားရဘူးလို့ မှာထားတယ်"လို့ ပြန်ပြောတယ်။

နောက်တစ်ခါလည်း ဒီလိုပဲ။ လကုန်လို့ ဖယ်ရီစီးခတွေ ပေးကြတဲ့အချိန်ပေါ့။

ကလေးမလေးက "ဖယ်ရီခ"လို့ ပြောပြီး လှမ်းပေးတော့၊ မောင်ချစ်အေးက …

"ဒီလကစပြီး သမီးဆီက ဖယ်ရီခ မယူတော့ဘူး။ သမီးကို အခမဲ့ စီးခွင့်ပေးမယ်"လို့ ပြောတော့ မျက်မှောင်တစ်ချက်ကုပ်တယ်။ ပြီးတော့ …

"ကားအလကားစီးရအောင် သမီးတို့က ဆင်းရဲနေတာမှမဟုတ်တာ"လို့ လေသံမှန်မှန်နဲ့ပြန်ပြောတယ်။

ကားခငွေကို မောင်ချစ်အေးလက်ထဲ ထိုးထည့်ပြီး လှည့်ထွက်သွားတယ်။ သူ့ထိုင်ခုံမှာ ဣန္ဒြေရရ သွားပြန်ထိုင်တယ်။ ပြီးတော့ စာအုပ်တစ်အုပ် ဆွဲထုတ်ပြီး ဖတ်နေတယ်။ နောက်ထူးခြားချက်တစ်ခုက နှစ်ယောက်တန်းထိုင်ခုံမှာ သူတစ်ယောက်တည်း ထိုင်တဲ့အချက်ပေါ့။

တကယ့်ကို အိအိချိုအငယ်စားလေးပါပဲ။ သူ့နာမည်ကလည်း ကြည့်ပါဦး။ တိုက်ဆိုင်လိုက်တာ၊ "သဲအိချို"တဲ့။

မောင်ချစ်အေး တစ်ခုတွေးမိပြန်တယ်။ ဒီခုံမှာ ထိုင်တဲ့လူတွေဟာ ခုလိုစိတ်ဓာတ်မျိုး ဖြစ်သွားတတ်ကြသလား။ ဒါမှမဟုတ် အဲဒီလို ခိုင်မာပြတ်သားတဲ့ စိတ်ဓာတ်ရှိသူတွေသာ ဒီထိုင်ခုံကို ရွေးပြီးထိုင်လေ့ရှိသလား။

ဒီထိုင်ခုံက နတ်ကြီးတယ်လို့ပဲ ယူဆရလေမလား။

C B

www.burmeseclassic.com

၇ ။ ။

ဒီနေ့ ကျောင်းပိတ်ရက်မို့ ချစ်မြားရှင် အနားရနေတယ်။ ဒီလိုနေ့မျိုးမှာ ချစ်မြားရှင်ကို အထူးသန့်ရှင်းရေးလုပ်ပေးကြရတယ်။ အထူးသန့်ရှင်းရေးလို့ ဆိုရတာက အကြောင်းရှိတယ်။

ပုံမှန်သန့်ရှင်းရေးကတော့ ညနေတိုင်း မန်းနီးက လုပ်နေကျ။ ကားကို ရေဆေး၊ ကားပေါ်မှာ ကလေးတွေ ပစ်ချသွားတဲ့ မုန့်အိတ်ခွံတို့၊ နေကြာစေ့ခွံတို့ကို လှဲကျင်းတာမျိုးပေါ့။ ကားပေါ်မှာ အမှိုက်ပုံး တပ်ပေးထားပေမယ့် တချို့ကလေးတွေက ပြောလို့မရဘူး။ ပစ်ချင်ပစ်ချခဲ့တာပဲ။ ကလေးဆိုတာကတော့ ဒီအတိုင်းပဲလေ။

ကျောင်းပိတ်ရက်မှာတော့ အထူးသန့်ရှင်းရေးလုပ်ရတယ်။ ကားတစ်စီးလုံး အပြင်ရော၊ အတွင်းရော၊ အမိုးရော၊ အောက်ပိုင်းရော တာယာတွေကအစ ရေးဆေးကြရတယ်။ ထိုင်ခုံတွေကို ဆေးကြောသန့်စင်ရတယ်။ လက်ကိုင်တန်း၊ ကြေးပိုက်တွေကို ပြောင်လက်နေအောင် တိုက်ချွတ်ရတယ်။

ဒီလိုနေ့မျိုးကတော့ ပိုပြီးထူးခြားတယ်။ ချစ်မြားရှင်ကို တစ်လတစ်ကြိမ် ကြံ့ခိုင်ရေးလုပ်တဲ့အနေနဲ့ပါ တိုက်ဆိုင်နေတာကိုး။ သန့်ရှင်းရေးသာမက၊ အင်ဂျင်ဝိုင်တွေ လဲသင့်ရင်လဲရတာ၊ ဂီယာဝိုင်၊ ကရောင်းဝိုင် စစ်ဆေးပြီး နပ်ခေါင်းတွေ ချောင်နေရင် ကျပ်၊ ဆီထိုးသင့်တာထိုးရတာ။ ဘရိတ်တွေကို ပုံမှန်စစ်ဆေးတာအပြင် အထူးဂရုစိုက်ပြီး စမ်းသပ်ကြည့်ရတာတွေ လုပ်ရတယ်။

ကျောင်းပိတ်ရက်မို့ ချစ်မြားရှင်က အနားရပေမယ့် မောင်ချစ်အေးက မနားရဘူး။ အလုပ်ရုံထဲမှာ မောင်ချစ်အေးကိုယ်တိုင် အင်ဂျင်ကိုင်ဖို့ စောင့်နေတဲ့ကားတွေ ရှိသေးတယ်။ တော်ရုံကားလောက်ဆို တပည့်တွေက စိတ်ချရပေမယ့် မော်ဒယ်နည်းနည်းမြင့်တဲ့ကားတွေကျတော့ မောင်ချစ်အေးကိုယ်တိုင် ကိုင်ရတယ်။

အလုပ်ရုံထဲမှာ အင်ဂျင်ကို ဖြုတ်ချ၊ စစ်ဆေးပြီးတော့ လိုအပ်တဲ့ကားပစ္စည်းတွေဝယ်ဖို့ ထွက်လာခဲ့တယ်။ ပစ္စည်းတချို့က အဝင်နည်းနေလို့ ရှာရခက်နေတယ်။ သုံးလေးဆိုင်ပြောင်းပြီး ရှာရတယ်။ ပစ္စည်းတစ်ခုကတော့ တော်တော်ကိုရှားနေလို့ ဘုရင့်နောင်ဈေးထဲ သွားမွှေရသေးတယ်။ ဒါကြောင့် ညနေစောင်းမှပဲ အိမ်ပြန်ရောက်တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com


အိမ်ထဲဝင်ပြီး ခဏနားမယ်လုပ်ပြီးမှ မန်နီးကို ခိုင်းစရာတစ်ခုရှိတာ သတိရပြီး ကားဂိုဒေါင်ဘက် လျှောက်လာခဲ့တယ်။ ခုချိန်မှာတော့ ချစ်မြားရှင်အတွက် ဂိုဒေါင်တစ်လုံး ဆောက်ပေးထားပြီးပြီ။ မိုးရွာရွာ၊ နေပူပူ၊ နှင်းကျကျ မှုစရာမလိုတော့ဘူးလေ။

ဂိုဒေါင်ထဲမဝင်ခင်ကတည်းက တဟီးဟီး တဟားဟား ရယ်သံတွေ ကြားနေရတယ်။ ကားရှေ့ ဘယ်ဘက်ခြမ်းကနေ ပတ်ပြီးဝင်လာတာမို့ မောင်ချစ်အေးကို သူတို့ ရုတ်တရက် မမြင်ဘူး။ မောင်ချစ်အေး ဘွားကနဲ ပေါ်လာတာမြင်မှ ပြောလက်စ စကားတွေကို တိတ်ပြီး မျက်နှာပိုးသတ်လိုက်ကြတယ်။

မောင်ချစ်အေးက မန်နီးကို ခေါ်မယ်လုပ်ပြီးမှ တစ်စုံတစ်ခုကို မြင်ပြီး တင်းကနဲဖြစ်သွားတယ်။ ပြာတာဆိုတဲ့ကောင်က အိအိချိုထိုင်ခဲ့တဲ့ ခုံနေရာပေါ်ကို ခြေထောက်တစ်ဖက် တင်ထားတာ တွေ့လိုက်ရလို့ပါပဲ။

“ဟေ့ကောင် … မင်းခြေထောက် ချလိုက်စမ်း”

မောင်ချစ်အေးက ဟောက်လိုက်တော့ လန့်ဖြန့်ပြီး ခုံပေါ်တင်ထားတဲ့ ခြေထောက်ကို အလျင်အမြန် ချလိုက်တယ်။ သူ့ခြေထောက်က စက်ဆီတွေ ပေနေတာဆိုတော့ ပြောင်လက်နေအောင် ဆေးကြောသန့်စင်ထားတဲ့ ထိုင်ခုံသစ်သားခင်းပေါ်မှာ ခြေရာကြီးထင်သွားတယ်။

“မင်းကို ငါ ဘာပြောထားသလဲ”

ဟိုတစ်ခါတုန်းကလည်း ဒီကောင်တွေ ထိုင်ခုံပေါ်မှာ ဘူးသီးကြော်ထုပ်ကိုတင်ပြီး စားကြတာ ဆီတွေ၊ အချဉ်ရည်တွေ ပေကုန်လို့ ဆူခဲ့ဖူးသေးတယ်။ အခုလည်း လုပ်ပြန်ပြီ။ ပြာတာက ဘာမှ ပြန်မပြောဘဲ ခေါင်းကြီးငုံ့နေတယ်။ ကျန်တဲ့ကောင်တွေလည်း တုတ်တုတ်မှ မလှုပ်ရဲကြဘူး။

“ပြန်သုတ်လိုက်”

မောင်ချစ်အေးက အမိန့်ပေးလိုက်တယ်။ ပြာတာက လက်နဲ့သုတ်မယ်အလုပ်မှာ …

“လက်နဲ့ မသုတ်နဲ့၊ ဆပ်ပြာနဲ့ သေသေချာချာဆေးပြီး အဝတ်နဲ့သုတ်”လို့ ပြောပြီး ထွက်လာခဲ့တယ်။

အိမ်အဝရောက်မှာ မန်နီးကို ခိုင်းစရာရှိတာ မပြောခဲ့ရမှန်း သတိရပြီး ကားဂိုဒေါင်ဘက် ပြန်လှည့်လာခဲ့တယ်။ အဲဒါ ပြာတာအဖို့ ကံဆိုးမိုးမှောင်ကျတာပဲ။

စောစောကလိုပဲ ကားရှေ့ဘက်က ကွေ့ပြီးအဝင်မှာ …

“အလကား ချီးတုံး တန်ဆာဆင်နေတာပါကွာ”လို့ ပြောလိုက်တဲ့ ပြာတာရဲ့အသံကို ကြားရတယ်။

ထောင်းကနဲ ဖြစ်သွားတယ်။ ဒေါသကတောင် နောက်ကျနေမလား မသိ။ လူက လွှားကနဲ အရင်ရောက်သွားပြီး …

www.burmeseclassic.com

"မင်း ဘာပြောတာလဲ"ဆိုတဲ့ စကားသံနဲ့အတူ လက်ကလည်း သူ့နားရင်းကို ဖြောင်းကနဲ ရိုက်ထည့်လိုက်တာ စိုက်ဆင်းသွားတာပဲ။

"ဘာလူပါးဝတာလဲဟင် … မင်း"

လက်သီးနဲ့ ထပ်အရွယ်မှာ ပြာတာက လက်ကလေးကာပြီး …

"ကြောက်ပါပြီ ဆရာရဲ့၊ ကြောက်ပါပြီ"လို့ ကြောက်လန့်နေတဲ့အသံနဲ့ တုန်တုန်လှုပ်လှုပ် တောင်းပန်နေတယ်။

"မင်းသွားတော့၊ မင်းမျက်နှာ ငါမကြည့်ချင်ဘူး"လို့ ပြောပြီး လှည့်ထွက်လာခဲ့တယ်။ အခန်းထဲရောက်တဲ့အထိ အသားတွေ တဆတ်ဆတ်တုန်နေတုန်းပဲ။ ခဏအကြာမှာတော့ …

"ဒါတော့ လွန်လွန်းတယ်၊ သိပ်လွန်တယ်"လို့ မကျေမနပ် ရေရွတ်ရင်း ချစ်ထွေး အခန်းထဲဝင်လာတယ်။

"ကိုကြီး … ဒါမျိုးတော့ မလုပ်သင့်ဘူး"

ချစ်ထွေးက ပြောတယ်။

"မင်းနဲ့ဘာဆိုင်လဲ"

မောင်ချစ်အေးက ပြန်ဟောက်လိုက်တယ်။ သူက …

"ဘယ်လောက်ကြီးမားတဲ့အပြစ်ကို ကျူးလွန်လို့ ခုလို ပြင်းပြင်းထန်ထန်ဆုံးမရတာလဲ။ ကိုကြီးဘာသာအစွဲအလမ်းကြီးနေတာကို ဘာမှမပြောလိုပါဘူး။ ဒါပေမယ့် ဘာမှမဆိုင်တဲ့လူတစ်ယောက်ကို လျှောက်ရမ်းတာကတော့ အဓိပ္ပါယ်မရှိဘူး"

"ဟေ့ကောင် တိတ်စမ်း၊ မင်းက ဘာကောင်လဲ"

မောင်ချစ်အေး ဝုန်းကနဲ ထရပ်လိုက်တယ်။ အဲဒီအချိန်မှာပဲ အဖေက အခန်းထဲ ဝင်လာပြီး …

"ချစ်ထွေး၊ အစ်ကိုကို ဒီလိုပဲ ပြောရသလား။ သွားတော့၊ သွားတော့"

ချစ်ထွေးက ပေစောင်းစောင်းကြည့်ရင်း ရပ်နေသေးတယ်။ အဖေက "သွားလေကွာ"ဆိုပြီး တွန်းထုတ်လိုက်တော့မှ ထွက်သွားတယ်။ အဖေက မောင်ချစ်အေးနားကို လျှောက်လာပြီး …

"မင်းအလုပ်တွေ သိပ်ပင်ပန်းလို့ စိတ်တိုနေတယ်ထင်တယ်။ အေးအေးဆေးဆေး အနားယူလိုက်ပါလားကွ။ တော်ရုံကိစ္စ အဖေ ဝင်လုပ်ပေးပါ့မယ်"

"ရပါတယ် အဖေရာ၊ ရုတ်တရက် ဒေါသထွက်သွားလို့ပါ"

www.burmeseclassic.com

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ ဒီကလေးတွေက မင်းကို အားကိုးပြီး နေကြရရှာတာ။ မင်းစိတ်ဆိုးရင် သူတို့မှာ နေစရာမရှိဘူးကွ"လို့ အဖေက ဖြောင်းဖြတယ်။

ခဏကြာတော့ မောင်ချစ်အေးစိတ်တွေ တည်ငြိမ်သွားတယ်။ စောစောက ကိစ္စအတွက်လည်း စိတ်မကောင်းဖြစ်မိသွားတယ်။

ပြာတာဆိုတဲ့ကောင်လေးက အလုပ်လုပ်ရင် ပြာယာခတ်ပြီး အရာရာနဲ့ အကြောင်းကြောင်းမို့ ဒီနာမည် ပေးထားတာ။ ပေါတောတောလေးပေမယ့် ဖင်တော့ပေါ့တယ်။ ဘယ်လေက်ပင်ပန်းပင်ပန်း မညည်းမညူ လုပ်တတ်တယ်။ ခိုင်းလို့ကောင်းတဲ့အတွက် ချစ်ထွေးရဲ့လက်စွဲတော်လိုလည်း ဖြစ်နေတယ်။ သူ့တပည့်ကျော်ကို ထိလို့ ဒီကောင် ဒေါပွသွားတာပဲ။

ပြာတာတစ်ကောင် ဘယ်လိုများနေရှာမလဲလို့ သိချင်တာနဲ့ အလုပ်ရုံဘက် ထွက်လာခဲ့တယ်။ မောင်ချစ်အေး အလုပ်ရုံထဲ ဝင်လိုက်တာနဲ့ ကောင်လေးတွေဟာ ထိုင်နေတဲ့လူက ဆတ်ကနဲ ထရပ်၊ ရပ်နေတဲ့ လူကလည်း တောင့်ကနဲ သတိဆွဲလိုက်သလို ဖြစ်ကုန်ကြတယ်။ အားလုံး မျက်နှာငယ်လေးတွေနဲ့။ သူတို့ထဲမှာ ပြာတာကိုတော့ မတွေ့ဘူး။

"ပြာတာကော … ဘယ်မှာလဲ"

ရုတ်တရက် မဖြေကြဘူး။ ပြီးမှ မန်းနီးက …

"ဂိုဒေါင်ထဲမှာ ကျန်ခဲ့တယ် ထင်တယ်"

မောင်ချစ်အေး ကားဂိုဒေါင်ဘက် ထွက်လာခဲ့တယ်။ ဒီကောင် ကြောက်လန့်ပြီး ထွက်ပြေးသွားပြီ လားလို့ စိုးရိမ်မိသေးတယ်။ တော်သေးတယ်။ ဂိုဒေါင်ထဲမှာ သူရှိနေတယ်။ ကားခြေနင်းခုံပေါ်မှာ ထိုင်ပြီး တရှုံ့ရှုံ့ငိုနေတယ်။ မောင်ချစ်အေး သနားသွားမိတယ်။

"ပြာတာ"

မောင်ချစ်အေးအသံကိုကြားတော့ ဒီကောင် တုန်ကနဲဖြစ်သွားတယ်။ တစ်ချက်မော့ကြည့်ပြီးတော့ မောင်ချစ်အေးရှေ့မှာ ဆောင့်ကြောင့်ထိုင်ချပြီး လက်အုပ်ချီလိုက်တယ်။

"ကျွန်တော့်ကို အလုပ်မဖြုတ်ပါနဲ့နော် ဆရာ၊ ဆရာက လက်မခံရင် ကျွန်တော် ဘယ်မှ သွားစရာ နေရာ မရှိတော့လို့ပါ"လို့ ငိုသံပါကြီးနဲ့ ပြောတယ်။

မောင်ချစ်အေးရင်ထဲ နင့်ကနဲ ဖြစ်သွားရတယ်။

"မင်းကို ဘယ်သူက အလုပ်ဖြုတ်မယ် ပြောလို့လဲ"

"ဆရာပဲ ကျွန်တော့်မျက်နှာ မကြည့်ချင်ဘူးဆို …"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ … ခုန စိတ်ဆိုးနေတုန်း ပြောတာပဲကွ"

"ဆရာ ကျွန်တော့်ကို သေအောင်ရိုက်ချင်ရိုက်ပါ ဆရာရယ်၊ မောင်းတော့ မထုတ်ပါနဲ့"ဆိုပြီး တဟီးဟီး ငိုနေပြန်တယ်။

"ကဲပါကွာ၊ မင်းကို ရိုက်လည်းမရိုက်တော့ပါဘူး။ မောင်းလည်း မထုတ်တော့ပါဘူး"လို့ ပြောရင်း ခေါင်းကို ပွတ်သပ်ပေးမလို့ လက်လှမ်းလိုက်တာကို ရိုက်မယ်မှတ်လို့ ဇက်ကလေးပုသွားရှာသေးတယ်။

"ကဲ … ကဲ … မငိုနဲ့တော့၊ မင်း စောစောက တော်တော်နာသွားသလားကွ"

"သိပ် … သိပ်တော့ မနာပါဘူး ဆရာ"လို့ ပြန်ဖြေရင်း ဇက်ကို ပွတ်နေတယ်။

"မင်း ဒီနေ့ည အလုပ်မလုပ်နဲ့တော့၊ ဟုတ်လား"

မောင်ချစ်အေးစကားကို အဓိပ္ပါယ်ကောက်လွဲပြီး "ဗျာ"လို့ ရေရွတ်ရင်း မျက်စိမျက်နှာ ပျက်ချင်သလို ဖြစ်သွားလို့ …

"မင်းငိုလိုက်ရတာ ပင်ပန်းသွားလို့ ဒီည အနားယူလိုက်တော့လို့ ပြောတာ။ နက်ဖြန်ကျရင်လည်း မင်းကို ခွင့်တစ်ရက်ပေးမယ်။ မြို့ထဲသွားပြီး ရုပ်ရှင်ကြည့်ချင်ကြည့်၊ စားချင်တာစား၊ ဝယ်ချင်တာဝယ်၊ ဟုတ်ပြီလား"ဆိုပြီး သူ့လက်ထဲကို ငါးရာတန်နှစ်ရွက် ထည့်ပေးလိုက်တယ်။

ပြာတာက ငွေစက္ကူတွေကို တစ်လှည့်၊ မောင်ချစ်အေးကို တစ်လှည့် ကြည့်နေရင်း မျက်ရည်တွေ ကြားထဲကပဲ ပြုံးရယ်လိုက်ပြီး ….

"ဟာ … ထောတာပဲ"လို့ ဝမ်းသာအားရ ပြောလိုက်တယ်။

C B

အဲဒီကိစ္စနဲ့ ပတ်သက်ပြီး တပည့်တွေကြားထဲမှာ အမျိုးမျိုး ပြောလာကြတယ်။ မောင်ချစ်အေးက အမှတ်မထင် ကြားလိုက်ရတာပါ။ ဒီကောင်တွေ ထမင်းသွားစားနေကြတုန်း ပျင်းပျင်းရှိတာနဲ့ ပြင်လက်စ ကားတစ်စီးရဲ့ ရှေ့ခုံမှာထိုင်၊ နောက်မှီကို လှန်ချပြီး မှေးနေမိတယ်။

တစ်အောင့်လောက်ကြာတော့ ဟိုကောင်တွေ ထမင်းစားပြီးလို့ အလုပ်ရုံထဲ ပြန်ဝင်လာကြတယ်။ ထိုင်ခုံနောက်လှန်ပြီး လှဲနေတဲ့ မောင်ချစ်အေးကို မမြင်မိကြဘဲ ဟိုကိစ္စအကြောင်း ပြောတာ။

"ပြာတာတို့ကတော့ ပိုင်တယ်ကွာ။ နားရင်းတစ်ချက် အရိုက်ခံရရုံနဲ့ ငွေတစ်ထောင်ရတယ်ဆိုတော့ …"

"တစ်ထောင် မဟုတ်ဘူးကွ၊ ထောင့်ငါးရာ။ ဆရာ မုန့်ဖိုးပေးပြီးတာ မသိဘဲ ချစ်ထွေးက ငါးရာ ထပ်ပေးသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမျိုးဆိုရင်တော့ သုံးချက်လောက် အရိုက်ခံပါတယ်ကွာ။ တစ်ချက် ထောင့်ငါးရာနှုန်းနဲ့ဆိုရင် လေးထောင့်ငါးရာတောင်ရမှာကွ"

"မလုပ်နဲ့ ဟေ့ကောင်၊ ဆရာက တော်တော် ဒေါကန်သွားတာနော် ... နောက်တစ်ခါဆိုရင် နားရင်းအုပ်ရုံလောက်နဲ့ ပြီးမှာ မဟုတ်ဘူး။ ခေါင်းကို ဟန်ဒယ်နဲ့ ရိုက်ခွဲမှာဟ ... သိလား"

"အေးကွာ၊ တို့ဆရာ ဘယ်လိုဖြစ်သွားလဲ မသိပါဘူး"

"ဟုတ်တယ်ကွ၊ တစ်ခါတုန်းက ငါ ဆူပါရစ်ကားခေါင်းပေါ် တက်ထိုင်မိလို့ ဘောနက်ဖုံးကြီး ချိုင့်သွားတာတောင် ငါ့ကို မဆူဘဲ ဂျပန်ကားတွေက သံပြားသိပ်ပျော့တာကွလို့ ကားကိုပဲ အပြစ်တင်သေးတယ်။ အခု ဒီဘတ်(စ်)ကားကြီးကျမှ အထိမခံနိုင်လောက်အောင်ဖြစ်နေရတာ တော်တော်ထူးဆန်းတယ်"

"အေး၊ ဒီကားကြီး ရောက်လာပြီးမှ ဆရာ့ပုံစံ တစ်မျိုးဖြစ်နေတယ်။ တစ်ခါတစ်ခါ ကားကြီးကို အကြာကြီးငေးကြည့်ချင်ကြည့်နေတာ။ မဟုတ်မှ လွဲရောကွာ၊ ငါတော့ ဒီကားကြီးက ခိုက်တယ် ထင်တာပဲ"

"ဖြစ်နိုင်တယ်ကွ။ တစ်ခါတစ်လေ ညဘက်ကျရင် ကားကြီးရဲ့ဘေးမှာ ခြေသံလိုလို ကြားရတယ်ကွ။ ငါလည်း ကြောက်လို့ ထမကြည့်ရဲဘူး"

ချစ်မြားရှင်ပေါ်မှာ ညဘက်စောင့်အိပ်ရတဲ့ မန်းနီးရဲ့ စကားသံကြားတော့ တစ်ယောက်တည်း ပြုံးမိတယ်။ သူကြားတဲ့အသံဆိုတာက မောင်ချစ်အေးရဲ့ ခြေသံတွေပဲလေ။ အိပ်မပျော်တဲ့ညတွေမှာ ဂိုဒေါင်ဘက်ကို လျှောက်ပြီး ချစ်မြားရှင်ကို သွားသွားကြည့်မိတာကိုး။

ကိစ္စက ဒီလောက်နဲ့ မပြီးသေးဘူး။

## C B

မောင်ချစ်အေးက ညဘက်ဆိုရင် အချိန်ရသလောက် စာဖတ်လေ့ရှိတယ်။ သိပ်ညဥ့်နက်တဲ့အထိ ကားပြင်ရတဲ့နေ့မျိုးကလွဲရင်း အိပ်ခါနီးမှာ စာဖတ်လိုက်ရမှ ကျေနပ်တယ်။ ဖယ်ရီဆွဲတဲ့အခါ ညနေဘက် ကျောင်းဆင်းချိန်ကို စောင့်ရင်းနဲ့လည်း စာဖတ်တတ်တယ်။ စာဖတ်ခြင်းဟာ မောင်ချစ်အေးအတွက် အကောင်းဆုံး စိတ်အာဟာရပါပဲ။

မောင်ချစ်အေးက နောက်ဆုံးပေါ် ကားအင်ဂျင်တွေအကြောင်းကိုလည်း လေ့လာချင်တယ်။ အဲဒါတွေက များသောအားဖြင့် အင်္ဂလိပ်လို ရေးထားတာချည်းပဲ။ ချစ်ထွေးက ကားအင်ဂျင်တွေအကြောင်းပါတဲ့ စီဒီတွေ ဝယ်လာပြီး ကွန်ပျူတာနဲ့ ဖွင့်ပြတယ်။ နားမလည်တာရှိရင် သူ့ကို ရှင်းပြခိုင်းလို့ရပေမယ့် ကိုယ်လိုချင်တဲ့အချိန်တိုင်း အနားမှာ ခေါ်ထားလို့ဖြစ်တာ မဟုတ်ဘူး။

ဒါကြောင့် နှစ်ပေါင်းများစွာ ပစ်ထားခဲ့တဲ့ အင်္ဂလိပ်စာကို ပြန်ပြီးလေ့လာတယ်။ နဂိုက အားနည်းတဲ့ ဘာသာရပ်ဆိုတော့ သိပ်မလွယ်ကူလှဘူး။ သို့ပေမယ့် ကားအင်ဂျင်တွေအကြောင်းစာအုပ်တွေ ဖတ်ချင်ဇောနဲ့ ကြိုးစားခဲ့တာ ခုဆို တော်တော်တိုးတက်နေပြီ။ ကျောင်းဆင်းချိန်ကို စောင့်ရင်း မောင်ချစ်အေးရဲ့ ကားပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com


စကားလာပြောတတ်တဲ့ တခြား ဖယ်ရီကား ဒရိုင်ဘာတွေကတောင် မောင်ချစ်အေးဖတ်တဲ့ စာအုပ်တွေကို ကြည့်ပြီး "ခင်ဗျားက ဘွဲ့ရပြီးသား ထင်တယ်"လို့ အထင်တကြီး ပြောကြသေးတယ်။

ဒီနေ့လည်း အလုပ်စောစောပြီးလို့ အချိန်ရတာနဲ့ စာအုပ်တစ်အုပ်ကို ဖတ်နေလိုက်တယ်။ မောင်ညိုပြာ ရေးတဲ့ ဓာတ်ခွဲခန်းမှူးတစ်ဦး၏ ဒိုင်ယာရီ စာအုပ်က စိတ်ဝင်စားဖို့ကောင်းတယ်။ စာရေးဆရာရဲ့ အရေးအသား ကလည်း ရှင်းလင်းပြေပြစ်တယ်။ ဒါကြောင့် စာအုပ်ကို ဒီည အပြီးဖတ်မယ်လို့ စိတ်ကူးလိုက်တယ်။

တစ်ဝက်သာသာလောက် ဖတ်ပြီးတဲ့အချိန်မှာပဲ အခန်းထဲကို ချစ်ထွေး ဝင်လာတယ်။

"ကိုကြီး၊ မအိပ်သေးဘူးလား"

"အေးကွ၊ ဒီစာအုပ်ကို အပြီးဖတ်မယ်လို့ စိတ်ကူးထားတာ။ ကောင်းတယ်ကွ၊ ပြီးရင် မင်းလည်း ဖတ်ကြည့်ဦး"

ချစ်ထွေးက စာအုပ်အဖုံးကို လှမ်းကြည့်ပြီး ...

"သူ့ဝတ္ထုတိုတွေလည်း ကောင်းတာပဲ"

"ဒါနဲ့ နေစမ်းပါဦး၊ မင်းက ငါ့ဆီ ဘာလာလုပ်တာလဲ။ ဒီအချိန်ကြီးကျမှ။ ဘာလဲ ဟော့ကောင်၊ ပိုက်ဆံကုန်သွားပြန်ပြီလား"

"မဟုတ်ပါဘူး၊ ကိုကြီးကို ပြစရာရှိလို့"

"ဘာလဲကွ၊ ဘာပြမှာလဲ"

"တစ်ခုတော့ရှိတယ်၊ ကိုကြီး ဒေါမကန်ပါဘူးလို့ ကြိုတင်ကတိပေးရမယ်"

"မင်းဟာက ဘာလဲကွ"

"ကတိသာ အရင်ပေးပါ"

"ကဲ ... ပေးတယ်ကွာ"

"ဒါဆို ကျွန်တော်နဲ့ လိုက်ခဲ့"

ချစ်ထွေးက ဦးဆောင်ပြီး ခေါ်သွားတယ်။ ကားဂိုဒေါင်ဘက်ကိုပါပဲ။ တည့်တည့်မသွားဘဲ ဘေးကနေ ပန်းပြီး ခေါ်သွားတယ်။ မှောင်ရိပ်ကို အကာအကွယ်ယူပြီး သွားနေတာ။ ဂိုဒေါင်နဲ့ မလှမ်းမကမ်းက သစ်ပင် လေးကိုကွယ်ပြီး ရပ်လိုက်တယ်။ ချစ်ထွေးက အသံမထွက်စေနဲ့ဆိုတဲ့သဘောနဲ့ လက်ညှိုးကို နှုတ်ခမ်းမှာ ကပ်ပြပြီးမှ ဂိုဒေါင်ဘက် မေးငေါ့ပြတယ်။

www.burmeseclassic.com

မြင်ကွင်းက ထူးထူးဆန်းဆန်းပဲ။ ချစ်မြားရှင်ရဲ့ ဘန်ပါပေါ်မှာ ဖယောင်းတိုင်တွေ ထွန်းထားတယ်။ သံဇကာကွက်ရဲ့မှာ ပန်းအိုးတစ်လုံး ချည်ထားတယ်။ ပန်းတွေ ဝေနေအောင် ထိုးထားတယ်။ အမွှေးတိုင်တွေလည်း ထွန်းထားလိုက်တာ မောင်ချစ်အေးတို့နေရာအထိ အမွှေးနံ့က ပျံ့လွင့်နေတယ်။ မောင်ချစ်အေးရဲ့ တပည့်ကျော်တွေကတော့ ချစ်မြားရှင်ရဲ့ရှေ့မှာ ဆောင့်ကြောင့်ထိုင်ပြီး လက်အုပ်ချီထားကြတယ်။

ရတ်တရက်တော့ ဘာလုပ်နေကြပါလိမ့်လို့ နားမလည်ဘဲဖြစ်သွားသေးတယ်။ ပြီးမှ ဟိုတစ်ရက်က ဒီကောင်တွေ ပြောခဲ့တဲ့စကားကို သတိရပြီး သဘောပေါက်သွားတယ်။ ဒီကားကြီးက ခိုက်တယ်ဆိုပြီး ပူဇော်ပသ တောင်းပန်နေကြတာကိုး။ အမိုက်အမဲလေးတွေကို ဗွေမယူပါနဲ့ဆိုတဲ့အသံကိုတောင် ခပ်သဲ့သဲ့ကြားလိုက်ရသေးတယ်။

ချစ်ထွေးဆီက ခစ်ကနဲ ခပ်တိုးတိုးရယ်လိုက်တဲ့အသံ ကြားရတယ်။ မောင်ချစ်အေးလည်း စိတ်မဆိုးနိုင်ဘဲ ပြုံးလိုက်မိတယ်။

## C B

ထုံးစံအတိုင်းပါပဲ။ ဒီအကြောင်းတွေ ချစ်ထွေးဆီကတစ်ဆင့် စိုးမြင့်နားထဲ ရောက်သွားတာပေါ့။ အဲဒါနဲ့ပတ်သက်ပြီး စိုးမြင့်က မောင်ချစ်အေးကို ဖဲ့ချင်တာ။ ဒီအတိုင်း မပြောဘူး။

"ငါ့ကို ဘီယာလိုက်တိုက်စမ်းကွာ"ဆိုလို့ လိုက်တိုက်ရတယ်။ အာသာပြေလောက်အောင် သောက်ပြီးမှ စကားစတယ်။

"မင်းကိုငါ မေးစရာတစ်ခုရှိတယ်ကွ"

"ဘာလဲကွ"

စိုးမြင့်က ချက်ချင်းမပြောသေးဘဲ ဘီယာတစ်ကျိုက်သောက်လိုက်သေးတယ်။ မောင်ချစ်အေးကလည်း အချိုရည်တစ်ငုံငုံရင်း နားထောင်နေတယ်။ သူက ...

"ဒီလိုကွာ၊ ခုတစ်လော မင်းနားထဲမှာ အသံတွေဘာတွေ ကြားနေတတ်သလား"

"ကြားတာပေါ့ကွ၊ ငါက နားပင်းနေတဲ့သူမှ မဟုတ်တာ။ အင်ဂျင်သံ၊ ဘယ်ရင်သံ နားထောင်နိုင်ဖို့အတွက် သူများထက်တောင် ပိုပြီးနားပါးအောင် ကျင့်ထားရသေးတယ်"

"အဲဒါပြောတာ မဟုတ်ဘူး။ တကယ်မရှိတဲ့အသံတွေကို နားထဲမှာ ကြားယောင်နေတာမျိုးကို ပြောတာ"

"ဟာ ... ဘာဆိုင်လို့ ကြားရမှာလဲ"

"ဒါဆိုရင် တကယ်မရှိတဲ့အရာတွေကို တကယ်ရှိသလိုလို မျက်စိထဲ မြင်နေမိတာမျိုးကော"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကို မြင်ရမှာလဲ"

"ဥပမာကွာ၊ အိပ်ရာပေါ်မှာ မြွေကြီးတစ်ကောင် ခွေနေတာမျိုး၊ တကယ်မဟုတ်ဘဲ ထင်မိမြင်မိနေတာကို ပြောတာ"

"ဘာလဲကွ၊ ငါက အရူးမှ မဟုတ်တာ"

"မသိပါဘူးကွာ၊ ဘတ်(စ်)ကားကြီးတစ်စီးလုံး မြင်နေရက်သားနဲ့ မိန်းကလေးတစ်ယောက်လို့ ထင်နေတယ် ကြားမိလို့ပါ"

"မင်းက ငါ့ကို ရိတာပေါ့လေ"

စိုးမြင့်က တဟားဟားရယ်တယ်။

"တစ်ခွက်ထပ်ပေးဦးဟေ့"လို့ စားပွဲထိုးလေးကို လှမ်းမှာပြီးတော့မှ ...

"မင်းဘာသာ အချစ်ကြီးလို့ အစွဲအလမ်းကြီးနေတာကိုတော့ ဘာမှ မပြောလိုပါဘူး။ ဒါပေမယ့် တစ်ဖက်စွန်းရောက်သွားရင်တော့ လူကြောင်ကြီးလို့ အထင်ခံရမှာပဲ"

"အေးပေါ့ကွာ၊ ငါ့လိုကောင်ကိုတော့ လူကြောင်လို့ ပြောမှာပေါ့။ သူ့မိဖုရားအတွက် တာ့ဂျ်မဟာ ဗိမာန်ကြီး ဆောက်ပေးတဲ့ ရှာဂျဟန်ဘုရင်ကျတော့ အချစ်သူရဲကောင်းကြီးလို့ ချီးကျူးကြတာပေါ့"

"မင်းလည်း အချစ်သူရဲကောင်း ဖြစ်ချင်ရင်တော့ ရှင်ဘုရင်ဖြစ်အောင် ကြိုးစားပေါ့ကွာ"လို့ စိုးမြင့်က ပြောပြီး ပြုံးစေ့စေ့ ကြည့်လိုက်တယ်။

C B

www.burmeseclassic.com

www.burmeseclassic.com


၈ ။ ။

စိုးမြင့်ပြောတာ ဟုတ်သင့်သလောက်တော့ ဟုတ်ပါတယ်။ အစွဲအလမ်းကြီးတယ်ဆိုတာ ကိုယ့်ဘာသာ ကိုယ်ကြိတ်ပြီး ဖြစ်နေတာ ကိစ္စမရှိပေမယ့် လူသိရှင်ကြားဖြစ်သွားရင် လူကြောင်စာရင်း ဝင်သွားတတ်တာ ပဲပေါ့။ သို့ပေမယ့် ချစ်မြားရှင်နဲ့ ပတ်သက်လာရင် စိတ်က ထိန်းချုပ်လို့မရဘဲ လွတ်လွတ်သွားတာတော့ ဘာမှ မတတ်နိုင်ဘူး။

ဒီအတောအတွင်းမှာ အလားတူကိစ္စလေးတစ်ခု ဖြစ်သွားသေးတယ်။ အိအိချိုရဲ့ ထိုင်ခုံမှာ ထိုင်နေကျ သဲအိချိုဆိုတဲ့ကလေးမလေးက ဖယ်ရီမစီးတော့ဘူးလို့ ပြောတယ်။

"ဟင် … ဘာဖြစ်လို့လဲ။ ဦးဦးရဲ့ကားက စုတ်လို့လား။ ဒါမှမဟုတ် ကောင်လေးတွေက စ,လို့လား။ အဲ … သမီးကို တစ်ယောက်ယောက်ကများ အနိုင်ကျင့်လို့လား၊ ဘယ်ကောင်လဲပြော"လို့ စိုးရိမ်တကြီး မေးမိတယ်။

"မဟုတ်ပါဘူး၊ သမီးတို့အိမ်က ကားဝယ်လိုက်လို့ပါ"

သဲအိချိုလေးက ခပ်အေးအေး ပြန်ပြောတယ်။

နောက်တစ်နေ့ကစပြီး အိအိချိုထိုင်ခဲ့တဲ့ ခုံနေရာလေးဟာ လစ်ဟာလို့ နေပြန်တော့တယ်။ ဘာကြောင့်မှန်းမသိ။ ထိုင်ခုံလေး လွတ်နေတာကို မြင်ရတိုင်း ရင်ထဲက ဟာတာတာဖြစ်နေမိပြန်ရော။ ပြီးတော့ ထူးဆန်းတဲ့အတွေးတစ်ခုလည်း ဝင်လာမိတယ်။ အဲဒီ လွတ်နေတဲ့ ထိုင်ခုံနေရာကို ဘယ်သူလာပြီးထိုင်မလဲ ဆိုတာ သိချင်စိတ် ပြင်းပြလာတဲ့အချက်ပါပဲ။

ဖယ်ရီနဲ့ လိုက်နေကျ ကလေးတွေထဲက နေရာပြောင်းချင်တဲ့သူကပဲ လာထိုင်မလား။ နောက်အသစ် တစ်ယောက်ပဲ ရောက်လာမလား။ ဘာပဲဖြစ်ဖြစ် ဒီနေရာဟာ နတ်ကြီးတယ်လို့ ဆိုခဲ့ပြီးပြီ။ ဒီထိုင်ခုံကို

www.burmeseclassic.com

www.burmeseclassic.com



လာထိုင်မယ့်သူဟာ အိအိချိုလိုပဲ၊ သဲအိချိုလေးလိုပဲ တည်တည်ငြိမ်ငြိမ်နဲ့ ဣန္ဒြေရှိတဲ့သူပဲ ဖြစ်ရမယ်လို့ တွက်ထားတယ်။

သို့ပေမယ့် ဒီတစ်ခါတော့ သွက်သွက်လည်အောင်ကို မှားတော့တာပဲ။

တစ်ရက်မှာ ကျောင်းဆင်းချိန်ကို စောင့်နေရင်း ကျောင်းရှေ့ခပ်လှမ်းလှမ်းမှာ တွန်းလှည်းနဲ့ရောင်းတဲ့ ကော်ပြန့်စိမ်းဆိုင်ကို လှမ်းမြင်လိုက်တယ်။ အဖေက ကော်ပြန့်စိမ်း ကြိုက်တတ်တာ သတိရလို့ သွားဝယ်တယ်။ ရှေ့မှာ စားတဲ့လူတွေရှိနေလို့ ကိုယ့်အလှည့်ကျအောင် စောင့်နေတုန်း ကျောင်းဆင်းခေါင်းလောင်းထိုးသံ ကြားရတယ်။ သိပ်တော့ ကိစ္စမရှိ။ ကလေးတွေကလည်း မုန့်ဝယ်ကြဦးမှာနဲ့ဘာနဲ့ဆို တော်တော်နဲ့ လူစုံမှာ မဟုတ်သေးဘူး။

ကော်ပြန့်စိမ်းကို စောင့်ယူပြီးမှ ကားဆီပြန်လာခဲ့တယ်။ တချို့ကလေးတွေ ကားပေါ်တက်နေကြပြီ။ မောင်ချစ်အေးလည်း ခပ်သွက်သွက်လျှောက်လာပြီး ရှေ့ပေါက်ကနေ ကားပေါ်တက်မယ်အလုပ်မှာ တုံ့ကနဲ ဖြစ်သွားတယ်။

အိအိချိုရဲ့ ထိုင်ခုံနေရာမှာ ထိုင်နေသူတစ်ယောက်ကို တွေ့လိုက်ရလို့ပါပဲ။ တခြားလူဆိုရင် ဒီလောက် အံ့သြမှာမဟုတ်ဘူး။ ခုတော့ ထိုင်ခုံမှာ အခန့်သား ထိုင်နေတာက မိုးမြင့်ထွန်းခေါ် မျောက်လောင်းဖြစ်နေတာ တွေ့လိုက်ရတယ်။

"ဟေ့ကောင်၊ ဘာဖြစ်လို့ ဒီခုံမှာ ထိုင်ရတာလဲ"လို့ မောင်ချစ်အေးက ခပ်ဆတ်ဆတ်လေသံနဲ့ မေးတော့ ...

"ထိုင်ချင်လို့ပေါ့ ဦးလေးရ"

သူက ခပ်အေးအေးပဲ ပြန်ဖြေတယ်။

"ဒါ မင်းနေရာမှ မဟုတ်ပဲ"

"ဘာဖြစ်လဲ၊ ဒီနေရာ လွတ်သွားပြီပဲဟာ"

"လွတ်နေရင်လည်း မထိုင်နဲ့ကွာ၊ မင်းနေရာ မင်းသွားထိုင်"

"ဘာဆိုင်လဲ၊ ကိုယ်ထိုင်ချင်တဲ့နေရာမှာ ထိုင်မှာပေါ့။ ဒါ ရုပ်ရှင်ရုံမှ မဟုတ်တာ"

"စကားမရှည်နဲ့ကွာ၊ မထိုင်နဲ့ဆို မထိုင်နဲ့"

"ထိုင်မှာပဲ"

မန်းနီးက ...

www.burmeseclassic.com

"လောင်းလောင်းရာ၊ လာစမ်းပါကွာ၊ ပြဿနာမရှာစမ်းပါနဲ့"လို့ လှမ်းခေါ်ပေမယ့် မရဘူး။ အတင်း ပေကပ်ထိုင်နေတယ်။

မောင်ချစ်အေးက လေသံတင်းတင်းနဲ့ …

"မင်း ပြောနေတာ မရဘူးလား"

"မရဘူး"

"ကဲ"ဆိုပြီး မောင်ချစ်အေး ကားပေါ်တက်လိုက်တဲ့အချိန်မှာ ဒီကောင်က လွယ်အိတ်ထဲက ပလပ်စတစ် ပေတံကို ဆွဲထုတ်ပြီး အဆင်သင့် ပြင်လိုက်တယ်။ တရုတ်သိုင်းကားတွေထဲကလို ဘယ်ဘက်လက်ညှိုးနဲ့ လက်ခလယ်ကိုပူးပြီး ဓားနှောင့်ပေါ်တင်ထားတဲ့ဟန်မျိုး လုပ်နေသေးတယ်။

တကယ်တော့ မောင်ချစ်အေးအနေနဲ့ သူ့ကို အတင်းဆွဲဖယ်ပစ်လို့ မရဘူး။ ကိုယ့်ဖယ်ရီကားကိုစီးတဲ့ ကလေးတစ်ယောက်ကို ကြမ်းကြမ်းတမ်းတမ်း လုပ်ခွင့်မရှိဘူး။ ကလေးတစ်ယောက်နဲ့ဖက်ပြီး ခုလို ငြင်းခုန် နေတာကိုက အဓိပ္ပါယ်မရှိဘူး။ ပြီးတော့ သူ့ဘက်က မှန်လည်းမှန်နေတယ်။ ကားပေါ်မှာ သူထိုင်ချင်တဲ့နေရာ ထိုင်ခွင့်ရှိတာပဲ။

ဒါကြောင့် မောင်ချစ်အေးပဲ အလျှော့ပေးလိုက်တယ်။ "အေး … မင်းတွေ့မယ်"ဆိုတဲ့ အကြည့်မျိုးနဲ့သာ ကြည့်ပြီး ကားပေါ်တက် မောင်းထွက်ခဲ့ရတယ်။ နောက်ကြည့်မှန်ကနေ ကြည့်လိုက်တော့ မျောက်လောင်းက အောင်နိုင်သူတစ်ယောက်လို ခြေထောက်ချိတ်ပြီးတော့တောင် မိန့်မိန့်ကြီး ထိုင်နေလိုက်သေးတယ်။

ဒီကောင်နဲ့တော့ မလွယ်ဘူး။ သိပ်လက်ဆော့တဲ့ကောင်။ သူထိုင်နေကျခုံမှာ ခဲတံချွန်တဲ့ဓားနဲ့ သူ့နာမည်ထွင်းထားတာတို့၊ တုတ်တိုနှစ်ချောင်းယူလာပြီး လက်ကိုင် ကြေးပိုက်တန်းတွေကို ဒရမ်ခေါက်သလို ခေါက်လို့ ပွန်းကုန်တာတို့၊ ကျောင်းသူလေးတစ်ယောက်ရဲ့ခုံမှာ ဝါးပြီးသား ပီကေကို ကပ်ထားလို့ ထိုင်မိတဲ့ ကျောင်းသူလေးရဲ့ စကတ်အသစ်ကြီး ပျက်စီးသွားတာတို့ လုပ်တယ်။

အဲဒီကိစ္စတွေနဲ့ပတ်သက်ပြီး သူနဲ့ မောင်ချစ်အေးနဲ့ မကြာခဏ ပြဿနာဖြစ်ခဲ့ရတယ်။ ဒီကောင်က ဟောက်လို့လည်း ကြောက်တာ မဟုတ်ဘူး။ မကြောက်ရုံမက၊ မောင်ချစ်အေးကိုတောင် ဒုက္ခပေးဖို့ ကြံစည်ခဲ့ သေးတယ်။ အချဉ်ရည်တွေထည့်ထားတဲ့ ပလပ်စတစ်အထုပ်ကလေးကို ဒရိုင်ဘာထိုင်ခုံပေါ်တင်ပြီး အပေါ်က ကားမှန်သုတ်တဲ့ အဝတ်စနဲ့ အသာလေးပြန်ဖုံးထားတာလေ။ သတိမထားမိဘဲ အမှတ်တမဲ့ ထိုင်ချလိုက်ရင် အချဉ်ထုပ်ပေါက်ထွက်ပြီး မောင်ချစ်အေးရဲ့ ပုဆိုးမှာ ပေကုန်တော့မှ ဝိုင်းဟားမယ်လို့ ကြံစည်ထားတာပေါ့။ ကံကောင်းချင်တော့ မောင်ချစ်အေး မထိုင်မိခင် မန်းနီးက ကားမှန်သုတ်ဖို့ အဝတ်စကို အယူမှာ တွေ့လိုက်လို့ သီသီလေး လွတ်သွားတာ။

ဒါကြောင့် ဒီလိုကောင်မျိုးကို အိအိချိုရဲ့ခုံမှာ ဘယ်လိုနည်းနဲ့မှ ထိုင်ခွင့်ပေးလို့မဖြစ်ဘူးလို့ ဆုံးဖြတ် လိုက်တယ်။



www.burmeseclassic.com

နောက်တစ်နေ့မနက် သူတို့အိမ်ရှေ့မှာ ကားရပ်၊ အိမ်ဖော်မလေးက လှမ်းခေါ်၊ ဟိုကောင်မျောက်လောင်းက မုန့်တစ်ဖက်၊ ကျောပိုးအိတ်တစ်ဖက် ဆွဲကိုင်ပြီး ပြေးထွက်လာ၊ ကားပေါ်တက်ပြီး အိအိချိုရဲ့ ခုံနေရာမှာ ထိုင်မယ်လုပ်ပြီးမှ ကြောင်အမ်းအမ်းဖြစ်သွား ... လုပ်ရှားမှုအားလုံးကို မောင်ချစ်အေးက အရသာခံကြည့်နေလိုက်တယ်။ ဒီကောင် အံ့သြသွားပုံကို သဘောကျလို့ ဟက်ကနဲတောင် ရယ်သံထွက်သွားသေးတယ်။

ဟုတ်တယ်လေ။ အိအိချိုရဲ့ ထိုင်ခုံနေရာကို သစ်သားချောင်းတွေနဲ့ရိုက်ပြီး ပိတ်ကာထားလိုက်တော့ ဒီကောင် ဝင်ထိုင်လို့မရတော့ဘူးလေ။ သူ့ကို နောက်ကြည့်မှန်ထဲကနေ အကဲခတ်နေလိမ့်မယ်ဆိုတာကို ရိပ်မိပုံရတယ်။ မောင်ချစ်အေးတို့နှစ်ယောက် မှန်ထဲကတစ်ဆင့် မျက်နှာချင်းဆိုင်မိကြတယ်။ မောင်ချစ်အေးက "ဘာတတ်နိုင်သေးလဲကွ"ဆိုတဲ့ အပြုံးမျိုးနဲ့ ကြည့်နေတယ်။ သူက မထီတရီ ပြုံးလိုက်ပြီး သူ့အရင်နေရာဆီကို ထွက်သွားတယ်။

ဒီကောင် ရှုံးသွားပြီ၊ လက်လျှော့သွားပြီလို့တော့ မထင်လိုက်နဲ့။ သူကလည်း ခေသူမဟုတ်ဘူး။ တစ်နည်းနည်းနဲ့တော့ တုံ့ပြန်မှာပဲ။ တစ်ရက်နှစ်ရက်လောက် အကြံထုတ်လိမ့်မယ်လို့ ထင်ထားပေမယ့် နေ့မကူးခင်မှာပဲ လက်တုံ့ပြန်တော့တာပဲ။

ညနေကျောင်းဆင်းပြီးချိန်ကျတော့ ဘာမှမထူးခြားသလို ခပ်အေးအေးပဲ ကားပေါ်တက်လာပြီး သူ့ခုံမှာ သွားထိုင်တယ်။ ကားထွက်လာပြီး မကြာခင်မှာပဲ ...

"ဟေ့ကောင်တွေ၊ ငါပြောထားတဲ့အတိုင်းပဲနော်"လို့ ပြောလိုက်တဲ့အသံ ကြားရတယ်။ ပြီးတော့ သူက "ဝမ်းတူးသရီး"လို့ အချက်ပေးလိုက်တဲ့အခါမှာ သူ့သူငယ်ချင်းတွေက "ဦးစိတ်တို"လို့ ဝိုင်းအော်ကြတယ်။

"ဝမ်းတူးသရီး"

"ဦးစိတ်တို"

"ဝမ်းတူးသရီး"

"ဦးစိတ်တို"

"ဝမ်းတူးသရီး"

"ဦးစိတ်တို"

ဘယ်လိုဖြစ်သွားလဲ မသိဘူး။ မောင်ချစ်အေး ကြက်သီးတွေ ဖြန်းကနဲထသွားတယ်။ ဒီလိုအခေါ် ခံလိုက်ရတဲ့အတွက် စိတ်မဆိုးမိဘူး။ တော်တော်ထူးဆန်းတဲ့ ခံစားမှုတစ်မျိုး ရင်ထဲကို ဝင်ရောက်လာတယ်။ ရုတ်တရက် ပျော်သွားမိတာပါပဲ။

အဲဒီနောက်တော့ ကိုယ့်ဘာသာကိုယ် ဘာလုပ်လို့လုပ်နေမိမှန်းတောင် မသိတော့ဘူး။ ပြီးတော့မှ သူတို့က "ဝမ်းတူးသရီး ... ဦးစိတ်တို"လို့ အော်လိုက်တဲ့အခါတိုင်း မောင်ချစ်အေးက "ပွမ်"ဆို ဟွန်းတီးပြီး စည်းချက်လိုက်နေမိတာ သတိရတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းတူးသရီး"

"ဦးစိတ်တို"

"ပွမ်"

"ဝမ်းတူးသရီး"

"ဦးစိတ်တို"

"ပွမ်"

တစ်စတစ်စနဲ့ ဒီကောင်တွေအုပ်စုတင်မကဘူး။ တခြားချာတိတ်တွေရော၊ မိန်းကလေးတွေပါ သံပြိုင်လိုက်အော်ကြတော့တယ်။ သူတို့ကအော်လိုက်၊ မောင်ချစ်အေးက ဟွန်းသံနဲ့ စည်းချက်လိုက်လိုက်နဲ့ ဆူညံနေတာပဲ။ မန်းနီးတစ်ကောင်တောင် ဝင်အော်နေသလားမသိဘူး။ မောင်ချစ်အေးလည်း နှစ်ပေါင်းများစွာ ပထမဆုံးအကြိမ်အနေနဲ့ ဟက်ဟက်ပက်ပက် အော်ဟစ်ရယ်မောလိုက်မိတယ်။

အဲဒီလို အပျော်ကြီးပျော်နေတဲ့အချိန်မှာပဲ မော်တော်ဆိုင်ကယ်တစ်စီးက နောက်ကနေ ကျော်တက်လာပြီး ကားကို လမ်းဘေးကပ်ရပ်ဖို့အတွက် လက်ပြည့္ပန်ကြားတယ်။

မောင်ချစ်အေးလည်း ကားကို လမ်းဘေးကပ်ရပ်လိုက်ရတယ်။ ယာဉ်ထိန်းရဲနှစ်ယောက် ဆိုင်ကယ်ပေါ်က ဆင်းပြီး ကားဆီလျှောက်လာတယ်။ ကားဘေးမှာ ရပ်လိုက်ပြီး တစ်ယောက်က ...

"လိုင်စင်ပေးပါ"

"ကျွန်တော် ဘာလုပ်လို့လဲ"

မောင်ချစ်အေးက မေးတော့၊ ဒုတိယ ယာဉ်ထိန်းရဲက ...

"ဒါ ... ဟွန်းသံကင်းမဲ့ဇုန်ဆိုတာ မသိဘူးလား"

အဲ ... ဟုတ်သားပဲ။ မောင်ချစ်အေး ရုတ်တရက် ပျော်ပြီး သတိမေ့သွားတာ။ ငြင်းနေစရာ အကြောင်းမရှိဘူး။ လိုင်စင်ပေးလိုက်ရုံပဲ။ ရှပ်အင်္ကျီအိတ်ထဲက လိုင်စင် ထည့်ထားတဲ့ ပိုက်ဆံအိတ်ကလေးကို ဆွဲထုတ်လိုက်ရတယ်။

အဲဒီအချိန်မှာပဲ မျောက်လောင်းက ပြတင်းပေါက်ကနေ ခေါင်းပြူပြီး ယာဉ်ထိန်းရဲတွေကို လှမ်းအော်ပြောလိုက်တယ်။

"ဦးလေးကြီး ... မဖမ်းပါနဲ့ဗျ။ ကျွန်တော်တို့ ပျော်လို့လုပ်တာပါ"

ယာဉ်ထိန်းရဲက မော့ကြည့်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ပျော်တာက ပျော်လို့ရပါတယ်။ ဒါပေမယ့် ဥပဒေက ဥပဒေပဲကွ"

"ဗျာ … ဦးပတေး ဟုတ်လား။ ဦးပတေးဆိုတာ ကျောင်းမှာ အာလူးကတ်တလိပ်ရောင်းတဲ့လူကြီးပဲ"လို့ ဝင်နောက်နေသေးတယ်။

မောင်ချစ်အေးက …

"ဟေ့ကောင် … ငြိမ်ငြိမ်နေ၊ ငါ့ဘာသာရှင်းမယ်"လို့ ပြောပြီး လိုင်စင်ထုတ်ပေးလိုက်တယ်။

ယာဉ်ထိန်းရဲက ချလန်ရေးပြီး ပြန်ပေးတယ်။ ကားပြန်ထွက်လို့ ဘီးလိမ့်ရုံ ရှိသေးတယ်။ မျောက်လောင်းက ယာဉ်ထိန်းရဲတွေကို ကြည့်ပြီး "ဝမ်းတူးသရီး"လို့ တိုင်လိုက်တဲ့အခါ ကျန်တဲ့လူတွေက "ဦးပတေး"လို့ ဝိုင်းအော်ကြတယ်။

"ဝမ်းတူးသရီး"

"ဦးပတေး"

"ဝမ်းတူးသရီး"

"ဦးပတေး"

ယာဉ်ထိန်းရဲတွေ ကြောင်တောင်တောင်ဖြစ်ပြီး ကျန်ခဲ့တယ်။ တစ်ယောက်က ခေါင်းကို ယောင်ပြီး ကုတ်လိုက်သေးတယ်။ သို့ပေမယ့် ဆောင်းထားတဲ့ ခမောက်ကိုပဲ ကုတ်မိတာပေါ့။

## C B

အဲဒီနေ့ကစပြီး မောင်ချစ်အေးကို ဟိုကောင်တွေက ဦးစိတ်တိုလို့ပဲ ခေါ်ကြတော့တယ်။ မောင်ချစ်အေးကလည်း ကိုယ့်ကိုယ်ကို ဦးစိတ်တိုလို့ပဲ သဘောထားလိုက်တော့တယ်။ ဖယ်ရီကား မောင်းရတဲ့အလုပ်ကိုလည်း ပိုပြီးနှစ်သက်ပျော်မွေ့လာတယ်။ မောင်ချစ်အေးမှာ အိမ်ထောင်မရှိပေမယ့် သားသမီးတွေ အများကြီးရှိနေသလို ခံစားလာရတယ်။ ကလေးတွေထဲမှာ လိမ္မာတဲ့သူ၊ ဆိုးတဲ့သူ၊ ငြိမ်တဲ့သူ၊ ဆော့တဲ့သူ၊ အေးတဲ့သူ၊ ဂျီကျတဲ့သူ အမျိုးမျိုးရှိပေမယ့် အားလုံးဟာ အပြစ်ကင်းစင်ကြတယ်ဆိုတာ သိလာတယ်။

မျောက်လောင်းနဲ့ကတော့ ခုထိ ရန်ဖြစ်ကြတုန်းပဲ။ သို့ပေမယ့် အရင်လို အကြောမတည့်လို့၊ အမြင်ကတ်လို့ ဖြစ်တာမျိုးတော့ မဟုတ်ဘူး။ ဒီကောင်က လူရှုပ်ဆိုတော့ မောင်ချစ်အေးကို ဒေါသမဖြစ်ဖြစ်အောင် တမင်လိုက်လိုက်ဆွတတ်တယ်။ မောင်ချစ်အေးကလည်း ဦးစိတ်တိုနာမည်နဲ့ လိုက်ဖက်ညီအောင် စိတ်တိုပြရတာကိုပဲ ကျေနပ်မိပြန်တယ်။

ကျောင်းဆင်းချိန်မှာ ဒီကောင် နောက်ကျမှရောက်လာလို့ မောင်ချစ်အေးက ဆူတဲ့အခါ …

"ဦးစိတ်တိုကြီးဟာ အဲဒီလို ပြဿနာရှာတတ်လို့ မိန်းမ မရတာ"လို့ မခံချင်အောင် စ,တတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com


နောက်တော့ မောင်ချစ်အေးက ကျောင်းဆင်းခေါင်းလောင်းထိုးပြီးရင် မိနစ်နှစ်ဆယ်အတွင်းမှာ အားလုံး ကားဆီရောက်အောင် လာရမယ်လို့ အမိန့်ထုတ်လိုက်တယ်။

အဲဒီလို စည်းကမ်းသတ်မှတ်ပြီး နောက်တစ်နေ့ကျတော့ ဒီကောင် ခေါင်းလောင်းထိုးပြီး ဆယ်မိနစ်တောင် မရှိသေးဘူး၊ အပြေးအလွှား ရောက်လာတယ်။ တယ်ဟုတ်ပါလား၊ ဒီကောင် အပိုးကျိုးသွားပြီလို့ ထင်ရင်မှားမယ်။

ပုဂ္ဂိုလ်လေးက ရောက်သာရောက်လာတယ်။ ကားပေါ်မတက်သေးဘဲနဲ့ အောက်မှာ လမ်းသလား နေတာ။ လူစုံပြီဆိုတော့မှ ...

"ဟေ့ကောင် ကားပေါ်တက်လေ"လို့ ခေါ်တော့ လက်ပတ်နာရီကို ကြည့်ပြီး ...

"မိနစ်နှစ်ဆယ်မှ မပြည့်သေးဘဲ"ဆိုပြီး ဆက်လျှောက်နေတယ်။

ထုတ်ပြန်ထားတဲ့စည်းကမ်းအရ ကျောင်းဆင်းခေါင်းလောင်းထိုးပြီး မိနစ်နှစ်ဆယ်အထိ နေခွင့်ရှိတယ်ဆိုပြီး ကပ်ကပ်သပ်သပ်လုပ်တာလေ။ ဒီအခါမှာတော့ "မင်းကောင်ကို ကြည့်လုပ်ဦး"လို့ မန်းနီးကို အကူအညီတောင်းရတယ်။

မန်းနီးက အတင်းဖမ်းချုပ်ပြီး ကားပေါ်တင်တဲ့အခါ ရုန်းရင်းကန်ရင်း ...

"မန်းကီး၊ မျောက်ညို၊ မျောက်စုတ်မျောက်နာ"ဆိုပြီး ဦးစိတ်တို၊ မျောက်ညို ကာတွန်းထဲက စကားလုံးတွေနဲ့ ဆူပူအောင် အော်ဟစ်တော့တာပဲ။

မန်းနီးခမျာလည်း ဦးစိတ်တိုနဲ့ လိုက်ဖက်အောင် မျောက်ညိုဖြစ်ရရှာတယ်။ လိုက်တော့လည်း လိုက်ဖက်ပါတယ်။ ဦးစိတ်တိုရယ်၊ မျောက်ညိုရယ်၊ မျောက်လောင်းရယ် လုံးထွေးနေကြတာပေါ့။

တစ်ခါတစ်လေကျတော့လည်း လူ့ဘဝဆိုတာ နေတတ်ထိုင်တတ်ရင် ပျော်စရာကောင်းသားပဲလို့ တွေးမိတယ်။ အတိတ်ကို တဒင်္ဂလောက် မေ့လျော့နေမိတဲ့အခါမျိုးကျရင်ပေါ့လေ။

C B

www.burmeseclassic.com

၉ ။ ။

လူငယ်ဘဝကို ခဏပြန်ရောက်သွားသလိုပဲ။ နှစ်အတော်ကြာ ကွဲကွာနေတဲ့ သူငယ်ချင်းတွေ ပြန်ဆုံကြလို့လေ။ သူငယ်ချင်းတွေထဲက စိုးမြင့်တစ်ယောက်သာ ရန်ကုန်မှာ ရှိနေလို့ မကြာခဏ တွေ့ဖြစ်တာ။ ပေါကြီးတို့ ကောင်းမြတ်တို့က အလုပ်တာဝန်တွေနဲ့ နယ်ကိုရောက်နေကြလို့ သူတို့အကြောင်းကိစ္စနဲ့ ရန်ကုန်လာမှ တွေ့နိုင်တယ်။ အားလုံးစုံအောင် တွေ့ဖို့ကတော့ ဖြစ်တောင့်ဖြစ်ခဲပဲ။

ဒီတစ်ခါတော့ သူငယ်ချင်းတွေအားလုံး ထူးထူးခြားခြား ဆုံမိကြတယ်။ ပေါကြီးက ရန်ကုန်ပြန်ပြောင်းရလို့၊ ကောင်းမြတ်က နိုင်ငံခြားသွားရမှာမို့ ရန်ကုန် ရောက်လာတာ။ မိစံတို့ ဒိန်းငယ်တို့လည်း ပါလာကြတယ်။ ကလေးနှစ်ယောက်စီ ရနေကြပြီ။

မိစံက ကျောင်းသူဘဝတုန်းကလို ကိုယ်လုံးလှလှလေး မဟုတ်တော့ဘူး။ အတော်လေး ဝလာပြီ။ ဒိန်းငယ်ကလည်း ကောင်းမြတ်ကြွားလေ့ရှိသလို နထွားကြီးမို့ ရှုတိုင်းယဉ် မဟုတ်တော့ဘဲ နည်းနည်းပိန်ပြီး ကျသွားတယ်။

"ဘာလဲ ဟေ့ကောင်၊ ယောကျ်ားလည်းမယူ ကလေးလည်းမမွေးဘဲ အပျိုကြီးလုပ်နေရင်တော့ ဒီလောက်ပုံပျက်သွားမှာ မဟုတ်ဘူးလို့ နှိုင်းယှဉ်ပြီး တွေးနေတာလား"လို့ ပေါကြီးက မောင်ချစ်အေးအကဲခတ်နေပုံကို ကြည့်ပြီး မေးလိုက်လို့ ရယ်ကြရသေးတယ်။

မောင်ချစ်အေးက သူတို့ကို စားသောက်ဆိုင်မှာ ထမင်းလိုက်ကျွေးမယ်လို့ ပြောပေမယ့် အိမ်မှာပဲ လွတ်လွတ်လပ်လပ် စားချင်တယ်ဆိုလို့ ဆိုင်က ဟင်းတွေဝယ်ပြီး ကျွေးရတယ်။ စိုးမြင့်ကတော့ ညနေကျရင် ဘီယာတိုက်ရမယ်လို့ ကြိုပြီးချိတ်လိုက်သေးတယ်။

"ဒါနဲ့ နင်က မော်တော်ကားနဲ့ လက်ထပ်ထားတယ်ဆို၊ စိုးမြင့် ပြောတာပဲ"လို့ ဒိန်းငယ်က မေးတယ်။

မိစံကလည်း ...

www.burmeseclassic.com

www.burmeseclassic.com


"အေးဟယ် … ငယ်ငယ်တုန်းက စီးခဲ့တဲ့ ဖယ်ရီကားကြီးကို အမှတ်တရ ပြန်ကြည့်ချင်သေးတယ်" ဆိုတာနဲ့ "ချစ်မြားရှင်"ကို လိုက်ပြရတယ်။

"ငါတို့ စီးခဲ့တုန်းကထက်တောင် ပိုပြီး သားနားနေသေးတယ်"လို့ မိစံက ချီးကျူးတယ်။

သစ်သားတန်းတွေနဲ့ ပိတ်ပြီးကာထားတဲ့ အိအိချိုရဲ့ ထိုင်ခုံနေရာကို မြင်တော့ မပြုံးဘဲ မနေနိုင်ကြဘူး။ ကရုဏာပြုံးပါပဲ။

"ဒီကောင်က ဒီထိုင်ခုံမှာ မူလထိုင်ခဲ့တဲ့လူကလွဲရင် ဘယ်သူမှ မထိုင်စေချင်ဘူးတဲ့လေ"

စိုးမြင့်က ပြောတော့၊ ကောင်းမြတ်က ခေါင်းတညိတ်ညိတ်လုပ်ပြီး …

"အင်း … စင်ဒရဲလားပုံပြင်ထဲမှာ ရွှေဖိနပ်နဲ့တော်တဲ့ မိန်းကလေးကို လိုက်ရှာရတယ်။ ဒီမှာတော့ ထိုင်ခုံလည်း အဆင်သင့်ရှိတယ်၊ ဒီထိုင်ခုံမှာ ထိုင်သင့်တဲ့လူကိုလည်း သိတယ်။ ထိုင်ခုံနဲ့ လူနဲ့ ဆုံတွေ့မိဖို့ပဲ လိုတယ်"

"ဒါပေမယ့် ဖိနပ်ကလေးတောင် ချန်ထားခဲ့ဖို့ မသဒ္ဒါတဲ့ စင်ဒရဲလားမျိုးလည်း ရှိပါတယ်ကွ။ အေးလေ၊ စင်ဒရဲလားဆိုတာကလည်း မင်းသားလေးအတွက်ပဲ ရွှေဖိနပ်ကို ထားခဲ့မှာပေါ့။ မြင်းလှည်းမောင်းသမားအတွက်တော့ ဘယ်ထားခဲ့မှာလဲ"လို့ မောင်ချစ်အေးက ဝင်ပြောတယ်။

မိစံက …

"ငါကတော့ နင့်ကို လေးစားတယ်။ နင် သူ့အပေါ်ထားတဲ့ မေတ္တာက သိပ်လေးနက်တာပဲ"

"ဟုတ်တယ်၊ အစွဲအလမ်းကြီးတယ်ဆိုတာ တစ်ဖက်ကလှည့်တွေးရင် သစ္စာရှိတယ်လို့ အဓိပ္ပါယ်ကောက်နိုင်တယ်"

ပေါ်ကြီးက သူ့မိန်းမစကားကို ထောက်ခံတယ်။

"ဒါနဲ့ အိအိချိုအကြောင်းကိုကော ကြားမိသေးလားကွ"လို့ ကောင်းမြတ်က စိုးမြင့်ကို မေးတော့ …

"နောက်ဆုံး ကြားရတဲ့ သတင်းကတော့ တက္ကသိုလ်မှာ လက်ထောက်ကထိက ဖြစ်နေပြီ။ ပြီးတော့ ခုထိ အိမ်ထောင်မပြုသေးဘူး။ အပျိုကြီးပဲ"

"ချစ်အေးကို စောင့်နေတယ်ထင်တယ်"

ဒိန်းငယ်က ဝင်ပြောလို့ မောင်ချစ်အေးက …

"အဓိပ္ပါယ်မရှိတာဟာ …"

www.burmeseclassic.com

"ဘယ်ပြောနိုင်မလဲ။ သူလည်း နင့်အပေါ် သံယောဇဉ်ရှိချင်ရှိနေမှာပေါ့။ နင်နဲ့ ပြဿနာဖြစ်ပြီး နောက်ပိုင်း နင့်ကို သူပြောခဲ့တာတွေ နည်းနည်းလွန်သွားတယ်လို့ ငါ့ကို ဝန်ခံခဲ့သေးတာပဲ။ နားလည်မှု လွဲသွားတာကို ရှင်းပြထားတဲ့ စာတစ်စောင် နင်ရေးလာခဲ့ပြီးမှ သူက ဦးအောင်ပြောလိုက်လို့ မပေးဖြစ်ခဲ့တဲ့ အကြောင်းကို ငါက ပြောပြတော့တောင် သူ နည်းနည်းငိုင်သွားသေးတယ်။ သူ စိတ်မကောင်းပါဘူးလို့လည်း ပြောသွားခဲ့သေးတယ်။ နင့်ကို မုန်းသွားခဲ့တာလောက်တော့ မဟုတ်ပါဘူးဟ။ ပြီးတော့ ခုချိန်ထိ နင်ဟာ သူ့ကို အစွဲအလမ်းကြီးနေတုန်းပဲဆိုတာ သိရင် ..."

"တော်ပါတော့ ... နင်ပြောတာ စိတ်ကူးယဉ်ဆန်လွန်းတယ်"

မိစံရဲ့စကားကို ဖြတ်ဖို့ကြိုးစားတဲ့အခါ ပေါ်ကြီးက ဝင်ပြောတယ်။

"ဟုတ်တယ် ဟေ့ကောင်၊ ခုချိန်မှာ မင်းလည်း တင့်တင့်တယ်တယ်နေနိုင်တဲ့ အခြေအနေ ရောက်နေ ပြီပဲ။ ပြန်ဆက်သွယ်ဖို့ ကြိုးစားကြည့်ပါလား"

မောင်ချစ်အေး ခြောက်ကပ်ကပ်ရယ်လိုက်ပြီး ...

"သူ့အကြောင်းလည်း မင်းတို့သိသားပဲ။ သူ့အိမ်မှာ ဒရိုင်ဘာခန့်ရင်တောင် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသားဖြစ်ရမည်လို့ စည်းကမ်း သတ်မှတ်ချင် သတ်မှတ်ထားမှာ။ ငါဆိုရင် ဒရဝမ်တောင် လုပ်ခွင့်ရမှာ မဟုတ်ဘူး"

"မင်းကလည်း ကိုယ့်ကိုယ်ကို တော်တော်အထင်သေးတာပဲ။ ဒီမှာ ချစ်အေး၊ ဘောလုံးကန်တဲ့ ဥပမာနဲ့ နှိုင်းယှဉ်ပြီးပြောရရင်၊ တစ်ဖက်အသင်းက လူကောင်ကြီးလို့ အင်အားတောင့်လို့ဆိုပြီး ကြောက်နေစရာ မလိုဘူးကွ။ လူကောင်ကြီးတိုင်း ဘောလုံးက လိုက်ပြီး ကြီးလာတာ မဟုတ်ဘူး။ ဒီအရွယ်က ဒီအရွယ်ပဲ။ အချစ်မှာလည်း ဒီလိုပဲလေ၊ သူက ပညာပိုတတ်တယ်၊ အဆင့်အတန်း ပိုမြင့်တယ်ဆိုတိုင်း သူ့နှလုံးသားက မင်းနှလုံးသားထက် ပိုကြီးတာ မဟုတ်ပါဘူးကွ"

ကောင်းမြတ်က ထုံးစံအတိုင်း အတွေးအခေါ်ပါတဲ့စကားတွေ ပြောနေတယ်။ မောင်ချစ်အေးက ဘာမှ ပြန်မပြောဘဲ ငြိမ်နေတုန်း ...

"ဘာပဲဖြစ်ဖြစ်ကွာ ... ချစ်မြားရှင်ဆိုတဲ့ ဟောဒီ ဖယ်ရီကားကြီးကို သက်သေပြုပြီး မင်းဟာ သူ့ကို စွဲစွဲလမ်းလမ်း ချစ်နေတုန်းပဲဆိုတာ ထင်ထင်ရှားရှား သိသာနိုင်ပါတယ်ကွာ"လို့ ပေါ်ကြီးက ဝင်ပြောပြန်တယ်။

"ရေကူးတာရယ်၊ စက်ဘီးစီးတာရယ်၊ မော်တော်ကား မောင်းတာရယ်ဟာ တစ်ခါတတ်ထားပြီးရင် ဘယ်တော့မှ ပြန်မေ့သွားတတ်တာမျိုး မဟုတ်ဘူး။ အချစ်ဆိုတာလည်း ဓာတ်ဆီလို အငွေ့ပျံတတ်တဲ့ အရာမျိုး မဟုတ်ပါဘူးကွာ"

မောင်ချစ်အေးရဲ့ လေသံက အတိတ်ဆန်နေတယ်။ သူငယ်ချင်းတွေအားလုံး အသံတိတ် ထောက်ခံ ကြတယ်။ ခေါင်းညိတ်လိုက်ကြတာပေါ့။



www.burmeseclassic.com

သူငယ်ချင်းတွေကို ညဘက် ဘီယာလိုက်တိုက်ရင်း စကားတွေ ထပ်ပြောကြသေးတယ်။ မောင်ချစ်အေးက မသောက်တတ်ပေမယ့် သူတို့အတူရောပြီး မူးသွားတယ် ထင်ပါရဲ့။ သူတို့လိုပဲ အသံတွေ ကျယ်လောင်ပြီး အာလေးလျှာလေး ဖြစ်ချင်လာသေးတယ်။

စိုးမြင့်ကတော့ သူငယ်ချင်းတွေ ပြန်ဆုံရတာ ပျော်လို့ဆိုပြီး ခါတိုင်းထက် ပိုသောက်တယ်။ မူးလာတဲ့ အခါကျတော့ အိအိချိုကို လက်မလွှတ်နဲ့ဆိုတဲ့ စကားလုံးကိုပဲ ထပ်ခါတလဲလဲ ပြောနေတယ်။

ဆိုင်ထဲက ထွက်လာတော့ …

"ကျောင်းထဲ သွားမယ်၊ အဆောင်ရှေ့မှာ သီချင်းသွားဆိုမယ်"လုပ်ပါရော။

"မင်း အရူးလားကွ၊ ဒီအချိန် ဘယ်လိုလုပ် ကျောင်းထဲဝင်လို့ရတော့မှာလဲ။ ပြီးတော့ အဆောင်မှာ လူမှမရှိတော့တာ။ မင်းအသက်ကိုလည်း ကြည့်ဦး။ ကျောင်းထဲမှာ သီချင်းဆိုရမယ့်အရွယ်မှ မဟုတ်တော့ တာဘဲ"လို့ ဟောက်လိုက်ပေမယ့် …

"ဒါဆိုလည်း ကျောင်းဝင်းအပြင်ကနေ အလွမ်းပြေကြည့်မယ်ကွာ"

ဟိုနှစ်ကောင်ကလည်း "ဟုတ်တယ်ကွ၊ ငါတို့ကို လိုက်ပို့"ဆိုပြီး ဂျီကျနေတာနဲ့ လိုက်ပို့ရတယ်။ ကျောင်းဝင်းအပြင်ကနေ ကားကို တစ်ပတ်ပတ်ပြီး မောင်းနေတုန်း ပြည်လမ်းပေါ်အရောက်မှာ …

"ဟေ့ကောင် ချစ်အေး၊ ကားခဏရပ်ပါဦးကွ"လို့ ပေါ်ကြီးက ပြောတာနဲ့ ရပ်ပေးလိုက်ရတယ်။

"ကြည့်စမ်းကွာ၊ လှလိုက်တာ"

ဟုတ်တယ်၊ သိပ်လှတာပဲ။ နှင်းတွေက ဝေနေအောင် ကျနေတယ်။ လမ်းမီးရောင်တွေတောင် ခပ်ဝပ်ဝပ်ပဲ လင်းနိုင်တယ်။ ယုဒသန်မျှော်စင်ကြီးရဲ့ အပေါ်ပိုင်းက အမှောင်ထဲမှာ တိုးဝင်ပျောက်ကွယ်နေတယ်။ ဆင်ဝင်ပေါက်ခုံးခုံးကိုသာ ခပ်ပျပျ လှမ်းမြင်ရတယ်။ ဒီဘက်မှာ မာလာဆောင်၊ ဟိုဘက်က သီရိဆောင်၊ ရေတမာပင်တွေ။

"လွမ်းစရာကောင်းလိုက်တာကွာ"လို့ ကောင်းမြတ်က ဆွေးဆွေးမြေ့မြေ့ပြောလိုက်တယ်။

တကယ်တမ်း လွမ်းရမယ့်သူက ဘယ်သူလဲ။

တစ်ခါတုန်းက ဒီနေရာမှာ အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ရတာက ဘယ်သူလဲ။

ငလျင်ဒဏ်ကို တစ်ယောက်တည်းကွက်ပြီး သွက်သွက်ခါအောင် ခံစားခဲ့ရတာ ဘယ်သူလဲ။

စကားတစ်ခွန်းရဲ့ မုန်တိုင်းကြောင့် ဒီနယ်မြေကနေ ထာဝရ လွင့်စင်သွားခဲ့ရတာ ဘယ်သူလဲ။

www.burmeseclassic.com

www.burmeseclassic.com


ကိုယ်အလဲထိုးခံလိုက်ရတဲ့ ကြိုးဝိုင်းကို လာပြန်ပြီး ငေးကြည့်နေမိတဲ့ လက်ဝှေ့သမားတစ်ယောက်လို ပါပဲလား။ တကယ်တော့ အဲဒီပွဲမှာ တစ်ချက်မှ မတုံ့ပြန်ဘဲ ရင်ကို ဖွင့်ထားပေးခဲ့တာပါ။ လက်သီးနဲ့ထိုးဖို့ မပြောနဲ့၊ မျက်စောင်းနဲ့တောင် မထိုးရက်ခဲ့တဲ့လူတစ်ယောက်ကို မေ့လျော့နေခဲ့ကြလေသလား။

# C B

အိမ်ကို ပြန်ရောက်တော့ ညဆယ့်နှစ်နာရီကျော်နေပြီ။ အိပ်ချင်စိတ်မရှိသေးတာနဲ့ စာဖတ်ကြည့်တယ်။ မရဘူး၊ စာထဲမှာ စိတ်မဝင်စားဘူး။ နှင်းတွေဝေနေတဲ့ မြင်ကွင်းကိုပဲ မျက်စိထဲမှာ မြင်ယောင်နေမိတယ်။

သူငယ်ချင်းတွေနဲ့ ပြန်ဆုံရတာရယ်၊ တက္ကသိုလ်ကျောင်းဝင်းဘက်ကို ရောက်သွားခဲ့တာရယ်ကြောင့် မောင်ချစ်အေးမှာ ငယ်စိတ်တွေ ပြန်ဝင်လာတယ်ထင်ရဲ့။ တစ်ချိန်က ဖြစ်ပျက်ခဲ့တာတွေကို တရေးရေး ပြန်တွေး နေမိတယ်။

ခုနောက်ပိုင်းမှာ အဲဒီအကြောင်းတွေကို အကြောင်းတိုက်ဆိုင်တဲ့အခါ သတိရတတ်ပေမယ့် အချိန်ယူပြီး တွေးတောလွမ်းမောနေတာမျိုး မလုပ်ဖြစ်တာ ကြာပြီ။ မေ့မေ့ပျောက်ပျောက်ဖြစ်နေလို့တော့ ဟုတ်မယ် မထင် ပါဘူး။ တမင်တကာ မသိချင်ယောင်ဆောင်နေခဲ့တာပဲ ဖြစ်မှာပါ။ မသိစိတ်ကတော့ တဖြုတ်ဖြုတ် သတိရနေမှာ အမှန်ပါပဲ။

ဒီညတော့ စိတ်ကို လုံးဝအလိုလိုက်ပြီး တွေးချင်ရာတွေး၊ သတိရချင်သလောက်ရ၊ လွမ်းနိုင်သလောက် လွမ်းစမ်းဆိုပြီး လွှတ်ပေးထားလိုက်တယ်။ အတိတ်က ဖြစ်ရပ်တွေဟာ အာရုံထဲမှာ တစ်ခုပြီးတစ်ခု ပေါ်လာတယ်။

အတွေးတွေ ယောက်ယက်ခတ်နေသလိုမျိုး ဟိုတစ်စ ဒီတစ်စ ဝင်လာတာမျိုး မဟုတ်ဘူး။ လုံးချင်း ဝတ္ထုရှည်တစ်အုပ်လို ရုပ်ရှင်ဇာတ်ကားတစ်ကားလို အစီအစဉ်တကျ မြင်ယောင်လာတာပါ။ ဘယ်လောက်ထိ အသေးစိတ်သလဲဆိုတော့ စကားလုံးတွေ၊ မျက်နှာအမူအရာတွေ၊ အဝတ်အစားတွေကအစပေါ့။ နောက်ဆုံး တွေ့ခဲ့ကြတဲ့နေ့က ကံ့ကော်ရွက်ခြောက်တစ်ရွက်ကို တက်နင်းထားတဲ့ ဖိနပ်ဖြူဖြူပါးပါးလေးကိုတောင် အတိ အကျ မှတ်မိနေပါသေးတယ်။

အလွမ်းတွေနဲ့ မောပန်းလာတော့မှ မေးကနဲ အိပ်ပျော်သွားတယ်။ အိပ်ပျော်သွားတာ ဟုတ်ချင်မှ ဟုတ်မယ်။ မိန်းမောသွားတာလည်း ဖြစ်ချင်ဖြစ်မယ်။ ဘာပဲဖြစ်ဖြစ် အလွန်ထူးခြားတဲ့ အိပ်မက်တစ်ခုကိုတော့ မြင်မက်ခဲ့ပါတယ်။

အိပ်မက်ထဲမှာ ကားဂိုဒေါင်ဘက်က ငိုရှိုက်သံတွေကြားလို့ သွားကြည့်မိတယ်။ လူရယ်လို့ တစ်ယောက်မှမတွေ့ဘူး။ ငိုရှိုက်သံက ချစ်မြားရှင်ဆီက ထွက်ပေါ်လာတာဖြစ်နေတယ်။ ကြည့်လိုက်တဲ့အခါ မှာတော့ အလွန်အံ့သြစရာ မြင်ကွင်းတစ်ခုကို မြင်လိုက်ရတယ်။ ဖယ်ရီကားကြီးရဲ့ ရှေ့မီးလုံးနှစ်လုံးကနေ မျက်ရည်တွေ စီးကျနေတယ်။ လူတစ်ယောက် ငိုရှိုက်နေသလိုပဲ၊ ကားတစ်စီးလုံး သိမ့်သိမ့်တုန်နေတယ်။

အဲဒီအချိန်မှာပဲ ဖြတ်ကနဲ လန့်နိုးလာတယ်။ တကယ်ပဲ အိပ်မက်ထဲကအတိုင်းဖြစ်နေသလို ခံစား ရတယ်။ ရင်ထဲမှာ တစ်မျိုးကြီးပဲ။ ချစ်မြားရှင်းဟာ အပြင်မှာလည်း ငိုများငိုနေသလားလို့ စိုးရိမ်သွားမိတယ်။

www.burmeseclassic.com

အိပ်ရာကနေ လူးလဲထပြီး ကားဂိုဒေါင်ဘက် လျှောက်လာခဲ့တယ်။ မနက်လင်းနေပြီ။ သို့ပေမယ့် ညကအတိုင်းပဲ နှင်းတွေဝေအောင်ကျနေလို့ ပတ်ဝန်းကျင်ကို ကောင်းကောင်းမမြင်သာဘူး။

ဂိုဒေါင်ထဲရောက်လို့ ချစ်မြားရှင်ကို ကြည့်လိုက်တော့ ကားမီးလုံးတွေပေါ်မှာ နှင်းငွေ့တွေပျံနေတာ တွေ့ရတယ်။ မီးလုံးတစ်လုံးရဲ့အောက်ခြေနားမှာတော့ နှင်းရည်တစ်စက်က တွဲလွဲခိုနေတယ်။ နှင်းရည်စက်ကို လက်နဲ့ အသာအယာသုတ်ပေးလိုက်တယ်။

# C B

ဒီနေ့ စနေနေ့မို့ ကျောင်းပိတ်တယ်။ ဖယ်ရီဆွဲစရာမရှိဘူး။ သို့ပေမယ့် အပြင်ထွက်ပြီး လျှောက်သွားချင်စိတ် ပေါက်လာတာနဲ့ ချစ်မြားရှင်ကိုမောင်းပြီး ထွက်လာခဲ့တယ်။ ဘယ်ကိုသွားမယ်လို့တော့ ရည်ရွယ်ချက်မရှိဘူး။ ကားဦးတည့်ရာ မောင်းခဲ့လာတာပဲ။

ကားကို မောင်ချစ်အေးကိုယ်တိုင် မောင်းလာခဲ့ပုံနဲ့ မတူဘူး။ တစ်စုံတစ်ယောက်က အမိန့်ပေးလမ်းညွှန်ပြီး မောင်းခိုင်းနေသလိုပဲ။ ကွေ့သင့်တဲ့နေရာကွေ့၊ အရှိန်လျှော့သင့်တဲ့နေရာလျှော့၊ ဂီယာပြောင်းသင့်တဲ့နေရာပြောင်း၊ ဘရိတ်မေးသင့်တဲ့နေရာမေး။ ခြေနဲ့လက်က အလိုအလျောက် လှုပ်ရှားနေပေမယ့် စိတ်က ကားမောင်းတဲ့ဆီမှာ မရှိဘူး။ ညက မက်ခဲ့တဲ့ အိပ်မက်ဆီ အာရုံရောက်နေတယ်။

ကိုယ့်ကိုယ်ကို ပြန်သတိထားမိတဲ့အချိန်မှာတော့ တက္ကသိုလ်ကျောင်းဝင်းကို အပြင်ကနေ ကားနဲ့ပတ်မောင်းနေမိကြောင်း သိလိုက်ရတယ်။ တက္ကသိုလ်ရိပ်သာလမ်းအတိုင်းသွား၊ ပြည်လမ်းပေါ် ချိုးကွေ့၊ အင်းလျားလမ်းထဲဝင်၊ တက္ကသိုလ်ရိပ်သာလမ်းပေါ် ပြန်တက်၊ ဒီလိုပုံစံအတိုင်း ကျောင်းဝင်းကို အထပ်ထပ်အခါခါ ပတ်မောင်းနေမိတယ်။ ကွင်းထဲကို ဆင်းခါနီး လေယာဉ်တစ်စီး ပျံဝဲနေသလိုပဲ။

စိတ်ထဲမှာတော့ အိအိချိုကို မြင်ချင်တွေ့ချင်တဲ့ဆန္ဒက ထူးထူးခြားခြား ပြင်းပြနေတယ်။ ဒီနေ့ သူနဲ့ ပြန်ဆုံလိမ့်မယ်ဆိုတဲ့ အစွဲအလမ်းတစ်ခုလည်း ရင်ထဲကို တိုးဝင်လာတယ်။

ကားက အဓိပတိလမ်းနဲ့ဆုံရာ နေရာနား ရောက်လာတယ်။ "ကွေ့လိုက်၊ ကွေ့လိုက်"လို့ တစ်ယောက်ယောက်က တိုက်တွန်းလိုက်သလိုပဲ။ ကားကို အဓိပတိလမ်းပေါ် ချိုးကွေ့လိုက်တယ်။

အပြင်ဘက်မှာ နေခြည်ဖြာနေပြီဖြစ်ပေမယ့် ကျောင်းဝင်းထဲမှာတော့ နှင်းမကွဲတတ်သေးဘူး။ ရေတမာပင်တွေရဲ့ အောက်ခြေတစ်ဝိုက်မှာတော့ နှင်းငွေ့တချို့ ဝေ့ဝေ့ဝဲဝဲ ရှိနေဆဲ။

မောင်ချစ်အေး ရင်တွေခုန်လာတယ်။ မော်တော်ကားအင်ဂျင်စက်သံကို ကြားရုံနဲ့ ဘာဖြစ်နေတယ်ဆိုတာ တပ်အပ်ပြောနိုင်တဲ့ မက္ကင်းနစ်တစ်ယောက်ဟာ အခု ကြားနေရတဲ့ ရင်ခုန်သံတွေကိုတော့ အဓိပ္ပါယ်ကောက်ဖို့ ခက်နေပြန်တယ်။

နတ်သျှင်နောင်လမ်းဘက် ချိုးဝင်လိုက်တယ်။ တောင်ငူဆောင်ကို လှမ်းမြင်ရပြီ။ အဲဒီအချိန်မှာပဲ ...

"ကိုယ်နဲ့မတန်တဲ့နေရာမှာ ဘာဖြစ်လို့ ရှုပ်ချင်ရတာလဲ"ဆိုတဲ့ စကားသံကို ရုတ်တရက် ကြားယောင်လိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com


မောင်ချစ်အေးဟာ အိအိချိုရဲ့စကားကို တစ်သဝေမတိမ်း နားထောင်ခဲ့တဲ့သူပါ။ ဒီနေရာကို နောင်ဘယ်တော့မှ မလာတော့ပါဘူးလို့ နှုတ်က ဖွင့်ဟမပြောခဲ့ပေမယ့် အိအိချိုရဲ့ စကားတစ်ခွန်းကို အမိန့်တစ်ခုလို လိုက်နာခဲ့ပါတယ်။ မပေးခဲ့ဖူးတဲ့ ကတိကိုပဲ တည်မြဲအောင် စောင့်ထိန်းခဲ့ပါတယ်။ ခုတော့ မောင်ချစ်အေးတစ်ယောက် တားမြစ်နယ်မြေထဲကို ကျူးကျော်ဝင်ရောက်မိသလို ဖြစ်နေပြီ။ အမိန့်ကို ဖီဆန်တဲ့သူ ဖြစ်နေပြီလား။ ကတိသစ္စာဖောက်ဖျက်သူ ဖြစ်နေပြီလား။

ကားကို ရပ်လိုက်တယ်။ တောင်ငူဆောင်ကို မမိုတ်မသုန် ကြည့်တယ်။ ရာသီမှားပြီး မျက်စိလည်လာတဲ့ ဥသြငှက်တစ်ကောင်လို သဘောထားပြီး ခွင့်လွှတ်ပေးပါ အိအိချို။

ကားကို ဘက်ဂီယာထိုးပြီး နောက်ပြန်ဆုတ်တယ်။ အဲဒီအခိုက်မှာ အလန့်တကြား ဟွန်းတီးလိုက်တဲ့ အသံကို ကြားရတယ်။ ဘရိတ်ကို ဆောင့်နင်းလိုက်တယ်။ သို့ပေမယ့် ယောင်ယောင်လေး နောက်ကျသွားတယ်။ မောင်ချစ်အေးကားက တုံ့ကနဲ ရပ်သွားပေမယ့် နောက်ကားက ချက်ချင်း အရှိန်မသေဘူး ထင်တယ်။ သိမ့်ကနဲ တစ်ချက်ဖြစ်သွားပြီး နောက်ဘက်က သံချင်းကြိတ်မိတဲ့အသံရယ်၊ ဖန်စကွဲတဲ့အသံရယ် ကြားလိုက်ရတယ်။

မောင်ချစ်အေး ကားပေါ်က အမြန်ဆင်းပြီး နောက်ဘက်ကို ပြေးကြည့်လိုက်တော့ မောင်ချစ်အေးကားရဲ့ နောက်ပိုင်းကို ချိုစောင်းနဲ့ ဝင်နမ်းနေတဲ့ ကိုရိုလာကား အဖြူလေးကို တွေ့လိုက်ရတယ်။ မောင်ချစ်အေး စိုးရိမ်တကြီး စစ်ဆေးကြည့်လိုက်တယ်။ ချစ်မြားရှင်ရဲ့ ဘော်ဒီသံပြား နည်းနည်းချိုင့်ပြီး အစင်းရာကြီး ဖြစ်နေတယ်။ မောင်ချစ်အေး စုပ်သပ်လိုက်ပြီး ဒဏ်ရာတစ်ခုလို ပွတ်သပ်ကြည့်နေတုန်း ...

"ခင်ဗျား ... ခင်ဗျား ဘယ်လိုလုပ်တာလဲ"

တစ်ဖက်ကားကလူ အနားရောက်လာပြီး တုန်တုန်လှုပ်လှုပ်လေသံနဲ့ ပြောတယ်။ မောင်ချစ်အေး လှည့်ကြည့်လိုက်ပြီး ...

"ဘာလဲ၊ ဘာပြောချင်လဲ"လို့ ခပ်မာမာလေသံနဲ့ မေးလိုက်တယ်။ သူက ...

"ခင်ဗျား ဘာဖြစ်လို့ အရမ်းနောက်ဆုတ်ရတာလဲ"

"ဆုတ်ချင်လို့ ဆုတ်တာပေါ့ကွ။ မင်းဟွန်းတီးတော့ ငါရပ်လိုက်တာပဲ။ မင်းဘာသာ မထိန်းနိုင်ပဲ ဝင်အောင်းတာ ဒီမှာ ငါ့ကား ထိသွားပြီ။ မင်းလျော်ရမယ်"

"ဗျာ ..."

"ဟုတ်တယ်၊ ဥပဒေအရဆိုရင် နောက်က တိုက်တဲ့သူက အမှားပဲ။ မင်းလျော်ရမယ်"

"ခင်ဗျားကားက ခြစ်မိရုံလေး၊ ကျွန်တော့်ကားလည်း ကြည့်ပါဦး"

သူ့ကားက ရှေ့မီးသီးကြီး ကွဲသွားတယ်။ ဘန်ပါက ကောက်ကွေးပြီး နိမ့်ဝင်သွားတယ်။ မောင်ချစ်အေးက ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းကားတစ်စီးလုံး ကြေမွသွားလည်း ငါဂရုမစိုက်ဘူး။ ငါ့ကားက ပိုအရေးကြီးတယ်။ ငါ့ကား ... ငါ့ကား ..."လို့ ရေရွတ်ရင်း ချစ်မြားရှင်ရဲ့ ဒဏ်ရာကို တယုတယ ပွတ်သပ်ကြည့်လိုက်ပြန်တယ်။ သူက ...

"ဟင်း ... သူ့ကားကြီးကဖြင့် ..."

မောင်ချစ်အေး ဆတ်ကနဲ မော့ကြည့်လိုက်ပြီး ...

"ဘာလဲ။ ကားကြီးက ဘာဖြစ်လဲ။ ဘာပြောချင်လို့လဲ။ မင်းက ဘာကောင်လဲ"

ပြောရင်း ရှေ့ကို တစ်လှမ်းတိုးလိုက်တယ်။ သူက လန့်ပြီး နောက်တစ်လှမ်းအဆုတ် ...

"ဘယ်လောက်လျော်ပေးရမှာလဲ"

မောင်ချစ်အေးကို ဖြန်းကနဲ ကြက်သီးထသွားစေတဲ့သူဟာ တခြားဘယ်သူများရှိသေးလို့လဲ။ ရှေ့မှာ ကိုယ်ထင်ပြသလို လာရပ်နေတဲ့ အိအိချိုကို တအံ့တသြ ငေးကြည့်မိတယ်။

"ဆရာမ၊ ဒီမှာ ကြည့်ပါဦး"

ဒရိုင်ဘာက သူတို့ကားခေါင်းကို လက်ညှိုးထိုးပြရင်း တိုင်လိုက်တယ်။

"အဲဒါ ... သူက"

အိအိချိုက လက်ကာပြလိုက်ပြီး ...

"ကားကို လွတ်ရာကျွတ်ရာမှာ ရွှေ့ပြီးတော့သာ ရပ်ထားလိုက်။ ဒီကိစ္စ ဆရာမဘာသာ ရှင်းမယ်"လို့ ပြန်ပြောတယ်။

ဒရိုင်ဘာက သူ့ကားပေါ်တက် စက်နှိုးပြီး နောက်ဘက်ခပ်လှမ်းလှမ်းကို ဆုတ်သွားတယ်။

"ပြောပါဦး ကိုချစ်အေး၊ ဘယ်လောက်လျော်ပေးရမလဲ"

အိအိချိုက ထပ်မေးတယ်။

"ကျွန်တော် တောင်းပန်ပါတယ်"

"ဟင် ... ဘာဖြစ်လို့ တောင်းပန်ရမှာလဲ။ ကျွန်မကားက မှားတာဆို"

"အဲဒီကိစ္စပြောတာ မဟုတ်ပါဘူး။ အိအိချိုရဲ့ ခွင့်ပြုချက်မရဘဲ ကိုယ်နဲ့မတန်တဲ့နေရာကို ထပ်လာမိလို့ပါ"

"ဒီနေရာက ကျွန်မပိုင်တဲ့ နယ်မြေမှ မဟုတ်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com


“ကျွန်တော်ကတော့ အိအိချိုရဲ့စကားဆိုရင် ဥပဒေတစ်ရပ်လို သဘောထားလိုက်နာခဲ့တာပါ”

အိအိချိုရဲ့မျက်နှာ နည်းနည်းညှိုးသွားတယ်။

“ကျွန်မ အဲဒီစကားကို တစ်ဖက်သတ် ရုပ်သိမ်းခဲ့တာ ကြာပါပြီ”

ကားဒရိုင်ဘာက သူ့ကားအပျက်အစီးတွေကို လျှောက်ကိုင်ကြည့်ပြီး ဘာလုပ်ရမှန်းမသိဘဲ ခေါင်းကုတ်နေတယ်။

“အိအိချိုရဲ့ကားကို ကျွန်တော် ပြန်ပြင်ပေးပါ့မယ်”

“ကိစ္စမရှိပါဘူး ကိုချစ်အေး။ ကားတစ်စီး ထိခိုက်ပျက်စီးသွားတာ ဘာမှအရေးမကြီးပါဘူး။ လူတစ်ယောက် စိတ်ထိခိုက်သွားအောင်လုပ်မိတာကသာ အပြစ်ပိုကြီးတာပါ”

မောင်ချစ်အေး သူ့ကို ဖြတ်ကနဲ ကြည့်လိုက်မိတယ်။

“ကိုချစ်အေးကို နစ်နစ်နာနာ ပြောခဲ့မိတဲ့အတွက် ကျွန်မ တောင်းပန်ပါတယ်”

“ကိစ္စမရှိပါဘူး။ ကျွန်တော့်ကို စိတ်ကူးယဉ်အိပ်မက်က လန့်နိုးပြီး လက်တွေ့ဘဝအမှန်ကို သိတတ်မြင်တတ်လာအောင် သတိပေးနှိုးဆော်ခဲ့တဲ့အတွက် အိအိချိုကို ကျေးဇူးတောင် တင်မိပါသေးတယ်”

“ကိုချစ်အေးအကြောင်းတွေ ကျွန်မ တစ်ခါတစ်လေ ကြားမိပါတယ်။ ကိုချစ်အေးရဲ့ စိတ်ဓာတ်ကို ကျွန်မ ချီးကျူးလေးစားမိပါတယ်”

“အိအိချိုကသာ သတ္တိပိုကောင်းတာပါ”

“ကျွန်မက ...”

“ဟုတ်တယ်လေ။ ခုချိန်ထိ တစ်ယောက်တည်းနေရဲတဲ့ သတ္တိကိုပေါ့”

သူပြုံးလိုက်ပြီး ...

“ကြောက်လို့ တစ်ယောက်တည်းနေတာကော မဖြစ်နိုင်ဘူးလား”

မောင်ချစ်အေး ခေါင်းတစ်ချက်ဆတ်လိုက်ပြီး ...

“ကျွန်တော့်အတွက်တော့ အထီးကျန်ခြင်းဆိုတာ ခြောက်လှန့်ခံရခြင်းတစ်မျိုးပဲလို့ တစ်ခါတစ်ခါ ခံစားရပါတယ်”

အိအိချိုက အကဲခတ်သလို တစ်ချက်ကြည့်တယ်။ ပြီးတော့ ...

www.burmeseclassic.com

www.burmeseclassic.com



"ကိုချစ်အေး ကျွန်မကို စိတ်နာနေသေးလား"

"အစွဲအလမ်းကြီးတာကို စိတ်နာနေတာလို့ အဓိပ္ပါယ်ဖွင့်ဆိုလို့ရပါ့မလား အိအိချို"

အိအိချိုကို ချစ်မြားရှင်ကို လှမ်းကြည့်တယ်။ ချစ်မြားရှင်က ချစ်မြားရှင်ကို ကြည့်နေတဲ့ မြင်ကွင်းပေါ့။ သူ့မျက်နှာပေါ်မှာ ဘယ်တုန်းကမှ မမြင်ဖူးခဲ့တဲ့ အရာတစ်ခုကို ဖြတ်ကနဲ တွေ့လိုက်ရတယ်။ ဆွေးရိပ်ကလေး တစ်ချက်သမ်းသွားတာပါပဲ။

"ဆရာမ"

ဒရိုင်ဘာက ဘေးမှာလာရပ်ရင်း ခေါ်လိုက်တယ်။ သူ့ပုံစံက ကြောင်တောင်တောင်နဲ့။ ကားပိုင်ရှင် နှစ်ယောက်တို့ဟာ ယာဉ်တိုက်မှုနဲ့ပတ်သက်ပြီး အလျော်အစားကိစ္စ အချေအတင် ပြောနေကြတာ မဟုတ်ဘဲ တစ်ယောက်က မျက်လွှာချ။ တစ်ယောက်က ဘတ်(စ်)ကားကြီးကို ငေးကြည့်နေတာကို မြင်ပြီး နားမလည် သလို ဖြစ်နေပုံရတယ်။

အိအိချိုက လှည့်ကြည့်တော့ …

"ကားက မောင်းယူသွားလို့ရမှာ မဟုတ်ဘူး ဆရာမ။ ကွေ့လိုက်ရင် မတ်ကတ်နဲ့ ဘီးနဲ့ ငြိနေတယ်"

မောင်ချစ်အေး တစ်စုံတစ်ခုပြောမယ်လုပ်တုန်း အိအိချိုက အရင်ပြန်ပြောတယ်။

"ဒါဆိုလည်း … မင်းပဲ ဘော်ဒီဆရာကို သွားခေါ်ပြီး ကြည့်လုပ်လိုက်တော့။ ဆရာမဘာသာ အဆင် ပြေသလို ပြန်မယ်"

"ဟုတ်ကဲ့"

ဒရိုင်ဘာ ပြန်ထွက်သွားတော့ မောင်ချစ်အေးက …

"ကျွန်တော့်ကြောင့် အိအိချိုရဲ့ကိစ္စတွေ အနှောင့်အယှက်ဖြစ်ကုန်ပြီ ထင်တယ်။ ကားကိစ္စ ကျွန်တော် ကူညီပါရစေ"

"ရပါတယ်၊ ကျွန်မက ဘာကိစ္စမှ မရှိပါဘူး"

"ကျောင်းကိစ္စလာတာ မဟုတ်ဘူးလား"

"ဒီနေ့ စနေနေ့ဆိုတော့ ကျောင်းပိတ်တယ်လေ။ ပြီးတော့ ကျွန်မက ဒီကျောင်းမှာ မဟုတ်ဘူး။ အရှေ့ပိုင်းတက္ကသိုလ်မှာပါ"

"ဒါဖြင့် …"

www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ် မဟုတ်ပါဘူး။ မရောက်တာလည်း ကြာလို့၊ ပြီးတော့ ဒီမနက်ကျမှ ရန်ကုန်တက္ကသိုလ်ထဲကို လာချင်တဲ့ဆန္ဒ ထူးထူးခြားခြား ဖြစ်ပေါ်လာလို့ …"

"ညက အိပ်မက်မက်လို့လားဟင်"

"ဟင် … ကိုချစ်အေး ဘယ်လိုလုပ်သိတာလဲ"လို့ လွှတ်ကနဲ ပြောလိုက်ပြီးမှ သူရယ်လိုက်တယ်။

"အင်း … အမှန်အတိုင်းပြောရရင် ရယ်စရာတော့ ကောင်းနေမလား မသိဘူး။ ကျွန်မ ညက တကယ်ပဲ အိပ်မက်မက်ခဲ့ပါတယ်"

ခဏဆိုင်းပြီး ဆက်ပြောတယ်။

"အိပ်မက်ထဲမှာ ကျွန်မက ကျောင်းသူပြန်ဖြစ်နေတယ်လေ။ ကျောင်းဆင်းတာ နောက်ကျလို့ ဖယ်ရီက မစောင့်ဘဲ ထွက်သွားတယ်။ ကျွန်မ အပြေးအလွှားလိုက်ပေမယ့် မမီတော့ဘူး။ အိပ်ရာက နိုးတော့ စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေတယ်။ အိပ်မက်မဟုတ်ဘဲ တကယ်ဖြစ်ခဲ့သလိုပဲ"

"အဲဒီအိပ်မက်ထဲမှာ ကျွန်တော်ကော ပါလို့မရဘူးလားဟင်"

မောင်ချစ်အေး အရဲစွန့်ပြီး မေးလိုက်တယ်။ သူ ဖြတ်ကနဲ ကြည့်ပြီး …

"အိပ်မက်ဆိုတာ သူမပိုင် ကိုယ်မပိုင် ကိစ္စကြီးပါ ကိုချစ်အေးရယ်၊ ဇာတ်လမ်းကို ကိုယ်ဆင်ချင်သလို ဆင်လို့မှ မရဘဲ …"

"အိပ်မက်ထဲမှာ ဖယ်ရီ မမီခဲ့ပေမယ့် အခုတော့ ဖယ်ရီက အဆင်သင့်ရပ်စောင့်နေပါတယ်။ အိအိချို့ကို ကျွန်တော် လိုက်ပို့ပေးပါရစေ။ ဒီကားကြီးကို စီးချင်တဲ့ဆန္ဒ ရှိသေးရင်ပေါ့လေ"

သူ ခဏတွေနေပြီးတော့ …

"ကျွန်မလည်း ချစ်မြားရှင်ကို အမြဲသတိရနေခဲ့တာပါ"

မောင်ချစ်အေးက ဦးဆောင်ပြီး ကားရှေ့ပိုင်းကို လျှောက်လာခဲ့တယ်။ အိအိချို့က ကားတံခါးပေါက်ဝမှာ ရပ်ကြည့်လိုက်ပြီး မျက်မှောင်တစ်ချက်ကုပ်သွားတယ်။ သူထိုင်ခဲ့တဲ့ ထိုင်ခုံနေရာကို သစ်သားချောင်းတွေနဲ့ အသေပိတ်ထားတာကို တွေ့လိုက်ရလို့ပါပဲ။

"ခဏ … ခဏလေးနော် … အိအိချို့"

မောင်ချစ်အေး ပျာယာခတ်သွားတော့တာပဲ။ ယောင်ယောင်ကန်းကန်းဖြစ်ပြီး ဝက်အူလှည့်ပြေးယူလိုက်၊ ပလာယာကိုင်လိုက်၊ ကွင်းတွေခွေတွေ ဆွဲထုတ်လိုက်နဲ့ တော်တော်အလုပ်ရှုပ်သွားတယ်။ ပြီးမှ သတိရပြီး ဟန်ဒယ်ကြီးကို ယူပြီး သစ်သားချောင်းတွေ ရိုက်ဖြုတ်ပစ်လိုက်တယ်။ ထိုင်ခုံကို အဝတ်စနဲ့ သေသေချာချာ သုတ်ပေးပြီး …

www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါ ... အိအိချို"

အိအိချိုက မောင်ချစ်အေးကိုကြည့်ပြီး ခေါင်းညိတ်တယ်။ ပြီးတော့ ဒီထိုင်ခုံဟာ သူတစ်ယောက်တည်းသာ ထိုင်ခွင့်ရှိတယ်ဆိုတာ သိရှိတဲ့ပုံစံနဲ့ ပိုင်ပိုင်နိုင်နိုင် ထိုင်ချလိုက်တယ်။

မောင်ချစ်အေး ကားစက်နှိုးပြီး ထွက်လာခဲ့တယ်။ သူလမ်းညွှန်တဲ့အတိုင်း ကားကိုမောင်းလာရင်း နောက်ကြည့်မှန်ကနေတစ်ဆင့် လှမ်းကြည့်မိတယ်။ အိအိချိုဟာ ဆံပင်ပုံစံနဲ့ အဝတ်အစားတွေ ပြောင်းလဲသွားတာကလွဲလို့ အရင်ကလို လှပပျိုမျစ်နေဆဲပါပဲ။ သူကလည်း မှန်ကို တစ်ချက်မော့ကြည့်တယ်။ မှန်ထဲမှာ မျက်လုံးချင်း ဆုံမိကြတယ်။ အိအိချို ပြုံးနေတယ်လို့ ထင်တာပဲ။

မောင်ချစ်အေးဟာ ကားမောင်းနေရတယ်လို့ မထင်မိဘူး။ နတ်ပန်းရထားကို မောင်းနေရတယ်လို့ ထင်တယ်။ ကားကလည်း တိမ်တိုက်တွေကြားထဲမှာ ထိုးဖောက်ပြေးလွှားနေသလိုပဲ။

"ရှေ့က ပိတောက်ပင်အောင်မှာ ရပ်လိုက်ပါ ကိုချစ်အေး"

မောင်ချစ်အေး ကားရပ်ပေးလိုက်တယ်။ အိအိချိုက ...

"အိမ်ကို လိုက်လည်ပါဦးလား။ လက်ဖက်ရည်ဖျော်တိုက်ပါ့မယ်"လို့ ဖိတ်တယ်။

အိအိချိုစကားဆိုရင် နားထောင်ပြီးသားပဲလေ။ မောင်ချစ်အေး ကားပေါ်က ဆင်းပြီး အိအိချို ဦးဆောင်ရာနောက်ကို လိုက်လာခဲ့တယ်။ အိအိချိုက နှစ်ထပ်တိုက်တစ်လုံးရှေ့မှာ ရပ်လိုက်တယ်။

မောင်ချစ်အေးက ...

"ဟင် ... ဒါက"

"ဟုတ်တယ်၊ ဒါ ကျွန်မအိမ်ပဲ။ အံ့သြသွားသလား၊ ကိုချစ်အေး ကားမောင်းသွားတာ အိမ်ထဲကနေ ကျွန်မ မကြာခဏ မြင်နေကျပါ"

ချာတိတ်လေးတစ်ယောက်က "ဒေါ်လေးပြန်လာပြီ"လို့ အော်ရင်း ပြေးလာပြီး တံခါးဖွင့်ပေးတယ်။ ချာတိတ်လေးက မောင်ချစ်အေးကိုလည်း မြင်ရော ... "ဟာ ... ဦးစိတ်တို"လို့ တအံ့တသြ ရေရွတ်လိုက်တယ်။

ဟုတ်ပါတယ်။ မိုးမြင့်ထွန်းခေါ် မျောက်လောင်းခေါ် လောင်းလောင်းပါပဲ။ မောင်ချစ်အေးကို ကြောင်ကြည့်နေပြီးမှ "သြော် ... ဒီလိုကိုး"ဆိုတဲ့ မျက်နှာထားမျိုး ပြောင်းသွားပြီး ...

"ဟင်း ... အစက ကျွန်တော်ပြောတုန်းကတော့ အိုက်တင်ခံနေပြီးတော့ ..."လို့ ပြောလိုက်တယ်။

အိအိချိုက ...

"ဟဲ့ ... ဘာပြောတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဟုတ်ပါဘူး"လို့ ပြောပြီး အိပ်ခန်းထဲ ပြန်ဝင်ပြေးသွားတယ်။ အိအိချို မမြင်အောင် မျက်စိတစ်ဖက်မှိတ်ရင်း လက်မထောင်ပြသွားသေးတယ်။

"လောင်းလောင်းက ဘာပြောသွားလဲ ကိုချစ်အေး"

အိအိချိုက မေးတယ်။

"ဒါ သူနဲ့ ကျွန်တော် နှစ်ယောက်တည်းသိတဲ့ လျှို့ဝှက်ချက်ပါ"

"ကျွန်မတောင် သိခွင့်မရှိဘူးလား"

"အချိန်တန်ရင်တော့ သိရမှာပါ"

အိအိချိုက ပြုံးလိုက်တယ်။ တွေ့ခဲ့ဖူးသမျှထဲမှာ အချိုသာဆုံးအပြုံးပဲလို့ ဆိုနိုင်တယ်။

တစ်ခါက မောင်ချစ်အေးကို လောင်းလောင်းပြောခဲ့ဖူးတာကတော့ "ဦးလေးကြီးကို ကျွန်တော့် ဒေါ်လေးနဲ့ ပေးစားရမယ်"ဆိုတဲ့ စကားပါပဲ။


ဘဝဆိုတာ ကက်ဆက်တိပ်ခွေလို နောက်ပြန်လှည့်ရစ်ပြီး အစကနေ ပြန်ဖွင့်လို့ရတာမျိုး မဟုတ်ပေမယ့် တိပ်ခွေရဲ့ အဆိုက်အဆုံးဟာ ဘီဆိုက်ရဲ့ အစပဲ ဖြစ်တယ်ဆိုတာကိုတော့ တစ်နေ့သောအခါမှာ အိအိချိုကို အမှန်တယ် ပြောပြဖြစ်တော့မှာပါ။

BURMESE CLASSIC .com

မင်းလူ
၂-၁၂-၂၀၀၃
(နံနက် … ၂း၄၃ နာရီ)

www.burmeseclassic.com

www.burmeseclassic.com



# ချစ်မြားရှင်အစ ချစ်မြားရှင်အဆုံး

www.burmeseclassic.com